
www.burmeseclassic.com

# ရူး

လရိပ်ပါးမြင်

ငွေမှင်ခြယ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ရှူးဖိနပ်နှင့် ခြေအိတ်တွေကို ချွတ်ပြီး ခပ်မွမွနှင့် အေးစက်နေသည့် သဲမြေထုပေါ် ခြေဖဝါးဗလာသက်သက်တွေကို ချလိုက်ရသည့် အထိအတွေ့သည် အတိတ်အနာဂါတ်နှင့် လုံးဝကင်းကွာသော ပစ္စုပ္ပန် သက်သက်၏ အေးချမ်းလှသည့် လန်းဆတ်လှသည့် ခံစားမှုသာဖြစ်သည်။ အဲသည်နောက်မှာတော့...လန်းဆတ်သော ခံစားမှု၏နောက်မှာ အိပ်မက်တစ်ခုကို ငြိတွယ်လိုက်ပါလာသည့် အတိတ်ကာလသည် ဖျတ်ကနဲ ဖျတ်ကနဲ ပေါ်လာတတ်သည့် ရုပ်ရှင်အပိုင်းအစတွေလို လှိုင်းတွေ တဝုန်းဝုန်းရိုက်ခတ်နေသည့် ပင်လယ်ဆီကနေ ပြေးဝင်လာပြန်တော့သည်။

ညနေ ဆည်းဆာအောက်က ပင်လယ်သည် တိမ်တိုက်တွေကြားက ဖြာဆင်းလာသော နေရောင်ခြည်၏ ပုဇွန်ဆီရောင် အသွေးထင်ဟပ်လျက် တလျှပ်လျှပ် တောက်ပနေ၏။ ဟိုး...မိုးကုပ်စက်ဝိုင်းဆီမှာ ထိစပ်နေသော ပင်လယ်နှင့် မိုးကောင်းကင်သည် တိမ်တွေအဆုပ်လိုက် အဆုပ်လိုက် ပြန့်ကျဲစွာ ပြည့်နှက်နေသည့် လိမ္မော်ရောင်ဆည်းဆာ၏ လိုက်ဖက်လှသည့် ဆေးရောင်စပ် ကင်းဗတ်စ တစ်စ



နှမ်းပင်...။ သဲပြင်ပေါ် ခြေဖဝါးထိတွေ့ရသည့် အရသာကို ကိုယ့်ဘာသာ သဘောကျမဆုံးဖြစ်နေရင်းက အုန်းပင်တန်းတွေဆီကနေ သောင်ပြင်ကမ်းစပ်အထိ ခပ်မှန်မှန် ပြေးဆင်းသွားလိုက်သည်။ အုန်းပင်အလက်တွေကြားက မြင်ရသည်ထက် ပိုပြီးကျယ်ပြော ပိုပြီးလှပသည့် ကောင်းကင်ကို မြင်ရပြီး ပင်လယ်သည်လည်း ပိုပြီး အင်အားကြီးလာသည်ဟု ထင်မိသည်။ သဲပြင်ပေါ်က တွင်းငယ်လေးများသည် ဒီရေပြေးလွှားလာသည့်အခါ ရေမှာ ရေမြှုပ်တွေအောက် ဖုံးလွှမ်းရောက်ရှိသွားပြီး လှိုင်းတွေ ပြန်အဆုတ်မှာ ရေလှိုင်းနှင့်အတူ လိုက်ပါသွားသည့် ဂဏန်းကောင်လို အကောင်ငယ်များစွာသည်လည်း ရေမြှုပ်တွေကြားမှာ တလှုပ်လှုပ် တရှုရှုဖြင့် မြင်နေရသည်။ ပင်လယ်သည် အစဉ်သဖြင့် လှုပ်ရှားဆူညံနေ၏။ သည်လို အမြဲတမ်း အသက်ဝင်ပြီး ဆူညံနေသည့် နေရာတစ်ခုကို မကြာခဏပြန်ရောက်ဖို့ ဘယ်တုန်းကမှ ဆုမတောင်းခဲ့ဖူးပါ။ သို့ပေမယ့်လည်း အုပ်စိုးရဲ့ အားနည်းချက်က မေ့ပျောက်မလွယ်ခြင်းပင် ဖြစ်သည်။

ဆားငံရည် လာထိသည့်အခါ ချွဲကျိကျိဖြစ်လာသည့် အတွေ့ကို ယခုတစ်ကြိမ် ပြန်လည်ခံစားရသည့်အခါ မနှစ်လိုမဖြစ်မိတော့။ ခြေဖမိုးပေါ်မှာ သဲမှုန်တွေ လေပလုံစီသေးသေးလေးတွေ ကျန်ရစ်ခဲ့သည်ကို အကြာကြီးငုံ့ကြည့်နေမိသည်။ ဆံပင်တွေက ကြမ်းတမ်းစွာ လွင့်ဖွာနေသည်။ သည်ခြေထောက်တွေနေရာမှာ ငါးအမြီးတွေ ပေါက်လာလျှင် ပင်လယ်ထဲမှာ ကူးခတ်ကျက်စားနိုင်မည်လား....။ အတွေးကို တစ်ယောက်ထဲ ရယ်ချင်လာပြီး အသံထွက်၍ ရယ်ပစ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းရိုက်သံတွေ၊ လေတိုးသံတွေ တဝုန်းဝုန်းကြားမှာ ငါးဆိုး အတောင်တွေနေရာမှာ ခြေနှစ်ဖက်ပေါက်လာသည့် ရေသူမလေး အကြောင်းကို ကြားခဲ့ရတာပေါ့…။ ပြီးတော့ ရေသူမလေးက သည် ခြေထောက်တွေအတွက် သူမရဲ့အသံကို အလျော်အစားပေးခဲ့ရသ တဲ့…။ ပုံပြင်ပြောရင်း မျက်ရည်ကျတတ်သူလေးတစ်ယောက်ကတော့ ဘယ်ဆီဘယ်နေရာမှာ ပုန်းခိုနေသည်လဲ…။

ပုန်းညက်ရေ…လို့ အကျယ်ကြီးအော်လိုက်ရမည်လား…။

သည်လိုဆို ပင်လယ်ရေလှိုင်းတွေကြားက ရေသူမကလေးကို များ ဘွားကနဲမြင်လိုက်ရလေမလား။

သိပ်ပြီး စိတ်ကူးမယဉ်ချင်သည့် အုပ်စိုးတစ်ယောက် သည်လို အိပ်မက်တွေထဲ ရောက်ခဲ့ရတာ ကာလတွေ ရှည်ကြာခဲ့ပြီ။

ရေစိုခြေဖဝါးများဖြင့် ကမ်းခြေတလျှောက်မှာ ခပ်ဖြည်းဖြည်း လျှောက်နေမိသည်။ ဒူးဆစ်အောက်အထိ လိပ်တင်ထားသော ဘောင်း ဘီရှည်သည် လျော့လျဲပြေကျလာပြီး အနားတွေမှာ ရေတွေ သဲတွေ စိုကပ်နေ၏။ ဘန်ဂလိုလေးတွေဆီမှာ မီးရောင်လင်းလက်လာပြီ၊ ရေစပ်ကနေ သောင်ပြင်မို့မို့ ဆင်ခြေလျှောပေါ် လျှောက်လိုက်လျှင် အစိမ်းရောင်ပြန့်ပြန့်ကြားမှာ နီနီဝါဝါ ခရမ်းပန်းရောင် စသည့် ရောင်စုံ ဒီဇိုင်းဖော်ထားသည့် မနော့ပွင့်…ဆိုသည့် ပန်းခင်းစာတန်းကို မြင် လိုက်ရလေသည်။

* * *



“သိပ်ဆိုးတဲ့လူဘဲ…ဘာဖြစ်လို့ ကျွန်တော့်ကို အကြောင်း မကြားတာလဲ…”

ကိုသိန်းလွင်က အုပ်စိုးပုခုံးကို ခပ်ဆတ်ဆတ်ပုတ်လိုက်သည်။

“ခင်ဗျားကို အကြောင်းကြားလိုက်ရင် တည်းခိုခမကုန်လိုက်ရ မှာ စိုးလို့ပါ…”

“ဒါပေါ့ဗျာ…ပိုက်ဆံပေါတဲ့သူတွေဆိုတော့လည်း…”

“ဟာ…တော်စမ်းပါဗျာ…ဒီလိုစကားတွေ ပြောတတ်တုန်း ဘဲလား…”

ကိုသိန်းလွင်ရဲ့ မန်နေဂျာရုံးခန်းသည် သိပ်မကျယ်ဝန်းလှပေ မယ့် သပ်ရပ်ခြင်းနှင့် လိုက်လျောညီထွေ ဆင်ယင်ထားသိုတတ်ခြင်း ကြောင့် ရှင်းလင်းနေ၏။ နားခိုချင်စဖွယ်လည်း ဖြစ်သည်။ ဝတ္ထုရေး ဖိစီးသူတစ်ယောက်အဖို့ စိတ်ကို ကြည်လင်စေသည့် ပန်းချီကားများ နှင့် သဘာဝပင်လယ်ပြင်ကို မြင်နိုင်သည့် ကြည်လင်သော မှန်ချပ်များ ဖြင့် ပါဝင်ဖွဲ့စည်းထားသည့် အခန်းဖြစ်သည်။ သည်လိုနေရာမှာ မှန် ချပ်တွေသုံးဖို့ဆိုတာ မလွယ်ကူလှပါ…။ ပင်လယ်သည် သိပ်မွေ့ရာ ငြိမ်သက်တတ်သော်လည်း များသောအားဖြင့်တော့ ကြမ်းတမ်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒေါသမာန်ကြီးတတ်သည့် သဘောရှိ၏။ မှန်ချပ်များကို ဖြတ်သန်းလျက် မြင်ရသောပင်လယ်ကတော့ ပြန့်ပြူးလျက် ပြာလဲ့ငြိမ်သက်နေသည်။ ရုံးခန်းစားပွဲသည် မှန်ချပ်များကို မျက်နှာမူလျက်ရှိ၏။ ဘေးနံရံနှစ်ဖက်မှာတော့ ယွန်းပန်းချီနှင့် ရွှေချည်ထိုး ပန်းချီကားနှစ်ချပ်ရှိသည်။ ရုံးခန်းထဲသို့ ရောက်ဖို့အတွက် တံခါးနှစ်ချပ်ကို ဖြတ်သန်းရသည်။ ထို့ကြောင့် တံခါးဖွင့်လိုက်သည်နှင့် မှန်ချပ်များနောက်က ပင်လယ်ရှုခင်းကိုသာ မြင်ရပြီး ရုံးခန်းစားပွဲကိုတော့ နောက်တစ်ဆစ်ချိုးမှသာ မြင်နိုင်သည်။

"ခင်ဗျား...ဘယ်အခန်းယူထားလဲ..."

"မသိဘူးလား..."

ရှပ်အင်္ကျီအိတ်ထဲက စီးကရက်ဗူးကို ထုတ်ယူလိုက်ရင်း...

"သိပါ့ဗျာ"

ဟု ကိုသိန်းလွင်က ပြောသည်။

"သရီး အို ဆစ် ဘဲမဟုတ်လား..."

အုပ်စိုး ခေါင်းမညိမ့်ဘဲ ပြုံးရုံး ပြုံးနေလိုက်သည်။

* * *



ခရမ်းရောင်ရှိပြီး အပေါ်သို့မျှော်၍ တစ်ဆစ်ချင်းဖွင့်တတ်သည့် ယန်းပင်ငယ်ကလေးများ၏ အလယ်လိုင်းမှာ အဝါရောင်ပန်းပွင့်ကလေးတွေ ရှိသည်...။ သူတို့ကို ကျောက်ခက်နွယ်စိမ်းပင်တွေက နဘေးဆီက ရေလှိုင်းသဏ္ဍာန် ဝေ့ဝိုက်လျက် ရံထား၏။ နီညိုရောင် ပွင့်တူရွက်တူပင်လေးတွေကလည်း အပြန့်ကျယ်စွာ မြင်ရသည်။ အဲသည်ပန်းခင်းအလယ်မှာတော့ ကျောက်ဆောင်နန်းတော်ကလေးရှိ၏။ နန်းတော်၏ အောက်အနားဆီမှာ ကျောက်စရစ်ဖြူဖြူဖြင့် ခရုခွံရောထားသည့် ကျောက်နံရံပေါ်မှာ ရေတံခွန်ငယ်တစ်ခု စီးဆင်းနေသည်။

"ဒီနေရာမှာရုပ်မိတိုင်း...ကျွန်တော် ခင်ဗျားကို တကယ် သတိရတယ်..."

"စိုက်ရခက်တဲ့အပင်တွေချည်း ပေးထားလို့ ကျွန်တော့်ကို ကျိန်ဆဲချင်တာလား..."

ဆိုတော့ ကိုသိန်းလွင်က စီးကရက်ကို နှုတ်ခမ်းမှဖြုတ်လျက် ဟာဟက် ဟက်ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဗျာ...ပန်းကလေးတွေ လန်းနေတာမြင်တော့ ဥယျာဉ်မှူးကို သတိရတာပေါ့...ပြီးတော့ ဥယျာဉ်မှူးချစ်တဲ့ ပန်းကလေးကိုလည်း သတိရတာပေါ့ဗျာ..."

"ဟား...လုပ်ချလိုက်ပြန်ပြီ..."

ဆံပင်တွေကြား လက်ချောင်းတွေထိုးသွင်းလျက် ရယ်မောလိုက်တော့ ကိုယ့်ကိုယ်ကိုယ် အံ့သြရလောက်အောင်ပင် ရယ်သံက ခြောက်ကပ်နေခဲ့သည်။ ပြီးတော့ လည်ချောင်းထဲမှာ တစ်ခုခုရှိနေသလို တစ်ဆို့နေသည်။ ရေတံခွန်လေးဆီက အဆက်မပြတ် စီးကျနေသည့် ခပ်ကြည်ကြည်ရေအလျဉ်သည် အာရုံမှာ မှုန်ဝါးသွားခဲ့သည်။ ကိုသိန်းလွင်ကတော့ အုပ်စိုးကို ကျီစယ်လိုသည်လည်း ဖြစ်မည်။ စိတ်လက်ပေါ့ပါး စေလိုသည်လည်းဖြစ်မည်။ ကိုသိန်းလွင်နှင့် ရင်းနှီးခင်မင်ခဲ့ရသည့်ကာလ တစ်လျှောက်သည် အုပ်စိုးရဲ့ဘဝမှာ မှတ်တိုင်သစ်ကလေးတွေတချို့ ရှိခဲ့သည့်ကာလဖြစ်သည်မို့ ကိုသိန်းလွင်သည် ပင် မှတ်တိုင်တစ်တိုင်အဖြစ် ပါဝင်နိုင်သည်။

ပြီးတော့...ပန်းတစ်မွှင့်...

ကိုသိန်းလွင်ကတော့ အုပ်စိုးကို ဥယျာဉ်မှူး...ဟု အမည်တတ်သည်။ တကယ်တော့ အုပ်စိုးက ပျိုးထောင်သူသက်သက်သာ ဖြစ်သည်။

ပန်းကလေးတွေ ဘယ်တော့မှမညှိုးဘဲ လန်းဆန်းနေစေဖို့ မတာတ်နိုင်ပါ။

ခုတောင်မှ ပင်လယ်ရေငန်ဝင်သည့် ဒေသမှာ ခက်ခက်ခဲခဲ စိုက်ပျိုးထားသည့် တချို့အပင်တွေ ညှိုးရော်သွေ့ခြောက်နေပြီ။ တချို့



လည်း မြေပြုပြင်မှုအသစ်ကို မရသည့်အတွက် မြောင်းဖော်စိုက်ပျိုးထားသည့် အတန်းလိုက်သေကုန်ကြသည်။ သည်လို ပန်းဥယျာဉ်တစ်ခု ပျိုးထောင်ဖို့အတွက် အချိန်ကာလများစွာ မလိုပေမယ့် အပင်ငယ်များ အမြဲစိမ်းလန်းရှင်သန်နေဖို့အတွက်တော့ အချိန်တိုင်းမှာ စောင့်ကြည့်ပြုပြင်နေဖို့ လိုအပ်သည်။ ဒါကို ကိုသိန်းလွင်တို့လို ဟိုတယ်လ် အုပ်ချုပ်သူတွေ ကောင်းကောင်းနားလည်နိုင်မှာပါ။

ကိုသိန်းလွင်သည် အုပ်စိုးထက် သုံးလေးနှစ်သာကြီးသူဖြစ်သော်လည်း သူ့နားထင်မှာ ဆံဖြူတစ်စနှစ်စ မြင်ရပြီ။ မျက်နှာပေါ် နှုတ်ခမ်းပေါ် အပြုံးကတော့ လန်းဆန်းနုပျိုဆဲပင်။ ညိုမောင်းသော အသားအရေနှင့် အနည်းငယ်တုတ်ခိုင်သည့် ခန္ဓာကိုယ်အချိုးအစားရှိသူ ကိုသိန်းလွင်သည် ပင်လယ်နားမှာနေသူပေမယ့် တကယ်တော့ ပုပြင်းခြောက်သွေ့သည့် မြန်မာပြည်အလယ်ပိုင်းဖွားတိဖြစ်သည်။ မျက်ခုံးနက်နက်နှင့် မျက်ဝန်းအိမ်ကျယ်သလောက် မျက်ဆံကလည်း နက်ပြီးကြီးသည်။ နှာတံမပေါ်တပေါ်နှင့် ကျယ်ပြန့်ထူပြည့်သော နှုတ်ခမ်းလွှာများ ရှိသည်။ အဲသည် ကိုသိန်းလွင်သည် အုပ်စိုးရဲ့ဘဝ တစ်စိတ်တစ်ပိုင်းဟု ဆိုရမည့်ကာလတွေမှာ ပါဝင်ရင်းနှီးခဲ့ရပြီး ဘဝ ဆိုတာထက် ပိုပြီးနက်ရှိုင်းသည့် မှတ်တိုင်တစ်ခုရဲ့ အကြောင်းကိုလည်း သိခွင့်ရခဲ့သူဖြစ်သည်။

သည်တော့ သည်နေရာရောက်လို့မှ ကိုသိန်းလွင်ကိုမရှာဘူးဆိုလျှင် ဘယ်သူ့ကိုရှာရမည်လဲ...။ စက္ကန့်တိုင်းမှာ အုပ်စိုးရှာဖွေနေသူ တစ်ယောက်တော့ ရှိပါရဲ့။

[ကမ္ဘာကြီးက ကျဉ်းတယ်ဆိုပေမယ့်...] ဆိုသလိုပါဘဲ။

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးအတွက်တော့ဖြင့် ပုန်းသူတစ်ယောက်ကို တွေ့အောင်ရှာဖို့ ခက်လှသည်။

"သူ့ကို ခင်ဗျား ဒီမှာ လာရှာတာတော့ မဟုတ်ပါဘူးနော်..."

နှုတ်ခမ်းထောင့်စွန်းတွေ တွန့်သည်ဆိုရုံ တွန့်ကော့သွားသည်။ နမိတ်ပြမေးခွန်းဆိုတာ ဒါမျိုးလား့မသိ။ သဲတွေ လွင့်ဖွာသွားအောင် ဖိနပ်ဦးဖြင့် တအားကန်ပစ်လိုက်သည်။

"ကျွန်တော် ဒီကိုပြန်ရောက်လာပြီဆိုမှတော့ ဒီမေးခွန်းမေးစရာ မလိုတော့ပါဘူး ကိုသိန်းလွင်ရာ"

သူ့ ပင့်သက်ရှိုက်လိုက်လေသလားမသိ...။ အုန်းလက်လေတိုးသံကြွမ်းကြွမ်းကြောင့် သဲကွဲစွာမကြားရပေမယ့် ပင့်သက်ရှိုက်သံတစ်ခုဟု ထင်သည်။

"အေးဗျာ...ဒီကောင်မလေး ဘယ်ရောက်လို့ ဘာတွေများလုပ်နေပါလိမ့်...ကျွန်တော် သိပ်သိချင်တယ်ဗျာ..."

ကိုသိန်းလွင်က ညည်းညူသံဖြင့် ပြောသည်။ အုပ်စိုးရဲ့မျက်လုံးတွေထဲ စိုက်ကြည့်မနေတာကိုတော့ ကျေးဇူးတင်ရမည်။

ပင်လယ်သည် မရင်းနှီးတတ်သူတွေအဖို့တော့ တစ်မျိုးလွမ်းဆွတ်ဖွယ်ဖြစ်၏။ စိတ်လှုပ်ရှားဖွယ်လည်း ဖြစ်သည်။ အုပ်စိုးအဖို့တော့ ဝမ်းနည်းကြေကွဲဖွယ်လည်း ဖြစ်သည်။

"ညစာ ကျွန်တော်ကျွေးမယ်ဗျာ..."

"ဟင့်အင်း...ကမ်းခြေမှာ မီးဖိုပြီး ပုစွန်ကင်စားကြရအောင်လေ..."



ကိုသိန်းလွင်ရဲ့ နှုတ်ခမ်းအပြန့်ကျယ်ကျယ်က လှစ်ကနဲ ပါးလှပ်သွားသည်။ သူက ခေါင်းတစ်ချက်ဆတ်လျက်...

"အိုကေ..."

ဟု လေချွန်လိုက်သည်။

"ခင်ဗျား ဆန္ဒရှိရင်ဖြစ်ရမှာပေါ့ဗျာ...ခင်ဗျားအတွက် စပယ်ရှယ်လ် စပွန်ဆာပေါ့..."

"သင့်(ခ်)ယူ..."

"ဒါပေမယ့်...ခင်ဗျားအတွက်တော့ တစ်ခုခုလိုနေဦးမှာပါဗျာ"

"ဟာ...ဒီလူ..."

ခေါင်းရမ်းပစ်လိုက်ရင်း ရောင်စုံကျောက်တွေ ပန်းပွင့်ပုံဖော်ခင်းထားသည့် လမ်းပေါ် ခပ်သုတ်သုတ်လျှောက်ထွက်ခဲ့သည်။

တကယ်တန်းကျတော့ အတိတ်ကိုရော အနာဂါတ်ကိုရော ရင်ဆိုင်နိုင်ဖို့ အင်အားက ပြည့်ပြည့်ဝဝမရှိနိုင်သေးတာပါ...။

ကိုယ်...ညှို့ဖျင်းတယ်ပဲ ထားပါတော့ ပုန်းညက်ရယ်...။ ဒါပေမယ့်...မင်းလေး ကိုယ့်ကို တကယ်ဘဲ မေ့နိုင်ပြီလားလို့ ကိုယ်သိချင်နေတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းသုံးချောင်းတွဲနှင့် ခပ်ဖွဖွ တံခါးခေါက်သံကိုကြားတော့ ရုတ်တရက် ရင်ခုန်ချင်မိသေးသည်။ အိပ်မက်မက်နေတာလားဆိုပြီး ဇဝေဇဝါတွေးဖြစ်သည်။

"ရှမ်း ဆားဗစ်စ်ပါရှင်..."

သြော်...သည်လိုနေရာမျိုးမှာ ခပ်ဖွဖွတံခါးခေါက်သံတစ်ခုဟာ အဆန်းတကျယ်မှ မဟုတ်ဘဲ...။ ပြီးတော့...နေ့စဉ်လိုပင်သည်အသံကို ကြားရနိုင်သေးသည်။

ဟိုတယ်လ်ဝန်ထမ်းဆိုတာ ကိုယ့်ကိုယ်ကို မေ့ထားရတဲ့သူတွေပါ...တဲ့။ ဟုတ်မှာပါ...

မေ့ထားဖို့ အမြဲအကျင့်ပါနေတတ်သူလည်း ဖြစ်ကောင်းဖြစ်မှာပေါ့...။

ညဝတ်အင်္ကျီရဲ့ ခါးကကြိုးကို သပ်သပ်ရပ်ရပ်ချည်နှောင်လိုက်ပြီးမှ အခန်းတံခါးကို ဟ,ရုံဖွင့်လိုက်သည်။ တံခါးဝမှာ အဖြူရောင် ရှပ်ကော်လာအင်္ကျီပေါ် နက်ပြာရောင်ကုတ်အင်္ကျီထပ်လျက်ဒူးအောက် စကတ်ဝတ်ထားသည့် အသားဖြူဖြူ မိန်းကလေးတစ်ယောက်ရပ်နေသည်။ အဖြူနှင့် အပြာစပ်သည့် ဖဲပြားလည်စည်းကလေး။ ပြီးတော့ ဆံပင်ကို သပ်ရပ်စွာသိမ်းဆည်းထုံးဖွဲ့ထားသည့်အဲသည်မိန်းကလေးရဲ့ ဘယ်ဖက်ကုတ်အင်္ကျီရင်ဘတ်မှာ ကြေးဝါရောင်ပေါ် အနက်ရောင် စာလုံးဖြင့် နိမ်းမ်ပလိတ်ကလေး...။

လွင်မာချို... လွင်မာချို...တဲ့...

ပုန်းညက်ညို မဟုတ်ပါ...။

မဟုတ်မှန်း အစောကြီးကတည်းက သိထားလျက်နှင့်ပင် သူမ



ရဲ့နာမည်ကို ဖတ်မိသည်။ ပြီးတော့ မဟုတ်ဘူးဆိုပြီး စိတ်ပျက်လက်ပျက် ဖြစ်ရပြန်သည်။ ဘယ်လောက်များ ရူးနှမ်းလိုက်ပါလိမ့်...

"ဆရာဦးသိန်းလွင်က ပို့ခိုင်းလိုက်တာပါရှင်..."

"သြော်...ဟုတ်ကဲ့..."

လှိုက်လှဲဖော်ရွေသည့် စကားသံလေးကလည်း အတူတူပါဘဲ...။

နောက်ဖက်မှာ ပြောင်လက်နေသည့် လင်ဗန်းကြီးတစ်ချပ်ကိုမြှောက်ကိုင်ထားရသည့် ဝန်ထမ်းကောင်လေးတစ်ယောက်ပါသည်ဆိုတာ အတော်နောက်ကျမှ သတိထားမိတော့...အရမ်းကို အားနာသွားရသည်။

"ကိုသိန်းလွင် ကလား..."

"ဟုတ်ကဲ့...မြန်မာ နံနက်စာပါရှင်..."

"ကျေးဇူးပါဘဲ..."

ကျေးဇူးစကားက လှိုက်လှိုက်လှဲလှဲတော့ မရှိလှဘူးဟု ကိုယ့်ကိုယ်ကို ထင်မိသည်။ သို့သော်လည်း မတတ်နိုင်ပါ။ သည်ရောက်သည့်နေ့ကစပြီး ကိုယ့်ကိုယ်ကို စိတ်ပျက်ရသည့် အကြိမ်တွေ များလှပြီ။

ကောင်လေးက အခန်းတွင်းအထိဝင်ပြီး စားပွဲပေါ်မှာ နံနက်စာဗန်းကိုချသည်။ ကော်ဖီခွက်၊ သကြားထုပ်၊ နို့ခွက် စသည့် ဟိုတယ်လ်မှာ မြင်နေကျ အသုံးအဆောင်အပြင် ခပ်လတ်လတ်ဗန်းကန်ပြားတစ်ချပ်နှင့် အနွေးခါတ်ဘူးလို ဘူးတစ်ခုလည်း ပါသည်။

"ခွင့်ပြုပါဦးရှင်..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်..."

"လိုအပ်တာရှိရင် အချိန်မရွေး ခေါ်နိုင်ပါတယ်..."

တော်ပါတော့...

သွားစမ်းပါတော့ကွယ်...

အဲသည်စကားသံတွေကိုဘဲ ချိုမြိန်ခဲ့ပြီး အဲသည်စကားသံတွေကိုဘဲ စိတ်ပျက်ခဲ့ရဖူးတာလည်း ခုချိန်ထိ မေ့ပျောက်မရသည့်အရာတွေထဲမှာ အပါအဝင်ဖြစ်နေဆဲပါပဲ...။

တံခါးကို ခပ်ဖြည်းဖြည်းပြန်ပိတ်လိုက်သည်။ ကြေးဝါရောင်ရှည်မျောမျော သတ္တုပြားလေးပေါ်က အမည်စာလုံးသည် အာရုံထဲမှာ မပျောက်ပျက်နိုင်အောင်ရှိ၏။

* * *

အငွေ့မသောဘဲ ပူနွေးဆဲဖြစ်သော ဆီထမင်း၊ ပင်လယ်ငါးမန်းခြောက်ဖုတ်၊ ပြီးတော့ ပုစွန်ခြောက်ထောင်းကြော်...။

မြတ်စွာဘုရား...။

ကိုသိန်းလွင် သည်အရာတွေကို ဘာကြောင့်များ မမေ့နိုင်တာပါလိမ့်...။

အံ့သြလျက်ရှိဆဲမှာပင် တယ်လီဖုန်းက မြည်လာခဲ့သည်။

* * *



"ကျွန်တော်တို့ မနောပွင့်ဟိုတယ်လ်ရဲ့ အထူးနံနက်စာပါ... ခင်ဗျာ..."

"တတ်လည်း တတ်နိုင်တဲ့လူဗျာ...ကျွန်တော့်ကိုခင်ရင် အဲဒီလို မနောက်ပါနဲ့..."

ကိုသိန်းလွင်ရဲ့ ရယ်မောသံကို တယ်လီဖုန်းထဲမှာ ကြားရသည်။ ရယ်မောသံသည် နံနက်ခင်း ပင်လယ်ရနံ့လို လန်းဆန်းနေ၏။

"မနောက်ပါဘူးဗျာ...ခင်ဗျားအတွက် အထူးဗီစဉ်ပေးချင်တယ်ဆိုလို့ပါ..."

"ဘယ်သူကလဲ..."

ရင်ဘတ်အထဲက လှုပ်ခတ်ရပြန်ပြီ။ ပုန်းညက်ညို...လို့ သူပြောလိုက်မှာတော့ မဟုတ်ပါဘူးနော်...။

"မာလာလေ..."

"ဪ...မာလာ ဒီကိုပြန်ရောက်နေပြီလား..."

"ဟုတ်တယ်...မနေ့က သူဂျူတီချိန်မဟုတ်လို့ ခင်ဗျားနဲ့ မဆုံလိုက်ရဘူးလေ...သူကစီစဉ်ပေးလိုက်တာပါ...ဒါပေမယ့် ခင်ဗျားကိုတော့ မတွေ့ချင်ဘူး...တဲ့..."

"ဘာကြောင့်..."

ကိုသိန်းလွင် ခဏတော့ အသံတိတ်သွားသည်။

"သူ့သူငယ်ချင်းကို သတိရပြီး ငိုမိမှာစိုးလို့ပါတဲ့ဗျာ..."

"ကျွန်တော့်ကြောင့်လို့များ ပြောချင်တာလား..."

"ဒါတော့ ခင်ဗျားကိုယ်တိုင် မေးမှဘဲဗျို့...ဟုတ်ပြီ... ခဏနေရင် တွေ့ကြရအောင်...ခင်ဗျားစားသောက်ပြီးမှပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



"အို…ကေ…"

ရှိုကနဲ လေချွန်လိုက်မိသည်။ ရင်ဘတ်ထဲမှာတော့ ဆွတ်ကျင်နေလျက်ပင်…။

* * *



သည်နေရာကို ရောက်တော့လည်း ပင်လယ်နှင့် ဘယ်လိုမှ မသက်ဆိုင်သလိုပင်…။ ခန်းမသည် မှုန်လဲ့လဲ့မီးရောင်အောက်မှာ ညှို့သက်သော ဂီတတေးသွားအောက်မှာ ပျော်ဝင်နှစ်မြုပ်လျက်ပင် အသက်ဝင်နေ၏။ ခန်းလုံးပြည့်ကာရံထားသည့် ပန်းနုနှင့် အဝါဖျော့ရောင်လိုက်ကာရှည်များကြောင့်လည်း တသီးတခြား လောကတစ်ခုဟု ထင်ရသည်။ ညှို့သည်အလာများသည့် ဂီတသီချင်းတွေဆိုလျှင်တော့ သည်ခန်းမထဲမှာ ရယ်မောသံ၊ စကားသံတွေက တေးသံကို ကောင်းစွာဖုံးလွှမ်းနိုင်လိမ့်မည်။

အရောင်တင်ဆီဖြင့် ပြောင်လက်နေသည့် ပွတ်လုံးရုံတိုင်တွေ လခြမ်းသဏ္ဍာန်စိုက်ထားသည့် အနည်းငယ်မြင့်ပြီး ထောင့်ကျသည့် စားပွဲမှာ တစ်ယောက်တည်းနေရာယူလိုက်သည်။

ရေလှိုင်းသံကို လုံးဝမကြားရသလောက် ဆိုတာမျိုးက သဘာဝထက်ကျော်လွန်ပြီး နည်းနည်းထူးခြားနေသလိုပင်။ တကယ်တော့ ပင်လယ်ဆိုတာထက် ပိုပြီးအမှတ်ရစေနိုင်သည့် အရာတွေက သည်နေရာမှာ အုပ်စိုးအတွက် များစွာရှိခဲ့တာ…။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ…ဘာများသုံးဆောင်ချင်ပါသလဲ…"

အဖြူမှာ အပြာနုအနားကွပ်ထားသည့် ဝတ်စုံနှင့်လူငယ်တစ်ယောက် အနားမှာလာရပ်သည်။ မော့ကြည့်လိုက်တော့ သူက အုပ်စိုးကိုပြုံးပြသည်။ ရင်းနှီးခဲ့ဖူးသလိုလိုထင်မိပြီး အချိန်တွေက ပြန်လည်ကျုံ့ဝင်သွားခဲ့သလို အတိတ်သည် ရုတ်တရက် ပြန်လည်နီးကပ်လာ၏။

သည်နေရာမှာ အုပ်စိုးအတွက် ဘယ်အရာကများ အေးစက်စိမ်းသက်စေနိုင်မှာလဲ…ကြည့်လေရာနေရာတိုင်းမှာ ပုန်းညက်ညို၏ အရိပ်သည် ခိုတွယ်မှီကပ်လျက် ရှိနေ၏။ အဲသည်အရိပ်ကို ပြန်မြင်ချင်သည်မို့ဘဲ သည်နေရာကို အုပ်စိုးရောက်လာခဲ့တာ မဟုတ်လား…

"ဪ…အစ်ကိုကြီးပါလား"

ကောင်လေးကလည်း အုပ်စိုးကို မှတ်မိနေပုံရ၏။ ခပ်သာသာ ခေါင်းဆတ်ပြလိုက်ရသည်။

"သစ်ပင်လာစိုက်တာဘဲလား အစ်ကို…"

ဟု အလုပ်နှင့်တွဲစပ်မိပြီဖြစ်သော အုပ်စိုးကို သူကမေးသည်။

"မဟုတ်ပါဘူးကွာ…"

ကောင်လေးက နဘေးမှာရပ်ဆဲပင်။ အဖြေတစ်ခုခုကို မျှော်ဆဲ အမူအယာဖြင့် မျှော်ငေးသည်။

"လူပျောက်လာရှာတာပါ…"

နှုတ်ဖျားကလား…ရင်ထဲကလား…ကိုယ့်ဘာသာလည်း မသိ သော စကားတစ်ခွန်းကိုသာ ဆိုဖြစ်သည်။ သူနားလည်လိမ့်မည်လို့လည်း မထင်မိချေ…။

* * *



"ပေလီကိုတော့ မင်း လိုက်သွားဦးမှ ဖြစ်မှာကွ…"

ဟု ကိုလေးက ပြောလာစဉ်မှာတော့ ရင်ထဲမှာ ထူးပြီးဝမ်းသာအားရမဖြစ်မိချေ။ မြန်မာပြည်တောင်ဖျား မြောက်ဖျား အနှံ့သွားပြီး သစ်ပင်စိုက်သည့်အလုပ်ကို လုပ်ဖြစ်လိမ့်မည်ဟု ဘယ်လိုမှမျှော်လင့်မထားဘဲ အုပ်စိုးသည် ဘူမိဗေဒ ဘာသာရပ်ကိုယူပြီး ကမ္ဘာလှည့်သည့် သင်္ဘောသားတစ်ယောက်လည်း ဖြစ်ခဲ့သေးသည်။ ခုတော့ သစ်ပင်ကြီးကြီးငယ်ငယ်များက အုပ်စိုးရဲ့ဘဝကို ပိုင်နေပြီဆိုတာ ကံကြမ္မာကို ပုံရလျှင်တော့ သိပ်အံ့သြစရာမရှိ။

ကိုယ့်မြေ ကိုယ့်ရေမှာဘဲ အခြေချနေထိုင်ပြီး သာယာပြည့်စုံသည့် မိသားစုဘဝလေးကို ပိုင်ရမည်ဟု မျှော်လင့်ထားခဲ့သည့် အုပ်စိုးသည် အသက်နှစ်ဆယ့်ငါးနှစ်ပြည့်သည့် မွေးနေ့မှာ ခြံထဲကအလုပ်သမားကောင်လေးတွေကို ခေါက်ဆွဲကြော် အဝကျွေးခြင်းဖြင့် မွေးနေ့ပွဲကျင်းပခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဩော်...

ဒီလိုပါဘဲ...

လောကဆိုတာက မျှော်လင့်တိုင်းလည်း ဖြစ်ချင်မှဖြစ်တာ...ဟု အသည်းကွဲဒဏ်ရာကို ဖြေသိမ့်ဖို့ ကြိုးစားဆဲ...။

* * *



"ဟောဗျာ...ဟောဗျာ...ဟေး...အပင်တွေကို တက်နင်းသွားပြီဗျ..."

"ရှင်..."

"ခင်ဗျား...နင်းထားတာ မျိုးယူလာတဲ့ အပင်ပေါက်တွေဗျ...မြက်ပင်မဟုတ်ဘူး...လမ်းကိုကြည့်သွားမှပေါ့ဗျ..."

ပင်လယ်ကို စ,တင်ရောက်သည့် တစ်နံနက်မှာတော့ ရေလှိုင်းသံ၊ လေပြင်းသံဖြင့်မဟုတ်မူဘဲ အဲသည်လို ဆူဆူညံညံစကားသံဖြင့် စတင်နိုးထ,ခဲ့ရသည်။ အုပ်စိုးတို့အဖွဲ့အတွက် နေရာချပေးထားသည့် ဘန်ဂလိုက ဟိုတယ်လ်၏ ပင်မအဆောက်အဦးနှင့် အတော်လှမ်းသော နေရာမှာရှိပြီး သီးသန့်ဆန်လှသည်။ အလုပ်သမားသုံးယောက်နှင့် အပင်ပေါက်တွေ၊ မျိုးစေ့တွေ၊ မြေသြဇာတွေ၊ အပင်အားဆေးတွေ သိမ်းဆည်းဖို့ စုပုံဖို့အတွက် နေရာကျယ်ကျယ်လိုအပ်ပြီး ဧည့်သည်တွေ အတွက် အနှောက်အယှက်မဖြစ်ဖို့လည်း စဉ်းစားရသည်မို့ သည်လို ချောင်ကျသည့်နေရာကို တမင်ရွေးချယ်ရခြင်းဖြစ်သည်။

"အို...အို...အမှတ်တမဲ့...မို့..."

"အပင်တွေချည်း စုပုံထားတာ...အမှတ်တမဲ့ဖြစ်စရာလားဗျ..."

www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ပါတယ်…မောင်လေးရယ်…အစ်မ နောက်ကျနေလို့ စိတ်လောကြီးပြီး မမြင်လိုက်လို့ပါ…စိတ်မရှိပါနဲ့…နော်…"

"အဆူခံရတော့…ခင်ဗျား လာတောင်းပန်ပေးမှာမို့လားဗျ…ကျွန်တော်တို့အလုပ်ရှင်က စည်းကမ်းကြီးတယ်…"

မိုးဇော်…။

ဒီကောင်လေးကတော့…

အသံတွေကိုသာ ကြားနေရပြီး လူက ဘန်ဂလိုရဲ့ အိပ်ခန်းထဲမှာသာရှိဆဲမို့ မျက်နှာသုတ်ပုဝါကို ပုခုံးပေါ်တင်ပြီး ဘောင်းဘီတိုခြေဗလာနှင့်ပင် သဲပြင်ပေါ်ဆင်းပြီး အဆောက်အဦဘေးဖက်ဆီ ပတ်လျှောက်ခဲ့ရသည်။

"တောင်းပန်ပေးမှာပေါ့…အစ်မ တောင်းပန်ပေးမှာပါ…"

မိုးဇော်ဆိုသည့် ကောင်လေးက အဖွဲ့ထဲမှာ အငယ်ဆုံးဖြစ်သည်။ ကြီးကောင်ဝင်စအရွယ်ဆိုတော့ ခန္ဓာကိုယ်က ထွားကျိုင်းပေမယ့် စိတ်ကတော့ ကလေးတစ်ယောက်သာသာ အသိဉာဏ်သာရှိသည်။ ခိုင်းလျှင် ခိုင်းသည့်အတိုင်း တစ်သဝေမတိမ်းလုပ်တတ်သည်။ အလုပ်နှင့်အစား ကစားကိုသာ စိတ်ဝင်စားပြီး လူမှုရေးတော့ နည်းနည်းမှ နားမလည်။

"မိုးဇော်…"

"ဗျာ…"

"ဘာဖြစ်နေတာလဲ…"

"ဟော…လာပြီ…"

အဲသည်…ဟော…ဆိုသည့် အာလုပ်သံမှာ စိုးရိမ်တကြီး



အထိတ်တလန့်လေသံပါသည်။ ဘန်ဂလိုဘေးမှာ ရပ်နေသည့် မိုးဇော်သည် အနားဖွာနေသည့် ဂျင်း(န်)ဘောင်းဘီ ဒူးဆစ်အောက်အတိုခပ်ညိုညိုတီရှပ်တစ်ထည်ကို ဝတ်ထားပြီး အုပ်စိုးကိုမြင်တော့ ကတုံးဆံတောက်ဆံပင်ကို တဗျင်းဗျင်းမြည်အောင်ကုတ်နေ၏။

"သြော်…ဒီမှာ…"

ပင်လယ်ရေလှိုင်းသံတွေ တဝေါဝေါကြားကပင်…စမ်းရေအလျဉ်စီးလာသလို အေးစိမ့်နူးညံ့သည့် ခပ်ရှရှသံစဉ်လေးတစ်ခုကို စ,တင်ကြားလိုက်ရသည်။

* * *

"ကျွန်မ ဘာများလုပ်ပေးနိုင်မလဲရှင်…"

နူးညံ့သိမ်မွေ့သည့်အပြင် နှိမ့်ချရိုကျိုးသည့်စကားသံသည် ကာလများစွာ ခေါက်ရိုးကျိုး ကျင့်သားရနေသည့် အမူအကျင့်မျိုးဟု သိသာသည်။ ခါးကလေးကို အနည်းငယ်ကိုင်းပြီး လက်ကလေးနှစ်ဖက်ယှက်ကာ မျက်လွှာချထားသည့် မိန်းကလေးသည် သူမ၏အပြစ်အတွက် တစ်စုံတစ်ရာ ပြစ်တင်စကားကြားရမည်ကို မျှော်လင့်ထားပြီးဖြစ်ဟန်တူသည်။ တီရှပ်နှင့် ဒူးအောက်ဘောင်းဘီတို ပွပွကြီးကိုဖိုရိုးဖားလျား ဝတ်ထားမိသည့်အတွက် မိန်းကလေးတစ်ယောက်ရှေ့မှာ ရပ်ရသည်မှာ ကသိကအောက်နိုင်လှသည်။ မောင်မလေးက

www.burmeseclassic.com

www.burmeseclassic.com



လည်း အုပ်စိုးကို ခပ်ရဲရဲမော်မကြည့်ဘဲ မျက်လွှာချလျက်သာ ငြိမ်သက်နေသည်။

"ဘာဖြစ်သွားလို့လဲ..."

"ကျွန်တော်တို့အပင်တွေ..."

"နေစမ်းပါ မိုးဇော်ရာ...အလျှော်အစားတောင်းလို့ ရတာမှ မဟုတ်ဘဲ...နောက်မှ သူတို့မန်နေဂျာနဲ့ ရှင်းတာပေါ့..."

"ရှင်..."

မိန်းကလေးက ခေါင်းမော့လာသည်။ အံ့သြနေသော နားမလည်နိုင်သော မျက်လုံးဝိုင်းတွေထဲမှာ စိုးရိမ်ထိတ်လန့်ဟန်ကိုလည်း မြင်ရသည်။

"မင်း...ဟိုတယ်လ်က မဟုတ်လား..."

နှစ်ရက်သုံးရက်အတွင်းမှာ ဟိုတယ်လ်ဝန်ထမ်းအများစု၏ မျက်နှာအမူအယာ၊ ကိုယ်အမူအယာရိုကျိုးသိမ်မွေ့ခြင်းကို သတိထားမိနေပြီမို့ သည်မေးခွန်းကို ပိုင်ပိုင်နိုင်နိုင် မေးမိသည်။ မိန်းကလေးရဲ့ မျက်လုံးတွေထဲက စိုးရွံ့ခြင်းကိုတော့ အတွင်းကျကျ နားမလည်မိခဲ့တာ အမှန်ပင်...။ ဖြောင့်စင်းနက်မှောင်သော ဆံပင်ပျော့များ ပုခုံးပေါ်မှာ ဝဲဖြာစင်းကျနေသော မိန်းကလေး၏ မျက်နှာဝိုင်းဝိုင်းလေးကို စ,တင်သတိထားမိသည်။ မျက်ခုံးကွေးကွေးများသည် နက်မှောင်ပြီး အနားသတ်ဆီက ပါးလျရှည်လျားစွာ အဖျားရှူးသွားသည်မို့ ပုံစံကျနသည်ဟု ဆိုရမည်။ နှုတ်ခမ်း ပန်းနုရောင်ပြည့်ပြည့် နှစ်လွှာက သေသပ်ပြီး သဘာဝအတိုင်း သွေးရောင်လွှမ်းနေ၏။ ပင်လယ်မှာ အနေများပြီး အအေးပိုင်းဒေသက မိန်းကလေးတွေကို ခပ်ကြည့်ကြည့်



အသားအရေမျိုး ရှိနေသည်က အံ့သြစရာပင်။ မျက်ဝန်းတွေက ဘယ်လိုမှ ပိုပြီးမထူးခြားလှဘူးဆိုပေမယ့် မျက်ဆံနက်တွေထဲမှာ သူမရဲ့ စိတ်နှလုံးကို ပြန့်မြင်နေရသလို ရှိသည်။ ဟိုတယ်လ်ဝန်ထမ်းတစ်ယောက်၏ ရိုကျိုးမှုထက်ပိုပြီး အားငယ်တတ်သော သိမ်မွေ့သော ထိခိုက်ခံစားလွယ်သော စိတ်နှလုံးကို အဲသည်မျက်ဝန်းတွေထဲမှာ မြင်ရသည်။

"ဟုတ်ကဲ့..."

မိန်းကလေးများနှင့်ပါတ်သက်ပြီး အရာရာတိုင်းမှာ ခပ်စင်းစင်းသာမြင်တတ် တွေးတတ်သော အုပ်စိုးသည် အစ,ပိုင်းမှာတော့ သူမရဲ့ မျက်နှာပေါ်က စိုးရွံ့မှုကို နားမလည်နိုင်အောင် ရှိခဲ့သည်။

"ကျွန်မ ဟိုတယ်လ်ဝန်ထမ်းပါ...ဂျူတီချိန်နောက်ကျနေလို့ ကမန်းကတန်းလာရင်းနဲ့ ဒီအပင်တွေကို သတိမထားမိဘဲ..."

"ဟုတ်ပါပြီလေ...ဖြစ်တတ်ပါတယ်...ကိစ္စမရှိပါဘူး"

"အုပ်ချုပ်ရေးမှူးကို ပြောမလို့လားဟင်..."

"ဗျာ..."

"ဟို...ကျွန်မ လျှော်ပေးလို့မရဘူးလား..."

* * *

"မန်နေဂျာနဲ့ ရှင်းမယ်လို့ပြောတာကို...ကျွန်တော်က ကိုင်ပြောမယ်ထင်ပြီး လန့်သွားတာဗျ...နောက်မှ ကျွန်တော်သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com



တယ်...သနားပါတယ်...မျက်နှာလေးငယ်လို့...ကျွန်တော်လည်း အားနာသွားပြီး ကိုယ်ကဘဲ ပြန်တောင်းပန်လိုက်ရတယ်...ဂျူတီဝင်ဖို့ အချိန်နောက်ကျနေပြီဆိုပြီး ခပ်သုတ်သုတ်လစ်သွားလေရဲ့..."

"ဘယ်သူများပါလိမ့်..."

"နာမည်တောင် မမေးမိလိုက်ပါဘူးဗျာ..."

ကိုသိန်းလွင်က စီးကရက်တစ်လိပ် ကမ်းပေးသည်။

"ကျွန်တော် မသောက်တတ်ဘူးဗျ..."

ဆိုတော့ လက်ကိုပြန်ရုပ်ပြီး စီးကရက်ကို သွားနှုတ်ခမ်းမှာတပ်သည်။

"ဟိုတယ်လ်ဝန်ထမ်းလုပ်ရတာလည်း တော်တော်မလွယ်ဘူးဗျ...ဒီအလုပ်မှာ ဝါသနာလည်းပါမှ...လုပ်ငန်းခွင်မှာလည်း ပျော်ရွှင်မှုရှိမှ...ကျွန်တော်တို့ဆီက ဝန်ထမ်းတွေကတော့ ညှော်ကြိုသင်တန်းသုံးလအတွင်းမှာ ဟိုတယ်လ်ဝန်ဆောင်မှုကို တကယ်ကျေကျေနပ်နပ်နားလည်ပြီး တကယ်လည်း လိုက်နာနိုင်မှ အလုပ်ခန့်တာ...ဒါကြောင့် ကျွန်တော်တို့ရဲ့ဝန်ထမ်းနဲ့ ဝန်ဆောင်မှုကိုတော့ ကျွန်တော်အာမခံနိုင်ပါတယ်..."

"ဒါလည်း ကြော်ညာတစ်မျိုးပေါ့နော်..."

ကိုသိန်းလွင်က စီးကရက်မီးညှိရင်း ပြုံးနေသည်။ အဲသည်အပြုံးသည် ပွင့်လင်းပြီး နှစ်လိုဖွယ်ကောင်း၏။ အုပ်စိုး သည်ကိုစ, ရောက်ချင်း အလုပ်တာဝန်အရရော လူမှုရေးအရပါ စ,တင်ရင်းနှီးရသူက ကိုသိန်းလွင်ဖြစ်သည်။ ကိုသိန်းလွင်နှင့် အုပ်စိုးသည် အသက်အရွယ်မကွာလှသော်လည်း ကိုသိန်းလွင်က ပိုပြီးရင့်ကျက်တည်ငြိမ်



ဟန်ရှိသည်။ နေရာဌာနတစ်ခုကို တာဝန်ယူထားရသူတစ်ယောက်၏ စိတ်ဖိစီးမှုမျိုးလည်း ကိုသိန်းလွင်ရဲ့ မျက်နှာမှာ တွေ့ရသည်။ ပင်လယ်လေရဲ့ တိုက်စားခံရမှု နေလောင်ဒဏ်တို့ကြောင့် ကိုသိန်းလွင်ရဲ့အသားအရေက ညိုပြီး ကျစ်လစ်သည်။ အုပ်စိုးကတော့ ညီအစ်ကိုခြောက်ယောက်မှာ အငယ်ဆုံးပီပီ နေရာတကာမှာ ပေါ့တန်တန်နေချင်သေး၏။ အတွေးတွေကလည်း လွတ်လပ်ပေါ့ပါးဆဲပင်။

"ကြော်ငြာတယ်လို့ ပြောလို့ရပါတယ်...ဒါပေမယ့် ကျော်အောင် ညာတာမျိုးတော့ မဟုတ်ပါဘူးဗျာ...ဒါနဲ့ ကိုနေစိုးတစ်ယောက်လည်း အိမ်ထောင်မကျသေးဘူးနော်..."

"ဟုတ်ကဲ့..."

"လိုတာမရတာတော့ မဟုတ်လောက်ဘူးဗျ..."

"ကိုယ်လား...ဇီဇာကြောင်တဲ့ လူပါဗျာ...ဒီတစ်သက်မိန်းမရဖို့ မလွယ်လှဘူး...သူ့စာအုပ်တွေထဲ နစ်နေမယ့်သူဘဲ..."

ကိုသိန်းလွင်က စီးကရက်မီးခိုးတွေ လွင့်မျောရာကို လိုက်ပြီးငေးကြည့်နေသည်။ ပင်လယ်သည် နေအရှိန်အောက်မှာ တလက်လက်ထနေ၏။

"မဟုတ်သေးဘူးဗျ...ကျောင်းတုန်းကတော့ ကိုနေစိုးက အမြဲတက်ကြွနေတဲ့သူဘဲ...အမျိုးသမီးတွေကလည်း သူ့ကို သဘောကျကြတယ်..."

ကိုသိန်းလွင်သည် ကိုယ်ဟု မိသားစုကခေါ်သော ကိုနေစိုးနှင့် ကျောင်းနေဖက်ဖြစ်၏။ မန္တလေးတက္ကသိုလ်မှာ သူတို့ အတော်ကြာကြာတွဲဖြစ်ခဲ့သေးသည်ဟု သည်ရောက်မှ သေချာသိရသည်။

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးသည် အစ်ကိုများ၏ စိတ်ခွေအပေါင်းအသင်းများကို မရင်းနှီးသည်မဟုတ်။ များလွန်း၍ မမှတ်မိခြင်းသာဖြစ်သည်။ ပြီးတော့ အစ်ကိုတွေ တက္ကသိုလ်ရောက်ချိန်မှာ အုပ်စိုးက အလယ်တန်းကျောင်းသားဖြစ်သည်ကြောင့် ကျီစယ်စရာ ချာတိတ်တစ်ယောက်အဖြစ်သာ ရှိခဲ့သည်။

"ကျွန်တော့်အစ်ကိုတွေက အိမ်ထောင်ရေးကံမကောင်းလှဘူးဗျ..."

"အဲဒါကိုများ စိတ်အစွဲဖြစ်နေတာလား...."

အုန်းတောရဲ့ အလယ်လမ်းကနေ ခပ်ဖြည်းဖြည်းလျှောက်ထွက်ခဲ့သည်။ သဲတွေထဲ ဗလာခြေထောက်တွေ စွပ်ကနဲ စွပ်ကနဲမြုပ်ဝင်သွားသည်မို့ လမ်းလျှောက်ရတာ ခရီးမတွင်ပေမယ့် အဲသည် အရသာကို နှစ်သက်မိသည်။ အုန်းတောအစပ်ကနေ လှမ်းကြည့်တော့ မနောပွင့်ဟိုတယ်လ်ရဲ့ ပင်မအဆောက်အဦနောက်မှာ လိပ်ပြာတောင်ပံ ပုံသဏ္ဍာန်အစီအရီဖြန့်လျက်တည်ရှိနေသော ဘန်ဂလိုလေးများနှင့် ပျိုးလက်စရောင်စုံပန်းခင်းကို မြင်ရသည်။ အုပ်စိုးရဲ့ ညီငယ်လေးများသည် အဲသည် အစိမ်းတစ်ရစ် နီညိုတစ်ရစ် ခရမ်းပြာတစ်ရစ်ဖြင့် ပုံဖော်ထားသည့် စိုက်ပျိုးပင်များကြားမှာ အသေအချာ ရှိနေကြလိမ့်မည်။

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့...ပြီးတော့ ကိုငယ်က အချစ်ရေးမှာပါ ကံမကောင်းဘူးဗျ...သူစွဲလန်းခဲ့ဖူးတဲ့ အမျိုးသမီးက သူ့ကို နည်းနည်းမှစိတ်မဝင်စားဘဲ ဘာမဟုတ်တဲ့ ချည်ခေးစပ်သမားနဲ့ ထွက်ပြေးသွားတယ်ဗျာ...မိဘချင်းကလည်း ပြောဆိုပြီးသား...အဲဒီအချိန်ကတည်းက သူ မိန်းမတွေကို စိတ်ပျက်ခဲ့တာ ထင်ပါရဲ့..."



"ပြီးတော့ ကိုကြီးရဲ့ဖနီးကလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးသွားတယ်...ကိုလတ်ကျပြန်တော့လည်း အိမ်ထောင်ပျက် တစ်ခုလပ် အမျိုးသမီးကို လက်ထပ်ခဲ့လို့ မိဘတွေနဲ့ အတော့်ကို ပဋိပက္ခဖြစ်လိုက်တယ်..."

"ဟုတ်လား...ကိုလတ်ကြီးကလေ..."

ကိုသိန်းလွင်က တအံ့တသြရေရွတ်လေသည်။

"ကိုလတ်ကို ကျွန်တော်ဆုံဖူးတယ်ဗျ...ခင်ဗျားတို့ညီအစ်ကိုတွေထဲမှာတော့ တော်တော်ချောတဲ့သူဘဲ...ပြီးတော့ ဂစ်တာတီးလည်း သိပ်ကောင်းတယ်နော်..."

"အဟုတ်ပေါ့ဗျာ...ပြီးတော့ သိပ်နူးညံ့တဲ့သူ... စိတ်ကူးလည်း ယဉ်တတ်တယ်...ခုတော့ ကျွန်တော်တို့ ညီအစ်ကိုတွေထဲမှာ သူက ဘေးထွက်နေတယ် ဆိုပါတော့..."

မထင်မှတ်ဘဲ မိသားစုအကြောင်း စကားအကြောင်းအရာများစွာ ပြောဖြစ်သည်။ ကိုသိန်းလွင်က သူ့ထက်ငယ်ရွယ်သည်ဟု သေချာသိနေသည့် အုပ်စိုးကို လေးစားသမှုဖြင့် ကိုအုပ်စိုး...ဟုခေါ်ပြီး ခင်ဗျားကျွန်တော်နှင့် ပြောသည်။ အစ်ကိုတွေအကြောင်း ဇာတ်လမ်းစုံသလောက် ရှိတော့မှ...

"ခင်ဗျားရဲ့ ပူပူနွေးနွေးဇာတ်လမ်းလေးလည်း ပြောဦးလေဗျာ"

ဟု ကိုသိန်းလွင်က အရွှန်းဖောက်သည်။

တကယ်တော့ အုပ်စိုးရဲ့ အသည်းကွဲဇာတ်လမ်းလေးကို ကိုသိန်းလွင်သိလို့တော့ ဟုတ်ဟန်မတူပါ။ ကိုယ်တိုင်ကလည်း သိပ်ပြီး မနက်နဲလှသည့် အဲသည်ဒဏ်ရာက သည်ရောက်တော့ မေ့ချင်ချင်ဖြစ်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော့်ဇာတ်လမ်းတော့ နောက်ကြုံမှ ပြောတာပေါ့ဗျာ...''

ဆိုတော့ ကိုသိန်းလွင်က ခေါင်းရမ်းပြီးရယ်နေသည်။

ကောင်းကင်ပြာနှင့် ပင်လယ်ရဲ့ထိစပ်မှုဆိုတာ အမြင်အာရုံမှာ ထင်သည့်ပုံရိပ်သက်သက်သာဖြစ်ကြောင်း သိနေပေမယ့် အဲသည်လို ထိစပ်နေသည့် မိုးကုပ်စက်ဝိုင်းဆိုတာကို အမှန်တကယ် ရှိနေစေချင်မိသေးသည်။

* * *

''အမိန့်ရှိပါရှင်...ဘာများ လိုအပ်ပါသလဲ...''

''သရီး အို ဆစ် ကပါ...ကျွန်တော့်အခန်းထဲက ရေချိုးခန်းကို စစ်ကြည့်ပေးပါဦး...ရေပိုက်က ရေမဆင်းဘူး...ပြီးတော့ ခန်းစီးစတွေလဲပေးပါ...မှန်ပြူတင်းပေါက်က နေသိပ်ထိုးလို့ ခန်းဆီထူထူနဲ့လဲပေးပါ ခင်ဗျာ...''

''ဟုတ်ကဲ့...ကျွန်မ တာဝန်ခံကို ပြောပေးပါ့မယ် ရှင်...''

နေ့လည်ခင်း တစ်ရေးအိပ်မည်စိတ်ကူးပြီးမှ မအိပ်ဖြစ်တော့ဘဲ ဗီဒီယိုစက်ထဲ အခွေတစ်ခွေထိုးပြီး ကြည့်နေမိသည်။ တိပ်ခွေကတစ်ခွေတည်းရှိသည်။ ဂျူဖာလိုပက်ဇ်ရဲ့ သီချင်းခွေ...။

စိတ်ပျက်စရာဘဲ။



ဘယ်လိုမှ မနှစ်သက်နိုင်ပေမယ့် မျက်စိရှုပ် နားရှုပ်စရာများဖြင့်သာ ပျင်းရိခြင်းကို ဖြေဖျောက်ရသည်။ ကိုသိန်းလွင်နှင့် ချက်စ်ကစားဖို့ အဖော်စပ်ပေမယ့် ကိုသိန်းလွင်က မကစားတတ်။ ပြီးတော့ ကိုသိန်းလွင်သည် မနောပွင့်ဟိုတယ်လ်၏ အထွေထွေမန်နေဂျာတစ်ယောက်အနေဖြင့် ကိစ္စများစွာ ပြဿနာများစွာကို ကိုင်တွယ်ဖြေရှင်းနေရသူဖြစ်သည်။ သူ့ကို မနှောက်ယှက်သင့်။

ဖန်သားပြင်ပေါ်က စက္ကန့်တိုင်းမှာ ဖျတ်ကနဲ ဖျတ်ကနဲ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေသည့် အရုပ်တွေကို ကြည့်ရင်း ခေါင်းထဲမှုးဝေလာသည်။

* * *

အိပ်မက်ထဲမှာလိုလို ဇဝေဇဝါဖြစ်နေရင်းပင် တံခါးခေါက်သံမှန်း သိသာလာသည်။ နေ့လည်ခင်းအိပ်မက်က တကယ့်ကို တွေဝေထုံထိုင်းစေသည်။ ကုတင်ပေါ်ကနေ လေးလေးကန်ကန်ထ,လိုက်ရသည်။ ရုပ်မြင်သံကြားစက်က အစက်အပြောက်တွေသာ ထင်ပြီး တရှဲရှဲအော်နေပြီ။ အဝေးထိန်းခလုပ်ဖြင့် ရုပ်မြင်သံကြားကို လှမ်းပိတ်လိုက်ပြီး အခန်းတံခါးဆီ လျှောက်သွားသည်။ အခန်းတံခါးရှေ့ ရုပ်မိချိန်မှာ တံခါးခေါက်သံ ခပ်ဖွဖွ ထွက်လာပြန်သည်။

လက်သုံးချောင်းနှင့် မရဲမဝံ့ ခေါက်လိုက်သည့်အသံမျိုး...

www.burmeseclassic.com

www.burmeseclassic.com



တံခါးလက်ကိုင်ကို ခပ်ဆတ်ဆတ်လှည့်ဖွင့်လိုက်သည်။

"ဩော်..."

တံခါးပေါ် လက်တင်လိုက်တော့မည့် မြှောက်လျက်အနေ၊ အသားမှာ ရုတ်တရက်တန့်သွားပြီး အံ့သြနေသည့် မျက်လုံးဝိုင်းများဖြင့် သူမ...။

* * *



"ကျွန်မက အိပ်ခန်းဆောင်တွေရဲ့ တာဝန်ခံ မန်နေဂျာပါ..."

ဘယ်ဖက်ရင်ဘတ်ပေါ်မှာ ကြေးဝါတံဆိပ် ပြောင်လက်လက်လေး...ပြီးတော့ စာလုံးမည်းနက်နက်လေးတွေ။ အင်္ဂလိပ်လို ရေးထားသည့် သူမနာမည်က ဖတ်ရ အသံထွက်ရတာ တော်တော်ခက်သည်။ ပုန်းညက်ဆိုသည့် မြန်မာနာမည်ကလည်း ရှားလှသည်မို့ စာလုံးသာ ပေါင်းကြည့်ပြီး ဘယ်လိုအသံထွက်ကြီးပါလိမ့်...ဖုန်းလား...ပြုံးလား..

အတော့်ကို အူကြောင်ကြောင်ဖြစ်ဆဲ...

"ကျွန်မနာမည် ပုန်းညက်ညို...ပါ..."

လို့ သူမက ပြောတော့မှ ကိုယ့်ဘာသာ ရယ်ချင်မိရင်း သူမရဲ့ စာလုံးပေါင်းအသံထွက်အမှန်ကို ထွက်နိုင်တော့သည်။

"ဟုတ်သားပဲနော်...ပုန်းညက်ညို...ဆိုတဲ့ နာမည်က ရှားလည်းရှားတယ်...စာလုံးပေါင်းရတာလည်း အတော်ခက်တာဘဲ..."

ကောင်မလေးက နှုတ်ခမ်းလေးတွေ တွန့်ကော့ပြီး ပြုံးနေသည်။

"ကိုယ်က အုပ်စိုးပါ...မင်းနဲ့ကိုယ် ဆုံခဲ့ဖူးတယ်နော်..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…ကျွန်မမှတ်မိပါတယ်…အစ်ကိုက ဒီမှာ ပန်းအလှစိုက်ပေးနေတာဆို…"

"ဟုတ်ပါတယ်…"

"ကျွန်မလည်း ခုနလေးတင်မှ သိရတယ်…ကျွန်မကြောင့် အစ်ကိုတို့အပင်တွေ တော်တော်များ ပျက်ဆီးသွားလား…"

အုပ်စိုး ဖြေရခက်သွားသည်။ အပင်တွေပျက်ဆီးတာက မများသော်လည်း မနည်းပါ။ သို့ပေမယ့် အပင်ဆိုတာ အကြောင်းအမျိုးမျိုးကြောင့် ပျက်ဆီးနိုင်သည်ချည်းပင်။ အဲသည်အကြောင်းတရားတွေကို တွက်ဆပြီး မျိုးစေ့တွေ အပင်ပေါက်တွေကို သယ်နိုင်သမျှ များများသယ်ခဲ့ကြသည်မှာလည်း အုပ်စိုးတို့လုပ်ငန်းရဲ့ သဘာဝပင်…။

ဒါတွေကို တရှည်တလျားရှင်းပြဖို့ လိုအပ်မည်မထင်…။ ပြီးတော့ ကောင်မလေးသည် အုပ်စိုးကို တောင်းပန်ဖို့အတွက် အခန်းရှေ့မှာ ရပ်နေသည်မဟုတ်။ သူမရဲ့တာဝန်ဝတ္တရားကို ထမ်းဆောင်ရန်အတွက် သည်ကိုရောက်လာခြင်းဖြစ်သည်။

"ကိစ္စမရှိပါဘူး… ဒီလောက်ကြီးလည်းမဟုတ်ပါဘူး…"

အုပ်စိုးရဲ့ဖြေသိမ့်စကားကို သူမက သိပ်ပြီး နားလည်တတ်ဟန်မရှိ။

"အပင်ဆိုတာ ပျက်စီးလွယ်တာ သဘာဝပဲ…ဒါပေမယ့် သူ့ရဲ့ အကြောင်းတရားတွေဆုံရင် အသစ်ပြန်ဖြစ်ဖို့လည်း လွယ်ပါတယ်"

သည်စကားက အဘိဓမ္မာဆန်နေသည်လားမသိချေ။ ကောင်မ



လေး ဘန်ဂလိုအောက်ဖက်မှာ ရပ်လျက်ကျန်ခဲ့သော ဝန်ထမ်းလူငယ်ကို ရေချိုးခန်းထဲ ဝင်ကြည့်ဖို့ ပြောလိုက်သည်။ ကောင်လေးက သူတို့နှစ်ယောက်ကြားကနေ ခါးကလေးကိုကိုင်းပြီး အိပ်ခန်းထဲဝင်သွားသည်။

ဘန်ဂလိုများရဲ့ သဘာဝအတိုင်း အိပ်ခန်းရဲ့ရှေ့မှာ လ,သာဆောင်လေးရှိနေသည်မို့ အဲသည်မှာချထားသည့် ကြိမ်ဆက်တီပုပုလေးတွေပေါ်ထိုင်ပြီး ပင်လယ်သဘာဝကို ခံစားနိုင်မည်။ သို့ပေမယ့် သူမသည် ကြိမ်ဆက်တီတွေရှေ့မှာ ခပ်တောင့်တောင့်ရပ်လျက် ရှိ၏။ အုပ်စိုးကလည်း သူမကို "ထိုင်ပါ"ဟု မပြောဖြစ်ချေ။ ဘာကြောင့်မှန်းမသိဘဲ သူမငြင်းဆန်ပြီး နှုတ်ဆက်ထွက်သွားလိမ့်မည်ဟု စိတ်က အလိုလိုထင်နေသည်။

မိန်းကလေး၏မျက်နှာ နုနုနယ်နယ်ကလေးသည် သူမရဲ့ဝတ်စုံနှင့် မလိုက်ဖက်လောက်အောင်ပင် အပြစ်ကင်းလျက် ကလေးဆန်နေ၏။ ပြည့်ဖောင်းသောမျက်နှာလေးသည် နံနက်ခင်းကလို ဆံပင်ဖြောင့်စင်းစင်းတွေကြားမှာ မဝှံမရဲရှိသည်မဟုတ်ဘဲ သပ်ရပ်စွာ ပင့်တင်သိမ်းဆည်းထားသော ဆံထုံးကြောင့် ပိုပြီး ပေါ်လွင်နေသည်။ နှုတ်ခမ်းထူထူလေးပေါ်မှာ နှုတ်ခမ်းဆိုးဆေးဖျော့ဖျော့တင်ထားသည်။ ယူနီဖောင်းသည် နက်ပြာနှင့် အဖြူရောင်ဖြစ်ပြီး အနောက်တိုင်းဆန်သော ဒီဇိုင်းဖြစ်၏။ သေးသွယ်သော ခြေအစုံကို ပေါ်လွင်စေပြီး လေဒီရှူးလို ဖိနပ်လှလှလည်း စီးရသည်။

"ခန်းဆီးက နက်ပြာရောင်ဆို ဖြစ်ပါတယ်နော်…"

"နက်ပြာ…"

www.burmeseclassic.com

www.burmeseclassic.com



သူမက နှုတ်ခမ်းဟဟဖွင့်ပြီး အသက်ပြင်းပြင်းရှိုက်လိုက်သည်။

"အလင်းရောင်မဝင်အောင် ကာနိုင်တဲ့အရောင်က နက်ပြာနဲ့ အစိမ်းရင့်ဘဲ ရှိလို့ပါ..."

အုပ်စိုး ရယ်မောလိုက်သည့်အခါ သူမ ပိုပြီးအနေခက်သွားပုံရသည်။

"နက်ပြာမကြိုက်ရင်...အစိမ်းရင့်..."

"ရပါတယ်...ဘယ်ဟာဖြစ်ဖြစ်ပါ...ကျွန်တော်က အလင်းပိတ်အောင် မှောင်နေရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး...ကျွန်တော့် နေရာက အစွန်ကျပြီး အပင်လည်း မရှိတော့...ညနေ ကျနေဆို သိပ်ပူးတယ်လေ...အဲဒါကြောင့် နေရောင်ကို ကာဘာဖြစ်ရင်ရပါပြီ... ခုအရောင်က အပြာနုဆိုတော့...ပြီးတော့ ခန်းဆီးပိတ်ကလည်း နည်းနည်းပါးတယ်...ဒါကြောင့်ပါ..."

"ဟုတ်ကဲ့ရှင်...နားလည်ပါပြီ...စိတ်တိုင်းကျဖြစ်ရပါစေမယ်..."

သူမက လက်ကလေးနှစ်ဖက်ယှက်ပြီး ခေါင်းဆတ်သည်။

"ဟာ...အဲလောက်ကြီးမလုပ်ပါနဲ့...ကျွန်တော်မနေတတ်ဘူး..."

"ရှင်..."

"ကျွန်တော်က ဧည့်သည်လည်းမဟုတ်ပါဘူး...ဒီဟိုတယ်လ်ရဲ့...ပန်းဥယျာဉ် အလှစိုက်ပေးဖို့ ဒီကိုရောက်နေတာပါ...ကျွန်တော့်ကို ဒီလောက်ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်..."



သူမရဲ့ ပြုံးလိုက်သည့်အပြုံးက သိသိပ်လျှို့ဝှက်လွန်းသည်ဟု ထင်မိ၏။

* * *

"ဒီဟိုတယ်လ်ရဲ့အခန်းတွေမှာ တည်းနေတဲ့ဧည့်သည်ဟာ ကျွန်မတို့ရဲ့ ဧည့်သည်ပါဘဲ...ဧည့်သည်တွေ စိတ်တိုင်းကျအောင် ဆောင်ရွက်ပေးဖို့ ကျွန်မတို့မှာ တာဝန်ရှိပါတယ်..."

အခန်းနံရံတွေဆီကနေ ပဲ့တင်ပြန်ထွက်လာသလို စကားသံကို အထပ်ထပ်အခါခါ ပြန်ကြားနေမိသည်။ သိမ်မွေ့သောအမူအယာနှင့် လိုက်လျောကြည်လင်သောအပြုံးသည် မနောပွင့်ရဲ့မျက်နှာစာမှာ စိုက်ပျိုးထားသော ပန်းတစ်ပွင့်ဖြစ်နေနှင့်ပြီဟု ထင်၏။ ကိုသိန်းလွှင်ရဲ့စကားက အပြောသက်သက်မဟုတ်ဘူးဆိုတာ ပုန်းညက်ညိုဟူသော ပန်းကလေးတစ်ပွင့်နှင့်ပင် ယုံကြည်ရဖို့ လုံလောက်နေပြီ...။

မှန်ပြူတင်းမှာ မျက်နှာကပ်လိုက်လျှင် ဟိုတယ်လ်ရဲ့ အဆောင်တွေကိုကူးဖို့ လုပ်ပစ္စခင်းထားသည့် ကျောက်ရောင်စုံလမ်းကလေးကို မြင်ရသည်။ လမ်းကလေးသည် တစ်နေရာမှ တစ်နေရာ ဝေ့ဝိုက်ကောက်ကွေ့လျက် သွားနေ၏။ အဲသည်လမ်းကလေးပေါ်မှာ ခပ်သွက်သွက်လျှောက်သွားနေသည့် ယူနီဖောင်းဝတ် ဟိုတယ်လ်ဝန်ထမ်းတွေကိုလည်း မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုန်းညက်ညို…တဲ့…

နာမည်ဆန်းဆန်းနဲ့ မိန်းကလေးတစ်ယောက်…။

* * *

“ဩော်…ပုန်းညက်ညိုလား…”

လက်ထဲမှာကိုင်ထားသည့် ကျောက်နှင်းဆီပွင့်ခက်ကလေးကို အသာပြန်ချထားလိုက်ပြီး ကိုသိန်းလွင်က အုန်းပင်ရိပ်မှာ ရပ်နေသည့် အုပ်စိုးကို မော်ကြည့်သည်။

“ဟုတ်တာပေါ့…ကျွန်တော်တို့ဝန်ထမ်းဘဲ… ကောင်မလေးက တော်တော်ကြိုးစားပါတယ်…တကယ်တော့ သူက တိုးရစ်(စ်)ဂိုက်(တ်)လုပ်ချင်တာဗျ…သူ့အမေက ဟိုဟိုဒီဒီလျှောက်သွားနေရတာကို မကြိုက်လို့ဆိုပြီး ကျွန်တော်တို့ဆီမှာ အလုပ်ဝင်တာ…ရန်ကုန်ရုံးချုပ်က လွှတ်ပေးတာဆိုပါတော့ဗျာ…ခုတော့ အိပ်ခန်းဆောင်မန်နေဂျာဖြစ်နေပြီ…”

ကိုယ်တိုင်က ဘာအကြောင်းအရာကိုပြောပြီး ဘာကိုမေးချင်မိသည်ဆိုတာမသိ။ ကိုသိန်းလွင်ကလည်း စကားဦးတည့်ရာကို ပြောမိသည်ထင်၏။ ပုန်းညက်ညိုဆိုသည့် မိန်းကလေးတစ်ယောက်အကြောင်း မေးမိသည်လား…။

မဖြစ်နိုင်ပါ…။



အုပ်စိုးအဖို့တော့ ပုန်းညက်ညိုသည် လေနှင့်လိုက်ပြီး ရွေ့သည့် တိမ်တိုက်တစ်ခုသာဖြစ်လိမ့်မည်။ သည်လိုဘဲ ထင်ခဲ့သည်။

“ဒါ…ခင်ဗျားတို့ ကျွန်တော်တို့ ပွင့်တူရွက်တူလို့ ခေါ်ကြတဲ့ အပင်မျိုးတွေဘဲ မဟုတ်လားဗျာ…ဒါပေမယ့် ဒီလို ဒီဇိုင်းဖော်ပြီး စိုက်လိုက်တော့ လှသွားလိုက်တာနော်…ပန်းပင်အလယ်မှာ ရေတံခွန်လေးလုပ်မယ်ဗျာ…အဲဒီမှာလည်း လိုက်ဖက်မယ့် အရောင်လေးတွေ စပ်ပြီး စိုက်ပေးဗျာ…ပြီးတော့ စိုက်ရုံနဲ့မပြီးဘူးဗျ နော်…ဘယ်လို ထိန်းသိမ်းရမယ်ဆိုတာလည်း…”

“ဒါတော့ ခင်ဗျားတို့ဆီမှာ အလုပ်သမားတစ်ယောက် သပ်သပ်ခန့်ဖို့လိုမယ် ကိုသိန်းလွင်…”

ကိုသိန်းလွင်က အကွက်ဖော်ထားသည့် ပန်းခင်းကိုကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။

“မထူးပါဘူးဗျာ…ခင်ဗျားဘဲ ဒီမှာလာတွဲလိုက်ပါ…”

“ဟာ…ဒါတော့ မဖြစ်ဘူး…”

“ဘာဖြစ်လို့လဲဗျ…”

“ကျွန်တော်က ပင်လယ်နဲ့သိပ်မတည့်ဘူးဗျ…အဲဒါကြောင့် မေမေက ကျွန်တော့်ကို သင်္ဘောသားမလုပ်ရတော့ဘူးဆိုပြီး တစ်ချက်လွှတ်အမိန့်ထုတ်ထားတာ…”

ကိုသိန်းလွင်က ရယ်စရာပြောသည်ထင်ပြီး ဟက်ဟက်ပက်ပက်ရယ်သည်။ တကယ်တော့ အုပ်စိုး ပင်လယ်မှာမပျော်ခဲ့ပါ။ ပင်လယ်ဆိုတာ အပေါ်ယံအမြင်လှပခြင်းသက်သက်ဖြစ်ပြီး နက်ရှိုင်းသလောက် ကြောက်စရာကောင်းလှသည်။ လှည့်ဖျားတတ်သောသဘောရှိသည်။ ဒါတွေကို အုပ်စိုးက ကိုယ်တွေ့ကြုံခဲ့ပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



"လပြည့်ညတွေရဲ့ လ,ရောင်အောက်မှာ ကျွန်တော် ရေထဲဆင်းပြီး ရေပြင်ကြီးပေါ် လမ်းလျှောက်ချင်စိတ်တွေ ပေါက်လာတယ်...လို့ ကျွန်တော်ပြောပြီးကတည်းက မေမေ ကျွန်တော့်ကို လုံးဝပြန်မလွှတ်တော့ဘူး..."

"ဟုတ်လား..."

သည်တစ်ကြိမ်မှာတော့ ကိုသိန်းလွင် အံ့သြသွားပြီး အုပ်စိုးရဲ့စကားကို ယုံကြည်လက်ခံဟန်ပြသည်။

"အေးဗျာ...ခင်ဗျားအမေဟာ သားတွေချည်းဘဲ ခြောက်ယောက်မွေးတာ အံ့သြစရာပဲနော်..."

"ဟုတ်တယ်...ကျွန်တော့်အထက်အစ်ကို ကိုထွေးက ဆုံးသွားတယ်...အသက်နှစ်ဆယ့်နှစ်နှစ်မှာ ဆုံးပါးသွားတာ...တပ်မတော်အရာရှိဖြစ်ပြီး သိပ်မကြာလိုက်ပါဘူး..."

"သားတွေအများကြီးမွေးထားပေမယ့်...မေမေက ဘယ်သူ့ကိုမှ မလေးနက်ဘူးဆိုတာ မရှိဘူး...သူ့အဖို့ တစ်ယောက်ယောက်ကိုမှ မရွေးချယ်နိုင်သလို ဘယ်သူ့ကိုမှလည်း အဆုံးရှုံးမခံနိုင်ဘူး...ကျွန်တော်တို့မေမေက သိပ်လောဘကြီးတာဗျ..."

ကိုသိန်းလွင်က ခေါင်းတဆတ်ဆတ်ညိမ့်ရင်း...

"ဧမိခင်တိုင်းဟာ ဒီလိုဘဲနေမှာပါဗျာ..."

ဟု လေသံအေးအေးဖြင့် ပြောသည်။

ပင်လယ်လှိုင်းသံ တဝုန်းဝုန်းကြားမှာပင်...သွေ့ခြောက်ပူပြင်းသည့် အညာကအိမ်ကြီးဆီ လွမ်းဆွတ်စွာ သတိရလိုက်မိ၏။

* * *



"ဟာ...ဘယ်လိုလုပ်တာလဲကွာ..."

ခရီးသည်တွေ ဝန်စည်စလှယ်တွေ အပြည့်အသိပ်တင်ထားသည့် ခရီးသည်တင် ဒိုင်နာကားသည် ကျဉ်းမြောင်းပြီး ချိုင့်တွေကျင်းတွေပြည့်နေသည့်လမ်းမှာ တစ်လမ်းလုံးပြည့်အောင် ကွေ့လိုက်ဝိုက်လိုက် မောင်းလိုက်ဖြင့် မောင်းနေရင်းကပင် ကျော်တက်ဖို့ ကြိုးစားနေသည့် အုပ်စိုးတို့ကား အတော်နီးကပ်လာချိန်မှာ အချက်မပြဘဲ ရုတ်တရက် ဘရိတ်ဆောင့်အုပ်လိုက်၏။

"လူတွေကအပြည့်နဲ့...တိုက်မိလိုက်လို့ကတော့..."

"ကားသမားတွေ...စည်းကမ်းကိုမရှိဘူး..."

ကားနောက်ခန်း အလုပ်သမားကောင်လေးတွေဆီက ပွစိပွစိရေရွတ်သံတွေ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းက ကားနှစ်စီးရှောင်ဖို့ဆို ကျဉ်းမြောင်းလွန်းသည်။ ဘီးတစ်ဖက်ကို လမ်းဘေးချပြီး ဘီးလိမ့်ရုံမောင်းနိုင်ကာမှ အန္တရာယ်ကင်းစိတ်ချရသည့်လမ်းမျိုးမှာ ရှေ့ကားက လမ်းလယ်ခေါင် ကားယားခွထားသလို ရပ်ထားလေတော့ အုပ်စိုး စိတ်ပျက်လက်ပျက်ဖြင့် ကားစက်ကို သတ်ပြီး ရပ်ထားလိုက်တော့သည်။ ဒိုင်နာကားအမိုးပေါ်မှာလည်း စိတ်အေးလက်အေးထိုင်ပြီး လိုက်ပါလာသည့် ခရီးသည်ကအပြည့်။ နောက်မှာ တွယ်နိုစီးသည့် ခရီးသည်ကလည်း လေးငါးခြောက်ယောက်။ ငါးပိငါးခြောက်နံ့တွေက နောက်တည့်တည့်မှာ ကားရပ်ထားသည့် အုပ်စိုးတို့အဖွဲ့ဆီ အတားအဆီးမရှိ မျောလွင့်လာသည်။

"ရုတ်ရုတ် ရုတ်ရုတ်နဲ့ ဘာတွေဖြစ်နေကြမှန်း မသိဘူး"

ရှေ့ကားဆီက ရနိုင်သံဝဲဝဲဖြင့် ပွက်လောရိုက်နေသည့် အသံတွေကို ကြားရသည်။ ခဏကြာတော့ လူတစ်ယောက် ကားပေါ်ကဒယီးဒယိုင်ကျလာသည်။ ကားပေါ်က ဆင်းလာသည်လား၊ တစ်ယောက်ယောက်က ဖွန်းချလိုက်တာလား...

ကိုယ့်ကိုယ်ကို မထိန်းနိုင်ဘဲ ခြေလှမ်းတွေ ယိမ်းယိုင်ဆဲ ထိုလူသည် ကားပေါ်ကနေ အောက်ရောက်ရောက်ချင်း ဟန်ချက်ပျက်ကာတစ်ပတ်လည်သွားပြီး အုပ်စိုးတို့ ကားခေါင်းတည့်တည့်ဆီ ထိုးဝင်လာ၏။

"ပြဿနာဘဲ...နေရင်းထိုင်ရင်း အမှုပတ်တော့မှာဘဲ...ဓော်ထွန်း ဆင်းကြည့်စမ်းကွာ..."

ဆင်းကြည့်စမ်း...ဟု ပြောပြီးသည့်အချိန်မှာ ကောင်လေးတွေအားလုံး ကားအောက်ရောက်နေကြပြီ။ ရှေ့ကားကတော့ သူနှင့် နည်း



နည်းမှ မသက်ဆိုင်သလိုပင် ဆောင့်ကြီးအောင့်ကြီး မောင်းထွက်သွားလေပြီ။

"ဗျို့...ဦးလေးကြီး..."

* * *

"လာတုန်းကတော့ ပိုက်ဆံပါသားဘဲကွ...အိပ်ထဲစမ်းကြည့်တော့ မရှိတော့ဘူး...အဲဒါ ငါ့ကို ကားခ,မပေးလို့ဆိုပြီး အတင်းမောင်းချတယ်...မိုက်ရိုင်းတဲ့ကောင်တွေ..."

မျက်ခုံးတွေ ကြုံ့သွားသည်။ ဖိနပ်ဦးရှေ့ရောက်နေသည့်ကျောက်စရစ်ခဲတစ်လုံးကို ထောက်ကနဲ ကန်ပစ်လိုက်ရင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်မိ၏။ ညှိုပြီး ခြောက်သွေ့နေသော မျက်နှာပြင်ပေါ်မှာ မျက်ခုံးနက်နက်တွေက အထင်းသားပေါ်လွင်နေသည်။ နှုတ်ခမ်းလွှာတွေက သွေ့ခြောက်ရှုံ့တွပြီး သွေးရောင်ကင်းမဲ့လျက်...ပုံသဏ္ဍာန်လည်းမပေါ်လွင်တော့။ သို့ပေမယ့် အရောင်မွဲနေသည့်မျက်ဝန်းတွေထဲ စိုက်ကြည့်မိတိုင်း တစ်ခုခုကိုသိနေသလိုလို...။

တစ်နေရာရာမှာ ဆုံဖူးသလိုလို...ရင်းနှီးဖူးသလိုလို။

အဝတ်အစားကတော့ အရောင်မစွမ်းလှ။ ပုဆိုးက ချည်ပုဆိုးပေမယ့် အရောင်အဆင်း တောက်ပဆဲပင်။ ဆံပင်တွေ နက်မှောင်သန်စွမ်းဆဲပင်။ ဦးလေးကြီးဟု ခေါ်ရလောက်အောင်လည်း အိုမင်းကြုံလှီနေသည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အရက်မူးနေသူမဟုတ်လျှင်တော့ ထင်းစည်းတစ်စည်း ခွဲနိုင်လောက်အောင် ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်မျိုးကို ပိုင်ဆိုင်သူပင်။ လက်တစ်ကမ်းအကွာမှာ သူ့ကိုယ်ကအရက်နံ့ကို ထောင်းထောင်းထနေလောက်အောင် ရသည်။ မျက်လုံးအိမ်တွေက နီရဲနေသည်။ ကားခမပေးနိုင်ဘူးဆိုကာမှဖြင့် ကားပေါ်က ဆင်းခိုင်းရလောက်အောင်တော့ ဖြစ်မည်မထင်။

"ဦးလေး...ဘယ်ပြန်မှာလဲ..."

အုပ်စိုးမေးလိုက်တော့ ကောင်လေးတွေက တအံ့တဩလှည့်ကြည့်သည်။

"ငါ...မဇင်...ပြန်မှာကွ..."

အုပ်စိုးကို သူကြည့်သည့်အကြည့်မှာ ဘယ်လိုအဓိပ်မှမထင်။ ကြည့်ပေမယ့်လည်း သူမြင်ချင်မှ မြင်လိမ့်မည်။ အပေါင်းအသင်းအဖွဲ့ကောင်းလျှင် ဘီယာတစ်ဗူး နှစ်ဗူးလောက်မော့တတ်သည့် အုပ်စိုးသည် အရက်သမားဆိုသည့်ဂုဏ်ပုဒ်ကို ငယ်စဉ်ကတည်းက အော်ဂလီဆန်ခဲ့သည်။ လမ်းဘေးအဖြူဆိုင်က အမူးသမားဖြစ်စေ၊ ဟိုတယ်လ်ကြီးတွေမှာရသည့် အနီဆိုင်ကအမူးသမားဖြစ်စေ အရက်သမားဆိုဘယ်လိုအရက်သမားကိုမှ မနှစ်မြို့ခဲ့။

သို့ပေမယ့် အရက်သမားတွေကို ရှောင်လို့မရနိုင်ပါ။ လောကကြီးသည် အချိုအချဉ် အင်အစပ် ရောမွှေထားသည့် လက်သုပ်စုံတစ်ပွဲနှင့် တူလှ၏။

"ကဲ...ဟော့ကောင်တွေ..."

"ဟာ...အစ်ကို..."



"ခေါ်သာခေါ်ခဲ့ပါကွာ...ဒီပုံစံနဲ့ သူ့ကို ဘယ်လိုင်းကားကတင်မှာလဲ..."

စတီယာရင်နောက်သို့ တက်ထိုင်လိုက်ပြီး ကားစက်နှိုးလိုက်ချိန်မှာ ကောင်လေးတွေက...

"မဇင်...ဘယ်နားလဲ..."

ဟု လှမ်းမေးလိုက်သံ ကြားရ၏။

"ဟော့...မနောပွင့် ဟိုတယ်လ်နားကွ..."

မနောပွင့်...ဆိုပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



ခြံမဟုတ်သည့် ဝန်ထမ်းတွေအတွက် အဆောင်တန်းလျား ပေးထားသည်ဟု ကြားပေမယ့် တစ်ကြိမ်တစ်ခါမှ မစပ်စုဖြစ်ခဲ့။ ခု တော့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် မနော်ပွင့်ရဲ့ ဝန်ထမ်းဂေဟာရှေ့ ရောက် ရသည်။ မနော်ပွင့်ကို ရင်းနှီးမြုပ်နှံသူသည် စံနစ်တကျရှိပြီး လူမှုရေး စိတ်ဓါတ်ရှိသူလည်း ဖြစ်ကောင်းဖြစ်မည်။ မနော်ပွင့်ဝန်ထမ်းများ၏ အဆောင်သည် ကျစ်လစ်ပြီး စံနစ်ကျသော ဖွဲ့စည်းမှုအပြင် ဝန်ထမ်း များ သက်တောင့်သက်သာ နေထိုင်နိုင်လောက်အောင် အပြည့်အဝ ဖွဲ့စည်းပေးထား၏။ ရေချိုးရာသည့် ဒေသမှာ ရေလှောင်ကန်များနှင့် ရေချိုကို စံနစ်တကျ ဖြန့်ဝေရန် စီစဥ်ထားသည်။ ဝန်ထမ်းဂေဟာက နှစ်ထပ်အဆောက်အဦဖြစ်ပြီး ရန်ကုန်က ကန်ထရိုက်တိုက်တွေ အကျယ်လိုပင် ကျယ်ဝန်းဟန်ရှိသည်။ ကမ်းခြေအနီး မြေကျယ်ကျယ် မှာ ဆောက်နိုင်သည်မို့ အခန်းရှစ်ခန်း အပေါ်မှာရှစ်ခန်း ဆယ့်ခြောက် ခန်း ပါဝင်သည်။ နောက်ကျောကပ်မှာလည်း အမျိုးသားများအတွက် သီးသန့်ဆယ့်ခြောက်ခန်း ရှိသည်။



ကိုသိန်းလွင်ကတော့ ဟိုတယ်လ်မှာ အခန်းတစ်ခန်းယူနေသည် ဟု သူပြောခဲ့သည်။ သည်လူကြီးကို ကိုသိန်းလွင် သိနိုင်မလား မသိ။

"ဦးလေး…ရောက်ပြီဗျ…"

အုပ်စိုး ကားပေါ်ကဆင်းပြီးချိန် နောက်ခန်း အမိုးဗလာအောက် မှာ တရှူးရှူးအိပ်မောကျနေသည့် လူကြီးကို မြင်လိုက်ရသည်။ ကောင် လေးတွေက ခေါင်းကုတ်လိုက် မျက်နှာရှုံ့မဲ့လိုက်ဖြင့် ဘာလုပ်ရမှန်း မသိဖြစ်နေကြသည်။

"ကျေးဇူးရှင်ကတော့ ဇိမ်ကိုကျလို့…စိတ်ချလက်ချ စက်တော် ခေါ်နေလိုက်တာ…"

ဇော်မိုးဆိုသည့် ချာတိတ်က သူ့ဝသီအတိုင်း မိန်းမတွေ ညည်း ညူသလို ရေရွတ်ညည်းညူနေသည်။

"သိတဲ့သူ တစ်ယောက်ယောက်တော့ ရှိမှာပေါ့ကွာ…ဇော် ထွန်းရေ…"

အုပ်စိုးရဲ့လက်စွဲတော် ဇော်ထွန်းသည် မှုန်ကုတ်ကုတ် မျက်နှာ ဖြင့် အနားရောက်လာရင်း–

"တစ်ယောက်မှလည်း မတွေ့ဘူးအစ်ကို…"

ဟု လည်ပင်းပတ်ချာလည်အောင် ကြည့်လျက် ပြောသည်။

နေ့လည်ခင်း သုံးနာရီဆိုသောအချိန်သည် လက်ရှိ ကြုံနေရ သလို တိတ်ဆိတ်နေတတ်သည့် အချိန်မျိုးဖြစ်ပါသည်။ သို့ပေမယ့် အဆောင်တွေမှာ လူတစ်ယောက်မှ မရှိလောက်အောင် တိတ်ဆိတ် နေတာမျိုးတော့ မဖြစ်သင့်ပါ။ လူတစ်ယောက်ယောက် အရိပ်အယောင် မြင်ရမလား လှည့်ပတ်ကြည့်စဥ်မှာဘဲ အပေါ်ထပ်ဆီက–

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…ဦးလေးမောင်ကြီးတော့…"

ဟူသောအသံ ခပ်စူးစူးကို ကြားလိုက်ရသည်။ အထိတ်တလန့်ဟု မဆိုသာပေမယ့် အော်ပြောလိုက်သည့် စကားသံက ကျယ်လောင်စူးရှလွန်းသည်ကြောင့် အုပ်စိုးတို့ကိုယ်တိုင်ဝင် အနည်းငယ် ထိတ်လန့်ကြောင်အမ်းသွားရသည်။ လှေကားဆီက ပြေးဆင်းလာသည့် တဖျတ်ဖျတ် ခြေသံများကြားရပြီး ကားဆီသို့ အလျင်ဆုံးရောက်လာသည့် အမျိုးသမီးသည် အိပ်ယာမှ ထ,လာသည့် ဖရိုဖရဲမျက်နှာမျိုးနှင့်ဖြစ်သည်။

"ဦးလေးမောင်ကြီး…ဘယ်လိုဖြစ်လာတာလဲ…"

"ဟဲ့…ပုန်းညက်ကို လှမ်းခေါ်လိုက်ဦး…"

သည်အမည်နာမကို ဒုတိယအကြိမ် ကြားလိုက်ရတော့ စိတ်ထဲမှာ ကသိကအောက်ဖြစ်ခြင်းနှင့်အတူ ကိုယ်တိုင် နားမလည်နိုင်သော နူးညံ့သည့်ခံစားမှုတစ်မျိုး စီးဝင်လာသည်။ ကိုယ့်ဘာသာမသိနိုင်သည့် အဲသည်ခံစားမှုသည် ဂရုဏာတရားသက်သက်သာ ဖြစ်လိမ့်မည်ဟု ထင်ခဲ့မိ၏။

* * *

မော်ကြည့်လာသော မျက်ဝန်းနက်နက်တွေထဲမှာ သိမ်ငယ်ဝမ်းနည်းမှုတွေက အားနာခြင်းတွေနဲ့ ရောယှက်ပြီး အထင်းသားပေါ်လွင်



နေသည်။ အဲသည်မျက်ဝန်းတွေက သူမကို အုပ်စိုးရဲ့ရင်ထဲ နီးကပ်လာစေခဲ့တာ…။

ကြည်လဲ့နေသော မျက်ဝန်းတစ်စုံကို လှပသည်ဟု သေချာမသိခင်မှာဘဲ အဲသည်မျက်ဝန်းတွေထဲက စကားတွေကို နားလည်နှင့်ပြီးဖြစ်နေခဲ့သည်။ ဝရံတာမှာ ရပ်စဉ် ပင်လယ်လေကြောင့် နဖူးပေါ်က ဆံမျှင်စ,တွေ တဖျတ်ဖျတ် လွင့်လူပ်နေသည်ကို မြင်မိသည်မှာလည်း အမှတ်မထင်သာဖြစ်သည်။ အနားမှာ လူဟစ်ယောက် ရှိနေသည်ကို အနေခက်သည့်ဟန်မျိုးဖြင့် မျက်လွှာချရင်းပင်…

"ကျေးဇူးတင်ပါတယ်"

ဟု…ခပ်တိုးတိုးပြောသည်။

"ဖေဖေ့ကို ဒီအထိခေါ်လာပေးတာ အရမ်းကျေးဇူးတင်ပါတယ်…ဖေဖေက ဒီလိုဘဲ သတိတွေကမကောင်းတော့ဘူး…မူးနေတော့ ပိုဆိုးတာပေါ့…"

"သားအဖ နှစ်ယောက်ထဲလား…"

ဖျတ်ကနဲ လှည့်ကြည့်တော့ ခပ်အုပ်အုပ်ကျနေသည့် ဆံပင်တွေကြားထဲ ဝှက်ထားသည့် တစောင်းမျက်နှာကို မြင်ရသည်။

"ဟုတ်ကဲ့…"

"ပင်ပန်းမှာဘဲ…နော်…"

"ရှင်"

သူမက ဇဝေဇဝါဖြင့် လှည့်ကြည့်သည်။ မပြောသင့်မမေးသင့် ဘူးထင်သည်မို့ စကားမဆက်ဖြစ်။

"တော်သေးတာပေ့ါ…ပုန်းညက်ညိုက အိမ်မှာရှိနေလို့…

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင် ကျွန်တော့်အခန်းကို ခေါ်သွားရမယ်ထင်တယ်"

သူမ အကြာကြီး နှုတ်ဆိတ်နေသည်။ အခန်းကျဉ်းကလေး၏ ညှိခန်းအပြင်မှာ စွန်းထွက်နေသည့် ဝရံတာလေးသည် လူနှစ်ယောက် ထိုင်ဖို့အတွက်တော့ အနေတော်ဖြစ်၏။ သို့သော်လည်း အုပ်စိုးအနေး မှာ ရှိနေသည့်အတွက် သူမ အနေရခက်ပြီး စိတ်ကျဉ်းကျပ်နေသည် ဆိုတာတော့ သိသာလှသည်။ ကျေးဇူးတင်စကားပြောဖို့ လူမှုရေးအ ဖိတ်ခေါ်ခဲ့ရတာ...။

"ကျွန်မ မရှိလည်း ဒီမှာတော့ ဖေဖေ့ကို အားလုံးခင်မင်ပြီး စောင့်ရှောက်ကြပါတယ်...ဘယ်သူ့ဆီမှာမဆို စိတ်ချလက်ချ ထားခဲ့ လို့ရပါတယ်...ဒီမှာ ဖေဖေ့ကို မသိတဲ့သူမရှိဘူး"

"ဟုတ်လား...ဦးလေးက မနှောပွင့်ရဲ့ စတား(Star)ပေါ့..."

သူမရဲ့အပြုံးသည် ယူနီဖောင်းဝတ်နှင့် အုပ်စိုးရဲ့အခန်းရှေ့ လာရပ်စဉ်ကလို လှိုက်လှိုက်လှဲလှဲမရှိ။

အသက်မဝင်။ မျက်နှာက သိသိသာသာ နွမ်းနယ်ပြီး မျက်လုံး တွေထဲက ဝမ်းနည်းသိမ်ငယ်စိတ်သည် ဖုံးကွယ်၍မရနိုင်လောက်အောင် ထင်ရှားနေသည်။

"ကိုယ်...ပြန်ဦးမယ်..."

"ဟုတ်ကဲ့..."

စိတ်ပေါ့ပါးလွတ်မြောက်သွားသည့်ပုန်းညက်ညို၏ မျက်နှာ သည် လက်ကနဲ တောက်ပသွား၏။ သည်နေရာမှာ အမိပွါယ်မဲ့ အချိန်ဖြုန်းနေခြင်းဖြင့် မိန်းကလေးတစ်ယောက်ကို အနေမခက်စေသင့် ဘူးဟု စောစောကတည်းက အုပ်စိုး တွေးမိဖို့ကောင်းသည်။



"လိုအပ်တာရှိရင် ပြောပါနော်..."

သည်စကားကတော့ မနှောပွင့်က ဝန်ထမ်းတွေအားလုံး ကျင့် ပါနေဟန်တူသည်။ ဝတ္တရားကျေရုံ လှိုက်လှဲခြင်းအတွက်တော့ ငထဲ မှာ လှုပ်လှုပ်ရှားရှား မခံစားရပါ။ ယခင် တစ်နေ့ဆီက ကြည်လင် လှိုက်လှဲသည့် အပြုံးကလေးတစ်ခုကိုသာ ပြန်ပြီး မျှော်လွမ်းဆွတ် နေမိသည်။

* * *

"တကယ့်လူကြီးနဲ့မှ ဆိုက်ဆိုက်မြိုက်မြိုက် တိုးတော့တာ ကိုး"

ဟု မှတ်ချက်ချပြီး ကိုသိန်းလွင်က ဟက်ဟက်ပက်ပက် ရယ် သည်။ ကောင်လေးတွေက သူတို့ကြုံခဲ့ရသည့် အဲသည်နေ့က တွေ့အကြုံကို ပြန်ပြီး ဖောက်သည်ချရင်း အုန်းသီးစိမ်းနုနုထဲက န်းဆံဖြူတွေကို ဇွန်းဖြင့် ကော်စားနေသည်။

"ကိုအုပ်စိုး...အဲဒီလူကြီးကို ဘယ်လိုမြင်လဲ..."

"ကျွန်တော်လား..."

တစ်ခုခု ထူးခြားမှုတော့ ရှိမည်ဟုထင်သည်။ ကိုသိန်းလွင်ရဲ့ မေးကိုက ထူးခြားနေသည်။ သို့ပေမယ့် ဘယ်လိုပြန်တွေးတွေး

www.burmeseclassic.com

www.burmeseclassic.com



မှုးယစ်ရီဝေသည့်မျက်နှာနှင့် ဒယီးဒယိုင်ခြေလှမ်းများသာ အာရုံထဲ ထင်သည်။

"လူရည်သန့်တစ်ယောက်လို့တော့ ထင်တယ်…ဒါပေမယ့် အမူးသမားဟာ အမူးသမားဘဲပေါ့…ဒီထက်ပိုပြီး မမြင်တတ်ပါဘူး ဗျာ…"

ကောင်လေးတွေ ပလတ်စတစ်အိတ်စွပ်တွေထဲက ပျိုးပင်ငယ် လေးတွေ ထုတ်ယူနေသည်ကို ကိုသိန်းလွင်က ငေးကြည့်နေသည်။ ပင်လယ်သည် အမြဲဘဲ စကားဆိုနေတတ်သည်ဆိုတာ အုပ်စိုးသည် အချိန်အတော်များများမှာ မေ့လျော့နေတတ်၏။ ခုလည်း သဲပြင်ပေါ် အုန်းပင်ရိပ်အောက်မှာထိုင်ရင်း ပင်လယ်ရဲ့ အသံကို လုံးဝမကြားမိ သလိုပင်။ စင်ရော်ငှက်တစ်အုပ် ခပ်နိမ့်နိမ့်ဝဲလာသည်ကိုတော့ မြင် သည်။

"ဟုတ်တယ်ဗျ…တကယ့်ကို အမူးသမားဘဲ…ဒါပေမယ့် ပေါ့သေးသေးမမှတ်နဲ့ဗျို့…တကယ့်ခေသူမဟုတ်ဆိုတဲ့ လူမျိုးစားဘဲ… ငှက်စပီးယားရဲ့ ပြဇာတ်တွေကို မူရင်းအတိုင်း အာဂုံဆောင်နိုင်တဲ့သူ ဗျို့…ကျွန်တော်တို့ဟိုတယ်လ်ရဲ့ နိုင်ငံခြားသားဧည့်သည်တွေကို နှုတ် ဆက်တဲ့ ဧည့်ဝတ်ပြုတာ၊ သူတို့ယဉ်ကျေးမှုတွေကို နားလည်တာ… ခုလက်ရှိ ကျွန်တော်တို့ဝန်ထမ်းတွေ တစ်ယောက်မှမမှီဘူး၊ ကုန်ကုန် ပြောရရင် သူ့သမီးတောင် မမှီဘူး…"

"ဂစ်တာတီးပြီး ရေးဗား အော့ဖ် နိုး ရီတန်းကိုဆိုရင် နား ထောင်တဲ့သူတွေ ငိုင်ကျသွားတာဘဲ…တကယ့်ကို ငုတ်တုတ်မေ့ တာ… အစားအသောက် အနေအထိုင် အဆင့်အတန်းမြင့်မြင့်ထဲက



ဘယ်လိုဖြစ်ပြီး ဒီလိုဘဝရောက်သွားတယ် မသိဘူး…ကျွန်တော် ဒီလူကြီးကို တော်တော်စိတ်ဝင်စားတာ…သူများကိုယ်ရေးကိုယ်တာ စပ် စုတယ်ထင်မှာစိုးလို့ မမေးဖြစ်ဘူး…ပုန်းညက်ကလည်း သိပ်ပြောချင် ပုံမရဘူးဗျ…"

"ဒီလိုအဖေမျိုးနဲ့ သူ့ဘဝရဲ့ နုပျိုတဲ့အချိန်တွေကို ဖြတ်သန်း နေရတာ သနားဖို့တော့ကောင်းတယ်ဗျာ…လူကြီးက သမီးကိုတော့ ကောင်းကောင်းပျိုးထောင်ခဲ့ပုံရတယ်…ပုန်းညက်က အင်္ဂလိပ်စကား ပြော သိပ်ညက်တာ…လုပ်ငန်းခွင်မှာလည်း တော်တယ်…"

"ဟုတ်တယ်…သူ့အဖို့တော့ ခု အနေအထားထက်ပိုပြီး အများကြီးမြင့်မားတဲ့ အနေအထားကို မျှော်လင့်ချင်မှာဘဲ နော်…"

စကားအဓိပ္ပါယ်က တစ်မျိုးမို့ ကိုသိန်းလွင်က အုပ်စိုးကို စိမ်း စိမ်းကြည့်သည်။ ဆိုလိုတာက ဘယ်လို ဘယ်ညာဆိုပြီး မတောင်း ပန်ဖြစ်။ ပုန်းညက်ညိုဆိုသည့် မိန်းကလေးတစ်ယောက်ရဲ့ဘဝကို တစ်စိတ်တစ်ပိုင်း မြင်တွေ့ရသည့်အခါ ရင်ထဲမှာ အကျိတ်အခဲ အဖု အထစ်တစ်ခုလို ဖြစ်လာသည်။ ရုတ်တရက်ကြီး ဘယ်လိုဖြစ်သည်ဆို တာ ကိုယ့်ဘာသာလည်း မသိ။

"ဒါပေါ့ဗျာ…လူတွေရဲ့မျှော်လင့်ချက်ဆိုတာ ဟောဒီပင်လယ် ကြီးလိုဘဲ အဆုံးသတ်တစ်ခုရှိနေတယ်လို့ သိပေမယ့် မမြင်နိုင်ဘူး… မမြင်နိုင်တဲ့အဆုံးသတ်ဆိုတာကို မရောက်သေးသရွေ့ ဆက်ပြီးမျှော် လင့်နေချင်တာဘဲ မဟုတ်လား…"

ကိုသိန်းလွင်က ပင်လယ်ဆီမျှော်ကြည့်သည်။ အုပ်စိုးကတော့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်လို တည်ငြိမ်နေသည့် ကိုသိန်းလွင်ရဲ့မျက်နှာကိုသာ ငေးကြည့်မိ၏။

• ''ခင်ဗျား ဖစ်ဆစ်နဲ့ ကျောင်းပြီးထားတာမို့ဘဲနော် …''

ဆိုတော့ သူက–

''ဘာဖြစ်လဲ … လူတိုင်းခံစားလို့ရတာချည်းဘဲ မဟုတ်လား''

ဟု ခပ်တည်တည်ပြောသည်။ အုပ်စိုး ခေါင်းတဆတ်ဆတ် ညိမ့်မိ၏။ နေ့သစ်တစ်ရက် ပြောင်းလဲတိုင်းမှာ သည်နေရာ သည်ဝန်းကျင်နှင့် သည်အရိပ်က လူတွေကို ပိုပြီးရင်းနှီးလာသလို စိတ်ထဲခံစားရသည်။ အလုပ်ခွင့်နှင့်ပါတ်ဝန်းကျင် အပြောင်းအလဲသည် လူတစ်ယောက်၏ဘဝမှာ အထိုက်အလျောက် အရေးပါသည်ရယ်လို့ ခုမှ လေးလေးနက်နက် တွေးဖြစ်ခဲ့သည်။

* * *

ပုန်းညက်ညို၏ အိမ်ခန်းသည် အဆောက်အဦ၏ ဘေးအစွန်ခန်းဖြစ်၏။ ထို့ကြောင့် ပြူတင်းပေါက်တွေက အလင်းရောင်လုံလောက်စွာရသည်။ အောက်ထပ်ဖြစ်သည့်အတွက် ရွှန်းထွက်နေသည့် ဝရံတာလေးဆီသို့ ခုန်တက်နိုင်သည်။ ထို့ကြောင့် ဝရံတာဆီထွက်သည့် တံခါးသည် အမြဲပိတ်လျက်သားရှိနေ၏။

နောက်တစ်နေ့ နံနက် အုပ်စိုး ဝန်ထမ်းရိပ်သာရှေ့ရောက်သွား



ချိန်မှာတော့ ဦးကိုကိုမောင်သည် ဝါးခြမ်းတွေကို ခပ်ကျဲကျဲယှက်ပြီး ဝါးကပ်ပြားတစ်ခုရအောင် ရက်နေ၏။ စွပ်ကျယ်လက်ပြတ်ကို ဝတ်ထားသည်မို့ နေလောင်ပြီး ကြေးနီရောင်ထ,နေသော အရေပြားသည် တစ်ချိန်က အရိပ်အောက်မှာနေပြီး ဖြူသောအသားအရေကို ပိုင်ဆိုင်ခဲ့ဖူးသူဖြစ်ကြောင်း ဖော်ပြနေသလိုပင်။

ပုဆိုးတိုတိုကို ချပ်ချပ်ရပ်ရပ်ဝတ်ထားသည်။ ဆံပင်တိုတိုမှာ တောခေါင်းဦးထုပ်တစ်လုံး ဆောင်းထားသည်။ ရုတ်တရက်ကြည့်လျှင် အလုပ်ကြမ်းသမား တံငါသည်တစ်ယောက်ဟု အမှတ်မှားနိုင်သော်လည်း အဆင့်မြင့်သန့်ပြန့်သော ရုပ်လက္ခဏာကို ပိုင်ဆိုင်သူတစ်ယောက်ဟု မျက်တောင်တစ်ခတ်အချိန်အတွင်းမှာပင် ကွဲကွဲပြားပြား သိနိုင်သည်။

''ဥတ်တ်မောနင်း''

ဟု နှုတ်ဆက်လိုက်သည့်အခါ သူက အုပ်စိုးကို ဖျတ်ကနဲ မော်ကြည့်ရင်း–

''မောနင်း …''

ဟု ပြန်နှုတ်ဆက်သည်။ မျက်လုံးတွေမှာ သိမှတ်ရိပ်ကို မမြင်ရ။ သည်ပါတ်ဝန်းကျင်က လူတွေ သူ့ကို အမှတ်မထင် နှုတ်ဆက်နေကျဘဲ ထင်၏။

''ဦး … နေကောင်းသွားပြီလား''

သည်တော့မှ သူက နောက်တစ်ကြိမ် ခေါင်းထောင်လာပြီး အုပ်စိုးကို သေသေချာချာ ကြည့်သည်။

''ဟုတ်ကဲ့ … ကျန်းကျန်းမာမာပါဘဲ …''

www.burmeseclassic.com

www.burmeseclassic.com



"ဝါးခြမ်းတွေ ဘာလုပ်ဖို့လဲ..."

"ငါးခြောက်လှန်းဖို့ပေါ့ဗျာ..."

အသေအချာပါဘဲ...

သူ အုပ်စိုးကို မမှတ်မိတော့ပါ...

"ညှိသည်လား..."

ဇဝေဇဝါအကြည့်ဖြင့် ကြည့်လျက် မေးလာတော့ အုပ်စိုး ဟက်ကနဲ ရယ်လိုက်မိသည်။

* * *

"ကိုယ်က အရက်မမူးရင်တောင် ဦးနှောက်က သိပ်ကောင်းတာမဟုတ်ဘူးကွ...မောင်ရင်က ကိုယ့်ကိုလာပြီး အကြောင်းရိုက်တာကိုး..."

"မဟုတ်ပါဘူး ဦးရယ်...ကျွန်တော်က ဦးနဲ့ မိတ်ဖြစ်ဆွေဖြစ်လာပြီး စကားပြောချင်တာပါ...ဦး...ကျွန်တော့်ကို မှတ်မိမှာမဟုတ်ဘူးဆိုတာလည်း ကြိုတွက်ပြီးသားပါ...ဘယ်လိုပဲဖြစ်ဖြစ် ဦးနဲ့ ကျွန်တော် ခုမှစ,တွေ့တယ်လို့ သဘောထားပြီး မိတ်ဆက်ကြရအောင်...ကျွန်တော့်နာမည်...အုပ်စိုးပါ..."

"အုပ်စိုး..."

လက်ထဲကဓါးမ,ကို သဲမြေပြင်ပေါ် ပစ်ချလိုက်ပြီး သူက



လက်ဖဝါးမှ သဲမှုန်များကို လက်နှစ်ဖက်ပွတ်သပ်ခါနေသည်။

"ကိုယ်က...စိုးပါရဲ့နာမည်တွေကို မကြိုက်ဘူး..."

"ဟုတ်လား...ဒါဆိုလည်း ကျွန်တော့်နာမည်ကို မေ့ထားလိုက်ပေါ့ ဦးရယ်...သိပ်ပြဿနာမရှိပါဘူး"

သူ့မျက်ခုံးနက်နက်တွေ အရင်းဆီစုကြုံ့သွားသည်။ ခဏကြာတော့ သွေးရောင်ဖျော့တော့သည့် နှုတ်ခမ်းတွန့်ခြောက်တွေက တရေးရေးပြုံးလာသည်။

"ကဲ...ထားပါလေ...အိမ်ရောက်မှတော့ ရေနွေးလေး ဘာလေး သောက်ပါဦး...ဟိုတယ်လ်မှာမရတဲ့ ငါးကွန်းရှပ်ခြောက် မီးဖုတ်လေး စားသွားပါဦး..."

သိပ်လိုလိုလားလားမဟုတ်ပေမယ့် အခြေအနေ မဆိုးလှဘူးထင်သည်။

* * *

"သစ်ပင်အလှစိုက်တဲ့ အလုပ်တဲ့လား...ဟိုတယ်လ်ကြီးတွေက မင်းတို့ကို ပိုက်ဆံပေးပြီး ပုတ်ပြတ်ငှားရတာပေါ့..."

"ငှါးတာမဟုတ်ဘူး ဦးရဲ့...အလုပ်အပ်တာပါ..."

"ဝေါဟာရခြင်းမတူပေမယ့် အလုပ်သဘောက အတူတူဘဲမဟုတ်ဘူးလား...ဟိုတယ်လ်အလုပ်ထက်စာရင်တော့ သစ်ပင်စိုက်

www.burmeseclassic.com



တဲ့အလုပ်က ပိုပြီးစိတ်ချမ်းသာပါလိမ့်ဦးမယ်…အဖြစ်လည်း အတော် အသင့်ကင်းမှာပေါ့…လူတွေနဲ့ဆက်ဆံရတာလည်း ပိုနည်းမယ်မဟုတ်လား…ဒါဆို မင်းက ဘော့တနီနဲ့ ကျောင်းပြီးတာလား…ရေဆင်း တက္ကသိုလ်ဆင်းလား…"

"ကျွန်တော်က ဂျီအိုလိုဂျီပါ…"

"မြတ်စွာဘုရား…"

"အရင်က ကျွန်တော့်အလုပ်က နိုင်ငံခြားသံတော်သား…"

အရက်သောက်မထားသည့်အချိန်တွေမှာ သူ့မျက်လုံးတွေက စူးရှတောက်ပြောင်နေသည်။ အုပ်စိုးကိုစိုက်ကြည့်လိုက်သည့် သူ့မျက်လုံးတွေထဲမှာ ရှင်းနှီးသည့်အရိပ်တစ်ခုကို မြင်ရသည်။ နှုတ်ခမ်းတွေ ပြုံးယောင်ယောင်ရှိပေမယ့် မျက်လုံးအကြည့်တွေထဲမှာတော့ အံ့သြရိပ်၊ လှောင်ပြောင်ရိပ်ကို မမြင်ရ။ တစ်ချိန်က နာမည်ကြီးခဲ့သည့် စတီရီယိုအဆိုတော်ကြီးတစ်ဦး၏ မျက်နှာနှင့်ပင် ခပ်ဆင်ဆင်တူသည့် အဲသည်လူကြီးသည် လျှို့ဝှက်ချက်များစွာကို ပိုက်ပွေ့ထားသည့် နားလည်ရခက်သည့် ပညာတတ်လူကြီးတစ်ယောက်ဖြစ်သည်ဟု ကိုသိန်းလွင်ပြောခဲ့သည့်အတိုင်းပင် အုပ်စိုးကို ဆွဲဆောင်နိုင်လေသည်။

"အေးလေ…ဒီလိုပါဘဲ…ဘဝဆိုတာ မျှော်ကြည့်ရင်တော့ တဖြောင့်တည်းရှည်ပြီး မျက်စိတဆုံးရှိနေသလိုပါဘဲ…ဒါပေမယ့် အကွေ့အကောက်တွေကို ကြိုမြင်နိုင်တာမှမဟုတ်ဘဲ…ကိုယ်လိုချင်တာကိုရပြီး ကိုယ်နေချင်တဲ့ဘဝလေးထဲမှာ နေခွင့်ရတဲ့သူဟာ…ဘုရားပေးတဲ့ဆုကို ရသလိုပေါ့…မောင်ရင်ရော…ခုလုပ်နေရတဲ့အလုပ်မှာ ပျော်ရဲ့လား…"



"ဟုတ်ကဲ့…ပျော်ပါတယ်…"

"ကိုယ် အလုပ်ချင်ဆုံးအလုပ်ကိုရော…လုပ်ခဲ့ရပြီးပြီလား…"

"ဟုတ်ကဲ့…လုပ်ခဲ့ပြီးပါပြီ…"

"ဟ…တယ်ဟုတ်ပါလား…"

သူက ဟက်ဟက်ပက်ပက်ရယ်မောလေသည်။ ရယ်မောလိုက်သည့်အခါ နှစ်လိုဖွယ်ကောင်းသော သူ့မျက်နှာသည် ဘယ်သူမဆို အလွယ်တကူ ရင်းနှီးစေမည့် အသွင်အပြင်မျိုးပင်။ သို့ပေမယ့် နှုတ်ခမ်းတွေ တင်းတင်းစေ့ထားလျှင်တော့ စည်းကမ်းကြီးလှသည့် အရာရှိကြီးတစ်ယောက်လိုပင်။ လူနှစ်ယောက်အတွက်သာ အနေတော်ဖြစ်သော ဝရံတာလေးမှာ အုပ်စိုးတို့နှစ်ယောက် ငါးခြောက်ဖုတ်တစ်ပန်းကန်နှင့် ရေနွေးဓါတ်ဗူးတစ်လုံး ရေနွေးခွက်နှစ်လုံး ရှိနေသည်။ သားအဖနှစ်ယောက်တည်းရှိသော အိမ်ကလေးမို့လားမသိ။ အိမ်ဧည့်ခန်းသည် ရှင်းလင်းနေ၏။ စားပွဲတွေ ဆက်တီတွေမရှိ။ ဟိုတယ်လ်သုံး ကြိမ်ဆက်တီနှစ်လုံးနှင့် ဆိုက်တေဘယ်လ်တစ်လုံးသာ သူစိမ်းဧည့်သည်အတွက် ရှိသည်။

"သင်္ဘောသားလုပ်ပြီး ကမ္ဘာပတ်ချင်တာ…ကျွန်တော့်ဆန္ဒဘဲ…သိပ်ပြီးမခက်ခဲခဲ့ပါဘူး…ဒါပေမယ့် တကယ်တမ်း သင်္ဘောသားဖြစ်လာတော့လည်း အရင်လိုမတက်ကြွတော့ဘူး…ကျွန်တော် နေချင်တာ ဒီလိုဘဝမဟုတ်ဘူးလို့ ထင်လာတယ်…ပင်လယ်ထဲ အကြာကြီးမျောနေရသလိုဘဲ ငြီးငွေ့လာတယ်…အဲဒါကြောင့်လည်း ကျွန်တော့်မေမေက ဒီအလုပ်ကို မလုပ်နဲ့တော့လို့ပြောတော့ ကျွန်တော် အလွယ်တကူဘဲ စွန့်လွှတ်နိုင်ခဲ့တယ်…"

www.burmeseclassic.com

www.burmeseclassic.com



"ခုတော့…အပင်တွေနဲ့ ဟိုသွားဒီသွား…ကျွန်တော် ပျော်နေတာပါဘဲ…မနှစ်က ကော့သောင်…မြစ်ကြီးနား…ဘီချ်တွေတော့ ကျွန်တော်မရောက်တဲ့နေရာ မရှိသလောက်ဘဲ…ကမ္ဘာမပတ်ရတော့လည်း မြန်မာပြည်အနှံ့ လျှောက်သွားနေရပြန်တာဘဲ…"

သူက အဘိုးအိုကြီးတစ်ယောက်လို ခေါင်းတဆတ်ဆတ်ညိတ်နေသည်။ ပြီးတော့ နှစ်ဦးသား ဝေးကွာလှသည့် ကမ်းခြေအနီးမှပိုင်းဆီမျှော်ကြည့်ရင်း ငြိမ်သက်နှုတ်ဆိတ်နေပြန်သည်။ ငါးခြောက်ဖုတ်ဆီဆမ်းနှင့် ရေနွေးကြမ်းကလည်း အဆင်တန်ဆာမပါဘဲ လိုက်ဖက်လှသည်။

"ဦးရော…ကိုယ်အလုပ်ချင်ဆုံးအလုပ်ကို လုပ်ခဲ့ပြီးပြီလား…"

သူက အုပ်စိုးကို ဆတ်ကနဲလှည့်ကြည့်သည်။

"ကိုယ်လိုချင်တဲ့ဘဝကိုရော ရ,ခဲ့ပြီးပြီလား…"

"ကိုယ်…လား…"

ရေနွေးကြမ်းပန်းကန်ကို လက်မှာကိုင်ရင်း ရေနွေးကြမ်းပန်းကန်ထဲမှာ တစ်ခုခုမြင်နေရသလို စိုက်ငေးလျက် သူ အကြာကြီးငြိမ်သက်နေသည်။

"ကိုယ်…လုပ်ချင်တာတွေ အတော်များများ လုပ်ခဲ့ပြီးပါပြီ"

စကားအဆက်ပြတ်သွားပြီး သူ ပင့်သက်ရှိုက်လိုက်သည်ဟု အုပ်စိုးထင်မိသည်။

"ကိုယ် ရ,ချင်တာကို ရ,ခဲ့ရင် စိတ်ချမ်းသာရမှာလို့လည်း ထင်ခဲ့တယ်…ဒါပေမယ့် အလိုဆန္ဒပြည့်တာနဲ့ ကိုယ့်ရဲ့စိတ်ချမ်းသာမှုဟာ တလွဲစီဖြစ်နေတတ်တယ်ဆိုတာ…ကိုယ် သိပ်နောက်ကျပြီးမှ သိရတယ်…ကိုယ့်အတွက်တော့ အဲဒီနှစ်ခုဟာ အော့ပိုဇစ်ဆိုက် တောင်ဖြစ်နေသေးတယ်…သိပ်ဆိုးတဲ့ ရလဒ်ပေါ့…"



သူ့ရဲ့ အင်္ဂလိပ်အသံထွက်က အမှန်ပင် ကောင်းမွန်ပါသည်။ မြေလတ်သားပေမို့လားမသိ အုပ်စိုးက အင်္ဂလိပ်အသံထွက် ညံ့ဖျင်းပါသည်။ ပြီးတော့ အင်္ဂလိပ်စာကိုလည်း ဝါသနာမပါလှချေ။ သို့ပေမယ့် အင်္ဂလိပ်စကားပြောကောင်းသူတွေကိုတော့ အထင်ကြီးသည်။ သူတို့ရဲ့ အပတ်တကုတ် သင်ယူလေ့လာနိုင်ခြင်းကို အထင်ကြီးခြင်းဖြစ်သည်။

"ခုတော့ ကိုယ်အလုပ်ချင်ဆုံး အလုပ်က တစ်ခုဘဲရှိတော့တယ်…ကိုယ့်အတွက်လည်း စိတ်ချမ်းသာတယ်…အရက်သောက်နေရတဲ့အချိန်က ကိုယ့်အတွက် စိတ်အချမ်းသာဆုံးဘဲ…"

သူ့စကားသံက လေးပင်လာသည်။ ခပ်ဝိုင်းဝိုင်းပုံသဏ္ဌာန်ရှိသော ကြိမ်ခုံလက်ရန်းကလေးကို သူ လက်သည်းထိပ်ဖြင့် တခေါက်ခေါက်ခေါက်နေ၏။

"ဒါပေမယ့်…သမီးကို ငဲ့ရတယ်လေ…သမီးရှိနေလို့သာ ကိုယ် ခုထိ အသက်ရှင်နေနိုင်ခဲ့တာဘဲ…"

"ဦး…ဘဝမှာ တော်တော်ဆိုးရွားတာတွေ ကြုံခဲ့ရမယ်ထင်တယ်နော်…"

ကျောက်ရုပ်တစ်ရုပ်လိုဘဲ သူ ငြိမ်သက်သွားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ပုန်းညက်...ပြန်လာပြီ..."

သဲရောသော မြေမှုန့်ပေါ် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာသည့် မိန်းကလေးသည် သူမတို့အိမ်ဝရံတာမှာ စိတ်အေးလက်အေး ထိုင်နေသည့် အုပ်စိုးကို မြင်လိုက်ရသည့်အခါ နှုတ်ခမ်းလေး ဟဟပွင့်သွားရလောက်အောင်ပင် အံ့သြသွားသည်။ အုပ်စိုးကို ပြုံးပြလိုက်သည့် အပြုံးရိပ်သည် ဟိုတယ်လ်မှာမြင်တွေ့နေကျ အပြုံးမျိုးတော့ မဟုတ်။ အဲသည်အပြုံးက နွမ်းရော်ပြီး သိမ်ငယ်မှုတွေရှိနေသည်။

"ကျွန်တော်လည်း ပြန်ဦးမှာဘဲ..."

ထိုင်ရာက ထ,ရပ်သည့် အုပ်စိုးကို ဦးကိုကိုမောင်က အနည်းငယ် ထူးဆန်းသည့်အကြည့်မျိုးဖြင့် မော်ကြည့်သည်။

"ဩော်...ပြန်တော့မလား..."

"ဦးလည်း ကျွန်တော်တို့ဆိုက်ထဲ လာကြည့်ပါဦးလား...ဥယျာဉ်အလှဆင်တဲ့ပညာရပ်ကို စိတ်ဝင်စားတယ်ဆိုရင်ပေါ့လေ..."

"အင်း...လာရတာပေါ့လေ..."

အုပ်စိုး တံခါးဝသို့အရောက်မှာ တံခါးပွင့်လာပြီး တံခါးဝမှာ ပုန်းညက်ညိုရဲ့ မျက်နှာပေါ်လာသည်။

"ရောက်တာ ကြာပြီလား..."

"မကြာသေးပါဘူး...ဦးနဲ့ အလုပ်အကြောင်းတွေ ထိုင်ပြောနေတာ..."

"ထမင်း စားသွားပါဦးလား..."

အုပ်စိုး ခေါင်းယမ်းပစ်လိုက်သည်။ အလုပ်ခွင်မှာ ပင်ပန်းသည်



မို့လားမသိ။ ပုန်းညက်ညိုရဲ့မျက်နှာသည် နည်းနည်းတော့ နွမ်းဖျော့နေ၏။

* * *

"ဖေဖေ...အရင်ကတော့ ဒီလိုမဟုတ်ပါဘူး...လုပ်ငန်းခွင်မှာရော လူမှုရေးနယ်ပယ်မှာပါ ဖေဖေဟာ အောင်မြင်ခဲ့တဲ့ လူတစ်ယောက်ပါ...ဒါပေမယ့် ကံကြမ္မာဆိုတာ အကောင်းတွေချည်း ဘယ်လာပါ့မလဲလေ...အိမ်ထောင်ရေးမှာတော့ ဖေဖေက ကံဆိုးခဲ့တယ်"

ထမီအနားသည် ညနေခင်းပင်လယ်လေကြောင့် တဖျတ်ဖျတ်လွင့်နေသည်။ ဝန်ထမ်းများ၏ ညနေခင်းယူနီဖောင်းကတော့ မြန်မာဆန်လှသည်။ နှင်းသရောင်ပေါ်မှာ အပြာရင့်ရောင်နှင့် ရွှေအိုပန်းနုံရောသော အချိတ်ဆင်နှင့် မြန်မာအင်္ကျီ ပန်းကြယ်သီးတပ် ရင်စေ့လက်ရှည်ဖြစ်သည်။ အဲသည် မြန်မာဝတ်စုံသည် မြန်မာအမျိုးသမီးများကို အရှိန် အဝါ ပိုပြီး တောက်ပစေနိုင်သည်ဟု အုပ်စိုးထင်သည်။ ရှေ့မှာ အုန်း ပင်ငယ်တစ်ပင်၏ ပင်စည်ကို ကျောမှီပြီး ခြေတစ်ဖက်ထောက်ကန်လျက် ရပ်နေသည့် မြန်မာမလေးသည် လိမ္မော်ရောင်တိမ်တိုက်တို့အောက်မှာ ကျက်သရေရှိလှ၏။ မိန်းကလေးတစ်ယောက်၏ အပေါ်ယံ အရေပြားတစ်ထောက် အလှအပကို ဘယ်တုန်းကမှ တန်ဖိုးမထားခဲ့သူမို့ ပုန်းညက်ညိုရဲ့အလှဆိုတာကို သေချာမဝေခွဲတတ်ခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးသည် ညနေဆည်းဆာ နေရောင်အောက်က မြန်မာအမျိုးသမီး လေးတစ်ယောက်၏ ကျက်သရေတင့်တယ်မှုဆိုတာကိုတော့ မေ့မရ ခဲ့ချေ။

"အဲဒါကြောင့် ကျွန်မလည်း ဖေဖေ့ကိုသနားပြီး စိတ်ပျော် သလိုထားခဲ့တာပါ…ဖေဖေက သမီးအပေါ် တာဝန်ကျေတဲ့ ဖခင် ကောင်းတစ်ယောက်တော့ မဟုတ်ဘူး…"

မေးစရာမေးခွန်းများစွာ ရှိလည်း မမေးဖြစ်ပါ။ ပုန်းညက်ညိုရဲ့ မျက်ဝန်းတွေကို ခဏမြင်ရုံဖြင့်ပင် နားလည်ခဲ့ပြီးပြီမို့ နောက်ထ ပြောစရာစကားလည်း များစွာမရှိတော့။ နှစ်ဦးသားကြားမှာ အနုလက် လေတိုးသံသာ တရှဲရှဲမြည်နေသည်။ ရေထဲဆင်းသူတွေ မရှိသလော ပါးလျားနေသေးတာမို့ ပင်လယ်သည် သဘာဝအတိုင်းပင် လှပရှ သက်ဝင်လှုပနေ၏။ ကမ်းစပ်မှာ ရောင်စုံထီးတွေကို မမြင်ရတတ်သေး ပြီးတော့ သဲသောင်ပြင်သည်လည်း လှပသည်ဟု ပြောရလောက်အော မကျယ်ပြန့်သေး။ အုပ်စိုးကတော့ ပင်လယ်ရဲ့စရိုက်သဘာဝအမှန် ရှန်းကန်ရင်ဆိုင်ရင်းပင် ထိတွေ့ခဲ့ရသည်မို့ ပင်လယ်ကို ချစ်စရာကော သည့် ပန်းချီကားတစ်ချပ်ဟု မတင်စားနိုင်ပါ။

သူမသည်ပင် အုပ်စိုးအတွက် ပင်လယ်ထက် ပိုပြီး စိတ်ဝင်စ စရာကောင်းသည့် ပန်းချီကားတစ်ချပ်ဖြစ်နေခဲ့သည်။

"ဒါပေမယ့်လည်း ပါတ်ဝန်းကျင်ကိုတော့ ဒုက္ခမပေးပါဘူး

တကယ်တော့ ပုန်းညက်ညိုနှင့် အုပ်စိုးကြားမှာ ကိုယ် ကိုယ်တာ စကားများစွာ ပြောဖို့အဆင့်လောက်အထိ ရင်းနှီးစရာမ သေးပါ။ ဒူးဆစ်အောက်ရှည်သည့် ဘောင်းဘီပွပွကြီးတွေရဲ့ အိ



အကြီးကြီးနှစ်ဖက်ထဲ လက်ဖဝါးတွေထိုးထည့်ထားရင်း ကလေးတစ် ယောက်လို သဲမှုန်တွေကို ခြေဖမိုးပေါ်တင် ကစားနေရင်း ဆရာမရှေ့ မှာ ဩဝါဒခံနေသည့် ကျောင်းသားတစ်ယောက်လို သူမရဲ့စကားတွေ ကို နားစိုက်ထောင်နေမိသည်။

"ဦးအုပ်စိုး…ဖေဖေ့ကို ခင်ခင်မင်မင်ရှိတာ ကျွန်မ ဝမ်းသာပါ တယ်…ကျေးဇူးလည်း တင်ပါတယ်…ဒါပေမယ့်…ဖေဖေ့အတိတ် က အကြောင်းတွေကိုတော့ မမေးပါနဲ့နော်…"

"ဗျာ…"

"ဖေဖေက စိတ်ဆိုးဒေါသကြီးလွယ်လို့ပါ…စကားကြုံလို့ဘဲ ဖြစ်ဖြစ် မေးမိရင်…ဖေဖေ တစ်ခုခု ရိုင်းရိုင်းစိုင်းစိုင်း တုန့်ပြန်လိုက် မှာစိုးလို့ပါ…"

တကယ့်ကို မထင်မှတ်ခဲ့ပါ…။

အုပ်စိုးသည် ပုန်းညက်ညိုရဲ့ မျက်လုံးတွေကို သတိလက်လွှတ် ပင် အကြာကြီးငေးစိုက်ကြည့်နေမိ၏။

အဲသည်မျက်ဝန်းတွေထဲမှာ စိုးရိမ်စိတ်တွေကို ရှိုးစင်းစွာပင် မြင်တွေ့ရသည်။

"ဒီမှာရှိနေတဲ့ သူတွေကတော့ ဖေဖေ့အကြောင်းကို သိနေပါ ပြီ…ဆရာဦးသိန်းလွင်ကအစ,ပေါ့လေ…ဦးအုပ်စိုးကတော့ ကျွန်မ တို့ ဟိုတယ်လ်ရဲ့ ဧည့်သည်ဘဲဆိုတော့…"

"ကျွန်တော် ဧည့်သည်မဟုတ်ပါဘူး…"

သူမက အဲသည်စကားကိုလည်း အထိတ်တလန့်ရှိပုံရသည်။

"အင်းလေ…ထားပါတော့…ကျွန်တော် ဧည့်သည်ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဆိုတာက အရေးမကြီးပါဘူး…ကျွန်တော်နားလည်ပါပြီ…ဦးမှာ သူ့ရဲ့အိမ်ထောင်ရေးနှင့်ပါတ်သက်ပြီး နာကြည်းချက်ရှိထားတယ်ဆိုပါတော့…ကျွန်တော် သူများကိုယ်ရေးကိုယ်တာကို စပ်စုတတ်တဲ့သူမဟုတ်ပါဘူး…"

"ဟုတ်ကဲ့ပါ…ကျွန်မ နားလည်ပါတယ်…ကျွန်မ ခုလိုတောင်းပန်ရတာ အားလည်းနာပါတယ်…ဦးအုပ်စိုးကို ဖေဖေကတစ်ခုခု မှားမှားယွင်းယွင်း ပြောလိုက်မှာ စိုးလို့ပါ…ဧည့်သည်တွေနဲ့ပါတ်သက်ရင် ကျွန်မတို့ရဲ့ အုပ်ချုပ်ရေးမူးက သိပ်စည်းကမ်းကြီးပါတယ်…ကျွန်မတို့ ဟိုတယ်လ်ဝန်ထမ်းဆိုတာက ဧည့်သည်တွေ စိတ်အနှောက်အယှက်မဖြစ်အောင် သိပ်ဂရုစိုက်ရတာ…"

ပုန်းညက်ညို…

ရင်ထဲမှာ သည်အမည်နာမကို ပွဲတင်ထပ်နေအောင် ရွတ်ဆိုနေမိတော့သည်။

* * *

"ဆရာ ဦးသိန်းလွင်က ဦးအုပ်စိုးကို ဧည့်သည်တစ်ယောက်လိုဘဲ သဘောထားပြီး ဂရုစိုက်ဖို့ မှာပါတယ်…"

"ဟုတ်လား…ကျေးဇူးတင်ပါတယ်ဗျာ…"

"မလိုပါဘူးရှင်…ဒါ…ကျွန်မတို့ရဲ့ ဝတ္တရားပါ…"

နေအရောင်က လျှင်မြန်စွာ ရုပ်သိမ်းသွားသည်။ ပင်လယ်သည်ခရမ်းရင့်ရောင် သမ်းလာသော်လည်း အရောင်လင်းလက်တောက်ပနေဆဲပင်။ ကမ်းခြေဘန်ဂလိုများဆီက လျှပ်စစ်မီးရောင်များ လင်းလက်လာပြီ။



သို့သော်လည်း လုံးလုံးလျားလျား အမှောင်ထု ရောက်မလာသေး။

နှစ်ဦးသား ဘန်ဂလိုဆီ ပြန်တက်လာကြသည်။ ပုန်းညက်ညိုက လက်ကောက်ဝတ်ဆီက လက်ပတ်နာရီလေးကို မြှောက်ကြည့်ရင်း

"ကျွန်မ ဂျူတီလဲရတော့မယ်"

ဟုပြောသည်။

"ပုန်းညက်ညိုက ဒီဟိုတယ်လ်မှာ အလုပ်ဝင်တာကြာပြီလား"

"ဟုတ်ကဲ့…သုံးနှစ်ကျော်ပါပြီ…ဒီကိုရောက်တာတော့ တစ်နှစ်ဘဲရှိပါသေးတယ်…ငပလီမှာ စ,ပြီးဖွင့်ဖွင့်ချင်း ကျွန်မ ဒီကိုရောက်တာပါ…ရန်ကုန်မှာတော့ နှစ်နှစ်လောက်လုပ်ခဲ့တာပေါ့…ရန်ကုန်မှာတော့ နယ်မဆင်းချင်တဲ့သူများတယ်…ဒီမှာကလည်း အသစ်တွေချည်းဘဲတော့ မဖြစ်ဘူးလေ…ကျွန်မကတော့ နယ်မှာ ပိုပျော်ပါတယ်…"

"ဟုတ်မှာပါ…ပုန်းညက်ညိုကိုမြင်ရတာ ဒီအလုပ်မှာ သိပ်ပျော်ပြီး သံယောဇဉ် အိပ်ကြီးပုံဘဲ…အပြုံးတွေက အမြဲ ကြည်လင်နေတယ်လေ…"

"အစကတော့ ကျွန်မ ဒီအလုပ်ကို ဝါသနာမပါဘူး…နောက်လုပ်ငန်းခွင်ထဲရောက်ပြီး လုပ်ငန်းသဘာဝကို နားလည်လာတော့ အလုပ်မှာ ပျော်လာတယ်…"

www.burmeseclassic.com

www.burmeseclassic.com



"ဦးအုပ်စိုးရော...ပန်းပင်စိုက်တဲ့အလုပ်ကို ပျော်လား..."

"ကျွန်တော်လား..."

ခဏ ကြောင်အမ်းသွားပြီးမှ...

"ပျော်ပါတယ်..."

ဟုဖြေဖြစ်သည်။ ပုန်းညက်ညိုအတွက် သည်အဖြေသည် အရေးကြီးသည်လား မကြီးသည်လား မသိ။ အုပ်စိုးကတော့ သည်လို ဖြေလိုက်ရသည့်အတွက် ကျေနပ်သွားသည်။

"ကျွန်တော်က ဘဝမှာ ပျော်တဲ့သူ...ဘဝကို ခင်တွယ်တဲ့သူ ဘဲ...ကျွန်တော်မပျော်တဲ့ဘဝ မပျော်တဲ့ဝန်းကျင်မှာလည်း ကြာကြာ မနေနိုင်ဘူး..."

"အင်း...ဒါပေမယ့်...ကျွန်တော်ပျော်တဲ့ဘဝမှာလည်း ကြာ ကြာနေနိုင်မှာလား...မနေနိုင်ဘူးလားဆိုတာတော့ မပြောနိုင်ဘူး..."

"ဟယ်...ဘယ်လိုစကားကြီးလဲ...အဲလို မပြောပါနဲ့..."

စိုးရိမ်ကြီးတတ်တာလား...။

ရုတ်တရက် မေမေ့ကိုပြေးပြီး သတိရမိသည်။ မေမေသည် လည်း သူမလိုပင် စကားလေးတစ်ခွန်းကိုပင် နမိတ်ကောက်ပြီး စိုးရိမ် ကြီးတတ်သူဖြစ်၏။

ပုန်းညက်က ဘန်ဂလို၏ လှေကားကို မတက်ဘဲ လှေကားရင်း မှာပင် ရပ်သည်။

"ကျွန်မ သွားလိုက်ပါဦးမယ်..."

ဟု ဦးညွတ်နှုတ်ဆက်သည်။

"လိုအပ်တာရှိရင် ပြောပါနော်..."



"ဟိုတယ်လ်မှာ ဘရိတ်ဖတ်စ် မြန်မာအစာ မရဘူးလား..."

"ညသည်များတဲ့အချိန်မှာတော့ ရပါတယ်...ခုလိုအချိန် တော့ ရပါ့မလားမသိဘူး...ဦးအုပ်စိုးက ဘာများစားချင်လို့လဲ..."

"ကျွန်တော်...ဆီထမင်းစားချင်တယ်..."

"ဆီထမင်း..."

သူမ နှုတ်ခမ်းတွေ ပြုံးယောင်ယောင်ဖြစ်သွားသည်ကို မှောင် ရိပ်တဝက်တပြက်မှာ မြင်ဖြစ်အောင် မြင်လိုက်ရသည်။

* * *

"ဘရိတ်ဖတ်စ် လာပို့တာပါ...ခင်ဗျာ..."

တံခါးဖွင့်လိုက်တော့ စောစောစီးစီး တံခါးဝမှာ လင်ဗန်းတစ် ချပ် ကိုင်မ,လျက် ရပ်နေသည့် ဝန်ထမ်းကောင်လေးကို တအံ့တသြ တွေ့ရသည်။

"ဘရိတ်ဖတ်စ်..."

ညက မှာမိသလား...ဟု ဇဝေဇဝါတွေးသည်။ တံခါးဖွင့်ပေး လိုက်တော့ ကောင်လေးက အခန်းထဲဝင်ပြီး စားပွဲပေါ်မှာ လင်ဗန်းကို ချသည်။ စားသောက်ဖွယ်ရာတွေကို သွက်လက်စွာ ပြင်ဆင်ခင်းကျင်း သည်။ ပြီးတော့ အုပ်စိုးကို နှုတ်ဆက်ပြီး ပြန်ထွက်သွားသည်။

စတီးလ် ထမင်းအုပ်အဖုံးကို ဖွင့်ကြည့်လိုက်တော့ ပြုံးနံ့နှင့်

www.burmeseclassic.com

www.burmeseclassic.com



နှမ်းထောင်းအနံ့ သင်းနေသည့် ဆီထမင်းသည် အငွေ့တထောင်းထောင်းနှင့် စားချင်စဖွယ်။ ကြက်သွန်နီကြော် ပုစွန်ခြောက်ထောင်းကြော်နှင့် ငါးကွန်းရှပ်ခြောက်ဖုတ် ဆီဆမ်း။ နောက်တော့ လစ်ပတန်လက်ဖက်ရည်၊ သကြား၊ နို့ခွက်…။

စိတ်ထဲမှာ ဘယ်လိုကျေနပ်ပီတိဖြစ်မိသည် ဆိုတာ ကိုယ့်ဘာသာမသိတော့။ ပြုံးယောင်ယောင်မျက်နှာလေးတစ်ခုကို မြင်ယောင်မိပြီး ရင်ထဲမှာ လှပ်ကနဲ အေးစက်သွားသည်။

* * *

ကိုသိန်းလွင်က အုပ်စိုးကို ခပ်လှော်င်လှောင်ပြုံးကြည့်ရင်း…

"ဆီထမင်း…ဟုတ်လား"

ဟု စောစောကစကားကို ပဲ့တင်ထပ်ပြောသည်။

"ဟုတ်တယ်လေ…ခင်ဗျား ပို့နိုင်းတာမဟုတ်လား…"

"ပေါက်ပေါက်ရှာရှာ ဗျာ…"

"ဟေ့…လူ"

"ဟိုတယ်လ်မှာ ဒါမျိုးတွေ ရှိမလားဗျ…ဧည့်သည်များတဲ့အချိန်မှာ အထူးတလည်လုပ်ပေးရတယ်ဆိုတာမျိုးတော့ ရှိပါတယ်…ခုလိုအချိန်တော့ မရှိဘူးဗျ…ဈေးတန်းမှာတော့ ကောက်ညှင်းထုပ်တို့ဘာတို့ ရတတ်ပါတယ်…ကျွန်တော်တော့ မနိုင်းမိပါဘူးဗျာ…မှန်



တာပြောရရင် ညကသောက်တာ များသွားလို့…ကိုးနာရီထိုးမှ ကမန်းကတန်း မျက်နှာသစ်ရတယ်…"

အုပ်စိုးရောက်တော့ ကိုသိန်းလွင်သည် ရေချိုးခန်းထဲက မျက်နှာသုတ်ပုဝါပတ်ပြီး ထွက်လာခဲ့၏။ နံနက်စာကိစ္စကို သူမေ့လျော့နေသည်မှာ အမှန်ပင်။

"ကျွန်တော် ပို့ခိုင်းမယ်ဆိုရင်တောင် ဟမ်(မ်)တို့ ဆင်းဒဝစ်ချ်တို့လောက်ဖြစ်မှာပါ…ဆီထမင်းကတော့ လုံးဝကို မစဉ်းစားမိတဲ့အစာဘဲ…"

"ဒါဆိုရင်တော့…"

ကိုသိန်းလွင်က အုပ်စိုးရဲ့ကျောကို ဖြန်းကနဲပုတ်လိုက်သည်။

"ပုံပြင်ထဲကလို အုန်းပင်ထဲကများ နတ်သမီးလေးထွက်လာသလားမသိဘူး…ခင်ဗျား စောင့်ဖမ်းကြည့်ပါလား…"

"ဘယ်ကလာ…နတ်သမီးဖြစ်မှာလဲ… ခင်ဗျားတို့ဟိုတယ်လ်က မက်စ်ဘွိုင်ကောင်လေးပါဗျ"

ဆိုတော့ သူက တဟားဟားရယ်နေလေသည်။

* * *

အရောင်လက်နေသည့် ယောက်သွားခွံများဖြင့် တည်ဆောက်ထားသည့် ကျောက်ဆောင်ကျောက်စွယ်ပေါ်က စီးကျနေသည့် ရေတံ

www.burmeseclassic.com

www.burmeseclassic.com



ခွန်ငယ်ကလေးသည် စိမ်းနုသော မြက်ခင်းနှင့် နီညို၊ အဝါ၊ ခရမ်းရောင်တွေ ရောဖွက်လှပသော ပန်းခြံဆီ ဖြတ်စီးသွားသည့် ပန်းချီကားလှလှလေးတစ်ချပ်သည် အုပ်စိုးရဲ့ မျက်စိရှေ့မှောက်မှာ အသက်ဝင်ရှင်သန်နေသည်။ အပင်တွေကို ပြုပြင်ဖန်တီးရသည့် သည်အလုပ်ကို ဘယ်တုန်းက စိတ်ဝင်စားနေခဲ့သည်ဆိုတာ ကိုယ့်ဘာသာပင်မသိပါ။ အုပ်စိုးသည် ရေစုန်မျောနေသည်ဟုပင် ပြောရမလိုဖြစ်သော ဘဝတစ်ခုမှာ မေ့မေ့လျော့လျော့ ပျော်မွေ့နေလေသည်။ အဲသည် အခြေအနေကိုပင် ကိုယ့်ဘာသာ ကျေနပ်နေသည်လား အပြောင်းအလဲတစ်ခုကို မလိုအပ်တော့တာလား မသေချာ။ ခုချိန်မှာတော့ အုပ်စိုးသည် မြင့်မားလှသည့် နောက်ထပ်ဘဝတစ်ခုကိုလည်း မက်မောတမ်းတ မနေခဲ့တာအမှန်ပင်။

ဘာကိုများ တွယ်တာရဦးမှာလဲ…။

အုပ်စိုးက တစ်ကိုယ်တည်းသမား မဟုတ်လား…။

ရောင်စုံကျောက်စရစ်များဖြင့် ခင်းထားသည့် ဟိုတယ်လ်ရှေ့လမ်းကွေ့အတိုင်း လျှောက်လာနေသည့် သူမကို အဝေးမှမြင်ရသည့်အခါ စိတ်ထဲမှ ဖြစ်ပေါ်လာသည့် လှုပ်ရှားမှုသည်ပင် ရေတံခွန်လေးဆီက တသွင်သွင်စီးကျနေသည့် ရေအလျဉ်လို တငြိမ့်ငြိမ့်နှင့် ချမ်းမြေ့နေတော့သည်။

* * *



"ကျွန်မ ဂျူတီချိန်က ပြီးပြီလေ…"

"အိမ်ပြန်မှာလား…"

"အင်းပေါ့…"

"ကျွန်တော် လိုက်ခဲ့လို့ ရမလား…"

"ရှင်…"

သူမကို အံ့သြသွားအောင် ပြုလုပ်နိုင်သည့်အတွက် ကိုယ့်ကိုယ်ကို အတော်ကျေနပ်သွားသည်။ ပုန်းညက်ညို မျက်လုံးလေးဝိုင်းလျက် နှုတ်ခမ်းလေး ဟဟပွင့်လျက်…အုပ်စိုးကို မေ့မေ့လျော့လျော့ ကြည့်နေသည်။

"ဦးဆီက…ကျွန်တော် အပျင်းပြေဖတ်ဖို့ စာအုပ်တစ်အုပ်လောက် ငှားလို့ရမလား…"

"သြော်…"

သူမရဲ့ ယူနီဖောင်းသည် ယနေ့လည်း အပြာရောင်ဘဲဖြစ်၏။ သို့ပေမယ့် ပုံစံတော့ အနည်းငယ်ကွဲလွဲသည်ထင်၏။ ဘယ်နေရာ ဘယ်လိုမတူဘူးဆိုတာတော့ အုပ်စိုးလည်း သေချာမသိ။

ချစ်စရာကောင်းသော်လည်း မဝံ့ရဲသော သူမ၏အပြုံးကတော့ အုပ်စိုးရဲ့ရှေ့မှာ မပြောင်းမလဲရှိသည်။

"ပျင်းနေပြီလား…"

"နေ့လည်ခင်းကတော့ တော်တော်ပျင်းဖို့ကောင်းတယ်…ဒီနားတဝိုက်က ရွာတွေလျှောက်လည်တာလည်း တော်တော်နဲ့နေပြီ…"

"ဒါဆိုရင်လည်း…လိုက်ခဲ့လေ…"

ပင်လယ်လေကြောင့် နှုတ်ခမ်းဆိုးဆေး ဆိုးထားသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သူမနှုတ်ခမ်းတွေ အနည်းငယ်သွေ့ခြောက်နေသည်ကို သတိထားမိသည်။

*　*　*

"ဖေဖေ့မှာ စာအုပ်တွေရှိတယ်လို့ ဘယ်သူပြောတာလဲ..."

လေပွေတစ်ချက်ဝှေ့ပြီး သံမှုန်တွေ ဝဲကတော့လို ချာလည်လှည့်သွားသည်ကို မြင်နေရသည်။ သဲကတော့လေပွေသည် ချာချာလည်ပြီး ဟိုးအဝေးဆီ ရောက်သွား၏။ လေဆိပ်ဆီ လေယာဉ်ဆင်းသက်လာသည်ကို လှမ်းမြင်နေရသည်။

"ကိုသိန်းလွင် ပြောတာပါ..."

"အင်း...ထင်သားပါဘဲ..."

"ဘာဖြစ်လို့လဲ...စာအုပ်ငှားမှာကို သိပ်မကြည်ဖြူဘူးလား... သေတ္တာထဲမှာဘဲ သိမ်းထားတာလား..."

သူမက ပြုံးပြီး ခေါင်းယမ်းနေသည်။

"အဲဒီသဘောတော့ မဟုတ်ပါဘူး...ဒါပေမယ့် ဖေဖေက မူးနေတဲ့အချိန်မှာ အရမ်းသဘောကောင်းသလောက် အရက်မမူးရင်တော့ ပေါင်းရသင်းရ ခက်တယ်နော်..."

"ဟုတ်လား...ဒါဆို ဘယ်အချိန် အရက်မမူးဘူးလဲ..."

ပုန်းညက်ညိုက ပုခုံးလေးတွန့်သွားသည်။



"မမူးတဲ့အချိန်လည်း မရှိသလောက်ပါဘဲလေ..."

အပြုံးနှင့်ပြောပေမယ့် စကားက နာကျင်သံစွက်သည်။ လွှာချင်းခြေညှပ်ဖိနပ်ကို စီးထားသည်မို့ ခြေဖမိုးဖောင်းဖောင်းလေးတွေ တစ်လှမ်းချင်း လှုပ်ရှားသွားသည်ကို သတိပြုမိသည်။ ပင်လယ်ရှိုင်းသံ အပြင် လေဆိပ်နှင့် နီးသည်ကြောင့် လေယာဉ်အတက်အဆင်းတိုင်း လေယာဉ်သံကြားနေရသည်ကို သူမတို့နားမှာတော့ အကျင့်ရနေပြီထင်ပါရဲ့။

"ဘာရိတ်ဖတ်စ်အတွက် ကျေးဇူးဘဲ..."

သည်တစ်ကြိမ်မှာတော့ ပုန်းညက်ညိုက မအံ့သြဘဲ ခပ်လှဲ့လှဲ့ ပြုံးနေသည်။

"ကျွန်တော် တောင့်တနေတဲ့ အရသာကို အပြည့်အဝ ခံစားလိုက်ရတာမို့...ကျေးဇူးတင်တယ်လို့ လေးလေးနက်နက် ပြောတာပါ"

သူမ ဘာတစ်ခွန်းမှ မတုန့်ပြန်ပါ။

"ဟိုတယ်လ်က အစီအစဉ်တော့ မဟုတ်ဘူးနော်..."

မျက်နှာကို မော့ကပ်ပြီး ကြည့်လိုက်သည့်အကြည့်မှာ မရွှံ့မရဲ အရိပ်လေးယှက်သန်းနေသည်။

"အိမ်မှာ လုပ်တာပါ..."

ဟုပြောသည့် စကားသံသည် ပုံမှန်ထက် တိုးတိမ်နေ၏။

"ဟာ...ကျွန်တော့်အတွက် တကူးတကန့်ကြီး..."

"အဲလိုတော့လည်း မဟုတ်ပါဘူး...ဖေဖေလည်း ဆီထမင်းကြော်တို့ ကောက်ညှင်းပေါင်းတို့ ကြိုက်ပါတယ်...ဒါပေမယ့် သားအဖနှစ်ယောက်ထဲဆိုတော့ ဝယ်စားဖြစ်တာများတယ်...ခုတော့

www.burmeseclassic.com



အိမ်မှာလည်း ကောက်ညှင်းအဆင်သင့်ရှိနေတာနဲ့…”

“ကူစားပေးမယ့် အဖော်လည်းရှိတုန်း…ဆိုပါတော့…”

“ဟုတ်တယ်…ဟုတ်တယ်…”

ခုမှ အလိုက်သင့် ပေါ့ပေါ့ပါးပါးဖြစ်သွားပြီး သူမက ဟက် ဟက်ပက်ပက်ရယ်မောသည်။ ဝန်ထမ်းအိမ်ခန်းတွေကို လှမ်းမြင်ရ သည့်နေရာရောက်လျှင် အုပ်စိုးတို့နှစ်ယောက်ကို မြင်ပြီး အမော တကော ပြေးလာသည့် အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်လိုက်ရ သည်။

* * *

“ဖေဖေ…ဘာဖြစ်တာလဲ…”

“တွေ့လာရှိ…နောက်တွဲနဲ့ ခတ်မိလို့တဲ့…”

“ဘာဖြစ်သွားလဲ…ဟင်…”

“မေးမနေနဲ့ ဆေးရုံသာ လိုက်သွားတော့…ဆရာဦးသိန်းလွင် ကို ပြောပြီး ကားနဲ့ပို့နိုင်ရင် ကောင်းမယ်…ငါ သွားပြောလိုက်မယ်”

ပုန်းညက်ညိုက သတိလက်လွှတ် ကြောင်အမ်းနေဆဲ… အမျိုးသမီးက အုပ်စိုးကို ဖျတ်ကနဲလှမ်းကြည့်ပြီး မချိတရိပြုံးပြသည်။ မျက်နှာဝိုင်းဝိုင်းနှင့် နှာတံမပေါ်တပေါ် မြန်မာစစ်စစ် မျက်နှာမျိုးရှိ သော ထိုအမျိုးသမီးသည် ပုန်းညက်ညိုနှင့် ကပ်လျက်အိမ်ခန်းမှ



ဖြစ်ကြောင်း သတိထားမိသည်။ သို့ပေမယ့် ဟိုတယ်လ်မျက်နှာစာ တွေမှာတော့ မတွေ့မမြင်ဖူးချေ။ သူမသည်လည်း ပုန်းညက်ညို၏ ဖခင်အတွက် ထိပ်တူစိတ်ပူပင်နေဟန်တူသည်။

“ကျွန်တော့်ကားနဲ့ဘဲ သွားလိုက်တာပေါ့…”

ဆွံ့အသူတစ်ယောက်လို ပုန်းညက်ညိုသည် စကားတစ်လုံးမှ မဆိုဘဲ အုပ်စိုးနောက်မှ လိုက်လာ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

မျက်ဟောင်ဖျားတွေ စိုစွတ်နေသည်ကို ခပ်လှမ်းလှမ်းက မြင်ရုံမျှပင် သိသာသည်။ မျက်လွှာပင့်မကြည့်တာမို့ မျက်လုံးအိမ်တွေ နီရဲနေသလားဆိုတာတော့ မသိရ။ မဝံ့ရဲသော သိမ်ငယ်သောအကြည့်သည် အုပ်စိုးရှေ့မှာ မျက်နှာဖုံးမပါသော သူမရဲ့ပင်ကိုယ်မျက်နှာဖြစ်နေပြီ…။

"ဒီလောက်ကြီး စိတ်ပူစရာမဟုတ်ပါဘူးကွာ…"

သူမသည် အုပ်စိုးရှိနေသည့်ဖက် မျက်နှာလှည့်ဖို့ ပြင်ပြီးမှ သိသိသာသာပင် ကျောခိုင်းသွား၏။

"တစ်ယောက်တည်း ထွက်ထွက်မသွားပါနဲ့ ဖေဖေရယ်… သမီးမှာ အလုပ်တစ်ဖက်နဲ့ သမီးကို နည်းနည်းငဲ့ညှာပါဦး…"

"ဟ…ငါ့မျက်စိလည်းမမှုန်…ခြေထောက်လည်း မကျိုးသေးပါဘူး…ကျန်းမာရေးကောင်းပြီး သန်မာနေတဲ့ လူတစ်ယောက်က လမ်းမထွက်ရတော့ဘူးလား…အိမ်ထဲချည်း အောင်းပြီး ဘာလုပ်နေရ



မှာလဲ…နင်က ငါ့ကိုချုပ်နှဲ့နေတဲ့ အဖိုးအိုကြီးလို နေရတာကာ လိုက်ပြီး ပူပန်နေတယ်…"

"မပူပန်လို့ ရမလား ဖေဖေ…ခုလိုဖြစ်တော့…"

"ဒါ…ငါ့အပြစ်မှမဟုတ်ဘဲ…မောင်းတဲ့ကောင်က ထရော်လာဂျီကို ပြိုင်ကားမောင်းသလို မောင်းတာကိုး…"

မြို့နယ် ဆရာဝန်ကြီးနှင့် လက်ထောက်ဆရာဝန်သည် အပြာ၊ အနီဝတ် ဆရာမတွေ ခြံရံလျက် လူနာဆောင်ခန်းမရှည်ထဲ ဝင်လာ၏။ အုပ်စိုး အပြင်ဖက်စင်္ကြံမှာ ထွက်ရပ်နေလိုက်သည်။ မျက်နှာဝိုင်းဝိုင်းနှင့် အမျိုးသမီးသည် စိတ်သက်သာရာ ရသောအပြုံးမျိုးဖြင့် အုပ်စိုးအနားမှာ လာရပ်၏။

"ဦးလေးမောင်ကတော့ အမြဲ ဒီလိုဘဲ…ပုန်းညက်ခများ သနားပါတယ်…ဆေးရုံလိုက်ရ…ရဲစခန်းလိုက်ရနဲ့…မူးပြီးရမ်းနေတာတော့ မဟုတ်ဘူး…မူးပြီဆိုရင် ဘာဆိုဘာမှ မသိတော့ဘဲ သူ့ကိုယ်သူ မထိန်းနိုင်တော့တာလေ…"

"ဟုတ်လား…"

ပုန်းညက်ညိုဆိုသော မိန်းကလေးနှင့်ပါတ်သက်ပြီး မေးစရာမေးခွန်းတွေ များစွာရှိလည်း အုပ်စိုးမှာ ကတိပေးခဲ့ပြီးသားမို့…ဟုတ်လား…ဆိုတာထက် မပိုရ။

"အမေမရှိတဲ့ဘဝဆိုတာ ဒီလိုဘဲ…ကမောက်ကမနဲ့…"

"သနားစရာဘဲနော်…"

ဟု အလိုက်အထိုက်ပြောရသည်။ မရှိဘူးဆိုတာ ဆုံးသွားတာလား၊ ကွဲကွာနေတာလား ဘယ်လိုအဓိပ္ပါယ်မှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



"ပုန်းညက်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်…"

ပုန်းညက်ရဲ့ အစ်မကြီးတစ်ယောက်လိုပင် သူမက အုပ်စိုးကို ကျေးဇူးတင်စကားပြောသည်။ ပုန်းညက်မှာ သည်လိုမိတ်ဆွေသူငယ်ချင်းတွေ ရှိနေသည့်အတွက် စိတ်ချမ်းမြေ့စရာပင်…။

"ကျွန်မနာမည် မာလာပါ…ပုန်းညက်နဲ့အတူတူ တစ်ချိန်တည်း အလုပ်ဝင်ခဲ့တာပါ…ဒီကို ပြောင်းရမယ်ဆိုတော့လည်း နှစ်ယောက်သား စိတ်တူသဘောတူဘဲ…ပြောင်းခဲ့ကြတာ…ကျွန်မက စတိုတာဝန်ခံပါ…"

"ဟုတ်လား…အဲဒါကြောင့် မမြင်ဖူးဘူးလို့…ကျွန်တော် အုပ်စိုးပါ…"

သူတို့တတွေရဲ့ ဦးညွှတ်နှုတ်ဆက်ဟန်က တစ်ထပ်တည်းလိုပင်။ အထက်အညာသူဟု ထင်ရပြီး အသားညိုညက်သည့် မာလာသည် ပုန်းညက်ညိုလိုပင် ချိုမြသည့်အပြုံးကို ပိုင်ဆိုင်သူဖြစ်သည်။

"ဟုတ်ကဲ့…ဦးအုပ်စိုးအကြောင်း ပုန်းညက်က ပြောပါတယ်…ဟိုတစ်ရက်ကလည်း ဦးမောင်ကို လိုက်ပို့ပေးခဲ့ရတယ်နော်"

"ဟုတ်တယ်ဗျ…တိုက်တိုက်ဆိုင်ဆိုင်လို့ ပြောရမှာဘဲ…ပုန်းညက်မေမေနဲ့ ကျွန်တော်က ရေစက်ရှိပုံရတယ်…"

သည်တစ်ခါ ဟက်ဟက်ပက်ပက်အရယ်မှာတော့ တာဝန်ဝတ္တရားဆိုတာတွေရဲ့ ဖိစီးမှုတွေမပါဝင်ဘဲ ပွင့်လင်းသည့်အရယ်ပင်ဖြစ်သည်။

"ဦးအုပ်စိုးတို့ရဲ့…ပန်းဥယျာဉ်လေးက သိပ်လှတာဘဲ…



ဝင်လယ်ရှုခင်းမှာ အဲဒီပန်းခင်းလေးက တစ်မျိုးတစ်ဘာသာ ဆန်းနေတယ်…"

"ပုန်းညက်က အမေနဲ့တော့ မတူဘူးနော်…အဖေတူထင်တယ်…"

မာလာက ရုတ်တရက် စကားသံဆိတ်သွားပြီး အုပ်စိုးကို မော်ကြည့်သည်။

* * *

"မာလာလည်း ပုန်းညက်ရဲ့မေမေအကြောင်း သိပ်မသိပါဘူး…ညီအစ်မရင်းတွေလို ခင်မင်လာခဲ့ကြတာတောင်မှ ပုန်းညက်က သူ့အမေအကြောင်း တစ်ခါမှ ပြောမပြခဲ့ဘူး…သူ ငယ်ငယ်ကတည်းက ဆုံးသွားတယ်လို့ ပြောတာဘဲ…အဲလိုပြောပေမယ့်လည်း သူ့အမေရဲ့ ဓါတ်ပုံဟောင်းလေးတောင် မမြင်ရဘူး…"

"ဦးမောင်ကိုလည်း တချို့ကတော့ အိမ်ထောင်ပျက်ခဲ့တယ်လို့ ပြောတာဘဲ…ဒါလည်း ထင်ကြေးနဲ့ပြောနေကြတာပါ…ပုန်းညက်ကိုလည်း မွေးစားသမီးလိုလို မိဘက စွန့်ပစ်ခဲ့သလိုလိုနဲ့…တကယ်တော့ ဘာမှ ခြေခြေမြစ်မြစ်ရှိတာမဟုတ်ဘူး…ပုန်းညက်ကတော့ ကိုကတည်းက မြဲစိစိမဟုတ်လား…မာလာနဲ့တွဲမိတော့ မာလာက သူ့ကိုယ်စား နှစ်ယောက်စာပြောပေးရသလိုဘဲ…မာလာက စကား

www.burmeseclassic.com

www.burmeseclassic.com



သိပ်များတာ ဦးအုပ်စိုးရဲ့…သိပ်လည်း စပ်စုတတ်တာ…အဲဒါ
ပုန်းညက်နဲ့တွေ့မှ ကောင်းကောင်းအရှုံးပေးရတော့တာ…"

"ဘယ်လို…"

"ပုန်းညက်က သိပ်လျှို့ဝှက်တာလေ…ကျွန်မ ဘယ်လော
မေးမေး သူမပြောဘူး…မာလာကတော့ စိတ်ထဲမှာရှိနေတာဆို သိ
မထားတတ်ဘူး…ပြောချလိုက်ရမှ…"

သူ့ဘာသာပြောပြီး မာလာက ရယ်နေသည်။ တကယ်တော့
မာလာသည် ပုန်းညက်ထက် ပိုပြီးအသက်ကြီးဟန်ရှိ၏။ ပြီးတော့
စပ်စုတတ်မည်ဟု သိသာသည့် မျက်လုံးမျိုးလည်း ရှိသည်။ သို့
မယ့် ပေါင်းခြံကြည့်လျှင် ခင်မင်နှစ်လိုဖွယ် ရုပ်ရည်သွင်ပြင်
ရှိးသားသည့် အမူအယာရှိသည်။ စိတ်ထဲမှာ သိမ်းမထားဘဲ ဘာ
မဆို ပွင့်ပွင့်လင်းလင်း ပြောတတ်မည့် စိတ်ထားသည် မျက်နှာမှ
ထင်ဟပ်လျက်ရှိ၏။

"ဟုတ်တယ်နော်…ပုန်းညက်ကတော့ မျိုသိပ်တတ်မယ့်
ဘဲ…နောက်ပြီး သိပ်အားနာတတ်မယ် ထင်တယ်…"

"အမယ်လေး…ဟုတ်တာပေါ့…သိပ်အားနာတတ်တာ… သ
ကြောင့် နည်းနည်းလေးအမှားအယွင်းဖြစ်သွားမယ်ဆိုရင် သူ့မှာ အား
လို့မဆုံးဘူး…သိပ်လည်း ကြောက်တတ်တာ…သူနဲ့ပါတ်သက်
မာလာဘဲ လူမိုက်လုပ်ရတာ…"

"ဟုတ်လား…ဒါပေမယ့် မာလာက လူမိုက်ပုံလည်း
မပေါက်ပါဘူး…"



မာလာနှင့် အုပ်စိုးသည် ပုန်းညက်ညိုထက်ပိုပြီး လျှင်မြန်စွာ
ရင်းနှီးသွားကြသည်ဆိုတာ တကယ်တော့ ဘာမှအံ့ဩစရာမရှိ။ တစ်
ပါတ်ကျော်ကျော်အတွင်း ပုန်းညက်ညိုနှင့် စကားသုံးလေးခွန်းထက်
မပြောဖြစ်ခဲ့သော်လည်း မာလာနှင့် မိနစ်ပိုင်းအတွင်းမှာပင် ကျီစယ်
စကားဆိုနိုင်သည်အထိ ရင်းနှီးခဲ့သည်။ သို့ပေမယ့် ပုန်းညက်ညိုနှင့်
အုပ်စိုးကြားက အေးစက်စက် သည်လိုမှမဟုတ်လျှင်လည်း မြူနှင်းဝေ
သည့် နံနက်ခင်းလို အနေအထားက အုပ်စိုးအတွက် တန်ဖိုးထားစရာ
အသက်မြတ်နိုးစရာ ဖြစ်နေခဲ့သည်။

နှစ်ဦးသား ရယ်မောနေကြသည့်အနား ရောက်လာသည့်
ပုန်းညက်ညို၏ မျက်နှာသည် စောစောက မာလာနှင့် ပြောခဲ့သလိုပင်
အားနာမှုအပြည့်နှင့်ဖြစ်သည်။

"ပြန်ခေါ်သွားလို့ ရပါတယ်တဲ့…"

"ခြေထောက်က ဘာတဲ့လဲ…"

ဟု မာလာကမေးသည်။

"အဆစ်လွဲသွားတာတဲ့…လောလောဆယ်တော့ ထောက်လို့
မရသေးဘူး…ဒါပေမယ့် စိုးရိမ်စရာမရှိပါဘူးတဲ့…"

"ကောင်းတယ်…ထောက်လို့မရတာဘဲ ကောင်းတယ်…ဒါမှ
အိမ်းထွက်လို့မရမှာ…နှင့်မလဲ အဖေသာဆိုတယ် သားတစ်ယောက်
မွေးရသလိုပဲ…"

မာလာသည် တဖျစ်တောက်တောက် ပြောတတ်သည့်အဖွားအို
ကြီးပါက်စလေးဖြစ်သွားပြန်၏။ ပုန်းညက်ညိုကတော့ ခင်ဖျော့ဖျော့ပြုံး
သည်။ အုပ်စိုးကို မျက်လွှာပင့်၍ပင် မကြည့်တော့…။

www.burmeseclassic.com

www.burmeseclassic.com



"ဦးအုပ်စိုးကို အားနာလိုက်တာ…"

ပုန်းညက်ညိုက ခပ်တိမ်တိမ်ပြောတော့ မာလာက စကားများစွာပါသောအကြည့်ဖြင့် အုပ်စိုးကိုကြည့်လိုက်သည်။

"အားမနာပါနဲ့တော့ဗျာ…ကြုံကြိုက်လို့ ကူညီခွင့်ရတာဘဲ…ပုန်းညက်ညိုက သူစိမ်းလိုသဘောထားတယ်ဆိုရင် ကျွန်တော် စိတ်မကောင်းဖြစ်ရမှာ…"

ပြောတတ်သမျှ အကုန်ပါဘဲ ပုန်းညက်ညို…

ရင်ထဲမှာတော့ စကားအခွန်း ထောင်သောင်းမက ရှိပါရဲ့…

* * *

"ဘာဖြစ်လို့ မောင်ရင်ဖြစ်နေရပြန်တာလဲ…"

"ဖေဖေကလည်း…"

အုပ်စိုးကို မြင်သည့်အခါ ဦးကိုကိုမောင်က မျက်မှောင်ကြီးကြုံ သွားပြီး အောင့်သက်သက်လေသံဖြင့် ပြောသည်။ အုပ်စိုး မရယ်ဘဲ မနေနိုင်ပါ။

"ကျွန်တော်လည်း ဘာဖြစ်လို့ ဦးဘဲဖြစ်နေရပြန်တာလဲလို့ စဉ်းစားနေတာ…"

လူကြီးက သွားကြားက ကျစ်ကနဲအသံထွက်လာအောင် နှုတ်ခမ်းတွေကို ရှုံ့လိုက်သည်။



"ရေစက်ပါတယ်လို့ဘဲ သဘောထားလိုက်ပါ ဦးရာ…"

"ဟော့…ဘာစကားလဲ မင်းက…"

ခြေထောက်တစ်ဖက် မထောက်နိုင်သေးဘဲ တုတ်တစ်ချောင်းကို အားပြုထားရသည့် လူကြီးက ခေါင်းထောင်လာပြီး အုပ်စိုးကို ရန်လိုနေသေးသည်။

"ဖေဖေရယ်…ဘာဖြစ်လို့ အလကားနေရင်း ဒေါသထွက်နေရတာလဲ…"

"အလကားနေရင်းမဟုတ်ပါဘူး…သူက…"

ဘယ်က ရ,လာမှန်းမသိသည့် သစ်သားချောင်းတစ်ချောင်းကို အားပြုထားသည့် ဦးကိုကိုမောင်ရဲ့ ဘယ်ဖက်ဘေးမှာ အုပ်စိုးဝင်ရပ်လိုက်သည်။

"ကဲပါ…ဦးရယ်…အိမ်ရောက်မှ ဆက်ပြီးဒေါသဖြစ်တော့…ခုလောလောဆယ်တော့ ဦး ကျွန်တော့်ပြုသမျှ နုရမယ့်ဘဝကို ရောက်နေပြီ…"

ဦးကိုကိုမောင်က မျက်ထောင့်ဖြင့် အုပ်စိုးကိုကြည့်လျက် သေချာနားမလည်လိုက်သော အင်္ဂလိပ်စကားသံတစ်ခုဖြင့် ကျိန်ဆဲလေသည်။ လူကြီးရဲ့ဘယ်ဖက်ချိုင်းအောက်ကနေ ပခုံးလျှိုသွင်းလိုက်သည်။ စိုးရိမ်တကြီးကြည့်နေသော မျက်ဝန်းနက်တစ်စုံသည် အသက်ဝန်းတွေကို မှားယွင်းစေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဖြူနှင့် အနက်ကွက်ကျားထားသည့် စစ်တုရင်ခုံပြားလေးကို စိုက်ကြည့်နေသည့် ဦးကိုကိုမောင်၏ မျက်လုံးများသည် တဖြည်းဖြည်း တောက်ပပြီး အရောင်လက်လာ၏။ စစ်တုရင်ရုပ်များထည့်ထားသည့် စက္ကူဗူးကို သူ့လက်ထဲကမ်းပေးပြီး အုပ်စိုးကတော့ လျှာထိုးပျဉ်ခင်းထားသည့် ကြမ်းပေါ် ထိုင်ချလိုက်သည်။

"မင်းက ကိုယ်နဲ့ ချက်စ်ကစားမယ်ပေါ့..."

"ဦး...ကစားတတ်သလား..."

"အံမယ်..."

"ဦး...မကစားတတ်ဘူးဆိုရင်...ကျွန်တော်သင်ပေးမလို့ပါ..."

တကယ့်ကို ပေါင်းသင်းရခက်မည့် လူကြီးဘဲ...။

သို့ပေမယ့် အုပ်စိုးဂရုမစိုက်ပါ။ အုပ်စိုးရဲ့ဘဝမှာ စိတ်ခံစားမှုတစ်ခုကလွဲပြီး ဘယ်အရာကိုမှ ခက်ခဲသည်မထင်ခဲ့။ စိတ်ခံစားမှုဆိုတာကတော့ ကိုယ့်ကိုယ်ကိုပင် ထိန်းချုပ်မနိုင်တာမျိုးမဟုတ်လား။

"စမ်းကြည့်လေ...မင်းရဲ့ပညာကိုလည်း ကြည့်ရတာပေါ့..."

လူကြီးရဲ့လေသံမှာ မောက်မာဝင့်ကြွားမှုနှင့် မိမိကိုယ်မိမိ ပိုင်နိုင်သေချာမှုတို့ဖြင့် တက်ကြွနေသည်။ တကယ်တော့ သည်အိမ်ခန်းကျဉ်းလေးထဲမှာ သူဘယ်လောက် ပျင်းရိနေပြီလဲ...။

ဒါကို အုပ်စိုး ကိုယ်ချင်းစာကြည့်နိုင်ပါသည်။

"ဒီအတိုင်းကတော့ ပျင်းစရာကြီး..."

"မင်းက ကြေးတိုက်ချင်လို့လား..."



"ကျွန်တော်နိုင်ရင်...ဦးရဲ့စာအုပ်တွေ ကျွန်တော့်ကို ပေးဖတ်ရမယ်..."

"မင်းရှုံးရင်ကော..."

အောက်နှုတ်ခမ်းကို ခပ်ဖွဖွကိုက်ရင်း...ခပ်ထေ့ထေ့ပြုံးလိုက်မိသည်။

"ဦး...ကြိုက်တာနိုင်း..."

"ကောင်းပြီလေ...မင်းရှုံးရင် ငါ့ကို အရက်ဝယ်ပေးရမယ်"

"အိုကေ..."

"ဒါ...စကတည်းက သဘောတူပြီးသားနော်..."

ရယ်စရာဘဲ...။

သည်လို ခပ်ညံ့ညံ့အလောင်းအစားမျိုး အုပ်စိုး တစ်ခါမှ မလုပ်ဘူးပါ။ အိမ်ခန်းကလေးရဲ့ ဝန်းကျင်မှာ အန်းလက်လေတိုးသံနှင့် သူတို့နှစ်ဦး၏ စကားသံက လွဲပြီး တိတ်ဆိတ်နေသည်။ ဆိုက်ဘောဘယ်လ်လေးပေါ်က ပန်းအိုးလုံးလုံးလေးကို ရွှေပစ်ဖို့ ပြင်လိုက်သည်။ အသွင်ဆန်းဆန်း ပန်းအိုးလေးထဲမှာ အဝါရောင်သစ်ခွပွင့်နှစ်ပွင့် ရှိနေ၏။ အလယ်မှာ ပိန်းရွက်ကျား နှစ်ရွက်ခံပြီး ခပ်ရှင်းရှင်း ထိုးစိုက်ထားသည်။

အဲသည်ပန်းပွင့်လေးတွေဆီက ရယ်မောသံကို ကြားနိုင်သလို ငိုရှိုက်သံကိုလည်း ကြားလိုက်ရသလိုရှိ၏။ ခပ်ကျဉ်းကျဉ်းနှင့် အဆင်တန်ဆာမရှိသော အိမ်ကလေးက အုပ်စိုးကို ဘာကြောင့် နှုတ်ဆွေးစေနိုင်သည် မသိပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



''အပိုင်ပေးတာမဟုတ်ဘူးနော်…ပြန်ပေးရမှာ…''

''စိတ်ချပါ…ဦးရဲ့…ကျွန်တော် ငှားရုံဘဲငှားမှာပါ…ဒါပေမယ့်ဗျာ…ဦးက မူရင်းစာအုပ်တွေဘဲ အများကြီးစုထားတော့ ကျွန်တော်တို့လို ခပ်ညံ့ညံ့ကောင်တွေက ဘယ်လိုဖတ်နိုင်မှာလဲ…''

''အေး…မင်းဖတ်ဖို့ စုထားတာမှမဟုတ်ဘဲကွ…''

ဟက်ကနဲရယ်မိသည်။

လူကြီးသည် မထင်မှတ်ဘဲ ရှုံးသွားသည့်အတွက် မကျေမချမ်းဖြစ်နေပုံရ၏။ ကလေးဆိုးကြီး စိတ်ကောက်နေသလို မျက်နှာကြီးသုန်မှုန်နေ၏။ သူစုထားသည့် စာအုပ်တွေ ထုတ်ပေးလိုက်ရမှာကို စိတ်မဖြောင့်နိုင်အောင် ဖြစ်နေသည်။

''ကျွန်တော် နိုင်ပေမယ့်…ဦးလည်းမရှုံးပါဘူးဗျာ…ကဲ…ပြော…ဦးဘာသောက်ချင်လဲ…''

''ဘာကွ…''

''ရက်(တ်)လား…ဘလက်ခ်လား…''

ဝမ်းသာအားရပြုံးလိုက်သည့် သူ့အပြုံးက အုပ်စိုးအတွက်တော့ ကြေကွဲစရာကောင်းလွန်းလှသည်။

* * *

''ပုန်းညက်ညို…တဲ့…''

''ရှင်…''



ခပ်တိမ်တိမ်ထူးသံလေး ထွက်လာတော့ အုပ်စိုး နှစ်နှစ်ချိုက်ချိုက်ပြုံးလိုက်မိသည်။

''ခေါ်ကြည့်စမ်းပါ…နာမည်လေးက ဆန်းပြီး ချစ်စရာလေးမို့…''

''ဟောတော်…ခေါ်ကြည့်ရတယ်လို့…''

သူမသည် မျက်တောင်ကော့လေးတွေကို သိမ်းပြီး သိသိသာသာ အကြည့်လွှဲသွား၏။ ဂျူတီချိန်မဟုတ်သည့်အတွက် ပုန်းညက်ညိုရဲ့ ဆံပင်ပျော့တွေ ပုခုံးပေါ်မှာ ဝဲဖြာနေသည်။ လေတစ်ချက်ဝှေ့လိုက်တိုင်း ဆံပင်တွေ ခပ်ကြမ်းကြမ်းလွင့်သွားပြီး မျက်နှာ၊ ပါးပြင်၊ နှုတ်ခမ်းတွေပေါ် ကပ်ငြိတင်နေတတ်သည်။ အဲသည်အခါမှာ ပုန်းညက်ညိုက လက်ချောင်းကလေးဖြင့် ခပ်ဖွဖွဖယ်ရှားသပ်တင်လိုက်သည့်ဟန်ကို ခုမှပင် သေချာသတိထားမိသည်။ မိန်းကလေးတစ်ယောက် ဘယ်လိုချစ်စရာကောင်းသည်ဆိုတာ တကယ်ဘဲ အုပ်စိုးရင်ထဲမှာ မှတ်မှတ်ထင်ထင် မရှိခဲ့ပါ။

''ပုဇွန်ခြောက် တစ်ပိဿာထုပ် ငါးထုပ် မှာခဲ့ပြီးပါပြီ…ငပိ စိမ်းစားလည်း နက်ဖြန်မှာပေးမယ်…နောက်ထပ် ဘာမှာချင်သေးလဲ…စာရင်းတို့ထားဦး…''

''ကျေးဇူးတင်ပါတယ် ဗျာ…''

''မဟုတ်တာ…ဦးအုပ်စိုးရဲ့ ကျေးဇူးကြွေးတွေတောင် မကျေသေးပါဘူး…''

''ဦးအုပ်စိုး…ဆိုတဲ့ ခေါ်သံကိုကြားတိုင်း…ကျွန်တော့်ရင်ဘတ်ထဲ အောင့်အောင့်သွားတယ်ဗျာ…တကယ်…''

www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . ."

အုပ်စိုးရဲ့စကားက သူမကို အထိတ်တလန့်ဖြစ်စေသည်ထင်၏။ လှမ်းနေသည့် ခြေလှမ်းတွေ တုန့်ကနဲရပ်ပြီး အုပ်စိုးကို မျက်လုံးဝိုင်းများဖြင့် ကြည့်သည်။

"ဦးအုပ်စိုး . . . ဆိုတာထက် ပိုပြီးရင်းနှီးခွင့် မရနိုင်တော့ဘူးလား . . ."

ဟော . . .

မျက်နှာလွှဲသွားပြန်ပြီ။

ကျောက်ဆောင်တန်းများသည် ဟိုး အတော်ဝေးဝေးအထိ တမျှော်တခေါ်ရှိနေ၏။ နေရောင်အောက်မှာ ပြောင်လက်နက်မှောင်နေသည့် ကျောက်တုံးကျောက်ဆောင်များသည် တလိပ်လိပ်တက်လာသည့် ပင်လယ်ရေလှိုင်းများ၏ ခန့်ထည်သောကျက်သရေဖြစ်သည်။ ရန်ကုန်အပြန်မှာ ပုစွန်ခြောက်ဝယ်ဖို့ အကြောင်းပြချက်ဖြင့် ကမ်းခြေဖက်ကနေ လမ်းလျှောက်ခွင့်ရခဲ့သည့် မထင်မှတ်သည့် အခွင့်အရေးတစ်ခုသည် အုပ်စိုးကို သေချာမှုတစ်ခုဆီ တွန်းပို့နိုင်ခဲ့၏။

ပင်လယ်၏ အတွင်းပိုင်းကျကျမှာ သည်လိုလှပမှုတွေ မရှိနိုင်ဘူးဆိုတာ သိထားနှင့်ပြီမို့ ရင်ထဲကခံစားချက် ဆိုတာကိုလည်း မယုံမှားရဲဖြစ်ခဲ့ရတာ အမှန်ပင်။ ခုတော့လည်း စိတ်ကူးယဉ်ချင်စဖွယ် အလိုလျောက်ဖြစ်တည်လာသည့် အခြေအနေတစ်ခုကို မတွန်းလှန်နိုင်ခဲ့ပြန်ပါ။

"ဘယ်လိုခေါ်ရမလဲ . . ."

"ဦးအုပ်စိုးဆိုတာထက် ပိုပြီးရင်းနှီးစေမယ့် အခေါ်အဝေါ်တစ်ခုပေါ့ . . ."



"အဲဒါက အဓိကကျလို့လား . . . အခေါ်အဝေါ်ဆိုတာ ရင်းနှီးမှုအတိုင်းအတာကို လိုက်ပြီး ပြောင်းလဲတတ်တာမျိုး မဟုတ်လား . . ."

"ဟုတ်တယ် . . . အဲဒီရင်းနှီးမှုအတိုင်းအတာကိုလည်း ပြောင်းလဲစေချင်တာပေါ့ . . ."

"ကျွန်မ ရင်ထဲမှာ ဦးအုပ်စိုးကို အစ်ကိုတစ်ယောက်လိုဘဲ ရင်းနှီးပြီးသားပါ . . . အထူးသဖြင့်တော့ ဖေဖေ့ကို စိတ်မညှိုငြင်ဘဲ ကူညီခဲ့တာ . . . ဖေးမပေးခဲ့တာတွေအတွက် . . . ကျွန်မ အစ်ကို့ကို စိတ်ထဲမှာ ကျေးဇူးလည်းတင်ပြီး အစ်ကိုတစ်ယောက်ကောက်ရသလို အားကိုးမိခဲ့တာပါ . . . ဒါပေမယ့် . . . ဦးအုပ်စိုးအတွက် ဝန်လေးနေမှာလည်း စိုးတယ် . . ."

"တော်ပြီ . . . တော်ပြီ . . . ကျေးဇူးတွေ ဝန်လေးတာတွေ ထားခဲ့လိုက်ပါတော့ . . . ဟော . . . ဟိုရှေ့မှာ . . ."

ကျောက်ဆောင်တွေကြားက ဘွားကနဲထွက်လာသော လူနှစ်ယောက်လက်ထဲမှာ စိမ်းရင့်ရောင် နီညိုရောင်လက်လက်ထနေသည့် ကျောက်ပုစွန်ထုပ်ကြီးတွေကို မြင်လိုက်ရသည်။

* * *

"ကဲ . . . ကျွန်တာတော့ . . . ညီမလေးတာဝန်ဘဲ . . ."

"ဘာလုပ်ရမှာလဲ . . ."

www.burmeseclassic.com

www.burmeseclassic.com



''ကင်စားကြရအောင်လေ…ကိုယ်…ညနေလာခဲ့မယ်…ကိုသိန်းလွင်ကိုခေါ်ခဲ့မယ်လေ…မာလာ့ကိုလည်း ခေါ်ထားပေါ့…''

ပုန်းညက်က မျက်နက်လေးထောင့်ကပ်ပြီး နှုတ်ခမ်းလေးခပ်စူစူဖြင့် အုပ်စိုးကိုကြည့်သည်။

''ပုလင်းတွေ ဗူးတွေ ပါဦးမှာလား…''

ဟု စိုးရွံ့သံဖြင့် မေး၏။

''မပါရဘူးလား…''

သူမက ပြန်မဖြေပါ။

''ကိုယ်တို့ကတော့ ပြဿနာမရှိပါဘူး…ရေနွေးကြမ်းနဲ့ဆိုလည်း ဖြစ်ပါတယ်…ဒါပေမယ့် ဦးလေးမောင်အတွက်တော့…သူကြိုက်တာလေး…''

''ဒါလည်း ဝိနည်းရှောင်တာဘဲပေါ့…ဉာဏ်များလိုက်တာ''

''လုံးဝမဟုတ်ဘူး…ကိုယ်မသောက်တတ်ပါဘူး… ဘီယာတောင် သူငယ်ချင်းတွေဆုံပြီး ရှောင်လို့မရတဲ့ပွဲတွေမှာမှ သောက်တာပါ…အရက်သမားတွေကိုလည်း ကိုယ်ချင်းမစာတတ်ဘူး…ဒါပေမယ့်…ဦးမောင်ကိုတွေ့တော့ စိတ်ထဲတစ်မျိုးဘဲ…''

''တစ်ခုခုကို မေ့ဖို့ကြိုးစားတယ်ဆိုတဲ့ လူတွေကို ကိုယ်အရင်က ရယ်ချင်ခဲ့တယ်…ဒါဟာ အကြောင်းပြချက်တစ်ခုဘဲလို့ ထင်ခဲ့တယ်…ဒါပေမယ့် ဦးမောင်ကျတော့ ကိုယ့်ကိုယ်ကို အရက်အိုးထဲဆွဲနှစ်နေတယ်ဆိုတာ သိပ်သိသာတယ်…အဲဒါ ဘာကြောင့်လဲ…''

''နာကြည်းစရာအကြောင်းတရားက ကြာခဲ့ပြီဆိုရင်တော့ အဲလောက်အချိန်တွေ အကြာကြီးမမေ့နိုင်လောက်အောင်…လူတစ်ယောက်ကို အထူးသဖြင့် အသိဉာဏ်ကြီးတဲ့ လူတစ်ယောက်ကို ဒီလိုအခြေအနေအထိဖြစ်သွားအောင် လုပ်နိုင်တဲ့ အကြောင်းတရားမျိုး ရှိသလား…''



''မရှိပါဘူး…''

အေးစက်စက်စကားသံက အုပ်စိုးရဲ့နှဘေးက ထွက်ပေါ်လာသည်ဟု မယုံကြည်နိုင်ခဲ့။

''အဲဒီလိုဖြစ်အောင် လုပ်နိုင်တဲ့အကြောင်းတရားဆိုတာ မရှိဘူး…အဲလောက်ထိဖြစ်ခဲ့တာက စိတ်အစွဲအလန်းကြောင့်ပါ…''

ပုန်းညက်ညိုက ဘာကိုမှ မမြင်တော့သလို ပင်လယ်ဆီ ငေးရီလျက် ကျောက်ဖျာကြီးလို ခပ်ပြန့်ပြန့်နှင့် ပင်လယ်ဆီ အစွန်းထိုးထွက်နေသည့် ကျောက်ဆောင်ကြီးပေါ် ထိုင်ချလိုက်သည်။

* * *

''ဖေဖေက သိပ်တစ်ယူသန်တယ်…ကိုယ့်ကိုယ်ကိုလည်း သိပ်အထင်ကြီးတယ်…ပညာတတ်တွေခေါင်းမာရင် တဖွတ်ထိုးဆန်ရင် သိမ်းသွင်းရ ပြုပြင်ရခက်တယ်ဆိုတာ အစ်ကိုလည်း သိမှာပေါ့…လူတွေမှာ နာကြည်းစရာအကြောင်းတွေ သေးသေးဖြစ်ဖြစ်…ကြီးကြီးဖြစ်ဖြစ် ရှိတတ်တာပါဘဲ…ဒါပေမယ့် ကိုယ့်ကိုယ်ကို ဖျက်ဆီးပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝပျက်လောက်အောင် နာကြည်းမှုနဲ့ တစ်သက်လုံး လောင်မြိုက်နေမယ်ဆိုတာကတော့ ဘယ်လိုမှ မဖြစ်သင့်တာဘဲ…"

ခေါင်းလှည့်ကြည့်လိုက်တော့ အုပ်စိုးရဲ့ပုခုံးစွန်းဟိုဖက်မှာ နွမ်းနယ်သောမျက်နှာဖြင့် ပုန်းညက်ညိုကို မြင်ရသည်။

"ပုန်းညက်ညိုမှာရော…နာကြည်းစရာတွေ ရှိခဲ့ဖူးလား…"

"ရှိတာပေါ့…"

"ခုထိ…နာကြည်းနေတုန်းလား…"

"အင်း…"

"ဘယ်သူ့ကိုလဲဟင်…"

အရုပ်လေးတစ်ရုပ် အသက်ဝင်လာသလို သူမရဲ့ ခပ်ပြုံးပြုံးမျက်နှာက အုပ်စိုးဖက်လှည့်လာသည်။

"တော်ပါတော့…"

ပြုံးမိလျက်သား နှုတ်ခမ်းတွေကို မပြင်နိုင်ဘဲ ဆတ်ကနဲ ခေါင်းညိမ့်မိသည်။

"ပြောမိတော့မလို့ မဟုတ်လား…"

လှိုင်းကြီးကြီးတစ်ခု ဝုန်းကနဲ လာရိုက်ပြီး ရေမှာရေစက်များဖွားကနဲလွင့်သွားသည်။ မျက်နှာ ဆံပင်တွေအထိ ရေစက်တွေ လာစင်၏။ ပုန်းညက်ညိုက လေးလေးကန်ကန် ခေါင်းယမ်းနေသည်။

"မပြောဘူး…မပြောချင်ပါဘူး…အစ်ကိုရော နာကြည်းစရာတွေ မရှိခဲ့ဖူးလား…"

"ဟင်အင်း…"

"တကယ်လား…"



"နာကြည်းစရာဆိုတာ ကိုယ်က သတ်မှတ်မှဖြစ်တာပါ…ကိုယ့်ရည်းစား သူများနောက်ပါသွားတာကို နာကြည်းစရာလို့ သတ်မှတ်ရမှာလား…ကိုယ်ကတော့ ခဏတဖြုတ် နာကြည်းလိုက်ပြီး မေ့သွားတာဘဲ…"

"အသည်းကွဲခဲ့ဖူးတယ်ပေါ့…"

လွယ်လွယ်ကူကူဘဲ ခေါင်းငြိမ့်လိုက်နိုင်သည်။ ရင်ထဲမှာ ဘာမှမကျန်ရစ်တော့တာက ကိုယ်ကိုယ်တိုင် မလေးနက်ခဲ့တာကြောင့်လားမသိ။ ဆုံးရှုံးလိုက်ရပြီလို့သိတော့ နှမြောသလိုလို ဖြစ်မိသားပင်။

"ဟုတ်တယ်လေ…ကိုယ်အဘော်တက်သွားတုန်း ယောကျ်ားယူသွားရော…ကိုယ်လည်းပြန်လာမှသိတယ်…အံ့သြစရာက…ဒီကောင်က တကယ့်တေလေဂျပိုးဘဲ…ရှစ်တန်းတောင်မအောင်ဘူး…ဆိုင်ကယ်ပြင်တဲ့ ဝပ်ရှော့ကကောင်တဲ့…"

"ကိုယ့်ထက်သာလို့ သူယှဉ်ထိုးပြီး ပိုမက်မောသွားတယ်ဆိုရင် ဖြေသာပါတယ်…ခုတော့ ဘယ်လိုဖြစ်သွားတာလဲ မသိဘူး…မိန်းမတွေရဲ့စိတ်ကို ကိုယ်နားမလည်နိုင်ဘူး…အဲဒါကို အချစ်စစ်လို့ပြောရမလား…မိုက်ရူးရဲဆန်တယ်လို့ ပြောရမလား…"

အုပ်စိုးရဲ့စကားကို ပုန်းညက်ညို နားထောင်နေသည်လား မသေချာပါ။ လှိုင်းခေါင်းဖြူတွေ ပြေးလွှားလာသည့် ပင်လယ်ပြင်ကျယ်ကိုဘဲ ငေးမောသည်လား။ ရေကျသွားသည့် သောင်ပြင်မှာ အစီအရီပေါ်လာတတ်သည့် ဂဏန်းတွင်း၊ ခရုတွင်းလေးတွေကိုဘဲ ငေးမောသည်လား…

အုပ်စိုးကိုယ်တိုင်ကတော့ ဆန်းကြယ်လှသည့် ရင်ထဲကခံစား

www.burmeseclassic.com

www.burmeseclassic.com



ချက်တစ်ခုကို တစိမ့်စိမ့်ခံစားနေရင်း ကြည်နူးကျေနပ်နေမိသည်။

"မိန်းမတွေက…မိုက်မဲတယ်လို့ကြားဖူးတာဘဲလေ…"

အုန်းလက်တွေကို လေတိုးသလို ရှတသွားစေသော စကားသံကို ကြားရသည်။

"ဒါဆို ယောကျ်ားတွေကရော…"

"ယောကျ်ားတွေကတော့ တစ်ကိုယ်ကောင်း ဆန်တယ်တဲ့"

"အဲဒါ…ဟုတ်သလား"

အုပ်စိုး နားမလည်နိုင်စွာ မေးမိသည်။ ပုန်းညက်ညိုဆီက အဖြေစကားမကြားရပါ။ သို့ပေမယ့် သူမဖြေမည့်အဖြေကို သိနိုင်ပြီ။ အုပ်စိုးကိုယ်တိုင်ကရော တစ်ကိုယ်ကောင်းဆန်သူတစ်ယောက် မဟုတ်ဘူးလို့ ပြတ်ပြတ်သားသား ငြင်းနိုင်ပါ့မလား…။

မကွယ်မဝှက်စတမ်း ဝန်ခံရလျှင် အုပ်စိုးသည် သူတစ်ပါးရင်ထဲက ခံစားချက်ဆိုတာကို အတော်များများ နားမလည်တတ်သူဖြစ်ခဲ့သည်။

"ကျွန်မကတော့ မိုက်မဲတဲ့သူ မဖြစ်ချင်ဘူး…"

"ဟုတ်တာပေါ့…ပုန်းညက်ညိုကတော့ မိုက်မဲလိမ့်မယ်လို့ ကိုယ်မထင်ဘူး…"

သူမက ဟက်ဟက်ပက်ပက်ရယ်မောပါသည်။

"ဘာကြောင့်လဲဟင်…"

စိတ်ထဲမှာရှိသမျှ ပြောလိုက်ဖို့ စဉ်းစားမိပြီးမှ သူမအနေခက်မှာ စိုးသည်။

"မသိဘူး…အဲလိုထင်မိတာဘဲလေ…"



သူမ ခပ်ပြင်းပြင်း ခေါင်းရမ်းလိုက်သည့်အခါ ဆံပင်တွေ…က်နှာပေါ် အုပ်ကွယ်ဖုံးလွှမ်းသွားသည်။

* * *

ဟော်လိုဂစ်တာဝိုင်းသည် မထင်မှတ်ဘဲ စည်ကားလာ၏။ …ဖူးသူတွေလည်းပါသည်။ မမြင်ဖူးသူတွေလည်း ပါသည်။ ကမ်းစပ်…နေ ပိုက်ကွန်တွေ လက်ဆွဲမီးအိမ်တွေနှင့် တက်လာပြီး သီချင်း…စ်ပုဒ် ဝင်ဆိုသူလည်း ဆိုသည်။ ပြီးတော့ အလျှိုလျှိုပြန်သွားကြ…သည်။ ဘယ်သူကမှ ဘယ်သူ့ကို နှုတ်မဆက်။ မျက်နှာစိမ်းပေမယ့်…ည်း ထင်းမီးနွေးနွေးမှာ ကင်ထားသည့် ပင်လယ်ငါးကင်၊ ပုဇွန်ကင်…တွေ ဝေမျှပေးသည်။ သို့ပေမယ့် မျက်နှာစိမ်းများသည် ရွာခံများဖြစ်…။ ရေလုပ်သား တံငါသည်များလည်း ဖြစ်သည်။ အုပ်စိုးတို့ကတော့…နီးနေကျမျက်နှာတွေဆိုပေမယ့် သည်ဒေသမှာ ဧည့်သည်ဖြစ်၏။

မိုးကုန်ပြီးစ၊ ဆောင်းအကူးမှာ ဧည့်သည်မများတတ်သေးသည်…အုပ်စိုးတို့ရဲ့ မီးပုံပွဲမှာ ဟိုတယ်လ်ဝန်ထမ်းအချို့နှင့် အုပ်စိုးရဲ့…လုပ်သမားလေးတွေသာ ပါဝင်သည်။ အချိန်တန်တော့လည်း သူ့…ပ်စုနှင့်သူ အလျဉ်းသင့်ရာ သင့်ရာ စုဝေးဖဲ့ခွာသွားကြသည်။ ကောင်…းတွေက ဗီဒီယိုကြည့်ကြမည်။ ကိုသိန်းလွင်က လူသူရှင်းတော့…ဟော်လိုဂစ်တာကိုပိုက်ပြီး မွန်းအောင်ရဲ့ 'ဝတ်မှုန်' ကိုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



...တေးသွားချို...သီကာကျူးတဲ့...

...ကျေးငှက်ကို လှမ်းလို့ကြည့်ကာ...

...ပန်းကလေးက ပြောလိုက်တယ်...

ကိုသိန်းလွင်ရဲ့အသံက ဝါညက်သည်။ သည်လို အေးငြိမ့်သည့် သီချင်းမျိုးနှင့်လည်း လိုက်ဖက်သည်။ မန္တလေးရဲ့ညတွေမှာ ကိုသိန်းလွင်ရဲ့အဆိုနှင့် ကိုငယ်ရဲ့ဂစ်တာသံက သစ္စာသူတွေ ရွှေမန်းသူတွေကို အတော်ဖမ်းစားနိုင်ခဲ့သည်ကို ပုံပြင်တစ်ပုဒ်လို ကြားဖူးခဲ့သည်။ အုပ်စိုးကတော့ ငယ်ရွယ်စဉ်ကတည်းက ဂီတာအကြောင်းလည်း သိပ်မသိ။ ဘောလုံးပွဲတွေကိုသာ ဝါသနာထုံခဲ့သည်။

...ပန်းချစ်သူ ပျားကပြုံးတယ်...

...တောက်ပတဲ့ အဆင်းလည်းရှိမယ်...

...သင်းပျံ့တဲ့ မွှေးရနံ့နဲ့ဆို...

...ဝတ်မှုန်ရယ်...နှင်နဲ့နှိုင်းရင်...ရှုံးကြမှာဘဲ...

...ရင်ထဲရှိရှိသမျှ ပြောပြရရင်...တကယ်လှတယ်...

မီးတောက်အရှိန်ဟပ်လျက် ငေးရီသည့်မျက်နှာသည် ပန်းရောင်သမ်းကာ သိမ်မွေ့စွာလှပနေ၏။ ညက ဖျားယောင်းသည်လား... မီးလျှံကဘဲ အသွင်ပြောင်းစေသည်လား မသိ။ မျက်လွှာချထားလျက် ငေးငိုင်နေသည့် မျက်ဝန်းသည်ပင် အရည်လဲ့ကာ အခါတိုင်းထက်ပိုပြီး လှပသည်ထင်မိ၏။

အုပ်စိုးသည် မထင်မှတ်ဘဲ စည်ကားအသက်ဝင်လာသော မီးပုံ ပွဲမှာ စိတ်ရောကိုယ်ပါ မနှစ်မြုပ်နိုင်ဘဲ လှုပ်ရှားတက်ကြွနေသော ခန္ဓာကိုယ်က တခြား၊ စိတ်ကတခြား ဖြစ်နေခဲ့သည်။



ခုတော့ အရာအားလုံး ငြိမ်သက်သွားခဲ့ပြီ။

မဟုတ်ဘူးလားကွယ်...။

ဂီတာထဲမှာ စီးမျောပျော်ဝင်နေသည့် အသက်ရှိရုပ်ထုလေးတစ်ခု...။

...ရင်ထဲရှိသမျှ ပြောပြရရင်...တကယ်လှတယ်...

သည်တစ်ပုဒ်ကို ထပ်ကာထပ်ကာ ပြန်ကျော့နေသည်ဟုထင်မိသည်။ အလှဆိုတာ ထင်ယောင်ထင်မှား ဖြစ်စေတတ်သလားဆိုတာတော့ အုပ်စိုးမသိပါ။ သို့ပေမယ့် အလှတရားဆိုတာလည်း နှလုံးသားကို တစ်ခုခုခံစားစေနိုင်မှ အလှရယ်လို့ ပီပြင်သည်မဟုတ်လား။

နှုတ်ခမ်းလေးတွေ ခပ်ဖွဖွလှုပ်ရှားပြီး သီချင်းလေးလိုက်ညည်းနေသည့် မိန်းကလေးကို ငေးမောရင်း ပတ်ဝန်းကျင်ကို မေ့လျော့သည်။ လက်ရှိဘဝကို မေ့လျော့သည်။ မနက်ဖြန်ဆိုတာကို မေ့လျော့သည်။

...ချူလိုသူတွေ...လက်ထဲမှာ...

...အလှမပျက်အောင်...ဆုတောင်းတယ်...ပန်းကလေးရယ်...

...သင်းပျံ့ကာ အမြဲမွှေးစေ့ချင်တယ်...

* * *

"မေမေက သားတွေချည်းဘဲ ခြောက်ယောက်မွေးတာ ဘုန်းကြီးကျော်တော်များများ အံ့ဩကြတယ်...အံ့ဩမယ်ဆိုရင်လည်း အံ့ဩ

www.burmeseclassic.com



စရာဘဲ…မေမေ့ကိုကြည့်ရင် ယုံချင်စရာမရှိဘူး…မေမေက အရပ်ပု ပြီး သေးသေးသွယ်သွယ်လေး…သိပ်ပြီး နူးညံ့သိမ်မွေ့တာဘဲ…အဲ ပုံစံနဲ့ဘဲ သားခြောက်ယောက်ကို ဆုံးမသွန်သင်လာတာဘဲ…သားတွေ ကိုလည်း သိပ်ချစ်တယ်…အငယ်ဆုံးမို့ အကြီးဆုံးမို့ဆိုတဲ့ ခွဲခြားတာ မျိုး မရှိဘူး…အားလုံးကို ညီတူညီမျှ ချစ်နိုင်တယ်…''

''ဦးအုပ်စိုးရဲ့ မေမေက အသက်ဘယ်လောက်ရှိပြီလဲ…''

''ခြောက်ဆယ့်ခြောက်…''

''ဟုတ်လား…အဲလောက်ရှိပြီလား…''

မာလာက တအံ့တသြမေးသည်။

''ဟုတ်တယ်လေ…ကျွန်တော့်အစ်ကို အကြီးဆုံးက ခ လေးဆယ့်ငါးနှစ်ရှိပြီ…မေမေ အသက်နှစ်ဆယ်မှာ အစ်ကိုကြီးကို မွေးခဲ့တာ…မေမေ အသက်လေးဆယ်မှာ ကျွန်တော့်ကို မွေးတယ်… ကျွန်တော်နဲ့ကိုကြီးက အသက်နှစ်ဆယ်ကွာတယ်…''

''ဆရာ့သူငယ်ချင်းက နံပါတ်ဘယ်လောက်လဲ…''

မာလာက ကိုသိန်းလွင်ဖက် လှည့်သွားပြန်သည်။ စကားဝိုင်း က တစ်လှည့်စီ ပတ်ချာလည်နေဆဲ။ ပုဇွန်ကို အခွံသင်နေသ ပုန်းညက်ညိုရဲ့လက်ချောင်းရှည်လေးတွေ ထိရှသွားမှာကို စိုးရိမ်ကြ နေမိပြန်သည်။ ခုတော့ဖြင့် မာလာကို အုပ်စိုးအပြစ်မမြင်ချင်တော့ ခံစားချက်တစ်ခုကို သိမ်းဆည်းရသည်မှာလည်း ကြာလာတော့ နာတ ရှည်ဝေဒနာဖြစ်လာနိုင်သည်။

''ကိုယ်က နံပါတ်လေးပါ…ကျွန်တော့်အထက် နံပါတ်ငါ ကတော့ ဆုံးသွားပြီ…''



''ဒါဆို…ဆရာက ဦးအုပ်စိုးရဲ့ စီနီယာပေါ့…''

''ဟုတ်တာပေါ့ဗျာ…မာလာက ကျွန်တော့်ကို နုပျိုတယ်လို့ ဆိုချင်တာလား…''

မာလာက ကိုသိန်းလွင်ကို မျက်စောင်းထိုးပြီး သိသိသာသာ နှာခေါင်းရှုံ့လိုက်သည်။

''ထားပါတော့…ဘာဘဲပြောပြော…ခုထိမစွံသေးဘူးဆို တော့…''

''ကိုနေစိုးလည်း မစွံသေးပါဘူးဗျာ…တကယ်တော့ နှစ်ဆယ့် ကိုးဆိုတဲ့ အသက်က ယောကျ်ားတွေအတွက်တော့ အိုဟာမဖြစ်သေးပါ ဘူး…မိန်းကလေးတွေကတော့ အသက်အစိတ်လောက်ဆို ပုခက် မချိတ်ရရင် မမိုက်သေးဘူးဗျ…''

''အံမယ်မယ်…အနေသာကြီးပါနော်…ဆားနဲ့ဘဲ စားပါရ စေ…''

ရယ်သံများနှင့် စကားဝိုင်းသည် အသွင်တစ်မျိုးပြောင်းပြီး အသက်ဝင်လာပြန်သည်။ ကိုသိန်းလွင်သည် မနောပွင့်(သံတွဲ)၏ တာဝန်အရှိဆုံးသူဆိုပေမယ့် ထည်ထည်ဝါဝါမနေ။ ဝန်ထမ်းတွေအား လုံးကို လိုက်လျောညီထွေရှိခြင်းဖြင့် အားကိုးခင်မင်လာအောင် စွမ်း ဆောင်နိုင်သူဖြစ်၏။ ပြီးတော့ ကိုသိန်းလွင်သည် အမြဲတက်ကြွ ပျော် ရွှင်နေတတ်သူဖြစ်သည်။ ကိုယ်နှင့်တော့ နည်းနည်းမှမတူ။ ကိုယ် က ဘယ်နေရာမှာမဆို မျိုသိပ်တတ်သူဖြစ်သည်။

အခွံသင်ပြီးသား ပုဇွန်အသားကို တံစို့ထိုးပြီး သံပုရာ၊ ငရုတ် သီးစိမ်းနှင့် ငရုပ်ကောင်း၊ စပါးလင် စသည်ရောထားသည့် ချဉ်စပ်

www.burmeseclassic.com

www.burmeseclassic.com



ဖျော်ရည်ထဲမှာ နှစ်ထားသည့်ပုဇွန်ကင်ကို ပုန်းညက်ညိုက အုပ်စိုးထံ လှမ်းပေးသည့်အခါမှာတော့ သူတို့အားလုံးရဲ့မျက်လုံးတွေက အုပ်စိုးတို့နှစ်ယောက်ဆီ ရောက်လာသည်။ ပုန်းညက်ညိုကတော့ အသက်အရွယ်နှင့်မလိုက်အောင်ပင် တည်ငြိမ်လွန်းလှသည်။ နှုတ်ခမ်းတွေက ခပ်ကော့ကော့အပြုံးမပျက်။ သူမထံရောက်လာသည့် အကြည့်တွေကို အသိအမှတ်ပြုသည်ဆိုရုံ လက်ခံသည်။ ပြီးတော့ လုပ်မြဲအတိုင်း ကျောက်ပုဇွန်ခပ်ငယ်ငယ်တစ်ကောင်ရဲ့ အခွံတွေကို ထုခွဲနေပြန်သည်။

“ကျောက်ပုဇွန်တွေက ကြည့်တော့သာ လှတာနော်…အသားကတော့ သိပ်မချိုဘူး…”

အုပ်စိုးကတော့ ကိုယ့်တိုင်မလုံလဲသူမို့ စကားရှာပြီး လမ်းကြောင်းလွှဲရသည်။

“တကယ်ဘဲ…မချိုဘူးလားဗျာ…”

ကိုသိန်းလွင်ရဲ့မေးခွန်းကို ချက်ချင်းအဓိပ္ပါယ်မပေါက်လိုက်။

“အင်း…အကောင်သေးတွေလောက် မချိုဘူး…”

“ပုန်းညက်ရေ…အုပ်စိုးက မချိုဘူးတဲ့…အဲဒါ…ညည်းတာဝန်ဘဲနော်…”

ပုန်းညက်က မျက်လုံးဝိုင်းများဖြင့် အုပ်စိုးကို ကြည့်သည်။ ပြီးတော့ ကိုသိန်းလွင်ကို-

“ဟာ…ဆရာကလည်း…”

ဆိုပြီး မျက်နှာလွှဲကာ ပြုံးနေ၏။

“ကျွန်တော်ကတော့ အရမ်းချိုတာဘဲလို့များ…ပြောမလား လို့…”



“ဟောဗျာ…ခင်ဗျားစကားက ဘာအထာလဲ…”

“အဲဒီလူပျိုကြီးက သူများကိုသာ နောက်တတ်တာ…သူကိုယ်တိုင်ကျတော့ အဖြစ်ရှိတာမဟုတ်ဘဲနဲ့…”

မာလာနှင့် ကိုသိန်းလွင်က အပေးအယူတည့်နေသည်။

“အဖြစ်မရှိလို့ သူများတွေကို အဖြစ်ရှိကြပါစေဆိုပြီး မြှောက်ပေးနေတာပေါ့ဗျာ…မာလာ…ခင်ဗျားလည်း ဒီလိုပါရမီမျိုး ဖြည့်သင့်တယ်နော…”

“အံမယ်…သူများကို အပျိုဟိုင်းကြီးလို့ ပြောချင်တာပေါ့လေ…”

“ဘာဆိုင်လဲဗျာ…ကျွန်တော်က သူများကို ကူညီသင့်တယ်လို့ ပြောတာပါ…”

“ကိုယ့်ကိစ္စသာ စဉ်းစားစမ်းပါ…မာလာတို့က အချိန်တွေအများကြီးရှိပါသေးတယ်…နော…ပုန်းညက်ရာ…အသက်နှစ်ဆယ်ကျော်ဆိုတာ လူ့လောကမှာ နေပျော်သေးတဲ့အရွယ်ဘဲ…တစ်ယောက်တည်းလည်း ဘာဖြစ်လဲ…သံယောဇဉ်ဆိုတာ မငြိလေ ကောင်းလေဘဲ…မဟုတ်ဘူးလား…”

“သူ့မှာလည်း စိတ်နာစရာရှိနေပြီ ထင်တယ်…”

မာလာနှင့် ကိုသိန်းလွင်မှာ ပြောစရာစကားတွေ ပြည့်နေသလောက် အုပ်စိုးတို့နှစ်ယောက်ကတော့ တိတ်ဆိတ်နေခဲ့သည်။ မျက်လွှာချလျက် နှုတ်ခမ်းလေးတွေ ပြုံးရင်း နှုတ်ဆိတ်နေသည့် ပုန်းညက်ညိုသည် အုပ်စိုးအတွက် ကာရန်မဲ့ကဗျာတစ်ပုဒ်ဖြစ်ခဲ့သည်။ နှစ်ဦးသားကြားက တိတ်ဆိတ်ခြင်းသည်ပင် စကားများစွာ အဓိပ္ပါယ်များစွာ

www.burmeseclassic.com

www.burmeseclassic.com



ပျံ့ကျဲပြည့်သိပ်နေခဲ့သလို ကြည်နူးခြင်းနှင့် ပြည့်စုံခြင်းကို ဖြစ်စေခဲ့သည်။

အုန်းလက်ခြောက်တွေကုန်လုမှ သောင်ပြင်ပေါ်က မီးပုံပွဲလည်း အဆုံးသတ်သည်။ ပင်လယ်အော်သံသည် တိတ်ဆိတ်သောညမှာ ပိုမို ပြင်းထန်ပြီး ခြောက်ချားဖွယ်ဖြစ်၏။ မီးပုံငြိမ်းလုတော့မှ ကောင်းကင် ကို သတိထားမိမော့ကြည့်ဖြစ်သည်။ ကြယ်ရောင်တွေ ပြိုးပြက်နေပေ မယ့် လ,ရောင်ကိုတော့ ကောင်းစွာမရ။ သည်ကနေ့ လ,ကွယ်ည ထင်ပါရဲ့။

* * *

''ငြိမ်လှချည်လား...''

''ရှင်...''

''ဒီည ပုန်းညက်ညို သိပ်ငြိမ်းတိတ်ဆိတ်နေတယ်လို့ ထင်တယ်...''

''ဟုတ်လို့လား...''

''ပုံမှန်နေ့တွေလောက်တောင် စကားမပြောခဲ့တာတော့ အမှန်ဘဲ...သီးချင်းတွေထဲ နစ်မျောနေတာလား...ပုန်းညက်ညိုက ဂီတကို ဝါသနာပါပုံရတယ်နော်...''

''ဂီတဆိုတာ လူတိုင်း ခံစားတတ်တဲ့ အနုပညာဘဲမဟုတ်ဘူးလား...''



''ဟုတ်တာပေါ့...ဒါပေမယ့် ကျွန်တော်ကတော့ ဂစ်တာတောင် မတီးတတ်ဘူးဗျ...သီချင်းလည်း တစ်ပုဒ်မှ အစအဆုံးမရဘူး...''

သူမ လှည့်ကြည့်လိုက်သည်ဆိုတာတော့ သိသည်။ ရယ်သံမကြားရသည့်အတွက် ရယ်မောနေသည်လားဆိုတာတော့ မသိ။ ကြယ်ရောင်အလင်းသာ ဖျောက်ဖျောက်ရှိသော သောင်ပြင်ကျယ်သည် အမှောင်ထုဟင်းလင်းပြင်လို ဖြစ်နေ၏။ သို့ပေမယ့် အနားမှာ သူမရှိနေသည့်အတွက် အဲသည်အမှောင်ကိုပင် ကြည်နူးနေမိသည်။ ရှေ့ခပ်လှမ်းလှမ်းမှာ ကျောက်ဆောင်တန်းကိုတော့ ရိုးရိုးရိပ်ရိပ်မြင်ရသည်။

''အစ်ကို့ရဲ့ မေမေအကြောင်း နားထောင်ရတာ သိပ်ကြည်နူးဖို့ကောင်းတာဘဲ...အစ်ကိုက အမေကို သိပ်ချစ်ပုံရတယ်နော်...''

သည်စကားကြားရတော့ သူမ ဘာကြောင့် တိတ်ဆိတ်နေသည် ဆိုတာကို ရုတ်ခြည်းပင် ဆက်စပ်မိသွားသည်။

''ချစ်တယ်...ကိုယ်တို့အားလုံး မေမေ့ကို ချစ်ကြတယ်...''

''အမေဆိုတာ...ဘယ်သူဘဲဖြစ်ဖြစ် အဲဒီလိုပုံရိပ်နော်...သိပ်နူးညံ့ပြီး ကြင်နာတတ်တာ အမေပေါ့...သားတွေချည်းဘဲ မွေးခဲ့တဲ့ အမေဆို ပိုပြီးတော့တောင် ဂုဏ်ယူဖို့ကောင်းမှာနော်...''

''ဟုတ်တယ် ပုန်းညက်ရဲ့...မေမေက သားတွေချည်းဘဲ ခြောက်ယောက်မွေးခဲ့ရလို့ ဘယ်တုန်းကမှ မညည်းညူခဲ့ဘူး...သားလေးယောက်ကို မန္တလေးမှာရှင်ပြုတာ သိပ်ပြီးကြီးကျယ်တာဘဲ...ကိုယ်တို့ အငယ်နှစ်ယောက်သာ သိပ်ငယ်သေးလို့ ကျန်ခဲ့တာ...အဲဒီတုန်းကဆို မေမေ့ကို သိပ်အားကျကြတာ...ချွေးမတွေကလည်း မေမေ့

www.burmeseclassic.com



ကို ချစ်တယ် လေးစားတယ်...''

အုပ်စိုးက အားတက်သရောပြောနေသည့် စကားသံသည် ရုတ်တရက် တိကနဲပြတ်သွားသောအခါ ပါတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်သွားသလိုထင်သည်။ ပင်လယ်အော်သံကိုပင် မကြားမိတော့။ နဘေးမှာ ငြိမ်သက်နေသည့်အရိပ်သည် မှုန်ပျပျအလင်းအောက်မှာပင် မျက်ဝန်းတို့ စိုစွတ်တောက်ပနေ၏။

''ပုန်းညက်ညို...''

နှစ်ယောက်လုံး မတိုင်ပင်ဘဲ ခြေစုံရပ်မိသွားသည်။

''ကျွန်မဘဝမှာတော့ အမေဆိုတာ အိပ်မက်တစ်ခုလိုဘဲ...''

*　*　*

''ဆောရီး...''

''ဘာကိုလဲ...''

''ပုန်းညက်ညို...အဲဒီအတွက် သိပ်ခံစားရလိမ့်မယ်ဆိုတာ...ကိုယ်မေ့သွားတယ်...ကိုယ်က မေမေ့အကြောင်း မိသားစုအကြောင်း ပြောနေရရင် အားလုံးကို မေ့နေတာ...''

''အစ်ကို့ကို အားကျလိုက်တာ...''

လက်ခနဲတောက်ပလိုက်သည့် မျက်ဝန်းတစ်စုံနှင့် အခိုက်အတန့် ဆုံလိုက်ရတော့ နီးနီးကလေးရှိနေသည့် ပင်လယ်ရဲ့တည်ရှိမှုကိုပင် မေ့လျော့သွားပြီး ပင်လယ်ဒီရေလှိုင်းတွေက အုပ်စိုးရဲ့ ရင်ဘတ်ထဲ ရုတ်ခြည်းရောက်လာသည်။ ဘယ်လောက်ပါးလျားသည့် အလင်းရောင်ဆိုပေမယ့် ပါးပြင်ပေါ်က မျက်ရည်စီးကြောင်းတွေက ပင်လယ်ရဲ့ နေ့လည်ခင်း ငွေမှင်ရောင်လို ကြည်လဲ့တောက်ပသည်။

[ငိုနေတာလား...]ဟု စိတ်ထဲမှာဘဲ မေးဖြစ်သည်။

မဟုတ်နိုင်ပါဘူးလေ...။

ဒါပေမယ့် ဝမ်းနည်းနေသည်ဆိုတာကိုတော့ သေချာသိနိုင်သည်။

''အစ်ကို့မှာ ညီအစ်ကိုတွေလည်း အများကြီး...သိပ်ကြင်နာတဲ့ အဖေနဲ့အမေလည်း ရှိတယ်နော်...လူတစ်ယောက်နဲ့တစ်ယောက် ကံကြမ္မာကပေးလာတဲ့ အရာတွေဟာ မတူနိုင်ဘူးလို့တော့ သိပါတယ်...ဒါပေမယ့်...ကိုယ်တိုင်ကျတော့မှ ဘာဖြစ်လို့ ဒီလောက်ဆိုးရွားရသလဲလို့ တစ်ခါတစ်ခါတော့လည်း တွေးမိတယ်...''

သွားဖွေးဖွေးလေးတွေ လက်ကနဲပေါ်လာသည်။ ပြုံးနေတာလား...

အဲသည်အပြုံးက နာကျင်နေမှာပါ။

''ကိုယ့်ကို မပြောချင်ဘူးလား...''

''ရှင်...''

မျက်နှာလေးမော်ကြည့်လာသည်။ အဲသည်မျက်နှာလေးဆီ နီးကပ်စွာ တိုးသွားချင်မိ၏။ လက်ဖျားတွေ အေးစက်ပြီး နှုတ်ခမ်းတွေက ခြောက်သွေ့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



''ပုန်းညက်ညိုရဲ့အကြောင်းတွေ ကိုယ့်ကို မပြောပြချင်ဘူးလား...''

''ဟင်အင်း...''

သူမ ခေါင်းယမ်းလိုက်တော့ ခံနိုင်ရည်နည်းပါးသူတစ်ယောက်လို ဝမ်းနည်းသွားပြန်သည်။

''ဘာကြောင့်လဲဟင်...''

ပုန်းညက်ညိုက ပင့်သက်ရှည်ရှိုက်ငင်သည်။

''သနားလိုက်တာ...ဆိုတဲ့ အကြည့်မျိုးတွေကို ကြောက်လို့ပါ...''

အခိုက်အတန့်လေး တိတ်ဆိတ်သွားသည်။ အုပ်စိုးရဲ့ နှစ်သိမ့်မှုကို သူမ ခါးသက်မည်လား။ ပြီးတော့ နှစ်သိမ့်မှုဆိုတာကို တကယ်ရော လိုအပ်ရဲ့လား...။

''အစ်ကိုသိလား...ကျွန်မငယ်ငယ်ကတည်းက အဲဒီလို အကြည့်တွေ အပြောတွေကို ခံလာခဲ့ရတာ...ကြာတော့ အဲဒီလို လူတွေကို မုန်းလာတယ်...ကိုယ့်ကိုယ်ကိုလည်း မုန်းလာတယ်...ဘာကြောင့် လူတွေရဲ့ အသနားခံဘဝကို ရောက်ခဲ့ရတာလဲ...လို့လေ...''

''အဲတော့ ကျွန်မပါတ်ဝန်းကျင်ကနေ ထွက်ပြေးချင်လာတယ်...အရက်သမားတစ်ယောက်ရဲ့ သမီးဖြစ်ရလို့ လူတွေက သနားတယ်ဆိုတာကို ကျွန်မခံနိုင်ပါတယ်...အမေကစွန့်သွားတဲ့ ကလေးလို့ သိကြတဲ့ပါတ်ဝန်းကျင်က သနားတာကို ကျွန်မ မခံနိုင်ဘူး...''

''ကျွန်မအမေကို အကြင်နာတရားမရှိဘူးလို့ သတ်မှတ်ပြီး ကိုယ်တိုင်က နာကြည်းနေရတာကို မလိုချင်ဘူး...မဖြစ်ချင်ဘူး...ကျွန်မ နာကြည်းချက်တွေနဲ့ အသက်ရှင်နေရတဲ့သူ မဖြစ်ချင်ဘူး...ဖေဖေ့ကိုလည်း မဖြစ်စေချင်ပါဘူး...''

တော်ပါတော့ ပုန်းညက်ညို...

ပြီးခဲ့သမျှတွေကို ထားရစ်ခဲ့ပါတော့...။

ဖြန်းကနဲ သူမရှေ့မှာ ရပ်မိသည်။ အလင်းပါးပါးအောက်မှာ မျက်ရည်စက်တွေကို မြင်ရမည်မျှော်လင့်ပေမယ့် သူမရဲ့ပါးပြင်မှာ မျက်ရည်တွေမရှိပါ။

ဖြောင့်စင်းသော ဆံပင်သည် မျက်နှာပြည့်ပြည့်လေးကို အနားသတ်ပေးထားပြီး ပုခုံးနှင့်လည်တိုင်မှာ ဝေ့ဝိုက်ဖြာကျနေသည်။ မျက်တောင်တွေ တဖျတ်ဖျတ်ခတ်ပြီး နီရဲသောမျက်ဝန်းအိမ်က မျက်ရည်စတွေ ထိန်းသိမ်းနေသည့် မိန်းကလေးသည် အုပ်စိုးရင်ထဲ တစ်စတစ်စစိမ့်ပတ်ချည်နှောင်လာသည့် နှယ်တစ်ပင်ဘဲဆိုတာ ခုတော့ သေချာသွားပြီ။ အဲသည် ရင်ဘတ်ထဲမှာ ဘာတွေများ ပြည့်သိပ် လှုပ်ရှားနေခဲ့တာပါလိမ့်။

''ပုန်းညက်ညို...''

ဆတ်ကနဲတုန်လှုပ်သွားသည့် နှုတ်ခမ်းလွှာထူထူလေးတွေဆီက နီးကပ်ဆဲမှာဘဲ လက်ကနဲ စီးကရက်လင်းသွားသည်ကို မြင်လိုက်ရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



''ဦးမောင် ခြေထောက်က တော်တော်လျှောက်နိုင်နေပြီဘဲ''

''အင်း…''

သူက မျက်တောင်မခတ်ဘဲ ပင်လယ်ဆီငေးကြည့်နေသည်။ လ,ဆုတ်ည၏ အလင်းရောင်သည် ညဥ့်နက်ကာမှဘဲ အရှိန်ရလာ၏။ ကျောက်ဆောင်ပေါ်မှာ မားမားမတ်မတ်ရပ်နေသည့် သဏ္ဌာန်သည် ကျောက်ဆစ်ရုပ်တု တစ်ခုနှယ်ပင်…။

''လျှောက်နိုင်လို့လည်း မင်းတို့ဆီ ရောက်လာတာပေါ့…''

''ကျွန်တော်လိုက်ပို့မှာပေါ့ ဦးမောင်ရာ…ပုန်းညက်ညိုကို ကျွန်တော်တစ်ယောက်တည်း ပြန်လွှတ်ပါ့မလား…''

''မင်း…လိုက်ပို့မှာကိုဘဲ…ကိုယ်ကကြောက်တာပါ…''

''ဗျာ…''

အုပ်စိုးကရှက်ရယ် ရယ်မိပေမယ့် သူကတော့ မရယ်ပါ။ ဆံပင် တွေထဲ လက်ချောင်းတွေထိုးဖွပစ်ရင်း နောက်ထပ် ဘာစကားဆိုရမည် ဆိုတာ မစဉ်းစားတတ်အောင် ဖြစ်နေဆဲ…သူက ပင့်သက်ရှည်ရှိုက် လျက် အပြန့်ကျယ်သော ကျောက်ဆောင်ပေါ် ထိုင်ချလိုက်သည်။

သူ အရက်မူးနေသည်ဟု မထင်ပါ။ ခုတလောမှာ ခြေထောက် အနာကြောင့် အပြင်မထွက်ရသည်မို့လားမသိ။ သူ့အခြေအနေ အရင် လောက်မဆိုးရွားတော့။ အုပ်စိုးနှင့် ချက်စိကစားနေရလျှင် စိတ်တည် ငြိမ်နေသည်ဟု ထင်ရသည်။ ဘယ်လောက်ဘဲ မူးမူး၊ ဘယ်လိုဘဲ အခြေပျက်ပျက် သမီးဖြစ်သူရဲ့ အရိပ်သည် သူ့မျက်လုံးထဲမှာ အမြဲ ထင်ဟပ်လျက်ရှိ၏။



''မင်း…ကိုယ့်သမီးကို ကြိုက်နေသလား…''

''ဗျာ…''

''ပုန်းညက်ညိုကို ကြိုက်နေသလားလို့ မေးတာ…''

သည်လောက် ဖြောင့်ကျသည့်မေးခွန်းကို ရင်ဆိုင်ဖို့ အုပ်စိုး ဘယ်လိုမှ မျှော်လင့်မထားမိပါ။ ခပ်စောစောက ပုန်းညက်ညိုအနားမှာ ရှိနေစဉ်ကထက်ပင် နှလုံးအိမ်က ပိုခုန်လာသည်။ ခြေဖျားလက်ဖျား တွေ အေးစက်လာသည်။ သည်မေးခွန်းက ချိန်ကိုက်ဗုံးတစ်လုံးလည်း ဖြစ်နိုင်သည်။ သို့ပေမယ့် လူကြားကောင်းရုံ လိမ်ညာရနိုင်သည်လည်း မဟုတ်။

''ဟုတ်…ဟုတ်ကဲ့…''

''သြော်…''

''ကျွန်တော့်ဘာသာ စိတ်ထဲရှိနေတာပါ…ပုန်းညက်ညို မသိ သေးပါဘူး…''

''သိအောင်ပြောမယ်လို့ စိတ်ကူးထားတယ်ပေါ့…ပြီးတော့ ရော…မင်း သူ့ကိုလက်ထပ်မှာလား…''

မိနစ်အတော်ကြာအောင် အုပ်စိုး နှုတ်ဆိတ်နေသည်ကို သူ စိတ်ရှည်လက်ရှည်စောင့်နေသေးသည်။ အဖြေမရှိဘာတော့ မဟုတ်ပါ။ သို့ပေမယ့် ဘယ်အရာကိုမှ ခဲယဉ်းသည်မထင်ခဲ့သည့်အုပ်စိုးအဖို့ မေးခွန်းတစ်ခုကိုဖြေဖို့ နဘေးမှာရှိနေသည့် လူကြီးကို ထိတ်လန့်တွန့် ဆုတ်နေမိသည်။ ခန္ဓာကိုယ်ပေါ် ပုစွန်လုံးတွေ ကင်းခြေများတွေ အကောင်ထောင်သောင်း တရွရွတက်နေသလိုပင်။

''ဟော့…မေးနေတယ်လေကွာ…''

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုး ဆတ်ကနဲတုန်သွားသည်။

"သူဖက်က လက်ခံမယ်ဆိုရင်…ကျွန်တော် သူ့ကိုလက်ထပ်နှ၁ပါ…"

"အံမယ်…သူ့အဖေက လက်ခံမခံဆိုတာ အရင်မေးစမ်းပါဦးလေ…."

"ဦးမောင်က ကျွန်တော့်ကိုမကြည်ဘူးပေါ့…"

"ခင်း…ဘာကောင်မှန်းမသိသေးဘဲ…ဘယ်လိုကြည်ဖြူရမလဲ…မင်းကို သစ်ပင်စိုက်တဲ့ကောင်ဆိုတာကလွဲပြီး ဘာမှသိသေးတာမှ မဟုတ်ဘဲ…"

"ဦးမောင်…"

သူက ပြန်ထူးဖို့တာဝန်မရှိဘူး ထင်ဟန်တူသည်။ ရေလှိုင်းသံတွေ ကဝုန်းဝုန်းဆူညံနေသော ပင်လယ်သည် ဘယ်တော့မှ ငြိမ်သက်နေသည်မရှိ။

"ပုန်းညက်ညိုကို ကျွန်တော် လက်ထပ်ပါရစေ…ပြီးတော့ ဦးမောင်ကိုလည်း ကျွန်တော်စောင့်ရှောက်ပါရစေ…"

သူက ဟက်ကနဲ ခပ်တိုးတိုးရယ်မောလိုက်သည်။

"ဟာသေးတယ်…မင်း စောင့်ရှောက်ရအောင် ငါက ဘာဖြစ်နေလို့လဲ…နည်းနည်း အရောဝင်မိတာနဲ့ အရှိအသေတန်လာပြီ…"

"မဟုတ်ပါဘူး…ဦးမောင်ရာ…ကျွန်တော်က ဦးမောင်ကို ကျွန်တော့်အစ်ကိုတွေလိုဘဲ သံယောဇဉ်ဖြစ်ပြီး ရင်းနှီးမိလို့ပါ…ကျွန်တော့်အစ်ကို အကြီးဆုံးက လေးဆယ့်ငါးနှစ်ရှိပြီ…အစ်ကိုလတ်က လေးဆယ့်သုံး…ဦးမောင်နဲ့ရွယ်တူတွေပေါ့…ဦးမောင်ကိုတွေ့တော့ ကျွန်တော့်အစ်ကိုကြီးတွေလိုဘဲ ကျွန်တော့်စိတ်ထဲက ရင်းနှီးတယ်…ဦးမောင်ကို ကျွန်တော် မလေးစားလို့မဟုတ်ပါဘူး…ပုန်းညက်ညိုကိုလည်း ကျွန်တော်က ညီမလေးတစ်ယောက်လို…ပြီးတော့…"

"တော်ပါကွာ…အသားလိုလို့ အရိုးတောင်းမနေစမ်းပါနဲ့…"

"ဟောဗျာ…ခက်ပြီ…"

ရယ်မောသံမကြားရပေမယ့် အခြေအနေမဆိုးဘူးထင်သည်။ ပုန်းညက်ညိုကတော့ စိတ်ပူနေလိမ့်မည်။ အိမ်အပြန်တွဲခေါ်ဖို့ အေးစက်တက်ကျောက်ဆောင်ပေါ် ထိုင်နေရာကနေ ခုန်ဆင်းလိုက်သည်။

"ပုန်းညက်ညိုရဲ့ဘဝကို မင်းက ဘယ်လောက်သိလို့လဲ…"

* * *

"ကျွန်တော်…သိဖို့မလိုဘူး ထင်တယ်…"

"အိမ်ထောင်ရေးဆိုတာကို မင်းက…အလွယ်တွေးတာကိုး…ယောက်ျားနဲ့မိန်းမ လက်ထပ်ပြီးရင် အရာအားလုံးက ပြီးဆုံးသွားပြီလို့ ထင်ကြတာကိုး…အသက်နှစ်ဆယ်ကျော် လူငယ်တွေရဲ့အတွေးပေါ့ကွာ…ငါလည်း ဘစ်ချိန်ကတော့ ဒီလိုတွေးခဲ့တာဘဲ…အသက်နှစ်ဆယ်ဆိုတဲ့အချိန်ကို ဖြတ်သန်းခဲ့ရတာကိုး…"

www.burmeseclassic.com



"ဦးမောင်ရဲ့ဘဝမှာ ဘယ်လိုစိတ်ဆင်းရဲစရာတွေ နာကြည်းစရာတွေ ကြုံခဲ့ရတယ်ဆိုတာ ကျွန်တော်မသိပါဘူး ဦးမောင်…ဒါပေမယ့်…ကျွန်တော်သာ ဦးမောင်နေရာမှာဆိုရင် ဘဝရဲ့အဆိုးတွေကို အကြာကြီး သိမ်းမထားဘူး…ဘဝကို ပျော်စရာ စိတ်ချမ်းသာစရာနဲ့ အနိုင်ပိုင်းရမယ် မဟုတ်လား…"

နှုတ်ခမ်းကိုမဲ့လျက် သူက ခေါင်းယမ်းနေသည်။

"ကိုယ့်ဘဝမှာ ဘာများပျော်စရာ စိတ်ချမ်းသာစရာရှိလို့လဲ… တစ်ယောက်ယောက်ကိုချစ်ရ မုန်းရတဲ့ဒုက္ခဆိုတာ မင်း တွေးသလောက် မလွယ်ပါဘူး အုပ်စိုးရာ…"

သူက အုပ်စိုးရဲ့ပုခုံးကို ဖျတ်ကနဲပုတ်သည်။ သူ့လက်ကို ဖမ်း ဆုပ်ထားလိုက်ပြီး ပခုံးပေါ်ကနေ သိုင်းထားလိုက်တော့ သူက ဆတ် ကနဲတွန့်သွားပြီး…

"မင်းက ငါ့ကို မူးနေတယ်ထင်လို့လား…"

ဟု အာလုပ်သံဖြင့် ပြောသည်။

"မထင်ပါဘူး…ဒါပေမယ့် ကျွန်တော်ကအကျင့်ပါနေပြီ…"

"ကိုယ်နဲ့ဆုံတိုင်း ဒီလိုတွဲခဲ့ရတယ်လို့ ပြောချင်တာလား…"

"တစ်သက်လုံး တွဲဆိုလည်း တွဲမှာပါဗျာ…ဒါပေမယ့် ဦးမောင်ကို ဒီလိုပုံစံမျိုးနဲ့ မမြင်ချင်တာတော့ အမှန်ဘဲ…ဦးမောင် ပုန်းညက်ညိုကို မချစ်ဘူးလား…"

သူ့ခြေလှမ်းတွေ တုန့်သွားသည်ဟု ထင်သည်။

"ပုန်းညက်ညိုအတွက်…အရက်ဖြတ်လိုက်ပါဗျာ…"

ဆိုတော့ သူက ရုတ်တရက် ကြောင်အမ်းတိတ်ဆိတ်သွားပြီးမှ



နာကြည်းသံဖြင့် တဟားဟားအော်ဟစ်ရယ်နေတော့သည်။

"ပုန်းညက်ညိုကြောင့် ငါ…အရက်သောက်ဖြစ်ခဲ့တာ…မင်းသိလား အုပ်စိုး…ပုန်းညက်ညိုကို ငါချစ်တယ်…မုန်းလည်းမုန်းတယ်…"

"ဗျာ…"

"သူ…ငါ့အနားမှာရှိနေတာ ငါ့ရဲ့အာရုံတွေကို သတိပေးနေသလိုဘဲ…"

ခန္ဓာကိုယ်တစ်ခုလုံး ကျောက်ရုပ်တစ်ရုပ်လို တောင့်တင်းသွားသလား ထင်လိုက်မိသည်။

"ဦးမောင်…ဒီလိုမပြောပါနဲ့ဗျာ…သူ့ခမျာ ဦးမောင်ကို ဘယ်လောက်ချစ်သလဲ…ဦးမောင်အတွက် ဘယ်လောက်စိုးရိမ်ရှာသလဲ…သူမရှိရင် ဦးမောင်ရဲ့ဘဝ ဘယ်လောက်အထီးကျန်မလဲ…အဲဒါကို ဦးမောင် စဉ်းစားမိရဲ့လား…"

သူက အုပ်စိုးရဲ့ပုခုံးပေါ်ကလက်ကို ဖြုန်းကနဲရုပ်ပစ်လိုက်သည်။ ပြီးတော့ ခြေလှမ်းတွေကို ရပ်ပစ်လိုက်ပြီး အုပ်စိုးကို စူးစူးဝါးဝါးကြည့်နေ၏။ အေးခဲတောင့်တင်းသွားသည့် ခန္ဓာကိုယ်ထဲက သွေးတွေ ဆူပွက်မတတ် ပူနွေးလာပြန်သည်။

"အဲဒါဆိုရင်လည်း…မင်း…ငါ့သမီးကို ဘာဖြစ်လို့ လုသွားဦးမှာလဲ…ငါ့ဘဝထဲက ငါ့သမီးကို မင်း…ဘာကြောင့် ခေါ်ထုတ်သွားမှာလဲ…"

"ဟာ…မဟုတ်ဘူး…ဦးမောင်…"

"တော်စမ်းပါကွာ…"

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးရဲ့ရင်ဘတ်ကို တွန်းပစ်ခဲ့ပြီး အမှောင်ထုထဲမှာ ခပ်ယို
ယိုင် ခြေလှမ်းများဖြင့် သူပျောက်ကွယ်သွားတော့သည်။

* * *



"နက်ဖြန် . . . ပြန်တော့မှာဆို . . ."

မြင်နေကျ အပြာရောင်ဝတ်စုံလေးသည် သည်နံနက်ခင်းမှာမှ အ[illegible]ရောင်မှုန်မှိုင်းနေသလိုထင်၏။ နှုတ်ခမ်းထူပြည့်ပြည့်မှာ ပန်းနုရောင် နှ[illegible]ခမ်းဆိုးဆေး ဆိုးထားပေမယ့် နှုတ်ခမ်းလွှာတွေက သွေ့ခြောက် [illegible]သည်။ လည်တိုင်အောက်မှာ ဆံပင်ကို ခပ်ရှင်းရှင်းထုံးဖွဲ့ထား[illegible]ည်မို့ [illegible]ျက်နှာပြည့်ပြည့်လေး ထင်ရှားပေါ်လွင်နေသည်။ ဘယ်လိုဘ[illegible]ကြည့် ကြည့် အားနည်းချက်တစ်ခုနှင့် သိမ်ငယ်ဝမ်းနည်းတတ်သည့် နှလုံး သားသည် မျက်နှာမှာ ထင်ဟပ်ပေါ်လွင်လျက်ပင်။

"ဟုတ်တယ်လေ . . ."

"ဖေဖေ့ကြောင့်လား . . ."

"ဟာ . . . မဟုတ်ပါဘူး . . ."

မျက်နှာသုတ်ပုဝါအသေးလေးကို ပုခုံးပေါ်ပစ်တင်ပြီး အိခန်း [illegible]တံခါးကိုဂိတ်လျက် ရေ့ဖက် လ,သာဆောင်ဆီ ထွက်လိုက်သည်။ သူမက [illegible]င်နှစ်ဖက်ပိုက်ပြီး ရပ်လျက်ပင် . . .။

www.burmeseclassic.com

www.burmeseclassic.com



"ပြောထားသားဘဲ…ဒီတစ်ပါတ်ထဲ ပြန်ဖြစ်မယ်လို့…အဲဒါကြောင့် ပုဇွန်ခြောက်တွေ ငပိစိမ်းစားတွေ မှာထားတာပေါ့…"

"ဒါပေမယ့်…ချက်ချင်းကြီးလိုဘဲဆိုတော့…မနေ့ညကလည်း မေမေနဲ့ အကြာကြီး စကားတွေပြောနေကြတာဆိုတော့…တစ်ခုခုများ…"

"စိတ်ပူနေတယ်မဟုတ်လား…"

ခေါင်းညိတ်မိ၀န်မခံပေမယ့် မျက်လွှာချပြီး တိတ်ဆိတ်နေတာကရင်ထဲ မြားတစ်စင်း ခပ်ပြင်းပြင်း၀င်လာသလို ဂရုဏာစိတ်ဖြင့် နာကျင်စေသည်။ ပုန်းညက်ညိုကို ထိုင်ပါ…လို့ မပြောဖြစ်ဘဲ ကိုယ်တိုင်လည်း လက်ရန်းတွေမှာသာ မှီရရုံတိုင်ဖြစ်သည်။ နံနက်ဆို အိပ်ယာထ, နေမြင့်နေကျမို့ အုပ်စိုးသည် ခုထိ ခပ်ပါးပါးတီရှပ်ဖြူနှင့် ကာကီရောင် ဘောင်းဘီတိုပွပွကြီး ၀တ်လျက်သာရှိနေသေးသည်။ အဲသည်အ၀တ်အစားအဆင်အပြင်ကြောင့် ကိုယ်တိုင် အနေကျူ့ရသလို ပုန်းညက်ညိုလည်း မျက်စိနောက်စရာဖြစ်နေမည်လား တွေးပူသည်။

ဒါပေမယ့် မျက်စိရှေ့မှောက်မှာ ရှိနေရသည့် အချိန်ကလေးကတိုတောင်းလှသည်မို့ နည်းနည်းမှမဆုံးရှုံးရချင်။

"မစိုးရိမ်ပါနဲ့…ဦးမောင်နဲ့ကိုယ် ဘာမှမဖြစ်ပါဘူး…ဒီရက်မှာပြန်ဖို့ အစောကြီးကတည်းက စီစဉ်ပြီးသားပါ…ဒီနေ့လည်း ပုန်းညက်ညိုကို ပြောဖို့ပါဘဲ…သတင်းရတာက ပိုမြန်သွားလို့…"

"ပြန်လာမှာလား…"

"ကိုယ်လား…ပြန်လာရမှာပေါ့…"

"ဒါပေမယ့်…အလုပ်ကပြီးပြီဆို…"



ပုန်းညက်…ရယ်…။

ကိုယ် ဒီအတိုင်းထွက်သွားနိုင်မယ်ပဲ့မျှား ထင်နေသလား ကွယ်…။

"အင်း…ပြီးတော့ပြီးပြီ…ဒါပေမယ့် အပင်ဆိုတာ ဘယ်တော့မှ မနွမ်းတဲ့ မသေတဲ့အမျိုးမှမဟုတ်ဘဲ…သူတို့ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ နည်းလမ်းတွေ၊ ပစ္စည်းတွေ လိုဦးမှာပေါ့…ကိုယ်က ရန်ကုန်ရောက်ပြီးရင် မန္တလေးခဏပြန်ရလိမ့်ဦးမယ်ထင်တယ်…မေမေတို့နဲ့လည်း မတွေ့တာကြာပြီ…"

"ညမှ အေးအေးဆေးဆေး နှုတ်ဆက်မယ်လို့ဘဲ…ည အချိန်ရရင် ခဏတွေ့လို့ရမလား…"

အောက်နှုတ်ခမ်းလေးကို ကိုက်လျက် ခပ်ဖြည်းဖြည်းခေါင်းရမ်းသည်။

"ညတော့မအားဘူး…ဒီည ကျွန်မဂျူတီလေ…မနက် ဘယ်အချိန်သွားမလဲ…"

"မနက်တော့ အစောကြီးထွက်မှာမို့…ငါးနာရီလောက်သွားမယ်…"

"ဒါဆို ဂျူတီမ၀င်ခင် ပုဇွန်ခြောက်ထုပ်တွေ လာပို့ထားလိုက်မယ်လေ…"

"ကိုယ်…လာယူပါ့မယ်…"

အုန်းတောဖက်သို့ လည်တိုင်ကိုစောင်းလျက် သူမငေးနေသည်။ လက်ရန်းမှာ ခပ်တည်းတည်းမှီနေရာကနေ ထ,ပြီး ပုန်းညက်ညိုရဲ့အနား ခြေတစ်လှမ်း နှစ်လှမ်းဖြင့် ရောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ပုန်းညက်ညို…"

"ကျေးဇူးတင်ပါတယ်နော်…"

စကားသံနှစ်ခု လမ်းခုလတ်မှာပင် ခလုတ်တိုက်မိကြမည်ထင်သည်။ ပြိုင်တူ ရယ်မိကြ၏။ သူမက…

[ဘာပြောမှာလဲ…]ဟု အုပ်စိုးကို ထပ်မမေး…။

"ဘာတွေကျေးဇူးတင်ပြန်တာလဲ…"

"ဖေဖေ့ကို နားလည်ပေးတဲ့အတွက်ပါ…"

"ကိုယ့်ကို ကျေးဇူးဆိုတဲ့စကားမပြောပါနဲ့လား…ဦးမောင်ကို ကိုယ် တကယ်ဘဲ သံယောဇဉ်ဖြစ်မိတယ်…ဘာကြောင့်မှန်းမသိဘူး…သူ ကိုယ့်ကို ဘယ်လိုဘဲထင်ထင် ဘယ်လိုဘဲမြင်မြင်…ကိုယ်ကတော့ ဦးမောင်ကို ကိုယ့်အစ်ကိုကြီးနဲ့ တန်းတူထားပြီး ရင်းနှီးနေမိတယ်…"

"ည…က…"

ပြောမည်ပြင်ပြီးမှ ပုန်းညက်ညိုက နှုတ်ဆွံ့နေသည်။

"ဘာကို စိုးရိမ်ပြန်ပြီလဲ…"

"အစ်ကိုကို ဘာတွေများ ရစ်နေသေးလဲလို့…"

"သြော်…"

ဘောင်းဘီနောက်ဖက်အိတ်တွေထဲ လက်ထိုးထည့်ထားရင်း ခြေထောက်တွေက ကြမ်းခင်းပေါ် ဘယ်ကလွင့်လာမှန်းမသိသည့် ကျောက်စရစ်ခဲသေးသေးကို ခတ်ကစားရင်း တဒိတ်ဒိတ်လှုပ်ရှားနေသည့်ရင်ခုန်သံကို ဖုံးကွယ်ဖို့ ကြိုးစားမိသည်။

ပုန်းညက်ညိုရဲ့ မျက်ဝန်းတွေထဲတော့ ဘည့်တည့်မကြည့်ရဲ…



"သူ့သမီးကို ကြိုက်နေသလားလို့ မေးဟာပေါ့…"

"ဟယ်…"

ဖြန်းကနဲ သွေးရောင်ရှမ်းပြီး နီမြန်းမြန်းဖြစ်သွားသည့် မျက်နှာကို လှစ်ကနဲသာမြင်လိုက်ရပြီ ပုန်းညက်ညိုက အုပ်စိုးကို ကျောခိုင်းပြေးထွက်သွားတော့သည်။

"ဟော့…နေဦးလေ…"

* * *

"ဒီနှစ်ယောက် ဘယ်လိုဖြစ်နေတာလဲ…တုပ်ဆီးတိုးနေတာလား…"

ဟု မာလာက ပြုံးစစမေးသည်။

"ဗျာ…ဘာဖြစ်လို့လဲ…"

"စောစောကတင် ယုနီဖောင်းနဲ့မြင်လိုက်သေးတယ်…ဂျူတီသွဲ့ယူရမယ်ဆိုပြီး…ခုဘယ်ပျောက်သွားပြန်တာလဲ မသိဘူး…"

"ကျွန်တော် နက်ဖြန်ပြန်မှာမို့ လာနှုတ်ဆက်တာပါ…"

"သြော်…ဟုတ်တယ်…ပုရွန်ခြောက်လက်ဆောင်ပေးဖို့ မှာထားတာဆို…အိမ်များသွားပြန်ယူတာလားမသိဘူး…"

"ကျွန်တော် အိမ်ရောက်ခဲ့ပြီးပါပြီ…ပုရွန်ခြောက်တွင်လည်း ယူပြီးပြီ…"

www.burmeseclassic.com



"ဟောတော်…"

မျက်လွှာပင့်ပြီး မာလာကြည့်လိုက်သည့်အကြည့်ကို ချက်ချင်းပင် သဘောပေါက်နားလည်လိုက်သည်။

"ကျွန်တော် အကြွေးပြန်တောင်းမှာစိုးလို့ ရှောင်နေတာဖြစ်မယ်…"

ဟု ရယ်ကာမောကာ ပြောဖြစ်သည်။

"ပုန်းညက်က…ဦးအုပ်စိုးဆီက ဘာတွေများချေးထားလို့လဲ…ပိုက်ဆံတော့မဖြစ်နိုင်ပါဘူးနော်…"

"ကျွန်တော်…စာတစ်ကြောင်းနှစ်ကြောင်း ရေးခဲ့မယ်…"

"မာလာ့အတွက်လား…"

နှုတ်ခမ်းတွေက မနည်းကြိုးအားယူပြီး တည်ထားရသည်မှာ သိသာလှသည်။

"သိရက်သားနဲ့ဗျာ…"

အင်္ကျီအိတ်ထဲက ဘောလ်ပင်အနက်ရောင်ကို ဆွဲထုတ်လိုက်စဉ်…

"ဦးအုပ်စိုး…"

ဟု မာလာ့ခေါ်သံကို ကြားလိုက်ရသည်။

"ဗျာ…"

"နက်ဖြန်ပြန်တော့မှာကို ဘာဖြစ်လို့ ကြိုးတွေရှုပ်ချင်ရတာလဲ…မာလာ့သူငယ်ချင်းက ရိုးရိုးအေးအေးလေးနော်…ပြီးတော့ သိပ်အားငယ်တတ်တာ…သံယောဇဉ်တွေ ပိုအောင်မလုပ်ခဲ့နဲ့…"

မာလာ နောက်ပြောင်ကျီစယ်နေသည်မဟုတ်မှန်း သိသည်။



ဒါပေမယ့် မာလာ့စိုးရိမ်စိတ်ကို အမှန်တကယ်ပင် ကိုယ်ချင်းမစာနိုင်ခဲ့…။

"ကျွန်တော်…ဘာမှမလုပ်ပါဘူး…ဒါမျိုးက လုပ်ယူလို့ရတာမဟုတ်ဘူး…သူ့ဘာသာသူ ရင်ထဲမှာဖြစ်လာတာမျိုး…ဒါတွေ မာလာနားမလည်ပါဘူးဗျာ…ရည်စားထားဖူးလို့လား…"

"အံမယ်မယ်…ကြည့်စမ်း…သူများကို နောက်စရာလား…မထားဖူးတော့ ဘာဖြစ်လဲ…ရည်းစားမရှိလို့ လူရာမဝင်ဘူးဆိုတာမျိုးများ ရှိသေးလား…"

မာလာက တကယ့်နှုတ်သီးကောင်း။ ပြီးတော့ ခင်မင်စရာလည်းကောင်းသည်။ စိတ်ထားလည်းဖြောင့်မတ်သည်။ ပုန်းညက်ညိုမှာ မာလာ့လို သူငယ်ချင်းကောင်းတစ်ယောက်ရှိနေတာဘဲ ကောင်းခြင်းတစ်ရပ်ပါဘဲ…။

စာရွက်ဖြူဖြူပိုင်းလေးမှာ စာနှစ်ကြောင်းရေးပြီး လက်မှတ်ထိုးလိုက်သည်။

* * *

ပုန်းညက်ညို…

ပြန်ဆုံဦးမှာမို့ နှုတ်မဆက်တော့ပါဘူး…

ကိုယ့်ကို ရှောင်မနေပါနဲ့…။

www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့တွေ့ရင် ပေးလိုက်ပါ…"

"မတွေ့ရင် မာလာ သိမ်းထားလိုက်ရမှာလား…"

လို့ မာလာက နောက်ဖြစ်အောင်နောက်လိုက်သေးသည်။

ပုန်းညက်ညိုအတွက်လို့ ရည်ရွယ်ထားဘာမို့…။

"နက်ဖြန် ဘယ်အချိန်သွားမှာလဲ…"

"မနက်ငါးနာရီထွက်မယ် မာလာ…ရန်ကုန်ကို စောစောဝင်ချင်လို့…"

"ဒါဆို…တစ်ခါတည်း နှုတ်ဆက်လိုက်တယ်နော်…"

တမင် မာလာ့အနား နီးကပ်သွားအောင် ကိုယ်ကိုကိုင်းပြီး…

"ကျွန်တော်…ပြန်လာဦးမှာပါ…"

လို့ပြောတော့ မာလာက အုပ်စိုးကို မျက်စောင်းလှည့်ထိုးပြီး ဟက်ဟက်ပက်ပက်ရယ်နေသည်။

* * *

ကိုသိန်းလွင်ရဲ့ မျက်ခုံးနှစ်ဖက်က ထိလုမတတ် ကျုံ့သွားပြီး အုပ်စိုးကို အချိန်အတော်ကြာအောင် စိုက်ကြည့်နေသည်။ အုပ်စိုးက တော့ မှန်ချပ်တွေရဲ့ ဟိုဖက်က တိတ်ဆိတ်သော ပင်လယ်ကိုသာ ငေးမိ၏။ ပင်လယ်ကို မြင်နေရပြီး ရေလှိုင်းသံမကြားဘဲ တိတ်ဆိတ်နေတော့လည်း တစ်မျိုးကြီးပါဘဲ…သဘာဝမကျဘူး ထင်မိသည်။



…ဆောင်ခတ်ထားသည့် ပင်လယ်ပန်းချီကားကို ကြည့်နေရသလိုပါဘဲ။

"ခင်ဗျား…တကယ်ပြောနေတာလား…"

"ဘာဖြစ် ဦ့လဲဗျာ…ဒီကိစ္စက ဒီလောက်တောင် အံ့သြတကြီးဖြစ်စရာကောင်းလို့လား…"

"သိပ်မြန်လွန်းတာကိုးဗျ…"

"အချိန်ကာလမြန်လွန်းရင် မဖြစ်နိုင်ဘူးတဲ့လား…"

"မဲသေချာမှာစိုးလို့ပါဗျာ…"

"ကျွန်တော် ခင်ဗျားတစ်ယောက်ထဲကိုဘဲ ပြောတာပါ…တခြား ဘယ်သူမှ မသိသေးဘူး…"

"ပုန်းညက်တောင် မသိသေးဘူးလို့ ဆိုလိုတာလား…"

"အမှန်ဘဲ…"

ကိုသိန်းလွင်က ကော်ဖီပန်းကန်ကို အုပ်စိုးရှေ့စားပွဲပေါ်မှာ…တင်လိုက်သည်။ သူကိုယ်တိုင်လည်း ကော်ဖီမတ်ခွက်ကို ယူလာပြီး …ုပ်စိုးနှင့် မျက်နှာချင်းဆိုင် ရွှေအိုရောင်ဆိုဖာဆက်တီပေါ်မှာ ဒူးနှစ်…က်ချိတ်ပြီး ထိုင်လိုက်သည်။

"ဒါက ဘာသဘောလည်း ဆုတ်သာတက်သာရှိအောင် လုပ်…တာလား…"

တခြားသူတစ်ယောက်သာဆိုလျှင်တော့ စိတ်ဆိုးရမည့်မေးခွန်း…ပေါင်။ သို့ပေမယ့် ကိုသိန်းလွင်ရဲ့သဘောကို အုပ်စိုးနားလည်သည်။

"ကျွန်တော့်ဖက်က အားလုံးသေချာအောင် စီစဉ်ပြီးပြီဆိုရင်……ျွန်တော် သူ့ကိုဖွင့်ပြောမယ်…ဒီကြားထဲမှာ အနှောက်အယှက်…ောက်အခဲရှိရင်…သူ့ကို စိတ်မဆင်းရဲစေချင်ဘူးလေ…"

www.burmeseclassic.com

www.burmeseclassic.com



"ဦးမောင်ကိုရော..."

"ဗျာ..."

"ဦးမောင်ကို ခင်ဗျား...အင်း...ခင်ဗျားတို့မိသားစုက လက်ခံနိုင်ပါ့မလား..."

ဒါကတော့ ကိုသိန်းလွင်အနေနှင့် မေးသင့်သည့်မေးခွန်းဖြစ်သည်။

"ကြိုးစားကြည့်ရမှာဘဲ...ဦးမောင်က ကျွန်တော်တို့မိသားစုထဲ ဝင်လာမှာမဟုတ်ဘူးဆိုတာတော့ သေချာတယ်..."

ကော်ဖီကို တစ်ငုံငုံလိုက်သည်။ ခါးပြင်းသည့် ကော်ဖီအရသာသည် ခပ်ထိုင်းထိုင်းဦးနှောက်ကို လန်းဆန်းသွားစေနိုင်၏။

"ကြည့်လုပ်ပါဦး အုပ်စိုးရယ်...ဒီလူကြီးက စိတ်မထင်ရင်မထင်သလို ဘုကျတတ်တဲ့လူကြီး...ပြီးတော့ သူ့သမီးကိုရော သူကဆုံးဖြတ်ခွင့်ပေးပါ့မလား...ကျွန်တော်ထင်တယ်...ပန်းညက်ကတော့ သူ့အဖေကို ဘယ်တော့မှ လွန်ဆန်မှာမဟုတ်ဘူး...ဒီ[illegible]တစ်ယောက်တည်းကိုသာ သူ့တစ်သက်မှာ တွယ်တာပြီး နေလာခဲ့[illegible] ကိုးဗျ..."

အခန်းထဲမှာ စကားသံတိတ်ဆိတ်သွားသည်။ နှစ်ယောက်လုံး ကော်ဖီတစ်ခွက်စီဖြင့် ငြိမ်သက်နေကြ၏။ အတော်လေးကြာမှ ကိုသိန်းလွင်က...

"ကိုလေးကို ခေါ်လာမယ်ပေါ့..."

ဟု မေးသည်။

"အဲလိုဘဲစဉ်းစားထားတယ်...ကိုလေးကိုဘဲ ဖွင့်ပြောပြီး ဒီရောက်အောင်ခေါ်လာရမှာဘဲ..."



"ဟော့လူ...ပန်းညက်ညိုက ကျွန်တော်တို့မနောပွင့်နဲ့ စာချုပ်ချုပ်ထားတာနော်...သုံးနှစ်ဘွန်းရှိတယ်..."

"သုံးနှစ်မကလို့...နှစ်သုံးဆယ်ဖြစ်ဖြစ်ဗျာ..."

"စောင့်မယ်ပေါ့..."

"ထွက်ခိုင်းလိုက်မယ်..."

"ဟော့လူ..."

"ကျွန်တော်လျော်ကြေးပေးမှာပေါ့ဗျာ..."

"ခင်ဗျား...ငွေစကားသိပ်မပြောနဲ့နော်...ကျွန်တော်တို့မှာ အရည်အချင်းပြည့်မှီတဲ့ ဟိုတယ်လ်ဝန်ထမ်းတစ်ယောက်ဖြစ်အောင် ဘယ်လောက်ပြုစုပျိုးထောင်ခဲ့ရသလဲ...ပြီးတော့...ဒီအလုပ်မျိုးဆိုတာ ဝါသနာပါမှလည်း ဖြစ်တာဗျ...ပန်းညက်ညိုကိုယ်တိုင်ကလည်း ဒီအလုပ်ကို သိပ်ပြီး သံယောဇဉ်ကြီးတာ...မဖြစ်သေးပါဘူး...ကျွန်တော့်ဝန်ထမ်းကို ဖွက်ထားဦးမှပါဘဲ..."

ရယ်သံတွေက မှန်နံရံကို ဖောက်ခွဲပြီး လွင့်ထွက်သွားသလားဟု [illegible]င် ထင်ရသည်။

* * *

"ဘာဘဲဖြစ်ဖြစ်...ခင်ဗျားတို့လို မိသားစုထဲရောက်သွားရင်တော့ ပန်းညက် ပျော်မှာပါ...ဒိတ်ချမ်းသာမှာပါဗျာ...သူ့မှာ[illegible] ဘဝ

www.burmeseclassic.com

www.burmeseclassic.com



တစ် ကျက်လုံး မေတ္တာငတ်ပြီး အထီးကျန်ဆန်ခဲ့ရတာ မဟုတ်လား...''

ကိုသိန်းလွင်ရဲ့စကားသံက ဟိုးအဝေးဆီက မျောလွင့်လာသလို ပင်...နေဝင်ဖျိုးဖျမှာ အုန်းပင်တို့၏ အရိပ်ရှည်များသည် တစ္ဆေတွေ အုပ်စုဖွဲ့ပြီး ယိမ်းက‚နေသလိုပင်။ ပင်လယ်အော်သံနှင့် ပေါင်းစပ် ...ကာ ကမ်းခြေ၏ ညနေဆည်းဆာသည် အိပ်မက်ဆန်နေတော့ ၏။ နေရောင်ခြည်က ပင်လယ်ဆီမှာ ဖျော့ဖျော့သာကျန်တော့သည်။ သူရိန်နေမင်းသည် သူ့ရဲ့တောက်ပသည့် ဝတ်ရုံလွှာကို ရုတ်သိမ်းသွား ပြီမို့ ပင်လယ်သည် ခရမ်းရင့်ရောင်မှုန်မှိုင်းလျက် ကျန်ခဲ့၏။ ပင်လယ် ၏ငိုညည်းသံရှည်ကို တစ်ညတာလုံး ကြားရပေဦးမည်။

''ဒါပေမယ့်...ပုန်းညက်ညိုရဲ့သဘောထားကို ကျွန်တော် မသိရသေးဘူး...''

''ခင်ဗျား သူ့ကို အချိန်တော့ ပေးရမှာဘဲ...''

''သူမှာ...ရည်ရွယ်ထားတဲ့သူ ရှိနှင့်ပြီးရင်...''

''မရှိဘူးလို့ ထင်တာဘဲ...''

ကိုသိန်းလွင်က အုပ်စိုးကို ဖြေသိမ့်ပြောသည်များလား။ မေ... လျော့နေသည့်ကိစ္စတစ်ခုကို အားလုံးဆုံးဖြတ်ပြင်ဆင်ပြီးကာမှ သတိရ သွားသည်မို့ စိတ်ထဲမှာ စိုးထင့်သွားသည်။

ကိုသိန်းလွင်ရဲ့ စီးကရက်မီးခိုးငွေ့တွေအနားမှာ ဝေ့ဝိုက်ပြ... ကျဲနေသည်။ သရီးအိုဆစ်အနားရောက်တော့ ကိုသိန်းလွင်က...

''အားလုံးအဆင်ပြေပါစေ လို့...ဆုတောင်းပေးပါတယ်ဗျာ''

ဟု ခပ်ပြုံးပြုံးပြောသည်။



''ကိုမင်းစိုးနဲ့အတူ လာရင်လည်း အေးအေးဆေးဆေးနေနိုင် ...အောင် စီစဉ်ခဲ့ဦး...''

''ဒါတော့မသေချာဘူး...ကိုလေးက အလုပ်မရှိရင် နေတတ် ...တဲ့သူမဟုတ်ဘူးဗျ...''

ဘောင်းဘီအိတ်ထဲက အခန်းသော့ကိုနှိုက်ယူနေစဉ်မှာ ...ိုတယ်လ်ပတ်လမ်းဆီ လှမ်းကြည့်နေသည့် ကိုသိန်းလွင်က...

''ဧည့်သည်တွေရောက်လာပြီဗျို့...ကျွန်တော်လစ်လိုက်ဦး ...မယ်...''

ဆိုသည့်စကားနှင့်အတူ ကသောကမျော ခြေလှမ်းများဖြင့် ...ထွက်သွားတော့သည်။

* * *

ခရီးဆောင်အိတ်တွေကို အခန်းအပြင်ဖက်ထုတ်ပြီး အခန်းထဲမှာ ...ည်းပစ္စယ ကျန်မကျန် သေချာအောင်စစ်ဆေးလိုက်သည်။ မီးခလုပ် ...အားလုံး ပိတ်လိုက်တော့ လိုက်ကာရှည်များဖွင့်ထားသည့် အခန်းက ...ောင်းဝေါ...သွား၏။ မှန်ပြူတင်းအပြင်ကို လှမ်းကြည့် ဖြစ်သည်။ ...လင်း... ...သည် ခပ်ဖျော့ဖျော့ပင်ရောက်မလာသေး။ ဝန်း...တစ်ခု ... မှောင်မိုက်နေဆဲပင်။ လရောင်ရဲ့ မှုန်လွဲ့လွဲ့အလင်းရောင်အောက်မှာ ...ိပ်များ ဝိုးတဝါးသာထင်သည်။ အစိမ်းရင့်ရောင်ခန်းဆီးစများကို

www.burmeseclassic.com

www.burmeseclassic.com



ဆွဲပိတ်ပစ်လိုက်သည်။

"ဒီဟိုတယ်လ်ရဲ့အခန်းတွေမှာ တည်းနေတဲ့ဧည့်သည်ဟာ ကျွန်မတို့ရဲ့ဧည့်သည်ပါဘဲ…ဧည့်သည်တွေ စိတ်တိုင်းကျအောင် ဆောင်ရွက်ပေးဖို့ ကျွန်မတို့မှာ တာဝန်ရှိပါတယ်…"

နူးညံ့ပြီး တိုးဖွသည့်စကားသံကို ပြန်ကြားယောင်စဉ်မှာ လွမ်း ဆွတ်တမ်းတစိတ်ဖြင့် ရင်ထဲမှာ ကျဉ်ကနဲအောင့်မျက်သွား၏။

အဲသည်အလွမ်းတွေကို ဘယ်အချိန်အထိ သိမ်းထားရဦးမှာလဲ ပုန်းညက်ညိုရယ်…။

* * *

နှစ်ခန်းတွဲကားရဲ့ နောက်ခန်းထဲ အိတ်နှစ်လုံးကို ပစ်တင်လိုက် သည်။ ကောင်လေးတွေက နောက်ဖက်မှာဘဲ ထိုင်လိုက်ကြမည်ဆို တော့ ခရီးဆောင်အိတ်တွေအတွက် ပူပန်စရာမလို။ ဟိုတယ်လ်မီးခိုခန်း နောက်ဖက်က တန်းလျားမှာ ကောင်လေးတွေက အိပ်သည်။ ပြန်ပြီး သယ်ယူသွားဖို့ ပစ္စည်းပစ္စယတွေ ထုပ်ပိုးပြီး သူတို့စောင့်နေလိမ့်မည်။ ဘက်ထရီမီးရဲ့အလင်းကို သုံးပြီး လက်ပတ်နာရီကို ငုံ့ကြည့်လိုက် သည်။ ငါးနာရီဆယ်မိနစ်ရှိနေပြီ…။

တံခါးပိတ်ထားသည့် ဧည့်ဆောင်လေးရှေ့မှာ အတော်ကြာ အောင် ရပ်နေမိသေးသည်။ ရင်ထဲမှာ တစိမ့်စိမ့်နှင့် ပြည့်သိပ်လာသည်



…က အလွမ်းတွေလား…။ အချစ်တွေလား…။ ဝေဒနာတွေလား…။ …တားချက်ဆိုတာကို ခေါင်းစဉ်တစ်ခုတပ်ဖို့ ခဲယဉ်းလှသည်။ ကားသော့ …ကို ကားတံခါးမှာတပ်ပြီး လှည့်ဖွင့်လိုက်သည်။ မျက်ဝန်းထောင့်မှာ …ရိပ်ဖြူတစ်ခု၏ ညင်သာသောရွေ့လျားမှုကို မြင်လိုက်ရ၏။

စိတ်ထဲမှာ ထင့်ကနဲဖြစ်သွားပြီး အနှီးပင်သုံးပင် အမြစ်ဆုံဆီ …တ်ကနဲလှည့်ကြည့်လိုက်မိ၏။

* * *

www.burmeseclassic.com



ပုန်းညက်ညို…။

တကယ်ဘဲလား…

တကယ့်ကို သူပါဘဲလား…။

အဖြူဆွတ်ဆွတ် နှင်းကာခေါင်းစွပ်အင်္ကျီလေး နားရွက်တွေလုံ အောင် ဖုံးထားသည့် အဖြူရောင်ခေါင်းစွပ်အောက်မှာ နက်မှောင်သော ဆံမျှင်တွေက ကပိုကရို။ ထမီ အနားက တစ်ချက်တစ်ချက်မှာ ဖျတ် ကနဲဖျတ်ကနဲ လွန့်လူးသွားသည်။ မျက်နှာပြည့်ပြည့်လေးမှာ မျက်ရည် စတွေ တွယ်ခိုနေသလား။ သဲကွဲစွာမမြင်ရပါ…။

လေးကန်တုန့်ဆိုင်းသောခြေလှမ်းများသည် လှမ်းရင်းလှမ်းရင်း သဲပြင်ထဲမှာ နစ်ကျွံသွားသလိုပင်။ ပုန်းညက်ညိုသည် တဖြည်းဖြည်း အုပ်စိုးအနားသို့ နီးကပ်လာ၏။ လရိပ်အလင်းဖျော့အောက်မှာ အပြုံး ရိပ်နွမ်းနွမ်းနှင့် မျက်နှာကို မြင်ရသည်။ ပါးပြင်မှာ မျက်ရည်စ,တွေ ရှိမနေပါ…။ လက်တစ်ကမ်းအကွာမှာ နီးကပ်လာသည်အထိ အုပ်စိုး ဆွံ့အနေဆဲ။ ကြောင်အမ်းနေမိဆဲပင်။



"ညက နှုတ်မဆက်ဖြစ်လိုက်ဘူး…"

ဟင်အင်း…

မပြောပါနဲ့တော့ ပုန်းညက်ညို…။ ကိုယ့်ရဲ့အမှားပါ…။

"အစ်ကို့ကို တမင်ရှောင်နေတာ မဟုတ်ပါဘူး…ဒါပေမယ့် ဖေဖေ့ကြောင့် မျက်နှာချင်းဆိုင်ဖို့ [illegible]ဘာတော့ အမှန်ဘဲ…ဂျူတီ ချိန် လဲပြီးပြီးချင်း ထွက်လာခဲ့တာ… မပြန်ခင်လေး စိတ်အနှောက် အယှက်ဖြစ်နေမှာစိုးလို့…ပြီးတော့ မှတ်တရ တစ်ခုခုလည်း ပေး လိုက်ချင်လို့…"

တမင်အားတင်းပြုံးထားသည့် မျက်နှာလေးကို မြင်နေရသည့် အခိုက်အတန့်လေးက အုပ်စိုးရဲ့ရင်ထဲ သောက, ကြေကွဲမှုဖြင့် ပြည့် သိပ်ပူလောင်ရသည့် ကာလငယ်လေးဖြစ်သည်။

"အဖိုးတန်တာတော့ မဟုတ်ပါဘူး…ကနုကမာခွံလေးပါ… သိမ်းချင်လည်း သိမ်းထားပေါ့…မသိမ်းချင်လည်း တူ ကူမတွေ ပေးပစ်လိုက်ပေါ့…"

အုပ်စိုးရဲ့လက်ထဲ ကြွေရောင်တောက်ပနေသည့် စက္ကူဖြင့် ထုပ်ပိုးထားသည့် အထုပ်ကလေးတစ်ခုရောက်လာသည်။

"သွားတော့နော်…"

တုန့်ပြန်စကားတစ်ခွန်းမှ မပြောမိသေး။

တကယ်တော့ ရင်ထဲမှာ ပြည့်ကျပ်နေသည့် ခံစားချက်ကို ကိုယ့်ဘာသာလည်း နားမလည်။ တစ်စုံတစ်ယောက်အပေါ် ငြိတွယ် မိသည်ဆိုတဲ့ ခံစားချက်က ဝေဒနာတစ်ခုလိုပါဘဲလား…။ မျက်စိ ရှေ့မှောက်က သူမပျောက်ကွယ်သွားမှာကို နှမြောစိုးရွံ့သည့်စိတ်သည်

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးရဲ့နှလုံးအိမ်ကို ဖိစီးဖုံးလွှမ်းထား၏။

"ကျွန်မလည်း သွားတော့မယ်…"

မျက်လွှာလေးသိမ်းပြီး ပုန်းညက်ညိုက လှည့်ထွက်သည်။ ရင် ဘတ်ထဲမှာ လျှောင်လှုပ်သလို သွက်သွက်ခါနေသည်ထင်၏။ ကျောခိုင်း သွားသည့်ခြေလှမ်းတွေကို ငေးကြောင်ကြည့်နေရင်း ဖြုန်းကနဲ အသိ ဝင်လာသည်။

"ပုန်းညက်ညို…"

လက်လှမ်းမှီသည့် လက်မောင်းတစ်ဖက်ကို ဆွဲလှည့်လိုက်မိသည့်အရှိန်က အနည်းငယ်ကြမ်းတမ်းသွား၏။ ပုန်းညက်ညို၏ နွေးထွေးရှိန်းမြသော ခန္ဓာကိုယ်သည် အုပ်စိုးရဲ့ရင်ခွင်ထဲ လည်ပြီး ကျလာသည်။ ခေါင်းမှာအုပ်ထားသည့် ခေါင်းဆောင်းဖြူဖြူလေး နောက်ဖက်လွင့်လျက် လန်ကျသွားသည့်အခါ မွှေးပျံ့နေသောဆံစတွေကို နမ်းရှိုက်မိသည်။ အုပ်စိုးရဲ့ကျောပြင်မှာ နွေးထွေးနေဆဲ လက်ဖဝါး ပြင်လေးနှစ်ခု လာပြီးထိကပ်သည်။

ထိတ်လန့်စိုးရွံ့လျက် တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းလွှာ လေးတွေကို မြင်ရတော့ ခွဲခွာထားရစ်ခဲ့ရမှာကို မလိုလားနိုင်သည့် ဆွေးမြေ့နာကျင်နေသည့် နှလုံးအိမ်ကို ထိန်းသိမ်းမရနိုင်တော့…။

ပင်လယ်ပျော်ငှက်တို့၏ နံနက်ခင်းအိပ်တန်းထ၊ တေးသံနှင့် အတူ ချိုမြိန်ပူနွေးသော ခံစားမှုအိပ်မက်သည် သိပ်မရှည်လျားလှဘဲ အဆုံးသတ်ခဲ့ရသည်။

* * *



"ကိုယ်…ပြန်လာခဲ့မယ်…"

မလင်းတလင်းနံနက်ခင်းရဲ့ အရုဏ်ဦးနေခြည်အောက်မှာ ပုန်း ညက်ညိုရဲ့မျက်ဝန်းတွေ စိုလဲ့နေသည်။ နှုတ်ခမ်းဖူးဖူးတွေ သွေးရောင် လွှမ်းနေခဲ့သည်။ ရှည်လျားပြီး နုညက်သည့် လက်ဖဝါးတွေကို တင်း ကျပ်စွာဆုပ်ကိုင်ထားမိဆဲ…။

"ပုန်းညက်ညိုကို ချစ်တယ်…"

"သွားတော့…"

"ဟင့်အင်း…"

"သွားပါတော့…နောက်ကျနေပြီ…"

"ကိုယ့်ကို မသွားနိုင်အောင် ချုပ်ထားပြီးတော့…"

"အံမယ်…မဟုတ်ပါဘူးနော်…လာနှုတ်မဆက်ရင် စိတ်မ ဖြောင့်မှာစိုးလို့…"

"ခုတော့ ပိုဆိုးနေပြီပေါ့…"

ဆုပ်ထားသည့်လက်ဖဝါးထဲက တစ်စုံတစ်ရာ ပျောက်ကွယ် သွားမှာကို အစိုးရိမ်ကြီးနေမိသည်။

"ပြန်လာခဲ့မယ်…"

ဆိုသည့်စကားကိုသာ ထပ်ကာတလဲလဲ ပြောဖြစ်ခဲ့သည်။ မျက် ရည်ဝေ့လည်သည့် ချစ်သူကို ထားရစ်ခဲ့ရမှာဆိုသည့် အသိက ခြေလှမ်း တွေကို တုန့်နှေးစေသည်။

ခွဲခွါနှုတ်ဆက်ခြင်းတွေ၊ မျက်ရည်တွေနဲ့ စ,တင်ခဲ့တဲ့ ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ဘဝအစက နမိတ်ဆိုးတစ်ခုများလားလို့ ဘာကြောင့်များ ကိုယ် မတွေးဖြစ်ခဲ့တာပါလိမ့် ပုန်းညက်ညိုရယ်…။

* * *

BURMESE CLASSIC .com



အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

"ဘာတွေများလောနေတာလဲဗျာ...ရောက်မှတော့ အေးအေးဆေးဆေးပေါ့..."

လူပျိုကြီးသည် ဘယ်လိုဇွဲသည်ကိုမဆို သည်စကားပြောတတ်သည်ထင်၏။

"မဖြစ်ဘူးဗျာ...မလာဘဲ မနေနိုင်လို့သာလာရတာ...အလုပ်တွေ အကြာကြီးပစ်ထားလို့ မရဘူး...နောက်ပြီး အိမ်မှာ ဖေဖေနဲ့ မေမေက ကောင်းကောင်းကျန်းမာတာမဟုတ်ဘူး...ကိုကြီး ရှိနေပေလို့ဘဲ..."

"ခုတော့ ခင်ဗျားက အိမ်ထောင်ဦးစီးဖြစ်နေပြီပေါ့..."

"ကိုယ်နဲ့ ကျွန်တော် နှစ်ယောက်တည်း လူလွတ်ကျန်တာ၊ ကိုယ်က ဘွဲ့တွေယူလိုက်၊ ကျောင်းတက်လိုက်၊ နိုင်ငံခြားသွားလိုက် လုပ်နေတော့ ကျွန်တော်မှမလုပ်ရင် ဘယ်သူလုပ်မလဲ"



"ခုတော့ လူမှန်နေရာမှန် ရောက်သွားပြီပေါ့..."

သူပြောသလို ဟုတ်မဟုတ်မသိပါ။ အုပ်စိုးပါတ်ဝန်းကျင်နှင့် ကင်းကွာခဲ့တာ အတော်ကြာပြီ။ စိတ်နှင့်ခန္ဓာ ကင်းကွာခဲ့တာလည်း အတော်ကြာပြီ။ နာကြည်းစရာ၊ နာကျင်စရာ၊ စိတ်မချမ်းမြေ့စရာဆိုတာတွေအတွက် အချိန်မပေးလိုခဲ့တာမို့လည်း မေ့ပစ်ဖို့ ကြိုးစားခဲ့ရသည်။ လူတွေရဲ့ဦးနှောက်မှာ ကိစ္စတွေအများကြီးကို အမြဲသတိရနေဖို့ မဖြစ်နိုင်ပေမယ့် နှလုံးသားမှာတော့ ဘယ်တော့မှ မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်သည့် ချစ်ခြင်းဆိုတာ ရှိတတ်ကြောင်း အုပ်စိုးသိခဲ့ရသည်မှာ ပုန်းညက်ညိုနှင့် ခွဲခွာခဲ့ရချိန်ကတည်းက ဖြစ်ပါသည်။

"ခင်ဗျား...အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားသလား"

ရှေ့တူရူသို့ ကြည့်နေသည့်မျက်လုံးတွေ အလိုလို မျက်လွှာချမိသွားသည်။ ငုံ့လျက် ငေးမောမိသည့်နေရာသည် သဲသောင်ပြင်တစ်ခုပင်။ လွန်ခဲ့သည့် ခြောက်နှစ်ကျော်က သဲပြင်ဘဲမဟုတ်ဘူးလား။ ဒါပေမယ့် သဲမှုန် သဲပွင့်တွေကတော့ လွန်ခဲ့သည့် ခြောက်နှစ်ကာလက သဲမှုန် သဲပွင့်တွေ မဖြစ်နိုင်တော့...။

လောကကြီးရဲ့ ပြောင်းလဲမှုတရားကို နားမလည်နိုင်သည်တော့ မဟုတ်ပါ။ ဒါပေမယ့် စိတ်ခံစားမှုဆိုတာ တစ်နေရာထဲမှာ ဘယ်လောက်ထိရှည်ကြာစွဲမြဲနိုင်သည်ဆိုတာ အုပ်စိုးလည်း မသိ။

"အဲလိုတော့လည်း မဟုတ်ပါဘူး...ဒါပေမယ့် ကျွန်တော် မမေ့နိုင်သေးဘူးဗျာ...ဒီကိုပြန်ရောက်တော့လည်း ကုန်ခဲ့တဲ့အတိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မနေ့တစ်နေ့ကလိုဘဲ…အားလုံးကို တစ်ခုပြီးတစ်ခု ပြန်မြင်နေတယ်…''

ကိုသိန်းလွင်က အုပ်စိုးရဲ့ပုခုံးကို ခပ်ဖွဖွပုတ်နေသည်။

''ကျွန်တော်တို့နှစ်ယောက် ဘာကြောင့်ခွဲရတာလဲဗျာ…ဘာဖြစ်လို့ ကွဲကွာခဲ့ရတာလဲ…တကယ်တန်းစဉ်းစားကြည့်တော့ လုံးဝအဓိပ္ပါယ်မရှိတဲ့ပြဿနာဘဲ…''

အုပ်စိုးရဲ့စကားတွေကို ကိုသိန်းလွင် နားလည်နိုင်ပါမည်လားမသိ။

''ခုချိန်မှာ…ပုန်းညက်ညိုလည်း ခင်ဗျားလိုဘဲ စဉ်းစားချင်စဉ်းစားမိမှာပေါ့ဗျာ…''

ဟုသာ ကိုသိန်းလွင်က လေသံပျော့ပျော့ဖြင့် ပြောသည်။

* * *

ဝန်ထမ်းများ၏ အခန်းတွဲနေအိမ်များ ပိုပြီးများလာပြီး အုန်းပင်တွေ ကုက္ကိုပင်၊ သခွတ်ပင်တွေ အရိပ်ဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိလာသည်။ သို့ပေမယ့် ညနေ့ရာသီချိန်မဟုတ်သေးသည့်အတွက် အနည်းငယ်ခြောက်သွေ့နေ၏။ ဝန်ထမ်းအင်အားလည်း လောလောဆယ်လျှော့ချထားသည်လားမသိ။ ညှော့ခန်းဆီကနေထိုးထွက်နေသည့် ဝရံတာလေးတွေကို မြင်ရသည့်အခါ တစ်ချိန်က ပုံရိပ်တွေက အဲသည်



နေရာမှာ ဖျတ်ကနဲ ဖျတ်ကနဲပေါ်လာသည်။

ဝန်ထမ်းအိမ်ရာတွေဆီက လွန်လျှင် ကျောက်ဆောင်တန်းကို မြင်ရသည်။ ပင်လယ်၏ ကွေ့ဝိုက်သွားသောကမ်းရိုးတန်းကို မြင်ရသည်။ ကျောက်ဆောင်တန်းရဲ့ အတွင်းဖက်အုန်းတောအစပ်မှာ အုန်းလက်ခြောက်တွေကို မီးစွဲနေသည့် မီးပုံပွဲကိုများ မြင်ရလေမလား…။

…ဝတ်မှုန်ရယ်…နှင်နဲ့နှင်းရင်…ရှူးကြမှာဘဲ…

…ရင်ထဲရှိရှိသမျှ…ပြောပြရရင်…တကယ်လှတယ်…

ညက်သြောသည့် ဂစ်တာသံနှင့် သီချင်းသံသည် တဝုန်းဝုန်းလှိုင်းရိုက်သံတွေကြားက အုပ်စိုးရဲ့ရင်ထဲ ပြေးဝင်လာသလိုပင် ထင်မိသည်။

[ကျွန်မဘဝမှာတော့ အမေဆိုတာ အိပ်မက်တစ်ခုလိုပါဘဲ]

သြော်…

နှစ်တွေကြာခဲ့ပြီ။ စကားလေးတစ်ခွန်းကိုသော်မှ မမေ့နိုင်ခဲ့သေးပါလား…။

ကျော[illegible]ဆောင်တန်းကိုကျော်ပြီး ကုန်းမို့မို့ကလေးဆီ ဦးတည်လိုက်သည့်အခါ မိ[illegible]ကြားမှာ မနောပွင့်ဆိုသည့် လိမ္မော်ရောင်စာတန်းကို မြင်လိုက်ရသည်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မှန်တံခါးချပ်ထူထူရဲ့နောက်မှာ တစ်ဝက်တစ်ပြက်ကွယ်နေသည့် သဏ္ဌာန်သည် အုပ်စိုးရပ်နေသည့်တံခါးဝဆီ မျက်နှာလှည့်လာပြီးသည့်အခါ အားပါးတရ ပြုံးရယ်လိုက်သည်။

''သြော်…ရောက်လာသေးတယ်ပေါ့လေ…ပြန်တဲ့အထိ မာလာ့ကို လာမတွေ့တော့ဘူးလို့ ထင်နေတာ…''

''ကျွန်တော် ကိုသိန်းလွင်နဲ့တွေ့တိုင်း မေးပါတယ်ဗျာ…''

''ဘာလဲ…မျက်နှာချင်းမဆိုင်ရဲလို့လား…''

စတီးလ်တန်းများဖြင့် ဖွဲ့စည်းထားသည့် ခေါက်ကုလားထိုင်တစ်လုံးကို ဆွဲယူပြီး မာလာက သူမရဲ့စားပွဲဘေးမှာ ချသည်။

''ကဲ…ဒီမှာထိုင်…''

''မာလာ…အလုပ်တွေပျက်မှာစိုးလို့ပါ…ခုလည်း အလုပ်တွေရှုပ်နေတယ်မဟုတ်လား…''

''ဒီရာသီက ညှိသည်ပါးတော့ သိပ်မပင်ပန်းပါဘူး…အံ့မယ် နက်ဖြန်တော့ ညှိသည်တစ်ဖွဲ့ရောက်ဖို့ရှိတယ်…ခုဘဲ အီးမေးလ်ဝင်ထားတယ်လေ…ဂျပန်က ငါးလုပ်ငန်းလေ့လာရေးအဖွဲ့ ရောက်လိမ့်မယ်…ကော့သောင်းကို လေယာဉ်နဲ့သွားပြီးပြီ…ဒီကိုတော့ ကားနဲ့ဘဲလာလိမ့်မယ်…''

''ဒီညတော့ ဦးအုပ်စိုးကို မာလာ ညစာကျွေးမှာပါ…''

''ဟာ…''

''မငြင်းနဲ့နော်…''

ခုံကို နောက်ဖက်အနည်းငယ်ဆွဲယူထိုင်ချလိုက်ရင်း…

''နောက်ကျနေပြီလို့ ပြောမလို့ပါ…''



ဟု ရယ်ရယ်မောမော ပြောလိုက်သည်။ မာလာသည် နက်ပြာရောင်ယူနီဖောင်းကို ဝတ်ထားဆဲပေမယ့်…အရင်ကထက် ပိုပြီး သိသိသာသာဝ,လာသည်။ ယခင်ကတော့ တုတ်တုတ်ခိုင်ခိုင်ရှိချင်သော်လည်း…မျက်နှာဝိုင်းဝိုင်း ကိုယ်လုံးပြည့်ပြည့်နှင့် မာလာသည် နုငယ်ချစ်စဖွယ် မိန်းကလေးတစ်ယောက်ဖြစ်ခဲ့သေး၏။

''မာလာ…ဝ,လာတယ်…''

နှုတ်ခမ်းဆိုးဆေး ရဲရဲဆိုးထားသည့် နှုတ်ခမ်းများ ခပ်မဲ့မဲ့ပြုံးလာပြီး…

''ဒါပေါ့…စိတ်ချမ်းသာတဲ့သူတွေက ဝ,တာပေါ့…''

ဟူသော စောင်းချိတ်သည့် စကားသံကို ကြားရလေသည်။

''အသည်းကွဲနေတဲ့သူတွေဆိုရင်တော့ ဘယ်မှာ စိတ်ချမ်းသာနိုင်ပါ့မလဲနော…အချိန်တွေလည်း ကြာခဲ့ပါပြီကွယ်…စိတ်လျှော့လိုက်ပါတော့…''

''စိတ်မလျှော့ပါဘူးဗျာ…ကျွန်တော် စိတ်လျှော့လိုက်ရင် မာလာ့သူငယ်ချင်း အပျိုကြီးဖြစ်သွားမှာပေါ့…''

''ဟိုကဖြင့်…ကလေးတောင် ဘယ်နှစ်ယောက်မွေးပြီးပြီမသိ…''

''ဟာဗျာ…အဲလိုတော့ မကျီစားလိုက်ပါနဲ့…''

မာလာ ရယ်စရာပြောနေမှန်းသိလျက်နှင့် မျက်နှာမပျက်သင့်ဘူးဆိုတာသိလည်း မာလာရဲ့စကားတစ်ခွန်းက အုပ်စိုးရဲ့ စိုးရွံ့ပူပန်စိတ်ကို လှုပ်နှိုးလိုက်သလိုရှိသည်။ စိတ်နောက် ကိုယ်ပါ ဆိုသည့်အတိုင်း အဲသည်မျက်နှာကို အချိန်မှီ မပြင်ဆင်နိုင်ခဲ့ဘူး ထင်ပါရဲ့…။

www.burmeseclassic.com

www.burmeseclassic.com



"ဟောတော်…ကြည့်ပါဦး…ဖြစ်သွားလိုက်တာ… မျက်နှာက…"

ပုန်းညက်ညို့နှင့်ပါတ်သက်ပြီး ထိရှခံစားလွယ်သည့် နှလုံးသားသည် ခြောက်နှစ်ဆိုသည့်အချိန်အတောအတွင်းမှာ ဘယ်လိုမှ ရင့်ကျက်မလာနိုင်တာ အံ့သြဖို့ကောင်းလှသည်။

"မာလာ နောက်မိတာ…တောင်းပန်ပါတယ်ရှင်…မိန်းမတစ်ယောက်အပေါ် ဒီလောက် နှစ်တွေအကြာကြီး စွဲစွဲလန်းလန်းချစ်နိုင်တဲ့ ဦးအုပ်စိုးကိုလည်း မာလာလေးစားပါတယ်…"

"ဒါဆို…မိန်းမတစ်ယောက်ကို တစ်သက်လုံး လှူပျိုကြီးလုပ်ပြီး စောင့်နေတဲ့ ကျွန်တော့်ကိုရော မလေးစားဘူးလား…"

စကားသံက အုပ်စိုးရဲ့နောက်ကျောဖက် မှန်တံခါးဆီက ပေါ်လာသည်။

* * *

မာလာရဲ့ ညစာဝိုင်းက ဟိုတယ်လ်ရဲ့ပံ့ပိုးမှုကြောင့် အထူးအစီအစဉ်လို ပြောရမည်ပင်။ ပင်လယ်စာတွေ အတော်စုံစုံလင်လင် ပါဝင်ပြီး အုပ်စိုးရဲ့အကြိုက် မြန်မာစတိုင်လ်ဖြစ်သည်။ မြန်မာဆိုတော့ လည်း မြန်မာဟင်းစပ်ကိုသာ အရသာတွေ့တာ ဘာမှမဆန်းပါ။ အစားအသောက်တွေ အရသာ ဘယ်လိုကောင်းပေမယ့် [အစားကောင်းစား



ရလည်း အချစ်ဆုံးသူကို သတိရမြဲ]ဆိုသည့် စကားအတိုင်း သတိရတမ်းတခြင်းတွေက ကမ်းစပ်ကို ခပ်မှန်မှန်လာရိုက်သည့် ရေလှိုင်းတွေလိုဘဲ ရင်မှာ အဆက်မပြတ်ရိုက်ခတ်နေသည်။

"ပုန်းညက်တစ်ယောက် ဒီပါတ်ဝန်းကျင်က ပျောက်သွားတာ ကျွန်မအဖို့တော့ အိပ်မက်လိုဘဲ…သူ…တကယ်ဘဲ ဒီဝန်းကျင်ကို စွန့်ပြီး သွားနိုင်ပါလားလို့ တွေးမိရင် တော်တော်အံ့သြမိတယ်…သူ့အဖို့ ဒီပါတ်ဝန်းကျင်ကို ရင်မဆိုင်ချင်တော့လောက်အောင် ဦးအုပ်စိုးတို့ရဲ့ပြဿနာက ကြီးကျယ်ခဲ့လို့လား…"

"မာလာတို့ကတော့ အပြင်လူမို့လို့လားမသိဘူး…သူ့အဖို့ ဒီလောက်ထိ စိတ်ထိခိုက်စရာမဟုတ်ဘူးလို့ထင်တယ်…ကံဆိုတဲ့ တိုက်ဆိုင်မှုလို့ဘဲ ဖြေသိမ့်နိုင်ပါတယ်…သူကတော့ အရမ်းကို ခံစားပစ်လိုက်တာ ထင်တယ်…"

မာလာ့စကားက အုပ်စိုးကို ပိုပြီးစိတ်ထိခိုက်စေပါသည်။ အဲသည်အချိန်တုန်းကတော့ အုပ်စိုးနှင့်ပုန်းညက်ညို့အတွက် အသင့်လျော်ဆုံး အဆုံးသတ်က ခွဲခွါခြင်းဘဲဟု ပုန်းညက်က သတ်မှတ်ခဲ့သည်ကို လက်ခံခဲ့ရသည်။ ပုန်းညက်ညို့ရဲ့ဝမ်းနည်းစိတ်ထိခိုက်မှုကို နားလည်ပေးပြီး ကိုယ်တိုင်လည်း ဘယ်လိုဖြေရှင်းရမှန်းမသိဘဲ ကြေကွဲခဲ့ရသည်။

မှားလိုက်တာ…

ဘာဖြစ်လို့ ဒီလောက်အချိန်တွေ အကြာကြီးကြေကွဲနေရသလဲ…။

www.burmeseclassic.com



ဘာကြောင့်မို့ ကိုယ့်ဘ၀နဲ့ တိုက်ရိုက်မပါတ်သက်တဲ့သူတွေကို ငဲ့ညှာခဲ့ရမှာလဲ…။

ဘာဖြစ်လို့ ဒီလောက်ရှုးသွပ်ခဲ့ရတာလဲ…။

"ခုချိန်မှာ သူလည်း တို့လိုဘဲတွေးချင်တွေးနေမှာပေါ့ မာလာရယ်…ဟိုတုန်းကတော့ သွေးပူနေတုန်း မဟုတ်လား…"

ဟု ကိုသိန်းလွင်က ဖြေသိမ့်သည်။

"သူတွေးမိတယ်ဆိုရင် မာလာတို့ကို ဆက်သွယ်ရမှာပေါ့…မာလာတို့က ဒီနေရာမှာ မပြောင်းမလဲရှိနေတာဘဲ ဥစ္စာ…"

"တော်ပါတော့ကွာ…တို့မင်းသား ပိုပြီးစိတ်ထိခိုက်နေပါဦးမယ်…"

အရယ်အပြုံးတွေက အံ့ဩဖို့ကောင်းလောက်အောင်ပင် ခြောက်ကပ်နေခဲ့သည်။ ချစ်သူရဲ့ အရိပ်ကင်းမဲ့သည့် သည်နေရာမှာ မြင်မြင်သမျှတွေက လွမ်းဆွတ်တမ်းတစရာတွေချည်းသာ ဖြစ်ကျန်ရစ်သည်။ သည်နေရာကို ရောက်လာသင့်ရဲ့လားဟု တွေးမိချိန်မှာ အုပ်စိုး နောင်တရချင်သည်။ ဒါပေမယ့်လည်း အဲသည်လွမ်းဆွတ်ခြင်းတွေက အုပ်စိုးရဲ့ စိတ်ခံစားမှုတွေ မသေဆုံးနိုင်အောင် ထောက်ကန်ပေးထားသည်လို့လည်း ဆိုနိုင်ပါရဲ့…။

(အလွမ်းတွေနဲ့ချည်း ရှင်သန်ရတဲ့ဘ၀မှာ ကိုယ်နေပျော်ပါတယ် ပုန်းညက်ညို…။

ပြီးတော့…

အဲဒီအလွမ်းတွေကို တစ်သက်လုံး သိမ်းထားချင်ပါတယ်။ ပုန်းညက်ညိုရဲ့ အရိပ်ကို ပြန်မြင်ရဖို့အတွက် ကိုယ်…ဒီကို တစ်နှစ်



တစ်ခေါက်တော့ ရောက်အောင်လာခဲ့မယ်…။

ကိုယ်နဲ့ထပ်တူ အချစ်တွေကျန်ရစ်ဦးမယ်ဆိုရင်…ကိုယ် မျှော်လင့်ထားတဲ့ မျှော်လင့်ချက်တစ်ခုဟာ တစ်နေ့နေ့မှာ ပြည့်လာကောင်းပါရဲ့ နော်…။)

* * *

www.burmeseclassic.com

www.burmeseclassic.com



ကိုလေးက အုပ်စိုးကို ရယ်ချင်သလိုလို ပြုံးချင်သလိုလို မျက်နှာမျိုးဖြင့် ကြည့်ရင်း…

"မင်းဟာကလည်း…ကောက်ကာငင်ကာကြီးပါလား…"

ဟုပြောသည်။

"အရင်တစ်ယောက်ကို စိတ်နာလို့ အရွဲ့တိုက်ချင်တာများလား…"

ဟုလည်း ယောင်စမ်းစမ်းမေးသည်။

"ဟာဗျာ…ကိုလေးကလည်း…အရွဲ့တိုက်စရာလား…အဓိပ္ပါယ်မရှိ…"

"ဟုတ်သားဘဲ…ဒီယောကျ်ားကလည်း တော်တော်အတွေးချော်တယ်…မန္တလေးကလူကို ပေလီကနေ သွားပြီးအရွဲ့တိုက်ပြရဦးမှာလား…"



ဟု မမနုက ပျစ်ပျစ်နှစ်နှစ် ဝင်ပြောတော့မှ ကိုလေးရဲ့ ကြုံသလို စကားအလွှယ်ပြောတတ်သည့်ကိစ္စ အဆုံးသတ်တော့သည်။

"ဒါပေမယ့်…ချက်ချင်းကြီး သွားတောင်းရမ်းလို့ရော ဖြစ်မှာလား…မိဘတွေနဲ့ရော အဆင်ပြေခဲ့ပြီလား…"

"တောင်းရမ်းဖို့ မဟုတ်သေးပါဘူး…"

"ဒါဆို ဘာလဲ…"

"သူ့အဖေနဲ့တွေ့ပြီး အရင်လမ်းဖောက်ထားဖို့…သံခင်းတမာန်ခင်းပေါ့ ကိုလေးရာ…"

မမနုမျက်နှာက ရှုံ့မဲ့သွားသည်။

"သူ့အစ်ကိုက…အင်မတန် စကားပြောကောင်းတာကိုး…"

"ဘာဘဲဖြစ်ဖြစ်…ရန်ကုန်မှာက ဒီအစ်ကိုဘဲရှိတာကိုး မမရဲ့"

"မေမေတို့ဆီ ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောဦးလေ…ကိုလတ်ကြီးတို့ကိုလည်း ပြောဦးမှပေါ့…"

"စောသေးသလားလို့…ကျွန်တော်ကတော့ သေချာမှ ပြောချင်တယ်…"

"အင်း…ဒါလည်း ကောင်းတာပါဘဲ…ငါ့မောင်ကတော့ မသေချာမှာ မပူရပါဘူး…"

မမနုရဲ့ အားပေးစကားကို ကိုလေးက ခေါင်းရမ်းသည်။

"အစကောင်းမှ အနှောင်းသေချာတဲ့…အစ,ကောင်းပေမယ့် အနှောင်းကျတော့ ဒလိမ့်ခေါက်ကွေးဖြစ်သွားတာမျိုး ကျတော့ရော…"

ဟု အုပ်စိုးကို ကျီစယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်ပုပ်ကြီးနဲ့ဗျာ…အဲလိုမပြောစမ်းပါနဲ့…"

အုပ်စိုး သည်လောက်အကဲဆတ်တတ်သည်မှန်း ကိုယ့်ကိုယ်ကိုပင် သတိမထားမိလိုက်။ ပုန်းညက်ညိုနှင့် ရှေ့ဆက်ရမည့် အနာဂါတ်ဆိုတာကို စိတ်ကူးယဉ်ပြီးသားမရှိနှင့်ပါဘဲ ကျီစယ်စကားလေးတစ်ခွန်းကိုပင် မခံမရပ်နိုင်ရှိနေတာက အံ့သြစရာပင်…။

ပြီးတော့…

အုပ်စိုးသည် နင့်နင့်နဲနဲ လွမ်းဆွတ်တတ်လာ၏။

* * *

"သူ့မှာက အမေမရှိတော့ဘူး…အဖေနဲ့သားအဖ နှစ်ယောက်တည်းနေတာ…သူ့အဖေက ပညာတတ် လူရည်သန့်ဘဲ…မျိုးရိုးမြင့်မြင့် မိသားစုကလာတဲ့ပုံစံမျိုးဘဲ…အသောက်အစားတော့ရှိတယ်…သမီးကိုလည်း သိပ်ချစ်တယ်…ကျွန်တော်သိထားတာတော့ အဲဒါအကုန်ဘဲ…သူတို့မိသားစုအကြောင်း အတွင်းကျကျတော့မသိဘူး…သူကလည်း ပြောချင်ပုံမရဘူး…"

"ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်း နားလည်ဖြစ်ကြတာကလည်း ကျွန်တော် ပြန်ကာနီးမှဆိုတော့…"

ရေင်ပုရွှန်ခြောက်အကောင်ကြီးတွေကို သံပုရာသီး၊ ကြက်သွန်နီဖြင့် သုပ်ထားသည့် ပုရွှန်ခြောက်သုပ်ကို ကိုလေးက အရသာခံနေ



သည်။ အပင်စိုက်ဝါသနာပါသည့် ကိုလေးသည် အစားအသောက်ကျတော့ အကောင်းကြိုက်တတ်၏။ ရွှေပန်းထိမ်လုပ်ငန်းကို မိဘအမွေဆက်ခံထားသည့် ကိုလေးရဲ့ဇနီးသည် မမနုကလည်း လင်ယောကျ်ားကို အလိုလိုက်သည်။ သို့ပေမယ့် ကိုလေးတို့ဇနီးမောင်နှံသည် အိမ်ထောင်သက် ခုနှစ်နှစ်ရှိလာသည့်တိုင် သားသမီးတစ်ယောက်မျှ မထွန်းကားချေ။

"အိမ်ထောင်ရေးဆိုတာ တစ်ယောက်နဲ့တစ်ယောက် နားလည်ဖို့က အရေးကြီးတယ်…နားလည်ဖို့ဆိုတာလည်း…နားလည်ပေးနိုင်လောက်တဲ့ အနေအထားဖြစ်ရမယ်…သူ့မှာရှိတဲ့အားနည်းချက်ကို ကိုယ်က လက်ခံနိုင်ရဲ့လား…သူကရော ကိုယ့်ရဲ့အားနည်းချက်ကို လက်ခံနိုင်မှာလားဆိုတာကို အရင်စဉ်းစားဦး…မင်း…ဝေးဝေးမကြည့်နဲ့…ကိုလတ်ကြီးတို့ဘဲကြည့်…ကိုလတ်ဟာ မမသီတာကို ဘယ်လောက်ချစ်သလဲ…သူ့အိမ်ထောင်ကျသွားပြီးတဲ့အထိ အရှုးအမူး…ဒါပေမယ့် တစ်ခုလပ်အနေနဲ့ လက်ထပ်ပြီး အချိန်ကြာလာတော့ အိမ်ထောင်သက်ရလာတော့…အဲဒီအကြောင်းအရာနဲ့ပါတ်သက်ပြီးတော့ဘဲ ပြဿနာဖြစ်လာတာမဟုတ်လား…"

ကိုလေးရဲ့စကားတွေကို အုပ်စိုးမငြင်းဆန်နိုင်။ လှပသော သိမ်မွေ့သော အချစ်ရဲ့ခံစားမှုသည် လက်တွေ့ဆန်လှသည့်စကားလုံးတွေ အောက်မှာ တခဏတာမျှ မှိန်ပြယ်သွားသလိုရှိ၏။ သို့ပေမယ့် အချစ်သည် ဖြားယောင်းမှုတစ်ခုဟု ဆိုစေဦးတော့…တစ်သက်စာအတွက် အလိမ်အညာခံရသည်မျိုးသာ ဖြစ်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဘဲဖြစ်ဖြစ်…ကိုလေး ကျွန်တော်နဲ့ တစ်ခေါက်တော့ လိုက်ခဲ့ပေးရမယ်…"

ကိုလေးက ပင့်သက်ရှိုက်ပြီးမှ လှစ်ကနဲပြုံးလိုက်သည်။

"သူညီကို မူကြိုကျောင်းသားလေးများ ထင်နေသလားမသိဘူး"

ဟု မမနုက ကိုလေးကို မျက်စောင်းထိုးလျက် ပြုံးသည်။

* * *

"ပြန်လာခဲ့မှာဆို…"

အသံလှိုင်းထဲက ခပ်ရှရှကြားရသည့် သံစဉ်လေးက အလွမ်းတွေကို ပို့ပြီး သိပ်သည်းစေသည်။

"လာခဲ့မယ်…ကိုယ် မန္တလေးခဏသွားရဦးမယ်…"

"ဪ…"

"မေမေတို့ကို အကျိုးအကြောင်းပြောရဦးမယ်လေ…"

"ဘာအကျိုးအကြောင်းလဲ…"

"မေမေ…သား မိန်းမယူတော့မယ်လို့ပြောမလို့…"

တစ်ဖက်က အသံတိတ်ဆိတ်သွားသည်။

"ဦးမောင်ကို လာပြောတော့မယ်…"

"မဟုတ်သေးဘူး…အလျှင်စလိုတွေ မလုပ်ပါနဲ့ကွယ်…သေ



ချာစဉ်းစားကြဦးစို့…"

စဉ်းစားကြဦးစို့…။

ဘာကိုများ စဉ်းစားရဦးမှာလဲ…။

နှစ်ယောက်စလုံး တိတ်ဆိတ်သွားပြီး စကားပြောခွက်ပေါ်မှာ မေ့မျောသွားသလားထင်မိသည်။ တယ်လီဖုန်းဆက်ဖို့ စက္ကန့်တိုင်းမှာ ကြိုးစားနေမိပြီး ကြိုးစားနေသည့်စိတ်ကို ကိုယ့်ဘာသာ ပြန်ထိန်းချုပ်…ရင်ထဲမှာဘဲ စကားတွေဆိုနေရင်း…တကယ်တန်းကျတော့လည်း အဲသည်စကားတွေ ဘယ်ဆီရောက်ပြန်သည်မသိ…။

"ဟိတ်…"

တစ်ဖက်က ခေါ်သံက ကဗျာမဆန်လှဘဲ စိုးရွံ့သံကလေးပင်ပါနေသည်။ 'ဦးအုပ်စိုး' လို့ တည်တည်ငြိမ်ငြိမ်ခေါ်ခဲ့တာကို သတိရသည်။

"ဘယ်လိုဖြစ်သွားတာလဲ…"

"ပုန်းညက်ညို…"

"ရှင်…"

"အရမ်းသတိရတယ်…"

ခက်တော့တာဘဲ…။

တယ်လီဖုန်းခွက်ကိုကိုင်ပြီး မျက်ရည်ဝဲသည့်မျက်ဝန်းတွေ၊ ခပ်ဖျော့ဖျော့ပြုံးနေသည့်နှုတ်ခမ်းထူပြည့်တွေကို မြင်နေရသည်။

"ဟုတ်…ဟုတ်ကဲ့…"

"ပုန်းညက်ညိုရော…ကိုယ့်ကိုသတိရလား…"

"အို…"

www.burmeseclassic.com

www.burmeseclassic.com



အသံက ပိုပြီးတိုးတိမ်သွားသည်။

"ရုံးခန်းထဲမှာ…"

တယ်လီဖုန်းက ကိုသိန်းလွင်ရဲ့ရုံးခန်းထဲမှာ ဖြစ်ကြောင်း အုပ်စိုးသိပါသည်။

"ဒါဆို ခေါင်းညိမ့်ပြလေ…"

မင်္ဂလာရှိသော သူမရဲ့ရယ်မောသံကြားက…

"အင်း…"

ဟူသည့် လည်ချောင်းသံကို ကြားရသည်။ စကားပြောခွက်စိမ်းစိမ်းလေးကို နှုတ်ခမ်းဖြင့်ဖိကပ်ပြီး နမ်းလိုက်ရ၏။ သည်လိုနှင့်ဘဲ အလွမ်းတွေပြေဖို့ ဆုတောင်းရသည်။ အချစ်ဆိုသည့်ခံစားမှုက လူတစ်ယောက်ကို ရူးသွပ်စေသည်ဆိုတာ ခုမှဘဲ ပထမဆုံးကြုံဖူးရသည်။

* * *

မိမိကိုမွေးဖွားကြီးပြင်းစေခဲ့သည့် ဇာတိမြေကို သွေ့ခြောက်လှသည်ဟု ခုမှဘဲ ထူးထူးခြားခြား ခံစားရသည်။ သစ်ရွက်ခြောက်ကြွေများ ကတ္တရာလမ်းပေါ် ရှပ်တိုက်ပြေးသည့်အသံကိုပင် ခုတော့ သတိထားမိနေ၏။ နွေသည် မန္တလေးမှာ ပိုပြီးပီပြင်လာ၏။

ရာသီအပြောင်းအလဲကို သတိမထားမိလိုက်ဘဲ နွေရောက်လာခဲ့ပြီ။ အိမ်ပြန်ရောက်တော့ အုပ်စိုးရဲ့အိပ်ယာသည် ပိုပြီး စိမ်းသက်နေ



သလိုထင်၏။ ရင်ထဲမှာ ငြိနေသည့် ဆူးတစ်ချောင်းကြောင့် အရာရာသည် လွမ်းချင်စရာကောင်းနေခဲ့သည်။

မန္တလေးမှာ နေခဲ့ရသည့် ရက်များမှာတော့ အုပ်စိုးသည် မိမိခံစားမှုကို ပြန်ပြီး ဆန်းစစ်ကြည့်ဖို့ သတိရသည်။ ပုန်းညက်ညိုရဲ့အရိပ်က ခေတ္တရှောင်ဖယ်နေကြည့်ချင်သည်။ အချစ်ဆိုတာ တခဏတာ လှည့်ဖြားမှုဘဲဟု မှတ်ချက်ချနိုင်ဖို့ ကြိုးစားကြည့်သည်။

ဒါပေမယ့်ကွယ်….။

ပုန်းညက်ညိုဟာ အုပ်စိုးရဲ့သတိရခြင်းတွေကို ထာဝရ သိမ်းပိုက်ယူငင်သွားခဲ့ပြီ ထင်ပါရဲ့…

* * *

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးရောက်ရပြန်တော့ ဖေဖေ့လုပ်ငန်းတွေကို ဆက်ခံနေသည့် ကိုကြီးက အုပ်စိုးကို လိုအပ်နေသည်ဖြစ်ပြန်သည်။ အုပ်စိုးတို့ မိဘဘိုးဘွား အစဉ်အဆက်က ယက္ကန်းလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ဖေဖေ့လက်ထက်မှာ ယက္ကန်းလုပ်ငန်းအပြင် သစ်သားပန်းပု လက်မှုပညာလုပ်ငန်းကိုပါ တိုးချဲ့လုပ်ကိုင်သည်။ ပန်းပုလုပ်ငန်းသည် ဖေဖေ့ဝါသနာလည်းဖြစ်သည်။ ဖေဖေ့သားတွေထဲမှာတော့ ဖေဖေ့လုပ်ငန်းတွေကို အမွေဆက်ခံချင်သူဟူ၍ ကိုကြီးတစ်ယောက်သာရှိသည်။ ဖေဖေ့သားများသည် ဖေဖေ့လို တစ်ယူသန်တွေချည်း ဖြစ်သည်မို့လားမသိ။

သို့ပေမယ့် ဘယ်အရပ် ဘယ်ဒေသကိုရောက်ရောက် ဖေဖေနှင့် မေမေ၏ မင်္ဂလာနှစ်ပတ်လည် နေ့မှာတော့ အိမ်ကိုရောက်အောင် ပြန်ကြသည်ပင်။ အုပ်စိုးကတော့ သင်္ဘောပေါ်နှင့် ဆိပ်ကမ်းမြို့များမှာရှိနေသည့် နှစ်နှစ်ဆက်တိုက် အထိမ်းအမှတ်နေ့မှာ ပျက်ကွက်ခဲ့



သည်။ ဖေဖေနှင့် မေမေ့ကို စိတ်ချင်းဝေးကွာနေသည့် ကိုလတ်သည်ပင် အဲသည်နေ့မှာတော့ မန္တလေးမှာရှိနေဖို့ ကြိုးစားရသည်။ ကိုလတ်သည် မိဘသဘောမကျသည့် အမျိုးသမီးကို လက်ထပ်ခဲ့ပြီး မေမေတို့နှင့် ဝေးအောင် မန္တလေးနှင့်ဝေးအောင် ရှောင်နေသည်။ ခုတော့ ကိုလတ်သည် ပဲခူးမှာ ဆန်ဆီအရောင်းအဝယ်လုပ်ငန်းဖြင့် ဘဝတည်ငြိမ်နေပြီ။ ချွေးမကို မနှစ်မြို့သည်မဟုတ်ဘဲ လူမှုရေးအရ မသင့်လျော်ဟု ယူဆထားသည့်ပြဿနာတစ်ရပ်သည် အုပ်စိုးသေချာနားမလည်နိုင်သည့် အရွယ်ကပင် ဖြစ်ပျက်ခဲ့သည်။ နှစ်ပေါင်းများစွာက အဟောင်းအမြဉ်းများသည် တစ်ချိန်ချိန်မှာ အသက်ဝင်တတ်သည်ဆိုတာ အုပ်စိုး ဘယ်လိုလက်ခံရမှန်း မသိ။

မန္တလေးရောက်ပြန်တော့ ကိုကြီးက ခွဲဝေပေးသည့်လုပ်ငန်းတွေထဲ နစ်ရင်း အချိန်အတော်ကြာရပြန်သည်။

* * *

ကွန်ကရစ်လမ်းကလေးသည် အဲပေါ်စီးမှကြည့်လျှင် N' ပုံသဏ္ဍာန် ကွေ့ကောက်သွား၏။ အပြန့်ကျယ်သော အပေါ်ထပ်ဝရံတာမှာ ပိန်းပန်းနှင့် ကစ်မီကွစ်ပန်းအိုးလေးတွေ အစီအရီရှိနေသည်။ ထဲသည် ပန်းပင်ကလေးတွေက မေမေ့လက်ဖြင့် နေ့စဉ်ထိတွေ့နေသည်ရှိသည်မှ လန်းဆန်းနေသလားဟုပင် ထင်ရသည်။ တကယ်တော့

www.burmeseclassic.com

www.burmeseclassic.com





အုပ်စိုးက ပန်းပင်တွေအကြောင်း မေမေ့လောက်ပင် နားမလည်တတ်ချေ။ သို့ပေမယ့် ကိုလေးဆီရောက်နေလျှင် အုပ်စိုးသည် 'ဥယျာဉ်မှူး' ပန်းအလှစိုက်ပျိုးရေးလုပ်ငန်းမှာ စိုက်ပျိုးရေးမန်နေဂျာ ဖြစ်ရပြန်၏။ ကိုလတ်ဆီရောက်လျှင်လည်း ဆန်ဆီပွဲစားဖြစ်ရပြန်သည်။ မန္တလေးရောက်ပြန်တော့ 'ဘရဏီ' ကုမ္ပဏီလီမိတက်၏ အထွေထွေမန်နေဂျာ ဖြစ်ရပေဦးမည်။ တကယ်တန်းမှာ အုပ်စိုးသည် အလုပ်လက်မဲ့သာ ဖြစ်၏။

“အံမယ်…တစ်ယောက်တည်း ဘာတွေများသဘောကျပြီး ပြုံးနေတာလဲ…”

မေမေ့အသံ ဝါညက်ညက်သည် အသက်ကြီးပေမယ့် ရှင်လန်းဆဲရှိ၏။ သနပ်ခါးရနံ့သည် ခပ်လှမ်းလှမ်းဆီကပင် ရင်ကိုအေးလောက်အောင် သင်းပျံ့လာသည်။ အုပ်စိုး အိမ်ပြန်ရောက်လျှင် မေမေသည် တရားနာသွားဖို့ကိုပင် စိတ်မဖြောင့်နိုင်။ အုပ်စိုးကြိုက်တတ်သည့် ငါးပြေမဟင်း၊ ငါးခူစင်းကော ရွက်ယိုရွက်အုပ်၊ ပန်း◌ကွဲဖျော်၊ အင်ဥသုပ် စသည့် ဟင်းအမျိုးမျိုးကို မီးဖိုချောင်ထဲဝင်ပြီး စီမံမဆုံးနိုင်အောင် ရှိ၏။

“ကိုယ့်ကိုယ်ကို ရယ်ချင်လို့ပါ မေမေရာ…”

“အံမယ်…”

“တစ်နေရာရောက်ရင် ရာထူးတစ်မျိုးနဲ့…တကယ်တန်းကျတော့ အစ်ကိုတွေအိမ်လည်ပြီး ကပ်စားနေတာဘဲ…”

မေမေက ဝရံတာမှာ ကြိမ်ပက်လက်ကုလားထိုင်ခင်းထားသည့် ခေါင်းရင်းပိုင်းမှာ ဝင်ထိုင်သည်။ သည်လိုမှ ခြေရင်းဖက်မှာ စိုက်ထားသည့် ပန်းပင် ပန်းအိုးတို့ကိုလည်း မြင်ရမည်။ လမ်းမကြီးကို ကျောပေးထားသည့်အတွက် မျက်စိရှုပ်စရာ မြင်ကွင်းမှလည်း ဝေးမည်။

“အဲဒါပြောတာပေါ့ သားရယ်…မင်း တစ်နေရာရာမှာ စိတ်တည်တည်ငြိမ်ငြိမ်နဲ့ အလုပ်လုပ်ဖို့ ကောင်းနေပြီနော်…မင်း မန္တလေးကို ခြေဦးမလှည့်ချင်တဲ့အကြောင်းအရာကလည်း…”

“ဟာ…မေမေကလည်း တလွဲကြီး…”

“ဘယ့်နှယ်…တလွဲကြီးလဲ…”

“သဇ္ဇာခိုင်ကို ရှောင်ချင်လို့…လို့ ပြောဦးမှာမဟုတ်လား”

“မဟုတ်ဘူးလား…”

“လုံးဝမဟုတ်ပါဘူး မေမေရာ…”

မေမေက မျက်စောင်းချီသည်။ ပြီးတော့ အပျိုမလေးတစ်ယောက်လို ခပ်လှောင်လှောင်ပြုံးသည်။

“ဒါဆိုလည်း မင်း ဒီမှာဘဲနေတော့…ဘယ်မှမသွားရတော့ဘူး…”

“ဗျာ…”

* * *

“မေမေပြောတာ နည်းလမ်းကျသားဘဲကွာ…အသက်မွေးဝမ်းကြောင်းအလုပ်ဆိုတာ ဝါသနာမပါပေမယ့်လည်း ကိုယ်နဲ့သင့်တော်

www.burmeseclassic.com

www.burmeseclassic.com



ရာကို ရွေးချယ်လုပ်ကြရတာဘဲ မဟုတ်လား ညီထွေးရ…အလုပ်လုပ်ရင်းနဲ့ ကိုယ့်ဝါသနာကို တစ်ဖက်တစ်လမ်းက အချိန်ပေးပေါ့…မင်း အသက်ငယ်တော့တာမဟုတ်ဘူး…ဒီခေတ်မှာ လူငယ်တွေ တက်တက်ကြွကြွနဲ့ အလုပ်လုပ်နေကြတာ…ကိုကြီးတော့ သိပ်အားရတာဘဲ…"

"ကျွန်တော် အလုပ်လုပ်မှာပါ ကိုကြီးရာ…ဒါပေမယ့် အချိန်နည်းနည်း ထပ်ပေးပါဦး…"

"ကိုကြီး မင်းကိုပြန်ခေါ်ချင်နေတာ ကြာပြီ…ဟိုတစ်လောကဖုန်းဆက်တော့လည်း မင်း ပေလီရောက်နေတယ်ဆိုလို့…ကိုကြီးလည်း ဒီမှာ တစ်ယောက်တည်းမနိုင်ဘူးကွ…လူကြီးတွေကို ပြုစုရတာကတစ်မျိုး…ဖေဖေကလည်း စိတ်သာရှိတာ အရင်ကလို ကျန်းမာရေးကောင်းတာမဟုတ်ဘူးနော်…"

"တို့…သားတွေချည်းမွေးထားပြီး ဒီလုပ်ငန်းတွေအတွက် ယုံကြည်စိတ်ချရတဲ့သူမှမရှိဘူးဆိုရင် လူကြားလို့မှ ကောင်းပါဦးမလား"

ကိုကြီးဆိုပေမယ့် အသက်နှစ်ဆယ်လောက်ကွာသည့် အစ်ကိုဆိုတော့ တော်ရုံတန်ရုံ ကိုငယ်တို့ ကိုလေးတို့ကို ပြောသလို ပေါ့ပေါ့တန်တန် ရယ်ရွှမ်းပတ်ရွှမ်းမပြောရဲ။ နှုတ်က အကျင့်မရသည့်အပြင် စိတ်ကလည်း မဝံ့ရဲ။ အစ်ကိုကြီးသည် ငယ်စဉ်က အုပ်စိုးတို့ အငယ်တွေကို ထိန်းကျောင်းခဲ့ရသည်မှန်ပေမယ့် ဘွဲ့ရပြီး မိသားစုလုပ်ငန်းကို ဖေဖေနှင့် ဒိုးတူပေါင်ဖက် လုပ်ကိုင်ရစဉ်မှာ ညီငယ်များနှင့် အတော်ဝေးကွာသွားခဲ့ပြီ။

"ကိုကြီးကလည်း…ပြောလို့ရတဲ့ဘူဘဲ ဖိပြောနေတယ်…"



"တစ်ခြားသူတွေက ကိုယ့်လုပ်ငန်းနဲ့ ကိုယ်ဖြစ်နေပြီကွ…"

"ကိုငယ်ကျတော့ရော…"

"အဝေးကြီးမှာရှိတဲ့သူကို မတွက်ကတ်နဲ့လေ…သူ ဒီမှာရှိနေတုန်းက သူလည်း ဝိုင်းလုပ်ပေးနေတာဘဲ…"

ကိုကြီးက ရေနွေးပူပူကို ဖန်ခွက်ထဲလောင်းထည့်ရင်း အုပ်စိုးကို ခပ်စူးစူးကြည့်နေသည်။ ပလောင်မယ် လက်ဖက်ခြောက်၏ မွှေးရနံ့သည် လေအေးစက်ကြောင့် အေးစိမ့်လုံခြုံနေသည့် အခန်းထဲမှာ ေ့ဝဲနေ၏။

"ဟုတ်ပြီလေ…ကျွန်တော် ဒီမှာဘဲ ကိုကြီးနဲ့အတူ ကူလုပ်ေးပါ့မယ်…ဒါပေမယ့် ကိုကြီးလည်း ကျွန်တော့်ကို တစ်ခုပြန်ကူညီါ…ကျွန်တော် မေမေနဲ့ဖေဖေ့ကို ပြောဖို့ခက်နေလို့"

"ဘာလဲ…မိန်းမယူတော့မှာလား…"

ကိုကြီးက ရယ်ဟဟကျီစယ်ပေမယ့် အုပ်စိုးက…

"ဟုတ်တယ်…"

ဟု ဝန်ခံလိုက်တော့ ရုတ်တရက် ကြောင်အမ်းသွားခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးရှေ့မှာ မျက်နှာတော့ နည်းနည်းပူနွေးသည်။ သို့ပေမယ့် ကိုလေး ရယ်စရာလိုလိုပြောခဲ့သလိုပင် အစကောင်းပေမယ့် ဇာတ်သိမ်းမှာ မရေရာခဲ့သည့် ပွဲဦးထွက်ဇာတ်လမ်းတစ်ပုဒ်က ရှိနှင့်ပြီမို့ သည်တစ်ကြိမ်မှာတော့ အုပ်စိုး ဘာကိုမှ မဆုံးရှုံးရချင်။ အနေဝေးပြီး သွေးအေးသွားမှာလားဟု စိုးရိမ်လွန်ကဲသည်လည်း ဖြစ်မည်။ ပြီးတော့ လွမ်းဆွတ်ရသည့်ဒဏ်ကိုလည်း အကြာကြီး ဆက်ပြီးမခံစားချင်တော့တာပါ...။

လှိုင်းခေါင်းဖြူတွေ တလိပ်လိပ်တက်လာသည့် ပင်လယ်ဆီ တောင်ပံတွေတပ်ပြီး လေဟုန်ခိုစီးသွားနိုင်သည့် ငှက်တစ်ကောင်ဘဝ ခဏခဏရောက်ချင်မိသည်။ စိတ်နောက်ကိုယ်ပါသွားနိုင်သည့် ခန္ဓာ ရှိခဲ့လျှင် စက္ကန့်ပိုင်းအတွင်းမှာ အလင်းနှုန်းလို အခေါက်ပေါင်း မရေတွက်နိုင်အောင် ရောက်ပြီပြီ...။ ချစ်သူမထားဖူးသည့် ဆယ်ကျော်သက်လူငယ်လေးတစ်ယောက်၏ ပထမဆုံးအတွေ့အကြုံလည်း မဟုတ်ပါဘဲ...။

[ပြန်လာခဲ့မှာဆို...] ဆိုသည့်အသံရှရှကလေးကိုသာ အချိန်ရဲ့ တိုင်းမှာ ကြားယောင်နေမိသည်။

"ချက်ချင်းဘဲ...လက်ထပ်ချင်တာလား..."

"အဲလိုတော့လည်း...မဟုတ်ပါဘူး..."



"အေး...အဲလိုမဟုတ်ရင်ကောင်းတယ်၊ မင်းလည်း အသက်နှစ်ဆယ့်ခြောက်နှစ်ရှိပြီ...ကမူးရှူးထိုးဆုံးဖြတ်တာတော့ မကောင်းဘူး...ကိုလေးကို ခေါ်သွားပြီး လူကြီးတွေနဲ့ ပြောဆိုအကဲခတ်ကြည့်ပေါ့...ခေါင်းအေးအေးထားပြီး ရေရှည်မှာ ဘယ်လိုရပ်တည်ကြမယ်ဆိုတာကို ဆွေးနွေးဦး...အရေးကြီးဆုံးကတော့ ဒီမှာနေပြီး မိဘအမွေအနှစ်ကို ဆက်ထိန်းထားဖို့ဘဲ...အဲလိုဖြစ်ဖို့ကလည်း ယောင်နောက်ဆုံးပါ မိန်းကလေးမျိုးမှဖြစ်မှာ..."

အောင့်ထားသော လေကို ခပ်မျဉ်းမျဉ်းရှူထုတ်ပစ်လိုက်ရသည်။ ဘယ်လိုဘဲဖြစ်ဖြစ် ပထမအဆင့် ချောမွေ့အဆင်ပြေဖို့ အရေးကြီးသည်လေ...။

"ကျွန်တော်...သုံးလေးရက်ထက် ပိုမကြာပါဘူး..."

"အေး...ပိုကြာရင်လည်း... ငါကိုယ်တိုင်လိုက်ခေါ်မှာဘဲ"

"ကိုကြီးကလည်းဗျာ..."

"ပဲခူးက မင်းအစ်ကိုလတ်နဲ့လည်း တိုင်တိုင်ပင်ပင်လုပ်ကြပေါ့...သူတို့အိမ်ထောင်ရေးရော အဆင်ပြေကြရဲ့လား..."

"ကျွန်တော် သိပ်မသိဘူး ကိုကြီး..."

"အချိန်ယူပြီး သွားတွေ့လိုက်ပါဦးကွာ...သူတို့မှာ မိဘဆွေမျိုးရဲ့ အရိပ်နဲ့ ဝေးနေရတာ..."

အစ်ကိုကြီးက ထိုင်ရာမှထ,ပြီး နံရံသစ်သားဖုမှာ ချိတ်ထားသည့် ဂျာကင်အင်္ကျီကို ဖြုတ်ယူသည်။

"ဒါဆို...ကျွန်တော် နက်ဖြန်သွားမယ်နော်..."

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက မျက်မှောင်ကျုံ့လျက် အုပ်စိုးကို လည်ပြန်နေအောင် ကြည့်သည်။

* * *



ပင်လယ်လှိုင်းသံကို ကြားရပြန်တော့ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့သည့် ငယ်ကျွမ်းဆွေနှင့် ပြန်လည်ဆုံရတော့မလိုပင်…စိတ်လှုပ်ရှားမှုနှင့် မွှတ်သိပ်တောင့်တမှု၊ ကြည်နူးပျော်ရွှင်မှုတို့ကို တသိမ့်သိမ့် ခံစားရသည်။ ပင်လယ်လေကို တစ်ဝကြီးရှိုက်ပြီး အဆုတ်ထဲရောက်အောင် သွင်းလိုက်သည်။ အုန်းပင်တန်းတွေကြားကနေ သောင်ပြင်နှင့် ကျောက်ဆောင်တန်းဆီ အကြာကြီးရပ်ကြည့်မိလျှင် မကြာသေးခင်က အရိပ်တွေပြန်ပြီး အသက်ဝင်လာသလို ထင်မိ၏။

ချစ်သူဆီ ပြေးလွှားသွားချင်စိတ်ကို ထိန်းချုပ်ထားရသည်မှာ အုပ်စိုးအတွက် ငရဲတစ်ပိုင်းပါဘဲလား…။

* * *

ဟိုတယ်လ်ရှေ့က ပန်းမြက်ခင်းဥယျာဉ်ငယ်လေးသည် သဘာဝပန်းချီကားကြီးတစ်ချပ်ကို ချုံ့ပြီး ဘောင်တစ်ခုထဲ သွင်းထားသလို

www.burmeseclassic.com

www.burmeseclassic.com



စိမ်းလန်းလှပနေ၏။ သည်မြေ သည်ရေကို စ,ပြီးခြေချသည့်အချိန်မှာ ကိုလေးရဲ့ဆန္ဒက...

"တို့လုပ်ခဲ့တဲ့ ဒက်ကရေးရှင်းကို အရင်ကြည့်မယ်..."

ဟူ၍ဖြစ်သည်။

ကိုလေးဆီမှာ နိုင်ငံခြားပန်းခြံတွေရဲ့ ကတ်တလောက်များစွာ စုဆောင်းထားရှိသည်။ သူကိုယ်တိုင်ကလည်း ပန်းခင်း၊ မြက်ခင်းတွေရဲ့ အပြင်အဆင်ကို ပန်းချီကားတစ်ချပ်လို ခြယ်မှုန်းနိုင်သူဖြစ်သည်။ စိတ်ကူးကို အမှီလိုက်နိုင်ဖို့အတွက် အရောင်စုံသည့် ပန်းမျိုးများကိုလည်း ခက်ခက်ခဲခဲ စုဆောင်းနိုင်ခဲ့သည်။ သူ့စိတ်ကူးထဲမှာ အခင်းအကျင်းကို ဘယ်နေရာလိုသည် ဘယ်နေရာပိုသည် ဝေဖန်ပြီးမှ...

"သူတို့က ဘယ်မှာနေတာလဲ..."

ဟု ဘိုးတော်ဘုရားရဲ့အမေးစကားလို အဆက်အစပ်မရှိ ကောက်ကာငင်ကာ မေးသည်။

"ဟိုး...နောက်ဖက်က ဝန်ထမ်းတွေနေတဲ့ လိုင်းခန်းတွေမှာ..."

"သူ့အဖေက ဘယ်သူတဲ့လဲ..."

"ဦးကိုကိုမောင်...တဲ့..."

"ဘာ..."

"ဦးကိုကိုမောင်..."

ကိုလေးသည် ချက်ချင်းပင် မျက်လုံးတွေပြူးကျယ်ပြီး ကျောက်ရုပ်တစ်ရုပ်လို တောင့်တင်းသွားသည်။

* * *



ရောင်စုံကျောက်စရစ်တွေ ပုံဖော်ခင်းထားသည့် လမ်းကလေးထက်မှာ တရွေ့ရွေ့ တစ်လှမ်းချင်း လှမ်းလာနေသည့် ပန်းရင့်ရောင် အရိပ်သဏ္ဌာန်လေးသည် ရင်ဘတ်ထဲ စစ်ချီတက်သံတွေလို ရင်ခုန်နှုန်းကို တိုး၍မြန်စေသည်။ လမ်းကလေးရဲ့ အပြင်ဖက်မှာ စဥ့်ပန်းအိုးအကြီးကြီးနှင့် စိုက်ထားသည့် ကျောက်ပန်းခက်ပင် အနောက်မှာ ခပ်ကွယ်ကွယ်ရပ်နေလိုက်သည်။

သူမခြေလှမ်းတွေ ဘယ်ကိုဦးတည်နေသည်ဆိုတာတော့ သိသားပင်...။

ရိုးစင်းပေမယ့် ရှင်းလင်းယဉ်ကျေးသည့် မြန်မာဝတ်စုံသည် ပုန်းညက်ညိုရဲ့ ခန္ဓာကိုယ်ပေါ်မှာ ချပ်ချပ်ရပ်ရပ်ရှိ၏။ ဆံပင်တွေအားလုံးသိမ်းပြီး နောက်တွဲဆံထုံးလေး ထုံးထားသည့်အတွက် မျက်နှာရှင်းရှင်းမှာ မျက်ခုံးနက်နက်တွေက ထင်ရှားပေါ်လွင်နေသည်။ ဖိုး၍သိမ်ငယ်တတ်သည့် မျက်နှာလေးကတော့ ရိုးသားခြင်းတွေနဲ့ယှဉ်တွဲပြီး ကြည်လင်နေမြဲပါဘဲ။ သို့ပေမယ့် တစ်ခုခုကို မျှော်လင့်စိတ်စောဟန်လည်း ထင်သည်။

ခြေနှစ်လှမ်းစာလောက် သူမအနားရောက်လာတော့မှ ပန်းအိုးအကွယ်ကနေ ထွက်လိုက်သည်။

"အမေ့..."

"လုံးဝမလှုပ်နဲ့နော်...ငြိမ်ငြိမ်လေးနေပါ..."

ချစ်သူရဲ့ ထိတ်လန့်စိုး၍သွားသည့် အနိုက်အတန့်လေးကိုပင် ဂရုဏာသက်ရပြန်သည်။ အုပ်စိုးကိုမြင်လိုက်ရသည့် သူမရဲ့မျက်ဝန်းလေးတွေ အရောင်လက်ဖြာသွားသည့်အခါမှာတော့ ရက်ပေါင်းများစွာ

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းဆွတ်တမ်းတခြင်းတွေက အကြည့်တစ်ချက်နှင့်ပင် ကျေပျက်ကွယ်ပျောက်တော့သည်။

* * *

"မောလိုက်တာ…မာလာပြောပြောချင်း…ရင်ထဲမှာ ဒိတ်ကနဲဖြစ်သွားတာဘဲ…ဟုတ်မှဟုတ်ရဲ့လားလို့…ရောက်ရင်တော့ အရင်ဆုံးလာတွေ့မယ်လို့ ထင်ထားတာ…"

"ဘယ်သူ့ကိုလာတွေ့ရမှာလဲ…"

"အို…"

ဆိုးဆေးတင်ထားသည့် နှုတ်ခမ်းထူပြည့်ပြည့်တွေ ခပ်ဝိုင်းဝိုင်းပွင့်ဟသွားတာကို ကြည့်ရင်း ပြုံးမိသည်။ တကယ့်ကို ချစ်စရာကောင်းတဲ့ ကလေးမဘဲ…။

အချစ်ဆိုတာက အရာခပ်သိမ်းကို လှပစေသည်လား…။

ဒါမှမဟုတ် အမှန်ကို မမြင်နိုင်ဘဲ တိမ်းမူးတွေဝေစေတာလားမသိ။

ကျီစယ်စကားမှန်း သိသိနှင့်ပင် သူမက နှုတ်ဆိတ်သွားပြန်သည်။ ခေါင်းငုံ့မျက်လွှာချပြီး ငြိမ်သက်နေ၏။ နှုတ်ခမ်းတွေကတော့ ဖွဖွပြုံးနေသည်။

"ပြောလေ…"



"ရှင်…"

"ကိုယ်က ဘယ်သူ့ကို အရင်ဆုံးလာတွေ့ရမှာလဲ…"

"မသိဘူး…"

"ဪ…မသိဘူးဆိုတဲ့ကောင်မလေးလား…"

သူမက တစ်ချက်မှမျက်မှောင်ကြုံ့မသွားပါ။

စိတ်ကောက်လိုက်စမ်းပါလား…။

ချစ်သူကို ချော့ရတဲ့အရသာကို ကိုယ်လည်း ခံစားဖူးချင်လို့ပါ…။

"စကားမပြောတော့ဘူးလား…"

သူမက ပြန်မဖြေတော့။ အုပ်စိုးကိုလည်း မကြည့်ဘဲ မျက်နှာခပ်လွှဲလွှဲထားသည်။ လက်ဖဝါးလေးကို ဆတ်ကနဲဖမ်းယူဆုပ်ကိုင်လိုက်တော့မှ အထိတ်တလန့်မော်ကြည့်သည်။

"လာ…ကိုယ်နဲ့လိုက်ခဲ့…"

"ဘယ်ကိုလဲ…"

"ကိုလေးနဲ့သွားတွေ့ရအောင်…"

"ဟင်အင်း…မဖြစ်ဘူး…"

"ဘာဖြစ်ရပြန်တာလဲ…ဘာဖြစ်လို့ မဖြစ်ရတာလဲ…"

"ဂျူတီချိန်ကြီးလေ…"

နှုတ်ခမ်းစူစူဖြင့် ပုန်းညက်ညိုကပြောသည်။ ပြီးတော့ လက်ဖဝါးကို အသာရုန်းထွက်သည်။

"ဒါဆို…ညနေလာခဲ့မယ်…"

ပုန်းညက်ညိုက အုပ်စိုးကို တွေတွေဝေဝေကြည့်သည်။ စိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်မှုနှင့် သိမ့်ငယ်ခြင်းတို့ သိသာနေသည့် အဲသည်အကြည့်က လှိုင်းတွေ ကျောက်ဆောင်တန်းဆီ လာရိုက်သလို နှလုံးအိမ်ကို ခပ်ပြင်းပြင်းထိမှန်သည်။

* * *



"ကျွန်မတို့ အချိန်နည်းနည်းထပ်ယူရင် ကောင်းမလားလို့..."

"မကောင်းဘူး..."

"ဟာကွာ..."

"ဟုတ်တယ်လေ...ကိုယ်က နောက်ဆို မန္တလေးမှာဘဲ နေရတော့မှာ..."

"ဘာဖြစ်လို့လဲ..."

"ပြောရရင်အရှည်ကြီးဘဲ...လိုရင်းကိုပြောရရင်တော့... ဟိုမှာဖေဖေ့လုပ်ငန်းတွေကို ကိုကြီးတစ်ယောက်တည်းဦးစီးနေရတာ ဆိုတော့မနိုင်နင်းဘူးပေါ့...တကယ်တော့ အဲဒီအလုပ်တွေကို ကိုယ်နည်းနည်းမှ ဝါသနာမပါဘူး...ကိုယ်လေးနဲ့အတူတူ သစ်ပင်စိုက်နေရတာမှ တော်သေးတယ်...ဒါပေမယ့် မိသားစုလုပ်ငန်းဆိုတော့ ရှောင်နေလို့မရဘူးလေ...ပြီးတော့ ကိုယ်တိုင်စိတ်ဝင်စားခဲ့တဲ့အလုပ်ကိုလည်းခု စိတ်ပျက်သွားပြီ...အိမ်ထောင်ပြုမယ်ဆိုရင် အခြေကျတဲ့စီးပွားရေးလုပ်ငန်းတစ်ခုလိုပြီလေ..."

"အဲဒီလောက်အထိ မစဉ်းစားပါနဲ့ဦးလား..."

"ဟောဗျာ...ဘယ်လိုဖြစ်နေတာလဲ..."

ခြေလှမ်းကို ရပ်ပစ်လိုက်သည်။ အုပ်စိုးရဲ့ လက်မောင်းကိုဆုပ်တွယ်ထားသည့်လက်ချောင်းတွေက အလိုလျောက် ပြေကျသွားသည်။ မဝံ့ရဲသော မျက်နှာလေးသည် မျက်မှောင်ကျုံ့ကြည့်မိသည့်

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးရဲ့အကြည့်တစ်စုံအောက်မှာ ငြိမ်သက်နေ၏။ ကျောနောက်ဖက်မှာ ခပ်ပွပွသိုးမွေးကွင်းနှင့် စည်းနှောင်ထားသည့် ဆံပင်နက်မှောင်များသည် လေမှာ ဖျတ်ကနဲ ဖျတ်ကနဲ လွင့်လျက် ရိုက်ခတ်နေကြသည်။ အင်အားကြီးပြီး အရှိန်အဟုန်ပြင်းလှသည့် ရေလှိုင်းများသည် ကြွဲကြွဲခံနေသည့် ကျောက်ဆောင်မဲညိုများဆီ ရောက်လာပြီး…ပြိုကွဲလွင့်ဖွာလျက် ပင်လယ်ရေပြင်ထဲ ပြန်လည်ဆင်းသက်သွားပြန်သည်။

ခြေဖမိုးများသည် ဆားငံရည်ကြောင့် ချွဲကျိနေ၏။ ငြိမ်သက်စွာ ရပ်နေလျှင် ဆင်းသွားသောရေလှိုင်းများနှင့်အတူ ခန္ဓာကိုယ်ကပါ ရွေ့လျားမျောပါနေသည်ဟု ထင်ရသည်။

"မစဉ်းစားရဘူးလား…"

ပုန်းညက်ညိုက ချက်ချင်းခေါင်းငုံ့သွားသည်။

ဘယ်လိုမိန်းကလေးလဲ…

"လက်ထပ်ဖို့ မစဉ်းစားရဘူးလား…"

"ကျွန်မတို့မိသားစုအကြောင်းကို ဘာမှမသိရသေးဘူးလေ…ပြီးတော့ ကိုတို့မိသားစုရဲ့ အနေအထားကိုလည်း…"

"ဟုတ်ပြီ…အဲဒီအကြောင်းတွေသိရပြီဆိုပါတော့… ကိုယ်တို့နှစ်ယောက်ရဲ့အချစ်က ပြောင်းလဲသွားနိုင်သလား…"

ပုန်းညက်ညိုရဲ့ ခန္ဓာကိုယ်လေး နည်းနည်းယိုင်နွဲ့သွားသည်ဟု ထင်မိသည်။ ချစ်သူနှစ်ဦးကြားမှာ လေဟာနယ်တစ်ခုရှိနေတာတော့ မဖြစ်နိုင်ပါ။ ဒါပေမယ့် ပုန်းညက်ညိုရဲ့စကားသံကို မကြားရ။ ယှက်ထားသည့် သူမရဲ့လက်ချောင်းတွေကို ဆွဲယူပြီး လက်မောင်းမှာ ချိတ်တွယ်ထားလိုက်မိတာ နည်းနည်းတော့ အဓမ္မဆန်ပါသည်။



ဒါပေမယ့်…ပုန်းညက်ညိုရဲ့ သိမ်ငယ်မှုက အုပ်စိုးကို မချင့်မရဲဖြစ်စေသည်။

"ဟုတ်ပါတယ်…ကျွန်မလည်း အဲဒါကိုသိချင်တာပါဘဲ…"

"ဖြစ်မှဖြစ်ရလေ…"

"ကျွန်မဘဝဟာ ကို့အတွက် စိတ်ပူက်စရာဖြစ်နေမှာ စိုးတာပါ…"

ပုန်းညက်ညို…။

လက်ဖဝါးလေးကို ခပ်တင်းတင်းဆုပ်ဖျစ်လိုက်မိသည်။

"ကိုလေးဆီ သွားကြရအောင်…"

"ရှင်…"

"ကိုယ့်အစ်ကိုလေးနဲ့ ပုန်းညက်ညိုကို မိတ်ဆက်ပေးမယ်လေ…သိထားရုံပါဘဲ…ကိုယ်ဘာကိုမှ ကိုယ့်ဆန္ဒနဲ့ချည်း မလုပ်ပါဘူး…ပုန်းညက်ညိုက လက်မခံဘူးဆိုရင် ကိုယ်တို့ပြန်ရုံပေါ့…တစ်နေ့နေ့…ပုန်းညက်ညို သတ္တိရှိလာတဲ့တစ်နေ့နေ့မှာ ကိုယ်ပြန်လာမှာပေါ့…ပုန်းညက်ညိုကို လာခေါ်မှာပေါ့…"

"ကို…"

နှုတ်ခမ်းလွှာတွေဆီ လက်ချောင်းရှည်သွယ်တွေ ဖွဖွလာထိသည်။

"တော်ပါတော့ ကိုရယ်…"

"ပုန်းညက်ညို အားငယ်တတ်တာကို ကိုယ်သိပါတယ်…"

ခပ်မှန်မှန် ခုန်လှုပ်နေသော နှလုံးသားတစ်ခုနှင့် ပျော့နွဲ့နူးညံ့

www.burmeseclassic.com

www.burmeseclassic.com



သည့် ခန္ဓာကိုယ်တစ်ခု ရင်ခွင်ထဲတိုးဝင်သည်။ ပါးပြင်တစ်ဖက်သည် တဒိတ်ဒိတ်ဆောင့်တိုးနေသော အုပ်စိုးရဲ့ဘယ်ဖက်ရင်အုံမှာ လာထိကပ်၏။ သေးသွယ်သောကိုယ်ခန္ဓာကို ခပ်ကျစ်ကျစ်ဖက်တွယ်ထားမိသည်။ လက်ဖဝါးပြင်နှစ်ခု၏ ဖွဖွထိတွေ့မှုသည်ပင် ကျောပြင်တစ်ခုလုံး လုံခြုံနေသလို ခံစားရသည်။

"ကျွန်မဖက်ကတော့ ဘယ်တော့မှ ပြောင်းလဲသွားမှာမဟုတ်ပါဘူး…ကျွန်မဘဝတစ်လျှောက်လုံး ခုလိုနွေးထွေးတဲ့ အကြင်နာကိုလည်း ဘယ်တုန်းကမှ မရခဲ့ဖူးပါဘူး…ကိုကို ကျွန်မ သိပ်ကျေးဇူးတင်တာဘဲ…ကျွန်မဘဝမှာ ကိုယ့်တစ်ယောက်တည်းကိုဘဲ ချစ်ခဲ့ဖူးတာပါ…"

အင်္ကျီရင်ဘတ်မှာ ပူနွေးသောမျက်ရည်တွေ စွန်းထင်းမှ ရင်ခွင်ထဲမှာရှိနေသည့် ချစ်သူကို ငုံ့ကြည့်မိသည်။ မငိုပါနဲ့လို့တော့ မပြောချင်ပါ…အဲသည် မျက်ရည်စက်တွေကနေ သိပ်သည်းသော၊ လေးနက်သော အချစ်ဆိုတာကို ခံစား၍ရသည်။ ပုန်းညက်ညိုနှင့်အုပ်စိုးရဲ့ နှလုံးခုန်သံတွေ ရောနှောစီးဆင်းနေသည့် မြစ်တစ်စင်းရဲ့သံစဉ်ကို နားထောင်ရနိုင်သည်။

ဒါဟာ…အချစ်ဘဲ…။

ဘယ်တော့မှ မပျောက်ပြယ်နိုင်တဲ့အချစ်ပါဘဲကွယ်…။

"ကိုယ် သိပ်ချစ်တယ်…"

တိုးတိုးဖွဖွ ပြောမိသည်။

တိုးတိမ်လှသော စကားသံသည် ပင်လယ်လှိုင်းရိုက်သံနှင့် အုန်းလက်လေတိုးသံတွေကြားမှာ မျောလွင့်ပျောက်ကွယ်သွား၏။ သို့



သော်လည်း ရင်ခုန်သံနှင့် ချစ်ခြင်းကတော့ နှလုံးသွေးလည်ပတ်မှုတွေ ရပ်သွားသည့်အချိန်အထိ ရှိနေဦးမည်။

* * *

"ဦးမောင်သာ သဘောတူမယ်ဆိုရင်…ကိုယ့်ဖက်က အဆင်သင့်ဘဲ…"

"ဒါပေမယ့်…ဖေဖေ့ကို ကိုယ်တို့မိသားစုက လက်ခံဖို့ဆိုတာ ထင်သလောက်မလွယ်ပါဘူးကွယ်…ဖေဖေက သိပ်တစ်ယူသန်တယ်…"

"ပုန်းညက်ညိုနဲ့အတူနေရဖို့ဘဲကွာ…ကြိုးစားရမှာပေါ့…ဦးမောင်ကိုလည်း တစ်နည်းတစ်ဖုံ လက်ခံနိုင်အောင် ကြိုးစားရမှာပေါ့…"

ပုန်းညက်ညိုက အုပ်စိုးရဲ့ကျောပြင်အထက်မှာ ပါးအပ်ထားလျက် ငြိမ်သက်နေသည်။ အသက်ပြင်းပြင်းရှူသံကိုတော့ ကြားနေရသည်။ ကျောက်ဆောင်ကြားအခွက်မှာ ဝင်နေသည့် ရေတိမ်ကြည်ကြည်ထဲမှာ တလှုပ်လှုပ်တရွရွ ရှိနေသည့် ဂဏန်းတစ်ကောင်ကို မြင်ရသည်။

"ပုန်းညက်ညိုသာ ကိုယ့်ကိုချစ်နေမယ်ဆို…"

"ကို့ဖက်က ပေးရတာက ပိုများနေမယ်ထင်တယ်…"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…အဲလိုတွက်ကပ်ကြေးလား…ကလေးတွေပြောတဲ့ စကားလိုဘဲ…"

"လူ့စိတ်ဆိုတာ ပြောင်းလဲနေတတ်တာမျိုးလေ…"

"တော်ပါတော့ကွာ…"

ကုပ်ပိုးအစပ်မှာ ခပ်နွေးနွေးထွက်သက်လေတန်းတစ်ခု လာထိသည်။ နောက်ဖက် ဖျတ်ကနဲလှည့်ကြည့်တော့ ပုန်းညက်ညိုက အေးစက်သည့်ကျောက်ဆောင်ပေါ် ထိုင်နေရာက ထ,ပြေးဖို့ ပြင်သည်။

"ဟိတ်…"

လက်ကောက်ဝတ်ကို ဖမ်းဆုပ်မိသည်။ ပုန်းညက်ညို၏ ခန္ဓာကိုယ်သည် ဆောင့်ဆွဲလိုက်သည့်အရှိန်ဖြင့် ရှေ့ဖက် ငိုက်ကနဲကျလာ၏။ ပြောင်ချောနေသည့် ကျောက်ဆောင်ပေါ်မှာ ဟန်ချက်ကိုမထိန်းနိုင်ခဲ့။ ပုန်းညက်ညိုရဲ့ခန္ဓာကိုယ်တစ်ခုလုံး အုပ်စိုးကိုယ်ပေါ် ပိကျလာသည်။

* * *

"ဘယ်ကိုထွက်ပြေးဦးမှာလဲ…"

"တော်ပြီကွယ်…"

မောဟိုက်တုန်ယင်သော စကားသံတိုးတိုးအောက်မှာ ကမ္ဘာလောကတစ်ခုလုံး တိတ်ဆိတ်သွား၏။ အချစ်ကို ငြင်းဆန်နိုင်ဖို့ အင်



အားမရှိနိုင်ဘူးဆိုတာ ဒီကလေးမ မသိလေရော့သလား…။

စိတ်ကူးအိပ်မက်တွေထဲမှာတော့ အုပ်စိုးနှင့်ပုန်းညက်ညို၏ ကမ္ဘာသည် တိမ်တိုက်တွေထဲ လေဟုန်ခိုစီးလျက် ပန်းရနံ့များ သင်းထုံလျက်ရှိ၏။

* * *

"ပုန်းညက်ညိုပါ…ကိုလေး…"

ကိုလေးမျက်နှာ ပြုံးရွှင်ရိပ်မရှိသည်ကို သတိထားမိသည်။ သို့ပေမယ့် ပုန်းညက်ညိုက ဦးညွှတ်လိုက်တော့ ကိုလေးသည် အလိုက်သင့်ပြုံးလိုက်၏။

"ထိုင်…ညီမလေး…"

"ဒါ…ကိုယ်တို့ညီအစ်ကိုတွေထဲမှာ တတိယမြောက်…ဦးမင်းစိုးတဲ့…ပန်းခြံအလှစိုက်တဲ့ လုပ်ငန်းလုပ်တယ်…ကိုယ်က သူ့ဆီမှာ အလုပ်သမားပေါ့…"

"အမာ…"

ကိုလေးက ပုန်းညက်ညိုကို ကြည့်သည်ဆိုရုံမျှ ခပ်လျှမ်းလျှမ်းကြည့်သည်။ ကိုလေးရှေ့မှာ ပုန်းညက်ညို အနေကျုံ့ပေမယ့် အုပ်စိုးရဲ့မျက်နှာရိပ်ကိုကြည့်ပြီး ရင့်ကျက်တည်ငြိမ်သည့် မိန်းမကြီးတစ်ယောက်လို ကြိုးစားပြုံးရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ညီက ရန်ကုန်ပြန်ရောက်ရောက်ချင်းဘဲ ညီမလေး အကြောင်းပြောပါတယ်...ငယ်သေးတာဘဲနော်...နှစ်ဆယ်ကျော်ပြ လား..."

"နှစ်ဆယ့်သုံးနှစ်ထဲမှာပါ..."

"အင်း...ညီထွေးထက်တောင် ငယ်တာပေါ့...တို့တွေထဲမှ တော့ ဒီကောင်က ကလေးဘဲဟ..."

တကယ်တော့ ကိုလေးက စကားပြောမကောင်းပါ။

ကျေးဇူးပါဘဲ ကိုလေးရယ်...။

"တို့က ညီအစ်ကိုခြောက်ယောက်...အထက်သုံးယောက် တစ်တွဲ...အောက်သုံးယောက်ကတစ်တွဲ...ခုတော့ အငယ်သုံ ယောက်မှာ တစ်ယောက်က ဆုံးသွားပြီ တစ်ယောက်က နိုင်ငံခြားမှ ဆိုတော့ သူတစ်ယောက်တည်း ဘက်ပဲ့နေတာပေါ့..."

"ဒီဟိုတယ်လ်က ကိုသိန်းလွင်က နိုင်ငံခြားသွားတဲ့ကိုယ် ဆိမ်းဘက်ချ်တွေလေ..."

"ဟုတ်ကဲ့...ဆရာပြောဖူးပါတယ်..."

စကားသံတွေ ခဏတိတ်သွားပြီး ပြောစရာစကားရှာမရသ ဖြစ်နေသည်။ အုပ်စိုးသည် သည်ဖက်ရောက်ရောက်လာသည့် မျက်နှ လေးကိုမြင်တိုင်း လည်ချောင်းထဲမှာ ခြောက်ကပ်တစ်ဆို့လာ ကိုလေးကလည်း ပုန်းညက်ညို့ရဲ့ သိမ်ငယ်မှုကို နားလည်ဟန်တူသည် သာမန်အားဖြင့်တော့ ကိုလေးသည် ရိုးရိုးစင်းစင်းနှင့် အဆင်တန်ဆ မချဲ့တတ်သော လူတစ်ယောက်သာဖြစ်၏။ အုပ်စိုးနှင့် အသက်ဆယ လေးနှစ်ကွာသည်ဟု ယုံနိုင်စရာမရှိလောက်အောင် နုပျိုပေမယ့် ရ



ားဟန်ကတော့ သူ့မျက်နှာမှာ အထင်းသားပေါ်နေသည်။ ခုတော့ ကိုလေးသည် အုပ်စိုးအတွက် စကားကို အဆင်တန်ဆာချဲ့ဖို့ ကြိုးစား ရှာဖွေနေရဟန်တူ၏။

"မန္တလေးမှာတော့ ကိုယ်တို့က တကယ့်မိသားစုကြီးဘဲ... မန္တလေးလိုက်လည်ပါလား...ညီမလေးသိပ်ပျော်မှာ..."

"ဟုတ်...နောက်ကြုံရင်တော့..."

"အေးလေ...ကြုံမှာပါ...နော...ဒါနဲ့... ညီမလေးမိသားစု ရော..."

သည်မေးခွန်းကို မေးဖို့ ကိုလေး အတော့်ကို သိုင်းဝိုင်းဖွဲ့နွဲ့ ခဲ့ရသည်ဟု သူ့ကိုယ်သူလည်း သိပါလိမ့်မည်။ ပုန်းညက်ညိုလည်း သိပါလိမ့်မည်။

"ကျွန်မတို့က သားအဖနှစ်ယောက်ထဲပါ..."

"ဩော်..."

"မေမေကတော့ ဆုံးသွားပါပြီ..."

"ဟုတ်လား..."

ကိုလေးရဲ့ ဟုတ်လားက ဂရုဏာသံ သိသိသာသာစွက်နေ သည်။

"ရခိုင်ဇာတိဘဲလား..."

"မဟုတ်ပါဘူးရှင်...ဖေဖေက မုံရွာဇာတိပါ...ကျွန်မကတော့ ရန်ကုန်မှာမွေးတာပါ..."

"ညီမကို မွေးပြီးဆုံးသွားတာလား..."

စကားသံဆိတ်ပြီး ပုန်းညက်ညို၏ မျက်နှာမှာ ဝမ်းနည်းရိပ်

www.burmeseclassic.com

www.burmeseclassic.com



ယှက်သမ်းလာသည်။ မျက်လုံးရီဝေဝေတွေက အုပ်စိုးဖက်လှည့်လာပြန်သည်။

"မဟုတ်ပါဘူး…ကိုးနှစ်သမီးကျမှ…"

"အင်း…ဆယ့်ငါးနှစ်နီးနီးကို ရှိမှာဘဲ…"

ကိုလေးတွက်ချက်တာ မြန်လွန်းလှသည်လို့ ထင်သည်။ ကိုလေးက လက်ပတ်နာရီကို ဖျတ်ကနဲကြည့်ရင်း…

"ညစာ အတူစားကြရအောင်လား…"

ဟု ဖိတ်ခေါ်သည်။

"ဒီညတော့ မအားလို့ပါ…နောက်ရက်တွေကျမှဘဲ…"

ပုန်းညက်ညို၏မျက်နှာသည် စောစောကထက် ပိုပြီးဖြူဖျော့နေသည်ထင်၏။ စိတ်လှုပ်ရှားမှုကို သိမ်းကွယ်မရဘဲ စိတ်ထဲမှာရှိသမျှ ကျဉ်းကျုံ့မှုနှင့် အားငယ်ခြင်းသည်လည်း မျက်နှာမှာ အထင်းသားပေါ်နေသည်။ အဲသည်မျက်နှာလေးက ပြုံးရယ်ဖို့ ကြိုးစားလိုက်သည့်အခါ ဂရုဏာသက်ချင်စရာဖြစ်သွားသည်။

ပုန်းညက်ညိုထိုင်နေသည့် ကြိမ်ခုံဘေးသို့ ထိုင်နေသည့်ခုံကို ပိုပြီးနီးကပ်သွားအောင် တိုးရွှေ့လိုက်သည့်အခါ သူမမျက်လုံးတွေဝိုင်းသွားသည်။ ကိုလေးကတော့ လေသာဆောင်လက်ရန်းတွေကို မှီရပ်ရင်း ပင်လယ်ဆီငေးဟန်ပြု၏။

"ဦးမောင်ကိုပါ ခေါ်ခဲ့ပေါ့…ဒီမှာဘဲ ညစာစားကြရအောင်လေ…"

"မဟုတ်တာ…ပုန်းညက်က ကျွေးရမှာပေါ့…"

"ဒါဆိုလည်း မြန်မြန်ကျွေးလေ…"



"မနက်ဖြန် စီစဉ်လိုက်မယ်…"

"ဟာ…ဒီကောင်တော့…သူများတွေ အားမှန်းမသိ…မအားမှန်းမသိ…"

"တစ်စိမ်းတွေမှမဟုတ်တာ ကိုလေးရာ…"

သည်တစ်ကြိမ်မှာတော့ သုံးယောက်လုံး လှိုက်လှိုက်လှဲလှဲရယ်ဖြစ်သည်။ ပုန်းညက်ညိုရဲ့မျက်နှာလေး ရွှင်ပျလာ၏။ စိတ်ဖိစီးမှုဒဏ်က အတော်အသင့်တော့ ကင်းလွတ်မည်ထင်သည်။

"ကိုလေး…ပန်းခြံသွားကြည့်လိုက်ဦးမယ်…"

ကိုလေးတော့ အလိုက်သိလွန်းနေပြီ။ ဒါတောင်…

"ကိုလေးကတော့…နေ့နေ့ညည ပန်းခြံဘဲ ထိုင်ကြည့်နေတော့တာ"

ဟု အုပ်စိုးက ကျီစယ်လိုက်မိသေး၏။

"အေး…ဒီမှာက…မင်းလို ကြည့်စရာမျက်နှာမှ မရှိတာ…"

ဟု ကိုလေးက ပြန်ခွပ်သည်။

သောင်ပြင်ဆီ ဆင်းသွားသည့် ကိုလေး၏ခြေလှမ်းတွေကို လိုက်ငေးနေသည့် ပုန်းညက်ညို၏ လက်ဖဝါးကို ဆုပ်ကိုင်လိုက်တော့ ရေခဲတွေလို အေးစက်ပြီး စေးထန်းနေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"အဲလောက်တောင်ဘဲလား ပုန်းညက်ညိုရယ်..."

ဆိုတော့ သူမက နှုတ်ခမ်းတွေ ဆတ်ကနဲတုန်သွားပြီး အုပ်စိုးကို အားတင်းပြုံးပြသည်။

"ဒီလောက်ကြောက်တတ်တဲ့သူက ဘယ်လိုများ ဟိုတယ်လ်ဝန်ထမ်းဖြစ်လာလဲ..."

"အလုပ်ထဲမှာတော့ မကြောက်ဘူး...အလုပ်နဲ့ပါတ်သက်ရင် ကျွန်မက ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိတယ်..."

"ဟောဗျာ...ခုတော့ ဘာကိုယုံကြည်မှုမရှိဘူးလဲ..."

"ကိုယ့်ကိုယ်ကို စိတ်မလုံဘူး"

"ဘာရယ်..."

ပုန်းညက်ညိုရဲ့ အေးစက်စက်လက်ဖဝါးတွေကို တအားဖျစ်ညှစ်လိုက်မိသည်။

"ကို..."

ဟော...

မော့ကြည့်လာသည့် ပုန်းညက်ညိုရဲ့ မျက်ဝန်းထဲမှာ မျက်ရည်တွေ အပြည့်...။

"ဘာဖြစ်လို့လဲ...ကလေးရယ်..."

"ကျွန်မအကြောင်း...ကို...သိဖို့အများကြီးကျန်သေးတယ်..."

"ဘာတွေလဲ..."

"ဖေဖေ...ဘာကြောင့် အရက်သမားဖြစ်ရတယ်ဆိုတာ..."

ဒါတွေ တကယ်ဘဲ သိဖို့လိုသည်လား...။



ပုန်းညက်ညိုကို ပိုင်ဆိုင်ဖို့အတွက် မိသားစုရဲ့ အတိတ်ကိုပါ ယူဖို့လိုသလား...။ အဲသည်အတိတ်ကရော ပုန်းညက်ညိုရဲ့ဘဝကို ဘယ်လိုအရောင်မျိုး ခြယ်လှယ်မှာပါလိမ့်။

"ဘာတွေဘဲဖြစ်ဖြစ်ကွာ..."

* * *

"တစ်နေ့နေ့မှာတော့ ပုန်းညက်ညိုရဲ့အမေအကြောင်း ကိုယ်အေးအေးဆေးဆေးနားထောင်မှာပေါ့...ဒါပေမယ့် ဒီနေ့တော့ မဟုတ်သေးဘူး...ကိုယ်တို့နှစ်ယောက်ရဲ့ကြားမှာ ဘယ်လိုအတားအဆီးမျိုးမှ မရှိနိုင်ပါဘူးကွာ...အဆုံးဆုံးကို ကိုယ်တွေးထားပြီးပြီလို့ သဘောပေါက်လိုက်တော့...ဒီခေတ်ကြီးထဲမှာ...မိဘတွေရဲ့ပြဿနာဆိုတာ ကိုယ်တို့လူငယ်တွေအတွက် အတားအဆီးဖြစ်နိုင်မှာလား..."

"ကိုယ်တို့မှာ အရာအားလုံးကို ပြောင်းပြန်လှန်ပစ်နိုင်ဖို့ အချစ်တွေရှိနေတယ်လေ...အဲဒါကို သဘောမပေါက်ဖူးလား...သိပ်အတွေးမခေါင်စမ်းနဲ့ ကောင်မလေးရာ..."

ပုန်းညက်ညိုက အုပ်စိုးရဲ့လက်မောင်းကို အားကိုးတကြီး ဆုပ်တွယ်ထားသည်။ ခုတော့ အပြုံးတွေက ကြည်လင်နေပြီ။ ခဏခဏ မျက်ရည်ဝဲတတ်သည့် မျက်ဝန်းလေးမို့ မျက်နှာပေါ်မှာ အလှဆုံးဖြစ်နေတာလား...။ မော်ကြည့်လာသော မျက်နှာဆီ ငုံ့ကြည့်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းထူပြည့်ပြည့်များဆီ ထိလမတတ် နိုးကပ်သွားသည်။

"နောက်တော့မှ…ဘာအကြောင်းကြောင့်မှ မပြောင်းလဲရဘူးနော်…"

"တွေဝေတတ်တာက… မင်းတို့မိန်းမတွေမဟုတ်လား…"

"ဟုတ်မှာပေါ့…ရည်းစားဟောင်းကလည်း တွေဝေခဲ့တာဘဲမဟုတ်လား…"

"အဲဒီအကြောင်း ခုမပြောချင်ဘူး…"

"ဘယ်တော့မှ ပြောမှာလဲ…"

"သားဦးလေးမွေးပြီးမှ…"

"အို…ဘာကြီးလဲ…"

ချစ်သူရဲ့ ရယ်မောသံက စန္ဒယားသံထက် ချိုလွင်သည်တဲ့…။ သည်လိုကြားဖူးသည်။ ခုတော့ သည်လိုမဟုတ်ပါ…။

ချစ်သူရဲ့ရယ်မောသံက ကမ္ဘာလောကကြီးတစ်ခုလုံး၏ သာယာသံတွေကို လွှမ်း၏။

* * *



"ပုန်းညက်ညိုအပေါ် မင်းရဲ့မျှော်လင့်ချက်တွေကို လျှော့ထားစေချင်တယ်…"

"ဗျာ…"

"လောကကြီးမှာ တိုက်ဆိုင်မှုတွေ အများကြီးရှိတတ်တယ်မဟုတ်လား…မင်းနဲ့မှ ကံဆိုးပြီး တိုက်ဆိုင်တယ်လို့ သဘောထားနိုင်ပါစေလို့ ကိုလေးဆုတောင်းတယ်ကွာ…"

"ဘာတွေလဲ ကိုလေးရာ…"

"ဦးကိုကိုမောင်ဟာ…တစ်ခြားလူမဟုတ်ဘူး…တို့ ကိုလတ်ကြီးရဲ့ ဇနီး မမသီတာရဲ့ အရင်အိမ်ထောင်ဘဲ…"

"ဘယ်လို…"

"ပုန်းညက်ညိုဟာ မမသီတာရဲ့သမီး"

* * *

www.burmeseclassic.com

www.burmeseclassic.com



"ညီထွေး…"

ကမ္ဘာကြီး မှောင်အတိကျသွားသလား…။

အဝေးကြီးဆီက ပြေးလာသလို ခေါ်သံကိုကြားသည်။ စိုးရိမ်တကြီးကြည့်နေသည့် ကိုလေးရဲ့မျက်လုံးတစ်စုံကို မြင်ပြီး ချက်ချင်း မျက်နှာလွှဲဖြစ်သည်။

"ဘာတွေဖြစ်ကုန်တာလဲ…"

အိပ်မက်ထဲမှာ ကယောင်ကတမ်းရေရွတ်မိသလိုပင်…။ ပခုံးနှစ်ဖက်ပေါ်မှာ လက်ချောင်းတွေ လမ်းလျှောက်နေသည်။

"စိတ်အေးအေးထား ညီထွေး…မင်း နားလည်အောင် ကိုလေး ရှင်းပြမယ်…"

* * *

ပင်လယ်သည် ငြိမ်သက်နေသည်ဟု ထင်မိတာ ပထမဆုံး အကြိမ်ဖြစ်သည်။ ရင်ထဲမှာ မွှေနှောက်နေသည့် မုန်တိုင်းကတော့ နှလုံးအိမ်ကို စိစိညက်ညက်ကြေအောင် ခြေမွနေသည်သို့ပင်။ အုပ်စိုးရဲ့ ပုခုံးပေါ်တင်ထားသည့် ကိုလေးရဲ့လက်တစ်ဖက်သည်ပင် သည်ကာလအခိုက်အတန့်အဖို့ လေးလံလှသည်။ လိမ္မော်ရောင် မီးခိုးပြာရောင် ပန်းနုရောင် တိမ်တိုက်များ၏ တောက်ပစွာ အရောင်ယှက်ဖြာနေသည့် ပန်းချီကားသည် ရင်ထဲဝင်မလာ…။ ပင်လယ်သည် ရက်



ရက်စက်စက် လှပနေ၏။ နေမင်း၏ နောက်ဆုံးအင်အားဖြင့် ပင်လယ်အပေါ် အုပ်မိုးဖြန့်ကျက်ထားသည့် ရောင်ခြည်တန်းများသည် ပင်လယ်ကို အနုစိတ်ခြယ်မှုန်းနေ၏။ နောက်ဆုံးငှက်အုပ်တွေ အိပ်တန်းဆီ ပျံလာပြီးနောက် ကျေးငှက်များ၏ အသံများ လုံးဝတိတ်ဆိတ်သွားတော့သည်။

စီးကရက်မီးခိုးငွေ့တန်းသည် စုတ်ချက်ကြမ်းသည့် ပန်းချီကားတစ်ချပ်ကို ခပ်ကြမ်းကြမ်း လွှင့်ဖွာသွား၏။ လှိုက်တက်လာသော ကြေကွဲမှုသည် ခပ်စောစောကတိုင် ရင်ထဲရှိနေသည့် ကြည်နူးမှုတွေကို ဖုံးလွှမ်းဖျက်ဆီးပစ်လိုက်သည်။

"ဦးကိုကိုမောင်လို့ ကြားလိုက်ရတော့ ကိုလေး သိပ်တုန်လှုပ်သွားတယ်…သူမဟုတ်ပါစေနဲ့လို့လည်း မင်းမသိအောင် ဆုတောင်းခဲ့ပါတယ်ကွာ…"

ကိုလေးရဲ့ လည်ချောင်းသံက အက်ကွဲနေခဲ့သည်။

"ဒါပေမယ့် ဆုတောင်းမပြည့်ခဲ့ပါဘူး…ရုတ်တရက်ကြီး ရင်ဆိုင်တွေ့ရင် အခြေအနေတွေ ပျက်ကုန်မှာစိုးတာနဲ့…သိန်းလွင်ကိုခေါ်ပြီး ပုန်းညက်သိုရဲ့အဖေကို ပြစမ်းပါလို့ သူမသိအောင် သွားကြည့်ခဲ့တာ…သူ…မသိဘူး…တကယ်လည်း မသိပါဘူး…ဘာမှမသိအောင်ကို မူးနေတာ…ရုပ်လည်း တော်တော်ကျသွားတာဘဲ…ခုချိန်ထိ မသိတာအပေါ် စိတ်နာကောင်းနေတုန်းထင်ပါရဲ့…အရက်သမားကြီး လုံးလုံးဖြစ်သွားရှာတာဘဲ…"

အဲသည်အကြောင်းအရာတွေကို အုပ်စိုး သေချာမသိခဲ့ရပါ။ မိသားစု ခေါင်းချင်းရိုက်ရလောက်အောင် ဖြစ်ခဲ့ပေမယ့် အဲသည်အချိန်

www.burmeseclassic.com



တုန်းက…အုပ်စိုးနှင့်ပြေစိုးက သိပ်ငယ်သေးသည်။ သည်လို အိမ်ထောင်ရေးပြဿနာတွေကိုလည်း စိတ်ဝင်စားဖို့ အချိန်မရခဲ့…။ ကျောင်းစာ၊ အားကစား၊ ပန်းချီနှင့် အပေါင်းအသင်းများဆီမှာသာ လုံးထွေးရစ်ပဲနေခဲ့သည်မို့ ကိုလတ်ရဲ့ပြဿနာတွေကို နားမလည်နိုင်ခဲ့…။

ခုတော့…အဲသည်အတိတ်ဟောင်းတွေက အုပ်စိုးဆီကိုမှ တည့်တည့်ဝင်တိုးသတဲ့လား…။

ဘာဆိုင်လဲ…

ပုန်းညက်ညိုသည် မမသီတာရဲ့သမီးဖြစ်ရုံနှင့်ဘဲ အုပ်စိုးနှင့် ပုန်းညက်ညိုရဲ့ အနာဂါတ်က ကွဲကြေပျက်ပြားရတော့မှာတဲ့လား…

အဓိပ္ပါယ်မရှိတာ…

"တကယ်တော့ ကိုလတ်နဲ့ မသီတာက ငယ်ကျွမ်းဆွေတွေပါ…ဆယ်ကျော်သက်ကတည်းက ချစ်ခဲ့ကြတာ…ကိုကိုမောင်ကလည်း တကယ်တော့ ပညာတတ်သူဌေးသားပါ…မိုရှာမှာ မျိုးနဲ့ရိုးနဲ့ ချီပြီး ချမ်းသာကြတာ…အေး…ခေါင်းမာတဲ့နေရာ၊ တဇွတ်ထိုးလုပ်တဲ့နေရာမှာလည်း မျိုးနဲ့ရိုးနဲ့ဘဲ…သိပ်တော်တဲ့သူတွေ တစ်ယူသန်ပြီဆို သိပ်ကြောက်စရာကောင်းတယ်ကွ…"

"ကိုကိုမောင်က သီတာ့ကို အတင်း ကားတင်ပြေးတာ…သီတာ့မိဘတွေက ရှက်ပြီး သမီးရဲ့သိက္ခာကိုလည်း ငဲ့ပြီး ပေးစားလိုက်ရတယ်…အိမ်ထောင်ကျသွားပေမယ့် တို့ကိုလတ်ကလည်း သီတာ့အပေါ် စိတ်မပြတ်ဘူး…မေမေ့ခမျာ အဲဒီတုန်းက သိပ်စိတ်ဆင်းရဲရတာပေါ့ကွာ…သီတာတို့မိဘတွေနဲ့ကလည်း…ဈေးမှာ နေ့စဉ်လို



မျက်နှာချင်းဆိုင်နေရတာ…သားအတွက်လည်း စိတ်ပူရသေးတယ်…ကိုကိုမောင်ကလည်း ကိုလတ်ကို အချုပ်ထဲထည့်ဖို့ အမြဲချောင်းနေတာ…"

"သမီးလေးမွေးပြီးတဲ့အထိ ပြဿနာက အေးမသွားဘူး…ကိုကိုမောင်က အရက်မူးရင် ကိုလတ်ကိုဘဲ အမြဲခလုပ်တိုက်နေတာကိုး…မသီတာကလည်း မချစ်ဘဲနဲ့ယူထားရတော့ သူ့ကို နည်းနည်းနှိပ်စက်တာနဲ့ မိဘအိမ်ပြန်ပြေးတာဘဲ…"

"ကိုကိုမောင်နဲ့ကွာရှင်းခွင့်ရဖို့ အမှုတွေဘာတွေ ဖြစ်လိုက်ရသေးတယ်…နောက်ဆုံးတော့ ကိုကိုမောင်ဟာ သူ့သမီး သူပြန်ခိုးပြီး အိမ်ကထွက်သွားတော့တာဘဲ…တကယ့်ကို တခေါက်ကန်းလုပ်တဲ့လူဘဲ…ကလေးရဲ့နောင်ရေးဆိုတာကိုလည်း နည်းနည်းမှ ထည့်မစဉ်းစားဘူး…"

"ကိုလေး…"

လျှာဖျားတွေ ခါးသက်လေးလံနေသည်။

"ကျွန်တော် ပုန်းညက်ညိုကို လက်လျှော့လိုက်ရတော့မယ့် အကြောင်းရင်းက ဘာလဲ…"

ကိုလေးက ပင့်သက်မောကြီးကို ရှည်လျားစွာရှိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"လက်လျှော့ရမယ်လို့တော့ မပြောချင်ပါဘူး…ဒါပေမယ့် သိပ်တော့ မျှော်လင့်မထားနဲ့…မင်းကို မြတ်စိုးရဲ့ညီလို့ မသိလို့သာ လက်ခံရင် ခံမယ်…သိသွားလို့ကတော့ မင်း…အမှန်ဖြစ်ပြီမှတ်"

"မသိဘဲလည်း နေမှာမဟုတ်ဘူး…မင်းတို့ နှစ်ဖက်တွေ့ဖို့ စီစဉ်တာနဲ့ဘဲ သိတော့မှာ…ငါ့ကိုမှတ်မိတယ်ဆိုရင်ဘဲ သိပြီကွာ…"

"ပြီးတော့…မင်းကောင်မလေးကလည်း သူ့အမေကို မမှတ်မိဘဲနေမှာမဟုတ်ဘူး…သူ့ကိုထားပြီး နောက်ယောကျ်ားယူသွားတယ်လို့ အမေကို မုန်းချင်မုန်းနေနိုင်သေးတာ…အဲဒါကြောင့်…"

"ကိုလေး…တော်ပါတော့…"

"နေဦး…မင်း ဒီလောက်မပျော့ညံ့နဲ့ ညီထွေး…"

"ကိုလေးပြောသလိုဆို…ကျွန်တော့်ဖက်က ဘာကျန်တော့လို့လဲ…"

သည်တစ်ခါတော့ ကိုလေးကို အားကိုးတကြီး မော့ကြည့်မိသည်။

"ပုန်းညက်ညိုက မင်းအပေါ်ထားတဲ့ အချစ်နဲ့သံယောဇဉ်ကိုဘဲ…အားကိုးပေါ့ကွာ…"

"တကယ့်ကို ရှင်းလို့မရတဲ့ ပြဿနာကြီးဘဲ…"

"ငါတော့…လောလောဆယ် သူ့ကို ရင်မဆိုင်ချင်သေးဘူး…ဒီကိစ္စကို ဘယ်လိုရှင်းထုတ်ရင် ရမလဲဆိုတာ အရင်စဉ်းစားကြဦးဖို့"

ကိုလေးက ရင်မဆိုင်ချင်ပါဘူးဆိုမှတော့ နောက်ထပ်တိုက်တွန်းဖို့ သင့်တော်ပါဦးမည်လား…။ အုပ်စိုးမှာ စဉ်းစားစရာဦးနှောက်ပင် မရှိတော့ဘူး ထင်မိသည်။



"သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်…"လို့ အကျယ်ကြီးအော်ဆိုဖစ်လိုက်ရမည်လား…။

ကိုလေးရဲ့လက်မောင်းပေါ်မှာ ခေါင်းမှီမော့ချရင်း ကောင်းကင်ကြီးကို မော့ကြည့်မိသည်။ စောစောက နီပြာခရမ်း ရောင်စုံသမ်းနေသည့် ကောင်းကင်ကြီးသည် ခုကျတော့ မဟူရာရောင်တောက်ပနေပြီ…။ ကြယ်တွေက မှိတ်ချည် ဖွင့်ချည် မျက်လုံးများဖြင့် အုပ်စိုးကို လှောင်ပြောင်ရယ်မောနေကြ၏။ ခုတော့…ခေါင်းထဲမှာ လေဟာနယ်တစ်ခု…

ရင်ဘတ်ထဲမှာတော့…ငရဲ…။

* * *

သူ့မျက်လုံးများ ကျဉ်းမြောင်းသွားပြီး…

"မင်း…ပြန်လာပြီလား…"

ဟု နှုတ်ဆက်သည်။ အယ်လ်ကိုဟောနံ့သည် ခပ်လှမ်းလှမ်းမှာပင် စီးမျောဝင်လာသော်လည်း သူကောင်းကောင်းမမူးသေးပါ…ဒါကြောင့်လည်း အုပ်စိုးကို မှတ်မိနှုတ်ဆက်နိုင်တာပေါ့။

"ဟုတ်ကဲ့…ပြန်လာပါပြီခင်ဗျာ…"

ခါးကိုကိုင်းပြီး ခပ်ရွှင်ရွှင်နှုတ်ဆက်လိုက်တော့ သူက အရည်ယံပြုံးလာသည့်ကြားက ခပ်တိုးတိုးဆဲရေးလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးမောင်…မှန်နေပြီလား…"

"ဘာမှန်ရမှာလဲ…မင်း ငါ့သမီးကို လာစောင့်တာလား…"

"မဟုတ်ပါဘူး…ဦးဆီလာတာပါ…"

"ဒါဆို…လာ…သွားစို့…"

"ဘယ်လဲ…"

"မေးနေရသေးလား…"

"ဦးမောင် ခုဘဲ ဆိုင်ကပြန်လာတာ မဟုတ်လား…"

"မဟုတ်ပါဘူးကွာ…အိမ်က လက်ကျန်လေး နည်းနည်းမော့ထားတာပါ…"

နွေးနေသော လက်ဖဝါးများက အုပ်စိုးရဲ့လက်ဖျံကို လာဆုပ်ကိုင်သည်။

* * *

"ဦးမောင်မှာ အရက်သောက်စရာ အကြောင်းပြချက်တွေ အများကြီးရှိနေသလိုဘဲနော်…"

"ရှိတာပေါ့ကွ…"

ပလတ်စတစ်ခုံများ ချထားသည့် တရုပ်စာနှင့် ဘီယာတဲ့ရောင်းသည့် ဆိုင်ကလေးသည် သံတွဲမြို့နှင့် ကမ်းခြေဆက်သွယ်ထားသည့် လမ်းပေါ်မှာ ရှိ၏။ ထို့ကြောင့် ကျဉ်းမြောင်းကွေ့ကောက်သော လမ်း



ကလေးပေါ် ကားတစ်စင်းနှင့်တစ်စင်း ခဲခဲယဉ်းယဉ်း ရှောင်သွားနေသည်ကိုလည်း မြင်နိုင်သည်။ ထရော်လာဂျီတွေ ဆိုင်ကယ်တွေ စက်ဘီးတဖုန်းဖုန်းနှင့် ဖြတ်သွားသည်ကိုလည်း မြင်နိုင်သည်။ လမ်းဘေးမှာ ယိုင်ထိုးယိုင်ထိုး လျှောက်သွားနေသည့် အမူးသမားတွေကိုလည်း မြင်ရတတ်သည်။

"အရက်ဆိုတာ အကြောင်းပြချက်ရှိမှ သောက်ရတာဆိုရင်…ငါ့မှာ အကြောင်းပြချက်တွေက အပြည့်ဘဲ…ခုတောင် ငါ အရက်သောက်ရတဲ့အကြောင်းပြချက်က မင်းကြောင့်ဘဲ"

"ဗျာ…"

"မင်းမှာရော ဒီကိုပြန်လာစရာ အကြောင်းပြချက်တွေ အများကြီးရှိနေပုံရတယ်…"

"ကျွန်တော့်မှာ အကြောင်းပြချက်တစ်ခုထဲပါ…"

ဦးကိုကိုမောင်သည် အုပ်စိုးကို နောက်ထပ်မေးခွန်းမမေးတော့။ အုပ်စိုးရဲ့စကားကို သူက နားလည်သဘောပေါက်ပုံရသည်။ သို့ပေမယ့် ရီဝေသည့်ကြားက တဖျတ်ဖျတ်အရောင်လက်လာသည့် ဦးကိုကိုမောင်ရဲ့မျက်လုံးတွေ အုပ်စိုးထံ စူးစိုက်နေချိန်မှာ အုပ်စိုး အရဲစွန့်ပြီး ပြောချလိုက်သည်။

"ဦးမောင်ရဲ့သမီးကို လာတောင်းတာ…"

* * *

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကို လက်ထပ်ခွင့်ပြုပါ…ဦးမောင်…"

သည်စကားကို ဘီယာဆိုင်တစ်ခုမှာ ပြောရခြင်းသည် သမီးရှင်တစ်ယောက်အတွက် လုံးဝမသင့်လျော်ပါ…။ သို့ပေမယ့် အုပ်စိုးအတွက်တော့ သည်လိုအခွင့်အရေးသည် နောက်တစ်ကြိမ် ရှိချင်မှ ရှိလိမ့်မည်။ ဦးမောင်ကလည်း နောက်တစ်ကြိမ် အုပ်စိုးကို မျက်နှာချင်းဆိုင်ဖို့ မသေချာတော့ပါ။

ဦးကိုကိုမောင်က သူ့ရှေ့မှာချထားသည့် ဖန်ခွက်ကို မသောက်ပါ။ သူ မမူးသေးဘူးဆိုတာ အုပ်စိုးသိပါသည်။ အုပ်စိုး၏ အစ်ကိုကြီးနှင့် သက်ရွယ်တူလောက်ဟု ခန့်မှန်းရသည့် ဦးမောင်၏မျက်နှာသည် အရေပြားများ ရှုံ့တွတွန့်လိပ်နေပြီ။ မှတ်ဆိတ်ဖြူ ကျိုတို့ကျဲတဲရှိသည်။ ကျယ်ပြန့်ကြီးမားသော နားရွက်နှစ်ဖက် နက်ရှိုင်းတောက်ပသောအကြည့်များကို ပိုင်ဆိုင်သည့် မျက်လုံးတစ်စုံသည် ဉာဏ်ပညာကြီးမားသူတစ်ယောက်၏ အမှတ်သညာဖြစ်သည်ဟု ဆိုလျှင် ခုချိန်မှာ သူ့ရဲ့ဉာဏ်ပညာနှင့် ဆင်ခြင်တုံတရားတွေ ဘယ်များရောက်ကုန်ပါလိမ့်။

ခရုခွံပုတီးလေးတွေ သီတွဲချိတ်ဆွဲထားပြီး ဝါးဆစ်ကို ဆေးရောင်စုံခြယ်လျက် အလှဆင်ထားသော အခန်းကလေးသည် သပ်သပ်ရပ်ရပ်ရှိပြီး စားသောက်သူ ဧည့်သည်တွေကို တစ်မျိုးဆွဲဆောင်နိုင်လေသည်။ ဟိုတယ်လ်ကြီးတွေလို ခန်းနားကြီးကျယ်သည့်မဟုတ်ပေမယ့် ဒေသထွက်ကုန် ရေခူသုတ်၊ ငါးနီတူကြော်၊ ပုဇွန်အစိမ်းသုတ်စသည့် စားသောက်ဖွယ်များ၏ အရသာကတော့ မဆိုးလှပါ။ အဲသည်ဆိုင်ကလေးထဲမှာ ဦးကိုကိုမောင်နှင့် အုပ်စိုး မျက်နှာချင်းဆိုင်ရှိနေသည်ကို ပုန်းညက်ညိုမြင်လျှင် ဘယ်လိုများ မှတ်ချက်ချမှာပါလိမ့်။



အုပ်စိုးက မျှော်လင့်ချက်တွေ ကျန်ရစ်နေသေးသည်မို့ ဟိုးအောက်ဆုံးထိ စိတ်ဓါတ်မကျပါ။ ဘယ်လိုဘဲဖြစ်စေ အုပ်စိုးနှင့် ပုန်းညက်ညို၏ အနာဂါတ်ကို သည်နှစ်ဦးကသာ ခြယ်လှယ်နိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်ရှိရမည်။

"ကျွန်တော်…ပုန်းညက်ညိုကို မြတ်မြတ်နိုးနိုးချစ်တာပါ…"

"ဟုတ်မှာပေါ့လေ…ကိုယ်လည်း မင်းအရွယ်တုန်းကတော့ အဲဒီလိုစကားလုံးတွေ သုံးခဲ့ဖူးပါတယ်…ကိုယ်ကတော့ မင်းထက်တောင် ပိုပြီးမိုက်မဲ ရူးနှမ်းခဲ့သေးတယ်…"

"ဒါပေမယ့်…မောင်ရင်…သိပ်ချစ်ရင် သိပ်နာကြည်းရတတ်တယ်…"

"ခုချိန်မှာတော့ ကျွန်တော့်အတွက် ပုန်းညက်နဲ့အတူ နေရဖို့က သိပ်ကိုအရေးတကြီးဖြစ်နေတယ်…"

"နေစမ်းပါဦးလေ…ကိုယ်က မင်းနာမည်ကိုတောင် ကောင်းကောင်းမှတ်မိသေးတာ မဟုတ်ဘူး…"

"ကျွန်တော့်နာမည် အုပ်စိုးပါ…"

ဆိုတော့ သူက အသံထွက်ပြီး ရယ်မောပါသည်။

"မောင်ရင့် မိဘမျိုးရိုး…အမူအကျင့်…ဇစ်မြစ်ဆိုတာတွေကိုတောင် သေချာမသိသေးဘဲ…"

"လိုအပ်လို့လားခင်ဗျာ…"

"ရော်…လိုပြီလား…ကိုယ့်သမီးက ဟင်းရွက်ကန်စွန်းမှ မဟုတ်တာ…"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲကနေ ကိုယ့်ကိုယ်ကို လှောင်ရယ်ရယ်ပစ်လိုက်သည်။

"တကယ်လို့ သိရရင်…ဦးမောင် သဘောတူမှာလား…"

သူက မျက်မှောင်ကြီးကျုံ့လာပြီး မျက်နှာလည်း နီရဲလာသည်။ အုပ်စိုးရဲ့အပြစ်က ကျားကိုကလိထိုး စ,မိသလိုပါလား…။

"မင်းက…သမီးတောင်းတာနဲ့ မတူတော့ဘူး…"

သည်တစ်ခွန်းဘဲပြောပြီး ရှေ့ကဖန်ခွက်ကို တစ်ငုံပင်မငုံတော့ဘဲ သူထွက်သွားတော့သည်။

* * *



ပုန်းညက်လား…ပိုင်ရှင်ပြန်သိမ်းသွားပြီ…"

"ဗျာ…"

မာလာ့မျက်နှာကို ကြည့်တော့လည်း ပြုံးစေ့စေ့…။

"ရှင်က…လှောင်အိမ်ထဲကကျားကို ဒေါသထွက်အောင် သွား စ,တာကိုး…"

"ဦးမောင်ကိုပြောတာလား…"

"သမီးတောင်းတာ…အရက်ဆိုင်မှာ တောင်းရတယ်လို့… ဦးမောင်က သူ့ကို မခန့်လေးစားလုပ်တယ်ဆိုပြီး စိတ်ဆိုးနေတယ်…"

"အဲဒါနဲ့ဘဲ…ပုန်းညက်ညို့က အလုပ်မဆင်းရတော့ဘူး လား"

"အလုပ်မဆင်းဘဲတော့ နေမှာမဟုတ်ပါဘူး…လာတော့ လာမှာပါ…ဒါပေမယ့် သူ့အဖေ ဘာတွေရစ်နေမှန်းမှ မသိတာ…"

"ကျွန်တော့်ကိုများ စိတ်ဆိုးသွားလား…"

"ဒါတော့ မသိဘူးလေ…"

အုပ်စိုးရဲ့အဖြစ်ကိုကြည့်ပြီး မာလာက ဟက်ဟက်ပက်ပက် ရယ်နေတော့သည်။ ဘာမှမတတ်နိုင်ပါလား…။ ပုန်းညက်ညို့ရဲ့ဘဝ ကို အေးချမ်းအောင် အရိပ်မိုးပေးနိုင်လိမ့်မည်လို့ ကိုယ့်ကိုယ်ကို အထင် ကြီးခဲ့သမျှ ခုတော့ ဘာမှမတတ်နိုင်ပါလား…။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တိုင် သွားမေးကြည့်ပေါ့..."

"ကျွန်တော် ပုန်းညက်ညိုနဲ့ တွေ့ချင်တယ်..."

"သူ့အိမ်ကို သွားလိုက်လေ..."

"ကျွန်တော်မသွားရဲလို့ မဟုတ်ပါဘူး...ပြဿနာသေးသေး လေးကနေ ကြီးကြီး ကြီးဖြစ်သွားမှာ စိုးလို့ပါ..."

မာလာကတော့ ရယ်ပြီးရင်း ရယ်နေတော့သည်။

"ကျွန်တော်...ပြန်ရတော့မှာ မာလာရဲ့..."

သည်တော့မှ မာလာအရယ်ရပ်သည်။ အားတုန့်အားနာမျက်နှာ ဖြင့် အုပ်စိုးကို မော်ကြည့်သည်။ လေအေးပေးစက်၏ ပန်ကာလည်သံ လားမသိ။ ကျဉ်းမြောင်းရှည်လျားသော လမ်းသွယ်ထဲမှာ တဒီးဒီး မြည်နေသည်။ ဟိုတယ်လ်စတိုခန်းဆီသို့သွားသော လမ်းရှည်ကလေး ထဲမှာ အုပ်စိုးတို့နှစ်ယောက်သာ ရှိသည်။

"ပြန်တော့မှာလား..."

"ဟုတ်တယ်...ဒီတစ်ခါ ကျွန်တော် မန္တလေးကို အပြီးပြန်ရ တော့မှာ...ဒါကြောင့်ပါ..."

* * *

"ကိုယ့်ကိုများ စိတ်ဆိုးသွားသလားလို့"

ပုန်းညက်ညိုရဲ့ မျက်နှာလေး နွမ်းနယ်လျက်ရှိသည်။ မျက်ဝန်း



တွေ အရောင်ဖျော့ပြီး မျက်တောင်ရှည်တွေ စင်းလျက် စိုစွတ်လေးတွဲ နေ၏။ နှုတ်ခမ်းထူလေးတွေကတော့ ဆေးရောင်ဖြင့် ချောမွတ်တောက် ပမြဲ။ ပြီးတော့ ဆံပင်တွေကိုလည်း အုပ်သိမ်းထားသည်။ ဂျူတီချိန် ပြီးပြီးချင်း ထွက်ခဲ့သည်လားမသိ။

"ပြန်တော့မှာဆို..."

ရှပ်ကော်လံနှင့် ခါးသိမ်သိမ်အင်္ကျီပြာနုနုသည် ခန္ဓာကိုယ်နှင့် ချပ်ကပ်နေသည်မို့ တတောင်ဆစ်ကျော်ကျော် လက်အနားမှာသာ တဖျတ်ဖျတ် လွင့်နေသည်။

"ပြန်ရတော့မယ်..."

"မန္တလေးကိုလား..."

လေးလေးကန်ကန် ခေါင်းညိတ်မိသည်။

ပုန်းညက်ညိုသည် သူ့ဖေဖေကို အုပ်စိုး ဘာတွေပြောခဲ့သည် ဆိုတာမမေး...။ သူမနှင့် ဦးမောင် ဘာတွေဖြစ်ခဲ့သည်ဆိုတာလည်း မပြော...။ အုပ်စိုးရဲ့လက်မောင်းမှာ ပါးအပ်ထားပြီး ကျောက်ဆောင် တွေအရိပ်ကျသည့် သဲမြေမှုမှုပေါ်မှာ ထိုင်နေသည်။ သဲပြင်သည် အေးစိမ့်နေပေမယ့် စိုစွတ်မှုမရှိ...။ သဲမှုန်တွေက နုညက်နေသည်။ ခရုတွင်း ဂဏန်းတွင်းလေးတွေရှိသည်။ ခရုခွံ ဂုံးခွံလေးတွေ သဲမို့မို့ မှာ တပိုင်းတပြက် ပေါ်နေသည်။ ဝင်ကစွပ်ကောင်လေးတွေ ရွေ့လျား လာ လမ်းကြောင်းကိုလည်း မြင်နိုင်သည်။ ကမ်းခြေအမြင့်ပိုင်းမှာ တော့ ငါးဖမ်းပိုက်တွေ ဖြန့်လှန်းထားသည့် တဲငါးအိမ်အစုတွေရှိ၏။

ပုန်းညက်ညိုသည် ကွေ့ပိုက်သွားသော ပင်လယ်၏အနားသတ် ကို ငေးမောနေသည်လား မသိ။

www.burmeseclassic.com

www.burmeseclassic.com



"ပုန်းညက်ညို…"

ပုန်းညက်ညိုရဲ့ လည်တိုင်လေးရှေ့သည်ဆိုရုံမျှ လှုပ်ရှားသည်။

"ပုန်းညက်ညိုကို အပိုင်ရချင်တယ်…"

"ရှင်…"

"ကိုယ်နဲ့ မန္တလေးကို လိုက်ခဲ့တော့…"

အုပ်စိုးရဲ့ဘယ်ဖက်လက်မောင်းသည် ပိုပြီး တင်းကျပ်လာ၏။ ချည်ထည် ရှပ်လက်မောင်းမှာ နွေးထွေးစွာစိုစွတ်လာသည်။

"ကို…"

"ကိုယ့်ဘဝအတွက် ကိုယ့်အိမ်ထောင်ရေးအတွက် ကိုယ့်မှာ ဆုံးဖြတ်ပိုင်ခွင့် အပြည့်ရှိပါတယ်…ပုန်းညက်ညို ကိုယ့်ကို မယုံဘူးလား…"

ပင့်သက်ရှိုက်သံမျှဉ်းမျှဉ်းသည် အုပ်စိုးတို့နှစ်ယောက်ကြား မဟာတံတိုင်းကြီး ဖြစ်နေ၏။

"ကိုယ့်ကို ယုံပါတယ်…"

"ဒါဆို…"

"ဒါပေမယ့် ကျွန်မကတော့ ကိုယ့်ဘဝကိုယ် ဆုံးဖြတ်ပိုင်ခွင့် မရှိဘူး…"

"ဒါဆို…ပုန်းညက်ညိုရဲ့ဖေဖေ သဘောကျတဲ့သူနဲ့ဘဲ…ဒါ အဓိပ္ပါယ်မရှိပါဘူးကွာ…လုံးဝ…အဓိပ္ပါယ်မရှိဘူး…"

"ဖေဖေက ကျွန်မကို ဘယ်သူနဲ့မှသဘောကျမှာမဟုတ်ဘူး… ဖေဖေက သိပ်တစ်ကိုယ်ကောင်းဆန်တဲ့သူဘဲ…သူ့ဘဝတလျှောက်လုံး သူဖြစ်ချင်တာတွေကို သူ့စိတ် သူ့သဘောနဲ့ လုပ်ခဲ့တာချည်းဘဲ…အဲ



ဒါကြောင့် ကျွန်မမှာ ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်ဘဝ ရောက်ခဲ့ရတယ်…"

"အမေကလည်း ကျွန်မအပေါ် မကြင်နာခဲ့ဘူး…အတူတူပါဘဲ…အမေကလည်း ဖေဖေ့လို တစ်ကိုယ်ကောင်းဆန်တာပါဘဲ… သူ့ဘဝသာယာဖို့ သူမပျော်တဲ့အသိုက်အမြုံကို စွန့်သွားခဲ့တာဘဲ…"

"ပုန်းညက်ညိုရဲ့ မေမေ…"

"ဟုတ်တယ်…"

သူမ ဆတ်ကနဲခေါင်းမတ်လာသည်။ လက်ကနဲ တောက်ပသောမျက်ရည်စ,တွေကြားမှာပင် ပူလောင်သောနာကြည်းမှုကို မြင်ရ၏။

"တကယ်တော့ ကျွန်မမေမေက သေသွားတာမဟုတ်ဘူး… နောက်အိမ်ထောင်ပြုသွားတာပါ…ပြောရရင် ရှက်ဖို့ကောင်းတယ်… ဖေဖေ့ဆီကနေ သူ့ရည်းစားဟောင်းနောက်ကို လိုက်သွားတာတဲ့…အဲဒီအချိန်တုန်းကတော့ ငယ်သေးလို့ ကျွန်မ နားမလည်ခဲ့ဘူး…ခုချိန်မှသာ အဲဒီလိုအဖြစ်မျိုး ရင်ဆိုင်ရရင် ကျွန်မ အသက်ရှင်နေနိုင်မှာမဟုတ်ဘူး…"

မဟုတ်ဘူး…

မဟုတ်ပါဘူး…ပုန်းညက်ညို…။

ကိုးလလွယ် ဆယ်လဖွားခဲ့တဲ့ မိခင်အပေါ် ဒီလောက်ထိ မနာ ကြည်းသင့်ပါဘူး…။

"ကျွန်မအဖို့တော့ အမေဟာ သေခဲ့ပါပြီ…မေမေ့ဆုံးသွားပြီ လို့ပြောရင် ကျွန်မအပေါ် ဂရုဏာသက်သလိုကြည့်ကြတဲ့ အကြည့်

www.burmeseclassic.com

www.burmeseclassic.com



တွေကို မြင်တိုင်း ကျွန်မ စိတ်မလုံဘူး…ဒါပေမယ့်…အမေသေသွားပြီလို့ ကိုယ့်ကိုယ်ကို လိမ်ညာထားရတာ စိတ်သက်သာတယ်လို့ ထင် တယ်…ကျွန်မဟာ အဖေနဲ့ အမေ့ဆီက သိမ်ငယ်ခြင်းတွေနဲ့ နာကြည်း မှုတွေကိုဘဲ အမွေရခဲ့တယ်…"

"စဉ်းစားကြည့်လေ…အထီးကျန်လေဘဲ…"

"အဲဒါကြောင့် ကျွန်မ ကိုယ့်ရဲ့အနာဂါတ်ဆိုတာကို ဘယ်တော့မှ မစဉ်းစားဘူး…အတိတ်ဆိုတာကိုလည်း မေ့ထားချင်တယ်…သံယောဇဉ်ဆိုတာတော့ ဝေးရော…"

"ဒါပေမယ့်…ကိုနဲ့ကျမှ…ကျွန်မ ကိုယ့်ကိုယ်ကို ချုပ်ထားတဲ့ ကြိုးတွေ…"

တုန်ခိုက်နေသောစကားသံက တဖြည်းဖြည်းတိုးပြီး တိမ်ဝင်သွားသည်။ ပုန်းညက်ညိုရဲ့ ပါးပြင်ပေါ်မှာ မျက်ရည်စီးကြောင်းတွေ ရှိနေမှာ သေချာသည့်မို့ အုပ်စိုး လှည့်မကြည့်ရဲပါ။ ရင်ဘတ်ထဲမှာ တလှပ်လှပ်ခုန်လာပြီး လည်ချောင်းတလျှောက် သွေ့ခြောက်ပူလောင်လာသည်။ လေမွေတစ်ခုလို ခုန်လှုပ်နေသည့် ရင်ထဲမှာ ပုန်းညက်ညိုကို ထည့်ထားချင်သည်။

ပုန်းညက်ညိုရဲ့ ပုခုံးလေးကို အစွန်းမှအုပ်ကိုင်ပြီး ဆွဲယူလိုက်သည်။ မျက်ရည်နွေးနွေးတွေ အုပ်စိုးရဲ့မေးရိုးအစပ်နှင့် လည်တိုင်မှာ စိုစွတ်သွား၏။ ရင်ခွင်ထဲမှာ ပုန်းညက်ညိုရဲ့ရှိုက်သံတွေ ပြင်းထန်လာပြီး ခဏကြာတော့မှ တဖြည်းဖြည်း ငြင်သာတိုးဖျော့သွားသည်။ ပင်လယ်ဆီကလေသည် တဖြည်းဖြည်း အေးစိမ့်လာ၏။ ကျောက်ဆောင်တန်းနှင့် အုန်းပင်များ အရိပ်တွေရှည်လျားလာသည်။



"ကိုယ်နဲ့လိုက်ခဲ့ပါ ပုန်းညက်ညို…သတိမရချင်တာတွေအားလုံးကို ထားပစ်ခဲ့ပါ…"

* * *

"ဖေဖေ့ကို ကျွန်မ ထားခဲ့လို့မဖြစ်ဘူး…ဒါကို ကိုသိပါတယ်…ဖေဖေကလည်း ကျွန်မကလွဲပြီး ဘယ်သူနဲ့မှ အတူနေမှာမဟုတ်ဘူး…"

"ကိုယ်…ကြိုးစားကြည့်ပါရစေဦး…"

"ဟင့်အင်း…မကြိုးစားပါနဲ့တော့ကွယ်…ကျွန်မ…ကို့နောက်ကိုလိုက်လို့ မဖြစ်ဘူး…ဖေဖေက လုံးဝလက်မခံဘူး…ကျွန်မ ပြောပြီးပါပြီ…ကို့ကို လက်ခံဖို့ ဖေဖေ့ကို တောင်းပန်ပြီးပါပြီ…"

"အဲဒီတော့…"

"မန္တလေးကို လိုက်ဖို့ဆိုတာ လုံးဝစဉ်းစားဖို့မလိုတဲ့ကိစ္စဘဲ…တဲ့…ဘာကြောင့်လဲဆိုတော့ မန္တလေးဆိုတာ ဖေဖေ့အတွက် စကားအနေနဲ့တောင် မကြားချင်တဲ့နေရာမို့ဘဲ…မြန်မာပြည်မြေပုံထဲကတောင် ဖယ်ထုတ်ပစ်ချင်တဲ့ နေရာမို့ဘဲ…"

"ဒါဆို…ဘာလုပ်မလဲ ပုန်းညက်ညို…ကိုယ်တို့အတွက် ဘာ

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးမှ မရှိတော့ဘူးလား…အဲဒါ…တရားရဲ့လား…ကိုယ့်အတွက် ပုန်းညက်အတွက် တရားမျှတမှု ရှိရဲ့လား…"

"ဘာလဲကွာ…"

"လူကြီးဆိုတာ…သူတို့လုပ်ချင်တိုင်းလုပ် ခြယ်လှယ်ချင်တိုင်းခြယ်လှယ်ဖို့ အခွင့်အရေးရနေတဲ့သူကို လူကြီးလို့ခေါ်တာလား…"

ဘာဖြစ်လို့လဲ…။

ဒီလောက်တိုတောင်းတဲ့အချိန်ကလေးအတွင်းမှာ အင်အားကြီးပြီး နက်ရှိုင်းတဲ့အချစ်တစ်ခုကို အကြောင်းပြချက်မဲ့စွာ အဆုံးသတ်ပစ်လိုက်ရတော့မှာလား…။

"ကို…"

ပုန်းညက်ညို့ရဲ့ခေါ်သံက တုန်ခိုက်နေခဲ့သည်။

"ကျွန်မ ဒါတွေကို အစောကြီးကတည်းက စဉ်းစားမိပါတယ်…ဒါပေမယ့် မလွန်ဆန်နိုင်ခဲ့ဘူး…ပြန်မယ်လို့ နှုတ်ဆက်ရင်…ကျွန်မရင်တစ်ခုလုံး ကြေမွသွားသလိုဘဲ…မိုက်မဲပစ်လိုက်ချင်တယ်…ဖွတ်တိုးပစ်လိုက်ချင်တယ်…"

ပုန်းညက်ညို့ရဲ့လက်ဖဝါးဖောင်းဖောင်းလေးကို လက်နှစ်ဖက်ထဲထည့်ပြီး ခပ်တင်းတင်းဆုပ်ဖျစ်ပစ်လိုက်မိသည်။

"တို့…မဝေးဘူး…ဘယ်တော့မှ မဝေးဘူး…ပုန်းညက်ညို့နဲ့အတူနေရဖို့ဆို ကိုယ်. ဘာကိုမှအလျှော့မပေးဘူး…"

တလိပ်လိပ်တက်လာသော ပင်လယ်ရေလှိုင်းတွေထဲ လိမ္မော်ရောင်၊ အဖြူရောင်တိမ်တိုက်တွေထဲ ကိုလတ်ရဲ့မျက်နှာ မမသီတာရဲ့မျက်နှာ…



ပြီးတော့ ဦးမောင်ရဲ့မျက်နှာ…

ငှဲစရာတွေ့ သိပ်များနေလား…။

ဘာဆိုင်လဲ…။ ဒါ…ပြီးခဲ့သည့်အချိန်တွေက သူတို့တတွေရဲ့မိုက်မဲမှုတွေဘဲ…သူတို့တတွေရဲ့ အပြစ်ဒဏ်တွေက အုပ်စိုးနဲ့ ပုန်းညက်ညို့အပေါ် ကျရောက်စေရမယ်လို့ ဘယ်သူကများ ပညတ်ထားခဲ့လေသလဲ…။

မုန်းကြပါစေပေါ့…။

"ကိုယ့်ကို…ခွဲမသွားဘူးလို့ ကတိပေးစမ်းပါ…ပုန်းညက်ညို့ရယ်…"

ပုန်းညက်ညို့က စိုစွတ်ငေးရီသော မျက်ဝန်းများဖြင့် ရင်ခွင်ထဲကနေ အုပ်စိုးကို မော်ကြည့်သည်။

* * *

"မှောင်နေပြီနော်…"

ရှိုက်ငင်သံလို ခပ်တိုးတိုးစကားသံလေး…

"ပြန်ကြစို့လား…"

"ဟင်အင်း…"

လ,မင်းက အရှေ့ဘက်နောက်ကျချေသည်။ ပင်လယ်သည် မှောင်အတိဖြစ်နေပြီး လှိုင်းသံများကိုသာ တဝုန်းဝုန်းကြားနေရသည်မို့

www.burmeseclassic.com

www.burmeseclassic.com



တချွေတွေ လွင်ပြင်မှာ ဟစ်အော်ညည်းညူနေသလိုထင်ရ၏။ ရင်ခွင်ထဲမှာတော့ နွေးထွေးနေဆဲပင်…။ အဲသည် နွေးထွေးသော ရင်ခွင်ထဲ ပင်လယ်လေအေးစက်စက်တွေ အစားထိုးဝင်မလာစေချင်ပါ။ ချစ်သူရဲ့ နူးညံ့မွေးပျံ့သော ဆံမျှင်အုပ်ကလေးကိုသာ ခပ်ဖွဖွ ရှိုက်နမ်းမိသည်။

"ဒီလိုဘဲ…တစ်ညလုံး ထိုင်နေရအောင်…"

ဆိုတော့ သူမက ငြိမ်သက်သွားပြန်သည်။

"ပုန်းညက်ညိုကို ကိုယ်ဖက်ထားပေးမယ်…နွေးနေအောင်ပေါ့…"

"ညီမလေးတို့အတွက် နောက်ဆုံးညများ ဖြစ်နေမလား…"

"ဟင်အင်း…"

နှုတ်ခမ်းထူထူလုံးလုံးလေးကို ထိတ်လန့်တကြား ဖိပိတ်ပစ်မိသည်။ သည်အချိန်မှာ အုပ်စိုးသည် ကမ္ဘာမှာ သတ္တိအနည်းဆုံး လူတစ်ယောက်ဖြစ်နေခဲ့၏။

"ကိုယ်နဲ့လိုက်ခဲ့ပါ…"

ပင့်သက်ရှိုက်သံသည် ပင်လယ်ပြင်က ဆိုင်ကလုံးမုန်တိုင်းတစ်ခုလို ဖြစ်နေ၏။ ဦးနှောက်ထဲမှာ တွေဝေမိန်းမောနေသည်။ ရင်ထဲမှာတော့ ပြည့်ကျပ်ရှုပ်ထွေးနေသည်။ သည်ကြားထဲကဘဲ မျှော်လင့်ချက်ပါးပါးမျှင်မျှင်ကလေးသာ ကျန်သည့်ချစ်ခြင်းကိုလည်း တွယ်မက်ခံစားနေချင်သေးသည်။

"ညီမလေး သတ္တိတွေရှိချင်လိုက်တာ…"

"ဦးမောင်ကို ဘယ်လိုအခြေအနေဘဲဖြစ်ဖြစ်…ကိုယ်ကြည်ဖြူပါတယ်…ကိုယ့်မိဘ ကိုယ့်အစ်ကိုတွေလိုဘဲ ကိုယ်သဘောထားနိုင်



ပါတယ်…သူ ဘာဖြစ်လို့များ ကိုယ့်ကို…"

လက်ဖဝါးဖောင်းဖောင်းလေးတစ်ခု နှုတ်ခမ်းမှာ လာဖိကပ်သည်။

"တော်တော့ကွယ်…"

ပုန်းညက်ညိုက အုပ်စိုးရဲ့ကျောပြင်ကို ခပ်တင်းတင်းသိုင်းဖက်သည်။

"ခဏလေး…ခဏလေးဘဲ…"

"ဟင်…"

"ဒီအတိုင်းဘဲ ငြိမ်နေချင်လို့ပါ…လ,ရောင်လာတဲ့အထိလေ…"

မနက်ဖြန်ဆိုတာကို မေ့ထားလိုက်…။

အလင်းပါးပါးက ချစ်သူရဲ့ဆံနွယ်လေးတွေပေါ် လက်ဖြာသည်။ ပင်လယ်က တဝုန်းဝုန်းဆူညံသလောက် နှလုံးအိမ်ထဲမှာတော့ ငြိမ်သက်စ,ပြုပြီ။ နိုင်မာသော နက်ရှိုင်းသော ချစ်ခြင်းဖြင့် ဘယ်လိုပြဿနာကိုမဆို သေးငယ်မှုန်ဝါးစေနိုင်မည်ဟု ခုတော့ ယုံကြည်မိပြီ။ မမြင်နိုင်သော်လည်း ခံစား၍ရသော အင်အားတစ်ခုက ခန္ဓာကိုယ်ထဲ စီးမျောဝင်၏။

ခပ်စောစောက စိုးရိမ်စိတ်တွေ လုံးဝမရှိတော့…။

အချစ်မှာ ငြိမ်သက်ပျော်ဝင်ခြင်းဖြင့် ပင်လယ်ညကို အနိုက်အတန့်မျှ ခံစားနိုင်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ပုန်းညက်ညိုက မင်းနဲ့အတူ ရှိနေတာလား...."

ဖိနပ်ချွတ်နေရာက ဆတ်ကနဲမော်ကြည့်မိသည်။ ကိုလေးမျက်နှာမှာ ပြင်းပြင်းထန်ထန် မျိုသိပ်ထားရခြင်းတွေ အရိပ်ထင်၏။ မျက်နှာပြင်သည် ပေါက်ကွဲတော့မည့် မီးတောင်တစ်လုံးလို ဖြစ်နေသည်။ ကိုလေးသည် ဟန်ဆောင်ကောင်းသူ တစ်ယောက်မဟုတ်။

"ဟုတ်ကဲ့..."

ဖိနပ်ချွတ်အပြီး ခါးကို ဆန့်မတ်လိုက်သည်။ ကိုလေးသည် အုပ်စိုးကို မျက်တောင်မခတ် စိုက်ကြည့်နေရာက ဆတ်ကနဲ မျက်နှာလွှဲလိုက်၏။ ခပ်ကျစ်ကျစ်ဆုပ်ထားသည့် လက်သီးဆုပ်တွေကို သတိထားမိသည်။

"ဘာတွေဖြစ်ခဲ့လို့လဲ ကိုလေး..."

"တို့...ရန်ကုန်ပြန်ကြမယ်..."

"ဗျာ..."



"အခုဘဲပြန်မယ်ကွာ...ပစ္စည်းတွေသိမ်း..."

ကိုလေးရဲ့ဒေါသကို မြင်ရခဲသည်မို့ အံ့သြတကြီးရှိသည်။ ငြင်းဆန်လို့ ရမည်မဟုတ်မှန်းတော့ သိသည်။ ဒါပေမယ့် သည်လို ပုံစံနှင့် ပြန်ရမည်လား...

မဟုတ်သေးဘူးလေ...

ဘယ်လောက်ကြီးကျယ်သည့်ပြဿနာကိုမဆို ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ခုခုတော့ ရှိရမည်။

"ပြန်ပါ့မယ် ကိုလေး...ဒါပေမယ့် ကျွန်တော့်ကို ပြောပါဦး.... ဘာတွေဖြစ်ကြတယ်ဆိုတာ..."

ကိုလေးရဲ့ တောက်ခတ်သံက ပင်လယ်အော်သံထက်ပင် ကြောက်မက်ဖွယ်ကောင်းသည်။

"ကိုကိုမောင်...လာသွားတယ်..."

"ဗျာ..."

ပြဿနာက လောင်မြိုက်ရာမှ ပေါက်ကွဲသည့်အဆင့်သို့ ချက်ချင်းအသွင်ကူးပြောင်းသွားပြီ...။

ကဲ...ရင်ဆိုင်ဖို့ အင်အားတွေရှိနေပြီဆို...။

* * *

"ဘယ်လိုပြောရမှန်းကို မသိတော့ပါဘူးဗျာ...တစ်ဖက်ကတော့ ခင်ဗျားတို့ရဲ့ပြဿနာပေါ့လေ...ကျွန်တော်ကတော့ ဟိုတယ်လ်

www.burmeseclassic.com



ရဲ့ တာဝန်ရှိတဲ့သူအနေနဲ့ အနူးအညွတ် တောင်းပန်ပါတယ်…ခင်ဗျား တို့က ကျွန်တော်တို့မနောပွင့်ရဲ့ ဧည့်သည်…တစ်ဖက်ကတော့ ဝန်ထမ်း ရဲ့ဖခင်ဖြစ်နေတာကိုး…"

"ဒါတွေထားလိုက်ပါ…ကိုသိန်းလွင်…ကျွန်တော် ခင်ဗျားဆီ လာတာက…ဘယ်လိုဖြစ်သွားတာလဲဆိုတာကို သိချင်လို့ဘဲ… ကိုလေးကိုတော့ စကားမေးမရတော့ဘူး…"

ကိုသိန်းလွင်က အိပ်ရေးပျက်ထားသည့် မျက်လုံးမျိုးဖြင့် ဆံပင် တွေလည်း ထိုးထိုးထောင်ထောင် ကပိုကရိုဖြစ်နေသည်။ ရုံးခန်းရဲ့ ကျွန်းစားပွဲပေါ်က ဆေးလိပ်ပြာခံထဲမှာ စီးကရက်အစီခံတွေ လေး ငါးခြောက်ခု ရှိနေသည်။

"ခင်ဗျားတို့ ပျောက်လို့…"

"ဗျာ…"

"အမှန်တော့ သူ့သမီးပျောက်လို့ ဦးလေးမောင်က လိုက်ရှာ တာဘဲ…ဂျူတီချိန်ပြီးပေမယ့် ပြန်မရောက်လာဘူးပေါ့…မနေ့ညက လည်း သမီးကိုဆူတာ ပွက်လောရိုက်နေတယ်ဆိုဘဲ…သားအဖနှစ် ယောက် တော်တော် တင်းတင်းမာမာဖြစ်ကြပုံရတယ်…မာလာပြော တော့ အလုပ်တောင် မဆင်းရဘူးလို့ ပြောတယ်တဲ့…"

"အဲဒါနဲ့ သူ့သမီး အိမ်ပြန်မရောက်တော့ ခင်ဗျားတည်းတဲ့ အခန်းကို စုံစမ်းပြီး လိုက်သွားတာ…ဟိုရောက်တော့ ကိုလေးနဲ့တွေ့ တော့တာပေါ့…အဲဒီကစ,ပြီး ပွဲကြမ်းတော့တာဘဲ…လုံးဝ လူမှန်း မသိအောင် မူးနေတာမျိုးလည်း မဟုတ်ဘူးလေ…ကိုမင်းစိုးကိုမြင် တော့ သူက ကိုမြတ်စိုးရဲ့ညီဆိုတာကို မှတ်မိသွားတော့တာပေါ့…"



"ဟုတ်ပြီ…ကျွန်တော် သိပြီ…"

"အေးဗျာ…ကျွန်တော်တို့လည်း သူ့ဇာတ်လမ်းတွေကို ခုမှဘဲ ဇာတ်ရည်လည်တော့တာကိုး…သူတို့သားအဖက လုံးဝကိုမဟာ, တာ…ကျွန်တော်တို့လည်း ပုန်းညက်ညိုရဲ့အမေကို သေပြီလို့ဘဲ သိ ထားကြတာဆိုတော့…"

သည်အနေအထားမှာတော့ အုပ်စိုးတို့ရဲ့ ကိုလတ်က လူကြမ်း ပေါ့…ပုန်းညက်ညိုရဲ့မေမေ မသီတာသည်လည်း သစ္စာပျက်မပေါ့။

ပုန်းညက်ညို…

ပုန်းညက်ညိုလည်း ခုလောက်ဆို သိရောပေါ့…။ ပြီးတော့…

"ကိုသိန်းလွင်…ကျွန်တော် အဲဒီအိမ်ဖက် ခဏသွားဦးမယ်"

"ဟာ…မဟုတ်တာ…ခင်ဗျားကို ဝိုင်းသမလိုက်မှာပေါ့…"

"ဘယ်သူလဲ…ဦးမောင်ကလား… လုပ်စမ်းပါစေဗျာ…"

ကိုသိန်းလွင်သည် ဆုံလည်ကုလားထိုင်ကို ခပ်လျောလျော မှီထိုင်နေရာကနေ ဝုန်းကနဲထ,ရပ်လိုက်၏။

"အုပ်စိုး…ကျွန်တော် တောင်းပန်ပါတယ်ဗျာ…ခင်ဗျား မသွားပါနဲ့တော့…"

"ဒီည ပုန်းညက်ညိုကို ကျွန်တော် တွေ့ရမှဖြစ်မယ် ကိုသိန်း လွင်…သူ…သူ ဘာမှမဖြစ်ဘူးဆိုတာ သိရမှ ကျွန်တော် စိတ်အေး နိုင်မယ်…"

ကိုသိန်းလွင်ကို ချာကနဲကျောခိုင်းလိုက်၏။ သို့သော်လည်း နောက်ကျောဆီမှာ ခြေသံတစ်ခုကပ်ပါလာသည်။

ပုန်းညက်ညို…

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးတစ်ခုလုံးကို နာကြည်းချင် နာကြည်းပါ…။ ဒါပေမယ့် ကိုယ့်တစ်ယောက်ကိုတော့ ချန်ထားပါလို့ဆိုရင် အတ္တကြီးသူလို့ ပြောမှာလား…။

ညီမလေးရဲ့အမုန်းကို ရမှာကြောက်တယ်…

* * *



"မင်း ပြန်ပါ…မင်း ပြန်ဝါတော့…ပြန်ပါတော့လို့ ပြောနေတယ်ကွာ…"

ဒါ…အရက်မူးနေသူတစ်ယောက်ရဲ့ လေသံမဟုတ်ပါ။ အုပ်စိုးတို့နှစ်ယောက်ကို ကျောပေးပြီး ခေါင်းငိုက်စိုက်ချပြီး မှောင်ရိပ်ထဲမှာ ရပ်နေသူသည် အုပ်စိုး တစ်ကြိမ်တစ်ခါမှ မဆုံဖူးခဲ့သည့် လူစိမ်းတစ်ယောက်လို ဖြစ်နေ၏။

သူ့အသံက ကွဲအက်ပြီး ဒေါသမပါဝင်သည့် ကြေကွဲမှုသက်သက်သာဖြစ်သည်။

"ကျွန်တော်…ပုန်းညက်ညိုကို တွေ့ပါရစေ ဦးမောင်…"

အသက်ရှူသံပြင်းပြင်းဖြင့် သူက တဖြည်းဖြည်းလှည့်လာပြီး အုပ်စိုးတို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ဦးလေးမောင်…သူက…မနက်ဖြန်ပြန်မှာမို့ နှုတ်ဆက်ချင်တာ သက်သက်ပါ…ခဏဖြစ်ဖြစ် တွေ့ခွင့်ပေးလိုက်ပါ…ကျွန်တော့်ညီသည်ကိုယ်စား ကျွန်တော်ကဘဲ တောင်းပန်ပါတယ်…"

"မဖြစ်ဘူး မောင်သိန်းလွင်…သူ့ကို ပြန်ခေါ်သွားပါ…"

"ပုန်းညက်ညိုကို မတွေ့ရမချင်း ကျွန်တော် မသွားဘူး…"

"ဟေ့ကောင်…"

www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းလွင်က ပုခုံးကို လာပုတ်သည်။

"ပြန်ကြပါစို့ အုပ်စိုးရာ...လာပါ..."

လေသံပျော့ဖြင့် ပြောပေမယ့် ဆွဲခေါ်သည့်လက်တွေက သန်မာလှသည်။ နောက်ကျစွာ ရောက်လာသည့် လ,ရောင်အလင်းအောက်မှာ ထိုင်ခုံဖူးသည့် ညွှန်းခန်းဝရံတာလေးဆီ နှုတ်ဆက်ရင်း ကြည့်မိသည်။

"ညီမလေး..."

ကိုသိန်းလွင်လက်က ရှန်းအပြေးမှာ နံကြားတစ်ဖက် ပူကန်ရူးအောင့်ပြီး သဲမြေပေါ် ခွေခေါက်လဲကျသွား၏။

"ဟာ...ဦးလေးမောင်...ဘယ်လိုလုပ်လိုက်တာလဲ..."

"မင်းသာ...မြတ်စိုးဆိုရင် အသက်ပါ, ပါသွားပြီလို့ မှတ်"

"ဦးမောင်..."

"ဖေဖေ..."

* * *

"သူ မလာဘူးလား..."

ကိုသိန်းလွင်က ကိုလေးမျက်နှာကို ဖျတ်ကနဲလှမ်းကြည့်သည်။ ကိုလေးသည် အုပ်စိုးကို သိသိသာသာ မျက်နှာလွှဲလျက် ဆေးရုံရဲ့ရှေ့ဖက်ကော်ရစ်ဒါကိုသာ ငေးနေသည်။ 'ဖေဖေ'လို့ စိုးရိမ်တကြီး



ခေါ်လိုက်သံကို ကြားခဲ့ရသားပင်။ [မလုပ်ပါနဲ့]လို့ အော်ပြီးပြေးလာသည့် ခြေသံကိုလည်း ကြားခဲ့ရသည်ပင်။ အိပ်မက်တွေထဲမှာ [ကိုကိုရေ]လို့ အဆက်မပြတ်ခေါ်နေသည့် အသံကို တစ်ညလုံးကြားနေသည်။

ပုန်းညက်ညိုသည် အားငယ်ဝမ်းနည်းတတ်သူသာ ဖြစ်ပြီး နှလုံးသား မာကျောအေးစက်တတ်သူမဟုတ်ဘူးဆိုတာ သေချာသိသည်။

"ကိုလေး...လေယာဉ်လက်မှတ်ဝယ်ထားပြီးပြီ...မင်း နက်ဖြန်လေယာဉ်နဲ့ ပြန်ရမယ်...သိန်းလွင်လည်း လိုက်ခဲ့လိမ့်မယ်..."

"ဗျာ..."

ကိုလေးကတော့ လိုအပ်လျှင် အေးစက်တတ်သူ ဖြစ်သည်။

"ကျွန်တော်က...ဘော့စ်နဲ့သွားတွေ့ဖို့ပါ...ကျွန်တော်တို့ဘော့စ် နိုင်ငံခြားက ပြန်ရောက်လာတော့ အုပ်ချုပ်ရေးမှူးတွေ အားလုံးကို ခေါ်တွေ့တယ်လေ..."

ကိုသိန်းလွင်က ဝင်ရှင်းသည်။

"ကိုလေးကရော..."

"ကိုလေးက ကားနဲ့ပြန်လာမယ်လေ..."

"ကျွန်တော်ရော...ကားနဲ့လိုက်လို့မဖြစ်ဘူးလား..."

"မင်း ဒဏ်ရာကြီးနဲ့ လမ်းမှာတစ်ခုခုဖြစ်ရင်...ဘယ်လိုလုပ်မလဲ...လေယာဉ်နဲ့ဘဲပြန်...ဟိုရောက်ရင် ကိုလတ် လေဆိပ်မှာ ကြိုနေလိမ့်မယ်..."

"ကိုလတ်..."

နားမလည်နိုင်ရှိဆဲ ကိုလေးက အုပ်စိုးအနားကနေ ရုပ်ကနဲ

www.burmeseclassic.com

www.burmeseclassic.com



ထ,သွားသည်။ ကိုလတ် ရန်ကုန်ကိုလာမည်ဆိုတော့သည်မှာ ဖြစ်သမျှ အားလုံး သိပြီးလောက်ပြီပေါ့…။ သည်လိုဆိုချင်သည်လား…။

ကိုသိန်းလွင်ကလည်း အုပ်စိုးရဲ့မျက်လုံးတွေကို ရှောင်နေသည်။ သံကုတင်ရဲ့ ဟိုဖက် ဘီရိုပုလေးပေါ်မှာ ရေပုလင်း၊ မတ်ခွက်၊ ခါတ်ဗူး တစ်လုံးနှင့် စတီးလ်ထမင်းချိုင့်တစ်လုံးရှိသည်။ သည်ပစ္စည်းတွေအားလုံးကို သိန်းလွင်ရဲ့ အထောက်အပံ့ဖြစ်နိုင်သည်။

"ကျွန်တော်…ခင်ဗျားအတွက် စပယ်ရှယ်လ် ဟိုတယ်လ်က ဟင်းတွေယူလာတယ်…ခင်ဗျား ကြိုက်တဲ့ရေနွေးသုပ်တို့၊ ပုစွန်ကင်တို့ တော့ မပါဘူးဗျ…ဝမ်းမသွားစေနဲ့လို့ ဆရာဝန်က မှာထားတယ်…"

"ဩော်…"

"ကျွန်တော် ပြန်လစ်လိုက်ဦးမယ်ဗျာ…ဒီတစ်ရက် နှစ်ရက် ညှိသည်တွေ့ကျတယ်ဗျ…ခင်ဗျားလည်း သိပါတယ်…"

ကိုသိန်းလွင်က ထ,လစ်တော့မည်ဟန်ပြင်သည်။

"ကိုသိန်းလွင်…ဦးမောင်ရော…"

ကိုသိန်းလွင်သည် မတ်မတ်ရပ်နေရာကနေ မလှုပ်မရှားတော့ဘဲ အရုပ်တစ်ရုပ်လို တောင့်တောင့်တင်းတင်းကြီး ဖြစ်နေပြီး အတော်ကြာမှ ဟင်းကနဲသက်ပြင်းမှုဉ်းမှုင်းရှိုက်သည်။

"ဦးလေးမောင်…အချုပ်ထဲမှာဗျ…"

"ဟောဗျာ…"

"အေးလေ…ကိုမင်းစိုး စိတ်ဆိုးမယ်ဆိုလည်း ဆိုးထိုက်ပါတယ်…က်ဆိုးရင် အသက်ပါ…ပါနိုင်တာကိုးဗျ…ဒီလူကြီးကလည်း တကယ့်တစ္ဆတ်ထိုး…"



"ဒါဆို…ပုန်းညက်ညိုလည်း…"

"တော်ပြီ…ခင်ဗျား…သိပ်အများကြီး မစဉ်းစားနဲ့…တဖြည်းဖြည်းတော့ အဆင်ပြေသွားမှာပါဗျာ…လူတွေဟာ သွေးပူနေရင် ဒီလိုဘဲ…"

ပုန်းညက်ညိုအတွက်တော့ သည်ဒဏ်ရာဒဏ်ချက်က မသေးလှဘူးဆိုတာ အုပ်စိုးသေချာသိပါသည်။ ပြီးတော့ နာကြည်းစရာတွေများလှသည့် ပုန်းညက်ညိုရဲ့ စာရင်းထဲမှာ အုပ်စိုးတစ်ယောက် ထပ်တိုးသွားမှာလည်း စိုးရိမ်သည်။

အဆိုးဆုံးကတော့ အုပ်စိုးနှင့် ပုန်းညက်ညိုရဲ့ အနာဂါတ်… သည်လိုအနေအထားမှာ အဆုံးသတ်လိုက်ရတော့မှာလား…။

* * *

ကိုလေးက ဘယ်တုန်းကမှ မမြင်ဖူးခဲ့သည့် သူစိမ်းတစ်ယောက်လို အုပ်စိုးကိုကြည့်သည်။ အကြည့်စိမ်းစိမ်းတွေဆိုတော့ အဲသည်မျက်လုံးထဲမှာ လိုချင်သည့်အဖြေကို ရေးရေးမျှမမြင်…။ ဆေးရုံသည် လိုအပ်သည်ထက်ပင် ပို၍တိတ်ဆိတ်နေ၏။ အမျိုးသားကုသဆောင်ခန်းမရှည်ထဲမှာ အုပ်စိုးနှင့်မှ စုစုပေါင်း လူနာခုနစ်ယောက်သာရှိသည်။ ညဦးပိုင်းတွေဆို ငှက်ဖျားတက်လေ့ရှိသည့် နဘေးကုတင်က လူသည်ပင် ခုတော့ ဂျာနယ်အဟောင်းတစ်စောင်ကို အေးအေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေးဖတ်လျက်ရှိ၏။ ကိုလေးဆီက စကားသံကို စောင့်နေသည့် အုပ်စိုးသည်လည်း ငြီးငွေ့မှုနှင့် မျောပါပြီ အိပ်ပျော်သွားတော့မလို ပင်။

စိတ်ရှည်တာထက်ပိုပြီး ဆွဲဆန့်ထားရသည့် စိတ်ကို ကိုလေးက ပမာမခန့်နေသည်ဟု ထင်မိသည်။ သို့ပေမယ့် အုပ်စိုးသည် အားလုံးထဲမှာ အငယ်ဆုံးဖြစ်သည်။

"မင်းက…ဒီမိန်းကလေးတစ်ယောက်အတွက် ကိုယ့်ကို စော်ကားခဲ့သမျှအားလုံး အလျော်အစားပေးလိုက်နိုင်တယ်ဆိုတဲ့ သဘောလား…"

ခေါင်းယမ်းပြရမှာလား…။ ခေါင်းညိတ်ပြလိုက်ရမှာလား…။

ကိုလေးရဲ့မေးခွန်းကဘဲ အဓိပ္ပါယ်လေးနက်လွန်းတာလား မသိပါ။ ကိုလေးတွေးသလို အုပ်စိုး တစ်ခါမှမတွေးခဲ့မိတာတော့ သေချာပါသည်။

"မင်းကတော့ လွယ်လွယ်တွေးမှာဘဲ…ဒါပေမယ့်…ဒီအခြေအနေတွေကို မင်းဘာမှနားလည်ခဲ့တာ မဟုတ်ဘူး…တို့ညီအစ်ကိုတွေကို သူက နည်းနည်းမှ အခဲကြေတာမဟုတ်ဘူး…ကိုလတ်ကိုဆို…(မယားနိုး)လို့ အရက်မူးတိုင်းစွပ်စွဲခဲ့တာ…ကိုလတ်က ဖြားယောင်းခဲ့လို့ သူတို့လင်မယားကွဲခဲ့တယ်ပေါ့…"

"တကယ်တော့…သူတို့ကွဲပြီး နှစ်နှစ်လောက်နေမှ ကိုလတ်နဲ့ မသီတာ လက်ထပ်ခဲ့တာပါ…သူ့သမီးကိုလည်း မသီတာက ခေါ်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့တာ ငါတို့အသိပါဘဲ…အဲဒါကို သူက ခွင့်မပြုဘဲ အိမ်ကထွက်ပြေးသွားတယ်လေ…ကလေးကိုလည်း အမေကို



မုန်းတီးအောင် နာကြည်းအောင် တလွဲတွေပြောထားတာနေမှာပေါ့…"

"ဟုတ်မှာပါဘဲ…ဒါပေမယ့် ဒီလိုလုပ်လိုက်တော့ ကျွန်တော်တို့အပေါ် သူ့ရဲ့အမုန်းတွေက ပိုပြီး…သိပ်သည်းနေတော့မှာပေါ့…"

"မုန်းပါစေပေါ့…မင်းက ရွှေပြည်အေးတရားဟောချင်သေးတာလား…သူနဲ့ ငါတို့ ဘာမှပါတ်သက်စရာမရှိတော့ဘူး…မင်းကို ဒါးနဲ့တွတ်ခဲ့တဲ့သူကို မိန်းမမျက်နှာတစ်ခုကြောင့် မင်းက ခွင့်လွှတ်နိုင်ပေမယ့်…ငါတို့က ခွင့်မလွှတ်နိုင်ဘူး…"

"ဒါဆို…ကျွန်တော်နဲ့ ပုန်းညက်ညိုကြ…"

"တော်စမ်းပါကွာ…"

ကိုလေးရော နာကြည်းတတ်သည်လား…။

အုပ်စိုးရဲ့ပါတ်ဝန်းကျင်မှာ ရှိရှိသမျှ လူတွေအားလုံး နာကြည်းစရာတွေကိုချည်း ဆုပ်ကိုင်ထားကြသည်လား မသိပါ။ အုပ်စိုးကရော မနာကြည်းတတ်သူလား…။ အမှတ်အတေး မရှိသူလား…။

ကိုလေးရဲ့ မဲ့ရွဲ့ရွဲ့တွနေသည့် မျက်နှာသည် အုပ်စိုးကို ကောင်းကောင်းရှုံ့ချနေသလိုရှိ၏။

မိန်းမတစ်ယောက်အတွက်တဲ့…။

ကိုကြီးလည်း မိန်းမတစ်ယောက်အတွက် ပူဆွေးခဲ့ဖူးတာဘဲ မဟုတ်လား…။ ကိုလတ်ကျတော့လည်း မိန်းမတစ်ယောက်အတွက် မိသားစုကို ဆန့်ကျင်ခဲ့တာဘဲ မဟုတ်လား…။

အုပ်စိုးအဖြစ်က သည်လောက်မဆိုးဘူး ထင်ပါရဲ့…။

"မင်းနဲ့ ဒီကောင်မလေး ဖြစ်နိုင်မှာမဟုတ်ဘူး…အိုလူ မသေမချင်း ဖြစ်နိုင်မှာမဟုတ်ဘူးဆိုတာ မင်းသဘောမပေါက်ဘူးလား…"

www.burmeseclassic.com

www.burmeseclassic.com



"ကျေအေးလိုက်ပါ…ကိုလေးရာ…သူ့ဖက်မှာလည်း သူ့အမှာ နဲ့သူကိုး…"

ကိုလေးက ဘာမှပြန်မပြောပါ…သို့ပေမယ့် အုပ်စိုးတောင်းဆိုသလို မလိုက်လျောနိုင်သည့် ဆုံးဖြတ်ချက်ကို သူ့မျက်နှာမှာ အထင်းသားမြင်ရသည်။ နံကြားကအနာထက် ပိုပြီးနာကျင့်သည့် ဒဏ်ရာတစ်ခုသည် နှလုံးအိမ်ထဲမှာ နက်ရှိုင်းစွာစူးနစ်ဝင်နေ၏။ အဲသည်ဒဏ်ရာ ဒဏ်ချက်တွေကြားက ရှန်းထဖို့ အားအင်တွေရှိနေဖို့လိုသည်။ ပြီးတော့ ပုန်းညက်ညိုအတွက်လည်း အင်အားတွေ ပေးနိုင်ရမည်။

လောလောဆယ်မှာတော့ အဲသည်အင်အားတွေရဖို့အတွက် ပုန်းညက်ညိုရဲ့မျက်နှာကို မြင်ရချင်သည်။

* * *

လေယာဉ်သည် ပင်လယ်ရေပြင်ကို ရှပ်တိုက်ပြီး ဆင်းလာတော့ မယောင်ပင်။ လေယာဉ်အင်ဂျင်စက်သံသည် ဝေးရာကနေ တဖြည်းဖြည်း နီးလာတော့ မိုးထစ်ချုန်းသံလို ပြင်းထန်စွာ မြည်ဟည်းလျက်… အရာအားလုံးကို ဖုံးလွှမ်းသွားသည်။

"ညီတွေး…"

လေယာဉ်စက်သံစဲပြီး ပန်ကာလည်သံသာ ကြားရတော့သည့်အချိန်မှာ ကိုလေးက အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဌာနတွေရဲ့ ဟိုဖက်တံခါးကနေ အုပ်စိုးကို နှုတ်ဆက်သည်။



"အားလုံးကို မေ့ပစ်လိုက်တော့…မန္တလေးမှာ အားလုံးကို အသစ်ပြန်စနိုင်ဖို့ ကြိုးစားပါကွာ…ကိုလေး မနက်စာစားပြီးတာနဲ့ ကားနဲ့ထွက်ခဲ့မယ်…မင်း မမနုကိုလည်း ပြောလိုက်ပါ…စိတ်မပူပါနဲ့တော့လို့…"

မထုံတတ်သေးအမူအယာကို ကိုလေးက စိတ်မသက်မသာကြည့်ပြီး ဖျတ်ကနဲကျောခိုင်းသည်။ မှန်တံခါးချပ်တွေရဲ့နောက်ကနေ ရုပ်ရင်း တစ်လှမ်းချင်းလျှောက်သွားနေသည့် ကိုလေးရဲ့ခြေလှမ်းတွေကို အုပ်စိုး စောင့်ကြည့်နေမိသည်။

သည်လိုထားရစ်ခဲ့ရုံနဲ့ အရာအားလုံးဟာ အဆုံးသတ်သွားနိုင်မယ်တဲ့လား…။

တကယ်ဘဲ…အဆုံးသတ်သွားမယ်တဲ့လား…။

ကျွန်တော့်အတွက်တော့…သည်လိုအဆုံးသတ်က ရင်ထဲကြေမွမတတ်ပါဘဲ ကိုလေးရယ်…။

* * *

"ဟာ…ခင်ဗျား…ဒီလိုမလုပ်နဲ့လေဗျာ…"

"ကိုသိန်းလွင်…ဒီတင်ခါတော့ ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်…ကျွန်တော့်ကို ခွင့်လွှတ်ဗျာ…နားလည်ပေးပါဗျာ…"

www.burmeseclassic.com

www.burmeseclassic.com



"အုပ်စိုး…"

"ကျွန်တော်…ပုန်းညက်ညိုနဲ့တွေ့မှဖြစ်မယ်…"

ကိုသိန်းလွင်က မျက်လုံးတွေကို နေကာမျက်မှန် အနက်ရောင်ဖြင့် ဖုံးကွယ်လိုက်သည်။

"ခင်ဗျားလည်း…တကယ့်ကို တဇွတ်ထိုးဘဲ…"

သည်လေယာဉ်ဖြင့် ကိုသိန်းလွင် မဖြစ်မနေလိုက်ရမည်ဆိုတာ အုပ်စိုးသိထားသည်။ လေယာဉ်ပေါ် လိုက်ပါလာသည့် ခရီးသည်များ ဆင်းပြီးသည့်အခါ လေယာဉ်ဝမ်းဗိုက်ထဲက အထုပ်အပိုးများကို လက်တွန်းထရော်လီများပေါ် သယ်ချနေသည်။ ပစ္စည်းများချပြီးလျှင် ရန်ကုန်သို့ လေယာဉ် ချက်ချင်းပြန်လည်ထွက်ခွာမည်ဖြစ်၏။

"ကျွန်တော် ပုန်းညက်ညိုနဲ့တွေ့ပြီးရင်…ချက်ချင်းပြန်လာပါမယ်…"

"ခင်ဗျား ဒဏ်ရာ…"

"မဖြစ်လောက်ပါဘူးဗျာ…အရေပြားကွဲရုံလောက်ပါ…"

"ခင်ဗျား…ဒီမှာတစ်ခုခုထပ်ဖြစ်ရင်…ကျွန်တော် တာဝန်မခံနိုင်ဘူးနော်…"

အုပ်စိုးက ကိုသိန်းလွင်ရဲ့လက်မောင်းဆီ လက်သီးတစ်လုံး ခပ်ဖွဖွပစ်သွင်းလိုက်သည်။ ကိုသိန်းလွင်က သားရေဂျာကင်ကို ထပ်ဝတ်လိုက်ပြီး ကျောပိုးအိတ်ကို ကောက်လွယ်သည်။

"တကယ်ပါဘဲ…ဒီလောက်ရူးတဲ့သူ မတွေ့ဖူးဘူး…"

ဆံပင်အုပ်အုပ်ထဲ လက်ချောင်းတွေထိုးသွင်းလိုက်ရင်း ခေါင်း



ခါယမ်းမောပစ်လိုက်သည်။ ကိုသိန်းလွင်ရဲ့ မှတ်ချက်စကားကို အုပ်စိုး ကျေကျေနပ်နပ် လက်ခံနိုင်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

အုန်းပင်တန်း နောက်ဖက် လမ်းကလေးမှာ လေးတွဲ့တွဲ့ လျှောက်လာသော သူမရဲ့မျက်နှာ နွမ်းရော်ရီဝေနေသည်ဟု အဝေးကြီးကတည်းက မှန်းဆသိနေသည်။ အုန်းပင်တစ်ပင်ရဲ့နောက်မှာ ခြေစုံရပ်ရင်း သူမကို စောင့်ရသည့်အခါ ရင်ခုန်သံတွေက ပြင်းထန်မြန်ဆန်နေခဲ့သည်။ ခြေသံပါးရှပ်ရှပ်ကလေးကို စိတ်ကကြားနေသည်။ နံ့ကြားကဒဏ်ရာသည် လမ်းလျှောက်တိုင်းမှာ နာကျင်နေတတ်သည်မို့ ခြေတစ်လှမ်း လှမ်းဖို့ကို မနည်းအားယူရသည်။

ကိုလေးသာ ရန်ကုန်ပြန်ရောက်ပြီး အုပ်စိုးကျန်ခဲ့မှန်းသိလျှင်...

ရန်ကုန်ပြန်ရောက်လျှင် အုပ်စိုးရင်ဆိုင်ရမည့် ပြဿနာတွေက မနည်းလှပါ။ သို့ပေမယ့် မနက်ဖြန်ဆိုတာကို မေ့ထားချင်သည်။ ချစ်သူဆီက ပြတ်သားသည့် အဖြေတစ်ခုခုရဖို့ သည်အချိန်မှာ မျှော်လင့်ရမည်။

ပုန်းညက်ညိုရေ...

သတ္တိရှိစမ်းပါ...

တို့နှစ်ယောက်ရဲ့အချစ်ဆိုတာကို ငုံကွက်လိုက်စမ်းပါ။

* * *



မျက်ဝန်းတစ်စုံသည် မဲတ်တပ်ရပ်ပြီး အိပ်မက်မက်နေသူလို တွေဝေငေးရီနေ၏။ မျက်ခွံမို့မို့အစ်အစ်များနှင့် နီမြန်းမြန်းသွေးကြောမျှင်တွေ ယှက်သန်းနေသော မျက်အိမ်သည် စိုစွတ်လျက် တောက်ပနေသည်။ နှုတ်ခမ်းထူပြည့်ပြည့်တွေက သွေးရောင်လွှမ်းလျက် တစ်ချက် တစ်ချက်မှာ ဆတ်ကနဲတုန်ယင်တတ်သည်။

အိပ်ခန်းဆောင်တွေရဲ့ တာဝန်ခံမန်နေဂျာကို သရီးအိုဆစ်က ညွှန်သည်ပြန်သွားပြီလားဟု မေးချင်မိသည်။ သို့ပေမယ့်...မမေးဖြစ်။ မေးဖို့သတ္တိမရှိတာလည်း ဖြစ်မည်။ ပုန်းညက်ညိုသည် အုန်းပင်ကိုမှီရပ်နေသည့် အုပ်စိုးရဲ့ရင်ဘတ်ကိုကြည့်ပြီး တစ်ခုခုကိုသိချင် မေးချင်သည့်လို မျက်လုံးတွေက ရှာဖွေသည်။ ဆေးရုံကိုရောက်မလာသည့်အတွက် ဝမ်းနည်းကြေကွဲရခြင်းဝေဒနာသည် စိုးရိမ်သည့်အကြည့်တစ်ချက်နှင့်ပင် ရင်၌ ပြယ်လေ၏။

"ဒဏ်ရာကြီးနဲ့..."

သည်စကားတစ်ပိုင်းတစ်စသည်ပင် အုပ်စိုးလိုချင်သည့်အဖြေဖြစ်သည်။

"ညနေ...ဦးမောင် ပြန်လာလိမ့်မယ်..."

"ရှင်..."

"ခုဘဲ...ရဲစခန်းကို ကိုယ်ဝင်ခဲ့ပြီ..."

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးရဲ့စကားကို အတည်ပြုဖို့ သူမမှာ ယုံကြည်မှုအားနည်းနေသေးသည်လား…။ အကြည့်ထဲမှာ မယုံရဲသည့်သံသယကို မြင်ရသည်။

''ကိုလေးက…ကျေအေးတာလား…''

ဟု မရဲတရဲမေးသည်။ အုပ်စိုး ခေါင်းညိတ်မှဲ့ပြလိုက်၏။

''ကျေးဇူးတင်ပါတယ်…''

''ကျေးဇူးတင်ရင်…ကိုယ်နဲ့ခဏလိုက်ခဲ့ပါလား…''

''ရှင်…''

''ပုန်းညက်ညိုနဲ့တွေ့ဖို့ ကိုယ်မပြန်ဘဲ နေရစ်ခဲ့တာပါ…''

သည်တစ်ခါတော့ ကောင်မလေး တကယ့်ကို သိသိသာသာ တုန်လှုပ်သွားသည်။ နှုတ်ခမ်းလေး ဟာဟပွင့်သွားပြီး စိတ်လှုပ်ရှားမှုကို တော်တော်နှင့် ပြန်မသိမ်းနိုင်ခဲ့။

အုပ်စိုးက လက်ဖဝါးလေးကို လှမ်းဆုပ်ကိုင်လိုက်စဉ်မှာတော့ ပုန်းညက်ညိုသည် ထိတ်လန့်မှုနှင့်အတူ အုပ်စိုးရဲ့အကြည့်တွေအောက်က ရုန်းထွက်ဖို့ကြိုးစားလေသည်။

''ကိုယ့်ကို ဦးမောင်သတ်ချင်လည်း သတ်ပါစေ…ပုန်းညက်ညိုကို ကိုယ်မစွန့်လွှတ်နိုင်ဘူး…ဒါကို မင်းမသိဘူးလား…ကိုယ့်ကို မချစ်တော့တာလား…''

''မဟုတ်ဘူးနော်…အဲဒီလိုမဖြစ်ရဘူး…''

ထိတ်လန့်ရင်း တဆတ်ဆတ်တုန်နေသည့် နှုတ်ခမ်းလေး…

မျက်ရည်တွေပြည့်အိုင်စွတ်စိုနေသည့် မျက်ဝန်းတွေ…

စက္ကန့်တိုင်းမှာ ကိုယ်တမ်းတနေရပါတယ် ပုန်းညက်ညို…



ကိုယ့်ကို မစွန့်လွှတ်ပါနဲ့…

ကိုယ့်ရဲ့အချစ်တွေကို လွှင့်မပစ်လိုက်ပါနဲ့…။

* * *

နွေးထွေးနူးညံ့သည့် ခံစားမှုမှာ အခိုက်အတန့် မေ့မျောပျော်ဝင်သည်။ ပင်လယ်သည် လုံးဝငြိမ်သက်သော ဒြပ်ထုမဲ့သော အလင်းရောင်မဲ့သော ဟင်းလင်းဝန်းကျင်ထုဖြစ်သွား၏။ နလုံးအိမ်ရဲ့ ခုန်လှုပ်မှုကသာ မုန်တိုင်းတစ်ခုလိုရှိသည်။ အဲသည် ကြမ်းတမ်းသောမုန်တိုင်းလွှင်ပြင်က တိမ်ထုတွေထဲမှာ အေးစက်ပေါ့ပါးစွာ မျောပါနေကြသည်။

အခိုက်အတန့်သည် နှစ်ဦးစလုံးအတွက် ပြီးပြည့်စုံသော ကမ္ဘာတစ်ခုဖြစ်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်…အခု မနှလေးကို အပြီးပြန်ရတော့မှာ…"

နှုတ်ခမ်းကို တင်းတင်းစေ့လျက် သူမက တဆတ်ဆတ်ခေါင်းညိမ့်သည်။ မျက်ရည်ပေါက်တွေ သမင်မွေးရောင် ဘောင်းဘီပေါ် တဖောက်ဖောက်ကျလာ၏။ မေးဖျားကို ဆွဲယူမော့လိုက်တော့ မျက်ရည်စိုသော မျက်နှာသည် သွေးရောင်လွှမ်းလျက် ပန်းနုရောင်သမ်းနေ၏။ ရဲရဲနီသောနှုတ်ခမ်းလွှာနှင့် နီးကပ်ငုံ့မိုးလိုက်စဉ်မှာ သူမက ဖျတ်ကနဲ လည်တိုင်ကိုခါလိုက်သည်။

"ကိုယ်နဲ့လိုက်ခဲ့ပါ…"

"ချုပ်ရိုးတွေ ဖြေပြီးပြီလား…"

"ဟင်အင်း…"

"ဒါဆို…အနာမကျက်သေးဘဲ လျှောက်သွားနေတာပေါ့"

"အင်း…တွေ့ချင်တာကိုး…"

"သိပ်နာနေမှာဘဲတွယ်…"

"ဟာ…"

ပုခုံးရွှန်းကို ခပ်တင်းတင်းပွေ့ပြီး အတင်းတိုးကပ်တော့ ပုန်းညက်ညိုက ရှုန်းဖယ်ပြန်သည်။

"ကိုယ်နဲ့လိုက်ခဲ့ပါ…"

သဲကန္တာရထဲ ရေငတ်နေသူလို အငမ်းမရ တောင်းဆိုမိသည်။



"ခုချိန်မှာမှ တို့သတ္တိမရှိရင်…တစ်နေ့နေ့ဆိုတာ မလွယ်တော့ဘူး…ဒါကို ညီမလေးလည်းသိမှာပါ…ကိုယ်…ညီမလေးနဲ့ ဘယ်လိုမှ မခွဲနိုင်ဘူး…တို့…နည်းနည်းတော့ စွန့်စားရမှာပေါ့…ဒါပေမယ့် ညီမလေး မပင်ပန်းစေရပါဘူး…"

"အတင်းကြီးဘဲ…"

"ကိုယ်တို့အိမ်ကို မလိုက်ချင်ဘူးဆိုရင်…ကိုယ်တို့ တခြားတစ်နေရာရာမှာ နေကြတာပေါ့…ဟုတ်ဘူးလား…"

"ကိုယ့်မိဘတွေက သဘောတူပါ့မလား…"

"ဘာကြောင့် သဘောမတူရမှာလဲ…"

သူမ ပြန်မဖြေပါ…။ အုပ်စိုးရဲ့ရင်ဘတ်မှာမှီရင်း ကောင်းကင်ကိုသာ မော့ကြည့်နေသည်။

"ဒဏ်ရာက ဆေးထည့်ဖို့မလိုဘူးလား…"

ခဏကြာတော့ တိုးတိုးမေးသည်။

"လိုတာပေါ့…"

"ဒါဆို သွားမယ်လေ…"

"ဘယ်ကိုသွားမှာလဲ…"

"ဆေးရုံကိုပေါ့…"

"ကိုယ့်အိတ်ထဲမှာ သောက်ဆေးရော လိမ်းဆေးရော ပါပြီးသား…"

"ဒါဆို…ညီမလေး ထည့်ပေးမယ်လေ…"

"ကြည့်ရဲလို့လား…"

ဆိုတော့ ပုန်းညက်ညိုရဲ့မျက်နှာလေး နွမ်းရော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ…သိပ်ရက်စက်တယ်နော်…အဲဒီတုန်းက သွေးတွေ
ကြည့်ပြီး ကျွန်မ ခြေထောက်တွေ ထောက်လို့မရတော့ဘူး…နှစ်ရ
လုံးလုံး ဆေးတွေလူးပြီး ဇောင်တွေနဲ့ ပတ်ထားရတယ်…တော်သေ
တယ်…သူငယ်ချင်းတွေက ပြုစုလို့ပေါ့…"

"ဒါပေမယ့်…ကို့အခြေအနေကို မသိရမချင်း ကျွန်မ နေလ
လည်းမရ၊ စားလို့လည်းမရ…ဖေဖေ့အတွက်လည်း စိတ်ပူရ…
တကယ့်ကို ငရဲပါဘဲ…"

"ဘာဖြစ်လို့ ဒီလောက်တောင် တိုက်ဆိုင်ရတာလဲ…ကမ္ဘ
ကြီးက တကယ်ကိုကျဉ်းတာဘဲ…ညီမလေးတို့အတွက် တကယ့်က
ကျဉ်းကျဉ်းလေးဘဲနော်…ညီမလေးရဲ့မေမေက ကိုတို့မိသားစုထဲကို
ရောက်သွားရတယ်လို့…"

"ကိုယ့်ကို နာကြည်းနေတာလား…"

"ကို့ကို နာကြည်းလောက်စရာအကြောင်း မရှိပါဘူး…ဒါပေ
မယ့်…မေမေနဲ့ ကျွန်မ ဒီသွေးမျိုးစုထဲမှာ ပြန်တွေ့ရမယ်ဆိုတာတော့
ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး…"

"ဘာရယ်…"

"သိပ်ရှက်စရာကောင်းတယ်လို့ ထင်တယ်…"

"မဟုတ်ဘူး…"

စကားလုံးတွေ ရက်တရက်ပျောက်ဆုံးသည်။ သွေးပွေ့ထာ
သည့် လက်ဖဝါးတွေ ရုတ်တရက် အေးစက်သွားပြီး ခပ်စင်းစင်းက
နေသည့် ပုန်းညက်ညိုရဲ့ မျက်တောင်ရှည်တွေကို ကြည့်မိသည်
ပုန်းညက်ညိုရဲ့မျက်နှာ ဘယ်လိုရှိမည်ဆိုတာ မြင်ရချင်သည်။



"ပုန်းညက်ညို…ကိုယ့်ကို ငြင်းလိုက်တာလား…"

ပုန်းညက်ညိုဆီက စကားသံထွက်မလာတော့ပါ…။

"ဒါဆို…တို့နှစ်ယောက် ဘယ်တော့မှ မဖြစ်နိုင်တော့ဘူးလို့
ပြောလိုက်တာလား…ချစ်နေတာကိုရော…တို့နှစ်ယောက်ရဲ့အချစ်ကို
ရော…ဘယ်မှာသွားထားရမလဲ…"

"အဓိပ္ပါယ်မရှိတာ…လုံးဝအဓိပ္ပါယ်မရှိတာဘဲကွာ…"

တဆတ်ဆတ်ခါအောင် နာကျင်လာရသည်က နံကြားက ဒဏ်
ရာဆီမှမဟုတ်ပါ။ အံ့ဩဖို့ကောင်းစွာပင် ခန္ဓာကိုယ်ရဲ့အတွင်းပိုင်း
တစ်နေရာဆီက ဘယ်လိုဒဏ်ရာဒဏ်ချက်မှ မရှိပါဘဲ ရှုးအောင့်နာ
ကျင်သည့်ဒဏ်ကို ခံစားနေရသည်။ ပြီးတော့ ကြိုးစားအားတင်းခဲ့သမျှ
စိတ်ဓါတ်အင်အားတွေ ပြိုလဲသွားတော့ ခန္ဓာကိုယ်က ပုံလျက်လဲကျ
သွားသူလိုပင် အရုပ်ကြိုးပြတ် ချိနဲ့နေခဲ့သည်။

"ကို…ဘယ်တော့ပြန်မှာလဲ…"

သည်မေးခွန်းက ကျဉ်စက်နဲ့ တို့လိုက်သလိုပါဘဲ…။

"ညီမလေးမလိုက်ရင်…ကိုယ်လည်း မပြန်တော့ဘူး…"

"ဖေဖေ့အတိုင်းဘဲ…"

"တကယ်ပြောနေတာ…ကိုယ်ကတော့ ကိုယ်တို့နှစ်ယောက်ရဲ့
ကိစ္စဟာ တခြားဘယ်သူနဲ့မှ မဆိုင်ဘူးလို့ယူဆတယ်…ဟိုတုန်းက
ဖြစ်ခဲ့တဲ့ သူတို့ရဲ့ပြဿနာတွေကြောင့် တို့က ခွဲရမှာလား…ချစ်ရက်နဲ့
တစ်ယောက်နဲ့တစ်ယောက် ဝေးနေရမှာလား…"

"မင်းက ကိုယ်နဲ့ဝေးနေနိုင်တယ်ပေါ့…ကိုယ်နဲ့ခွဲနိုင်တယ်ပေါ့
နော်…သိပ်အံ့ဩဖို့ကောင်းတာဘဲ…ကိုယ်ကတော့ ကိုယ့်ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဟာ ကိုယ့်ကို အရာအားလုံးထက် ပိုပြီးချစ်တယ်လို့ ထင်ခဲ့တာ…”

“အဲလို…စကားနာမထိုးပါနဲ့ ကိုရယ်…”

“ဘယ်လိုဖြစ်ပြီး သတ္တိနည်းသွားတာလဲ…”

“ကျွန်မက အစကတည်းက သတ္တိနည်းပါတယ်ကိုရယ်…”

“တောက်…”

ရင်ထဲမှာ တွန်းကိုးအုံကြွ ရုန်းကန်နေသည့် ဝေဒနာတွေကို ဘယ်လို ထိန်းရမည်ဆိုတာ မသိတော့ဘဲ…ရုတ်တရက် ထ,ရပ်လိုက်မိသည်။ ချုပ်ရိုးကောင်းကောင်းမကျက်သေးသည့် ဒဏ်ရာက ခန္ဓာကိုယ်တစ်ခုလုံးက အကြောတွေကို ဆောင့်ဆွဲချုပ်နှောင်လိုက်သလို ပြင်းထန်စွာ နာကျင်ပြီး ညာဖက်ဒူး ခေါက်ကွေးကာ ယိုင်နဲ့ကျသွားသည်။

“ကို…”

* * *

“ငြိမ်ငြိမ်နေရမှာကို ငြိမ်ငြိမ်မနေဘဲ…ဟိုသွား ဒီသွားလုပ်နေတာကိုး…ခုတော့ ကောင်းတယ်…အခန်းလည်းပြန်အပ်ပြီးပြီဆိုတော့ ဆေးရုံမှာဘဲနေတော့…ညီမလေး…ထမင်းလာပို့ပေးမယ်…”

ဟန်မဆောင်တတ်ဘဲနဲ့…။



ဘယ်လိုမိန်းကလေးလဲကွယ်…။

အိပ်ရေးပျက်ထားသည့် မျက်လုံးများက သိသိသာသာ ချောင်ကျနေသည်။ ပြုံးထားသည့်အပြုံးက ပကတိအတိုင်းမဟုတ်ဘူးဆိုတာကို သူမဘာသာမသိလည်း အုပ်စိုးကတော့ သိနေပါသည်။ မျက်လုံးတွေ ရီဝေနွမ်းရော်နေပြီး နှုတ်ခမ်းတွေက ပြုံးရယ်နေသည်မှာ ကာရန်မညီသည့် ကဗျာတစ်ပုဒ်လို သံစဉ်မပီသည့် သီးချင်းတစ်ပုဒ်လို မဆီလျော်လှပါ။

ဒါပေမယ့် အုပ်စိုးရှေ့မှာ သူမကြိုးစားပြီး ပြုံးနေလေသည်။

“ဦးမောင်…ပြန်ရောက်ပြီ မဟုတ်လား…”

နှုတ်ခမ်းက အပြုံးတွေ ဆတ်ကနဲတွန့်ဆုတ်သွားပြီး ပုန်းညက်ညိုက ခေါင်းညိမ့်သည်။

“ကိုယ့်ကို လိုက်ရှာနေသေးလား…”

ဆိုတော့မှ သူမက အားတုန့်အားနာ အနေခက်သည့်ကြားက ဟက်ကနဲရယ်မောလေသည်။

“မရှာတော့ပါဘူး…”

“တော်သေးတယ်…ကိုလေးပြန်သွားလို့…ခုလောက်ဆို ကိုယ် ရန်ကုန်ကို လေယာဉ်နဲ့ လိုက်မသွားဘူးဆိုတာသိရင် ဘယ်လောက် များ ဒေါကန်နေမလဲ…”

“ဟုတ်တာပေါ့…အဲလိုမလုပ်သင့်ပါဘူး…”

“မလုပ်သင့်ဘူးထင်ရင်လည်း ကိုယ်နဲ့ တစ်ခါတည်းလိုက်ခဲ့ပါတော့…ကိုယ်…တစ္ဆတ်ထိုးလုပ်တတ်တယ်ဆိုတာ သိတယ်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား…ညီမလေးမလိုက်ဘူးဆိုရင်…ကိုယ်ကတော့ မရရအောင်ခေါ်ရမှာဘဲ…"

ကောင်မလေးက မျက်လွှာချပြီး ငြိမ်သက်သွားသည်။ နှုတ်ခမ်းထူပြည့်တွေကတော့ ပြုံးနေဆဲပင်…။ အဲသည်အပြုံးက မေ့မေ့လျော့လျော့နှင့်ဘဲ တည်မြဲနေသည်ထင်၏။ ရုပ်ထုတစ်ခု၏ အပြုံးမျိုးဖြစ်သည်။

"ကိုယ်…ဒီမှာရှိနေသေးတာ ဦးမောင်သိလား…"

ခဏတော့ ငြိမ်ဆိတ်သွားသည်။

ပင့်သက်ရှိုက်သံမျှဉ်းမျှဉ်းကလေးသာ ကြားရ၏။ တစောင်းမြင်နေရသည့် ချစ်သူ၏ မျက်နှာလေးသည် ဆောကရိပ်တွေကြားကပင် ချစ်စဖွယ်နူးညံ့နေသည်။ အားငယ်တတ်သည့် ဝမ်းနည်းလွယ်သည့် ချစ်သူကို ကလေးတစ်ယောက်ကို ချော့မော့သလို ရင်ခွင်ထဲမှာထားပြီး စိတ်ရှည်ရှည်နှစ်သိမ့်ချင်ပါသည်။

"သိလည်း…ပြဿနာမရှိတော့ပါဘူး…"

"ဘယ်လို…"

"ဖေဖေနဲ့ နားလည်မှုယူပြီးပါပြီ…"

"ဘယ်လိုနားလည်မှုလည်း ကိုယ်မသိဘူးလား…"

"ကိုယ့်ကို ဒုက္ခမပေးဖို့ပေါ့…"

"အဲဒီအတွက် ကိုယ်တို့နှစ်ယောက်ရဲ့ အနာဂါတ်နဲ့လဲ လိုက်ရတာမျိုးတော့ လုံးဝမဖြစ်ချင်ဘူးနော်…အဲလောက်ထိ မတုံးနဲ့သိရဲ့လား"



မေးစေ့လုံးဝန်းဝန်းလေးကို လျှက်ဖျားနှင့်ထိရုံ ဆွဲလှည့်လိုက်တော့ သူမက အုပ်စိုးရဲ့လက်ကို ဖျတ်ကနဲပုတ်ချလိုက်သည်။

"ဆေးရုံပေါ်မှာ ဘယ်လိုဖြစ်နေတာလဲ…"

"နက်ဖြန်ဆို…ဆင်းပြီ…"

"မရဘူး…ချုပ်ရိုးခြေပြီးတဲ့အထိ နေလိုက်တော့…ဆရာဝန်ကပြောတာကြားတယ်မဟုတ်လား…ချုပ်ရိုးပြန်ပွင့်ထွက်သွားရင်…နောက်တစ်ခါ ဆက်ကင်ဒရီပြန်ထိမှ အနာကျက်ဖို့မလွယ်တော့ဘူးတဲ့…ပိုကြာသွားလိမ့်မယ်…"

"ဟုတ်ပါပြီ…ပြန်တော့…ညနေစောင်းသွားရင် သွားလို့လာလို့ မကောင်းဘူး…"

အုပ်စိုးရဲ့လက်ဖမိုးပေါ် လက်ဖဝါးနုကလေးတစ်ခု လာအုပ်မိုးသည်။ အဲသည်လက်နွေးနွေးလေးကို ပြန်ပြီးဆုပ်ကိုင်ထားလိုက်သည်။ လက်ဖဝါးကလေးတစ်ခုသည် ဘာမှမထူးဆန်းဘူး ထင်ရပေမယ့် အဲသည်လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်ရသည့်အခါ ကြည်နူးခြင်းတွေ၊ အင်အားတွေ၊ ယုံကြည်မှုတွေ စီးမျောဝင်လာပြီး ကိုယ့်ကိုယ်ကို လုံခြုံလာသလို ခံစားရသည်။

ချစ်သူရဲ့လက်ဖဝါးလေးကို အသာဆွဲယူပြီး နှုတ်ခမ်းမှာ ဖွဖွဖိကပ်သည်။

"ကိုယ့်ကို မခွဲဘူးလို့ ကတိပေးပါ…ညီမလေးရယ်…"

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့မျက်တောင်ဖျားမှာ မျက်ရည်တွေ စိုစွတ်စိမ့်အိုင်လာပြန်သည်။

* * *

"အချစ်ဆိုတာ ရှန်းထွက်ဖို့မလွယ်ပါလား…လို့ ကျွန်မ ခုတော့ သိပါပြီကိုရယ်…ရှန်းထွက်ဖို့လည်း မကြိုးစားချင်တော့ပါဘူး…ကျွန်မ ကိုကို ချစ်ပါတယ်…သိပ်ချစ်ပါတယ်…ဖြစ်နိုင်ရင်…ကျွန်မတို့နှစ်ယောက်တည်းနဲ့ အရာရာကို ဖန်တီးနိုင်မယ့် သီးသန့်ကမ္ဘာလေးတစ်ခုဆီ ကျွန်မ လိုက်ချင်ပါတယ်…"

"ဒါပေမယ့်…ခုတော့ ဘာမှမတတ်နိုင်သေးဘူး…"

"ကိုကိုချစ်တဲ့အချစ်တွေကို လွှင့်ပစ်လို့မရသလို နာကြည်းမှုတွေကိုလည်း လွှင့်မပစ်နိုင်သေးဘူး…"

"အဲတော့…ကို ခဏတော့ အိမ်ပြန်လိုက်ပါဦး…ညီမလေးတို့အတွက် တစ်နေ့နေ့ဆိုတာ ရှိလာဦးမှာပါ…"

တစ်နေ့နေ့ဆိုတာ…

စိတ်ထဲမှာ ပဲ့တင်ထပ်ပြီး လိုက်ရွတ်နေမိသည်။ သိသိမှတ်မှတ်ရယ်တော့မဟုတ်။ ခုချိန်မှာတော့ ပုန်းညက်ညို့ရဲ့ အရိပ်ကလေး နဘေး



က ဖျတ်ကနဲပျောက်သွားမှာကိုပင် ကြောက်နေမိသည်။

ညနေခင်း၏အရိပ်ရှည်များသည် သူတို့နှစ်ဦးကို လေးပင်ဖင့်နွဲ့စွာ စောင့်မျှော်နေသလိုရှိသည်။ ဆေးရုံ၏ ညနေခင်းသည် ပိုပြီးတော့ပင် ငြီးငွေ့ဖွယ်ရာကောင်း၏။ အုပ်စိုးရဲ့ ညှာတာနေရသည့် ခြေလှမ်းတွေ အတိုင်းပင် သူမက တစ်လှမ်းချင်း ခပ်ဖြည်းဖြည်းသာ လျှောက်သည်။ ဂရုဏာတွေ လျှံနေသည့် မျက်ဝန်းစိုစိုများဖြင့် အုပ်စိုးရဲ့မျက်နှာကို လှမ်းကြည့်သည်။

"ကျွန်မ သွားလို့ရပါပြီ…ကို အထဲဝင်တော့…"

"ဟင်အင်း…ညီမလေးထွက်သွားတာကို စောင့်ကြည့်ဦးမယ်…"

"ကိုရယ်…"

ရင်ထဲခံစားချက်များစွာ ပြည့်သိပ်ဖိတ်လျှံလာသည်။ မျက်တောင်ဖျားတွေ စိုစွတ်လာပြီး မျက်ဝန်းအိမ်တွေလည်း စပ်ဖျဉ်းဖျဉ်းဖြစ်လာ၏။

"ကိုယ့်နောက်ကို မလိုက်နိုင်ဘူးပေါ့နော်…"

ပုန်းညက်ညို့က ခေါင်းရမ်းနေသည်။ မလိုက်နိုင်ဘူးလို့ ဆိုချင်တာလား…မလိုက်နိုင်ဘူးပေါ့နော်…ဆိုသည့်စကားကို ငြင်းဆိုသည်လား မသိပါ။

ရင်ထဲမှာတော့ တင်းကျပ်နာကျင်နေပြီ။ သည်လောက်ထိရင်နှင့်မဆန့်အောင် ခံစားရမည့်ဝေဒနာမျိုးဆိုတာကို ယုံတမ်းပုံပြင်

www.burmeseclassic.com

www.burmeseclassic.com



လို့သာ ထင်ခဲ့တာ…။ စိတ်ကူးယဉ်လွန်ကဲသူတစ်ယောက်လို့လည်း ကိုယ့်ကိုယ်ကို မသတ်မှတ်ချင်ပါ…။ လောလောဆယ်ခံစားနေရသည့် ဝေဒနာတွေဆိုတာက ဒြပ်ထုမဲ့ဆိုပေမယ့် အသေအချာရှိနေခဲ့တာ…

"အချိန်တွေရှိပါသေးတယ် ကိုရယ်…"

"ကိုယ့်ကို နှစ်သိမ့်နေတာလား…"

ပုန်းညက်ညို့ရဲ့ ပြုံးပြလိုက်သည့် ရင်နင့်ပြုံးက ကြေကွဲစရာ ကောင်းလှသည်။

ဆက်ပြီး ဟန်မဆောင်ပါနဲ့တော့ ချစ်သူလေးရယ်…။

"ညီမလေး…ကိုယ့်ကို ခွဲဖို့ဆုံးဖြတ်ပြီးပြီဆိုရင်လည်း ကိုယ် သိပါရစေနော်…"

အင်္ကျီကနဲ ရှိုက်သံသဲ့သဲ့လေး ကြားလိုက်သည်။

သိစိတ်တွေ ခန္ဓာကိုယ်ကနေ လွင့်ပြယ်ပြေးထွက်၏။ အရိပ် ကလေးလည်း ဝေးလွင့်သွားပြီ။

မည်းညို့မှောင်ရီသော ဆည်းဆာသည် လျှင်မြန်စွာရောက်လာ ၏။ စိတ်ထဲက ပင်ပန်းလေးလံခြင်းတွေကို လွှင့်ပစ်ချင်လာပြီ။

ချစ်မိခဲ့ပြီ…ဟု အမှန်အတိုင်း ဝန်ခံခဲ့သည်။ အချစ်က သူတို့ ကို လှောင်ရယ်လေသည်လား…။

* * *



အုပ်စိုးရဲ့ ညီအစ်ကိုတွေ သံတွဲဆေးရုံကို ပြန်လည်ရောက်ရှိ လာသည်က မျှော်လင့်ထားသည်ထက် ပို၍လျှင်မြန်ပါသည်။ မျှော် လင့်မထားသည့် ဖေဖေနှင့်မေမေ့ကို မြင်လိုက်ရတော့ အံ့သြသည်ထက် ဝမ်းနည်းခြင်းက ပိုသည်။

မရည်ရွယ်ပါဘဲ မိဘတွေကို စိတ်ထိခိုက်အောင် လုပ်ခဲ့မိပြီ။ ဩော်…

အချစ်ဆိုတာ အနိုက်အတန့် ရူးသွပ်စေသလား…။

ဒါမှမဟုတ် အနိုက်အတန့် ရူးသွပ်ခြင်းကိုဘဲ အချစ်ဟု အမည် တပ်ကြသည်လားမသိ။ ကိုယ့်ကိုယ်ကို ရူးသွပ်သူဟု ပြောရမှာကိုတော့ အုပ်စိုးက ခေါင်းမာစွာ ငြင်းဆန်ချင်ဆဲပင်…။

* * *

www.burmeseclassic.com

www.burmeseclassic.com



"မင်းကွယ်…တစ်ယောက်တည်း ထင်ရာတွေစိုင်းနေတော့တာပါလား…မေမေတို့မှာ ဒီအရွယ်ကြီးရောက်မှ မင်းတို့အတွက် ပြန်ပြီးစိတ်ပူနေရတယ်…မင်း…ကလေးမဟုတ်တော့ဘူး သားထွေးလေးရဲ့…စိတ်ထင်ရာတွေ လျှောက်လုပ်မနေနဲ့…"

မေမေက အုပ်စိုးရဲ့မျက်နှာကို မြင်လျှင်မြင်ရချင်း အပြစ်တင်စကားဆိုတော့သည်။

"တို့ ဖုန်းရရချင်း M.A.I လေယာဉ်နဲ့ ချက်ချင်းဆင်းချလာတာ…မင့်ကိုလေးလည်း တို့ပါလိုက်လာတော့ မီဘတွေကို မပင်ပန်းအောင် လေယာဉ်လက်မှတ် အပြေးအလွှား စီစဉ်ရတာ ဖတ်ဖတ်ကိုမောလို့…ကိုလတ်တို့လင်မယားကတော့ မင်းလေယာဉ်နဲ့ လိုက်မလာဘူးဆိုတာသိကတည်းက ကားနဲ့လိုက်ချလာတာ…"

"ဗျာ…"

မမသီတာ…

မမသီတာရောက်နေပြီပေါ့…။

"မမသီတာလား…"

* * *



ဟိုးအမြင့်က ကြည့်တော့ ပင်လယ်သည် ငွေရောင်သင်ဖြူးတစ်ချပ်လို တောက်ပစွာလှနေ၏။ အဆီးအတားမဲ့စွာ ပြေးလွှားလာသည့် လေကြမ်းကြမ်းက ဆံပင်တိုတွေကို ကြမ်းတမ်းလွင့်ဖွာသွားစေနိုင်သော်လည်း ခန္ဓာကိုယ်ကိုတော့ တိုးဝေ့ဖြတ်စီးသွားရုံပါဘဲ။ မိုးကာသားဂျာကင်အင်္ကျီကတော့ လေတဖျက်ဖျက်တိုးပြီး ဖောင်းပွပွကြီးဖြစ်နေသည်။ လှိုင်းခေါင်းဖြူတွေ ပြေးလာပြီး ကမ်းခြေသဲသောင်ပြင်ပေါ်သို့တက်လာနေသည့် ပန်းချီကားသည် ပင်လယ်၏ မရိုးနိုင်သည့်တေးသွားတစ်ပုဒ်ပါ ပါဝင်ဖွဲ့စည်းထားသည်မို့ သက်ဝင်လှပသည့်သဘာဝပန်းချီကားတစ်ချပ်ပင်…။

အဲသည်ပန်းချီကားချပ်ထဲမှာ ချစ်သူရဲ့ပုံရိပ်မပါဝင်လေတော့ အုပ်စိုးတစ်ယောက်တည်းအဖို့တော့ ပန်းချီကားက မလှပ…။

ဘယ်နေရာကြည့်ကြည့် အကျည်းတန်လှသည်ဟူ၍ပင် ထင်သည်။

ကိုယ်သိပါရစေ…

ခွဲသွားမယ်ဆိုရင်လည်း ကိုယ်သိပါရစေ…ညီမလေးရယ်…။

[ကို့ကိုချစ်တဲ့ အချစ်တွေကို လွှင့်ပစ်လို့မရသလို နာကြည်းမှုတွေကိုလည်း လွှင့်မပစ်နိုင်သေးဘူး…]

အေးစက်တင်းရင်းနေသည့် မျက်နှာပြင်ကို ချွေးတွေစေးထန်းနေသည့် လက်ဖဝါးနှစ်ဖက်ဖြင့် အကြာကြီးအုပ်ထားမိသည်။ မုန်းညက်ညီကို မမြင်ရတာ နှစ်ရက်ရှိပြီ…။

www.burmeseclassic.com

www.burmeseclassic.com



နက်ဖြန်ဆို ရန်ကုန်ပြန်ရတော့မှာ…။

ညီမလေးတို့အတွက် တစ်နေ့နေ့ဆိုတာ ရှိလာဦးမှာပါ…]တဲ့

ဟုတ်ရဲ့လား…။

အဲသည် တစ်နေ့နေ့ဆိုတာ ဘယ်တော့လဲ…။

* * *

"နေဝင်တော့မယ်…ညီလေး…"

ကျောပြင်မှာ ခပ်ဖွဖွအထိအတွေ့တစ်ခု…။

စကားသံက ညင်သာလွန်းသည်။ သည်လိုလေသံမျိုး အုပ်စိုးတို့ညီအစ်ကိုတွေထဲမှာ နှစ်ယောက်သာရှိသည်။ ကိုလတ်နှင့် ဆုံးပါးသွားပြီဖြစ်သည့် ကိုထွေး…။

နဘေးမှာ အရိပ်တစ်ခုရောက်လာသည်။

ကိုလတ်ရဲ့မျက်နှာမှာ စိတ်ရှုပ်ထွေးမှုတွေ ရှိမနေပါ။ စကားပြောသိမ်မွေ့နူးညံ့သလောက် စိတ်ထားတည်ကြည်လှသော ကိုလတ်သည် ဘယ်နေရာမဆို သွေးအေးအေးနှင့် စွဲမြဲသည့်ဆုံးဖြတ်ချက်ရှိသည်ကြောင့်ဘဲ…သည်လို အဆုံးမသတ်နိုင်သည့် ပြဿနာမျိုးကို ဖန်တီးခဲ့မိလေသလားဟု ထင်ချင်စရာဖြစ်သည်။ ခုလည်း…ကိုလတ်သည်



ားလုံးထဲမှာ အပြုံးမပျက် တည်ငြိမ်နိုင်သူဖြစ်သည်။ ကိုလတ်ရဲ့ ပြုံးသည် အစဉ်အမြဲ အေးချမ်းနေသည်။ အဲသည် အေးချမ်းသည့် ပြုံးက ရင်ထဲမှာ သောကတွေ မီးတောက်နေသူတွေကို လှောင်ပြောင် သကဲ့သို့ ရှိ၏။

ကိုလတ်နှင့်မတွေ့ဖြစ်တာကြာပြီ…။ မမသီတာနှင့် လက်ထပ် းကတည်းက ကိုလတ်သည် ညီအစ်ကိုစုထဲ တမင်ဘဲ စိမ်းစိမ်းနေ သလားထင်ရသည်။ အရင်က ဆံပင်ကို ကုပ်ထောက်အောင် ည့်ရှည်ထားလေ့ရှိသော ကိုလတ်သည် ခုတော့ ဆံပင်နောက်မြင့်မြင့် တိုနှင့် နဖူးပြင်မှာ ရှင်းနေအောင် ရှေ့ဆံပင်တွေအားလုံးကို နောက် က်လှန်ဖြီးထားသည်။ တိုက်တောနီယမ်ကိုင်း မျက်မှန်သည် ကိုလတ်ရဲ့ အေးချမ်းသည့်အပြုံးမျက်နှာကို ပို၍ခန့်ထည်စေ၏။ ကိုလတ်က လူ ယ်ဆန်သည့် မိုးပြာရောင် ပိုလိုရှပ်လက်တိုကို ဝတ်ထားသည်။ ်နုံးခွဲရောင်ဘောင်းဘီရှည်နှင့် လေးညှင်းရောင် သားရေရှူးဖိနပ်ကို ်းထားသည်။ ကိုလတ်ပဲလို့ သိသာစေသည့် ကိုယ်ရနံ့တစ်ခုလည်း ကိုလတ်မှာ ရှိနေသည်။

"ညနေစာ စားကြရအောင် မင်းကို စောင့်နေကြတယ်…"

"ဟောဗျာ…"

"ဒါပေမယ့် ကိုလတ်က ပြောလိုက်မိတယ်…သူ့ကို စောင့် နေနဲ့…သူ စားချင်စိတ်ရှိမှာ မဟုတ်ဘူးလို့…"

အုပ်စိုးက ဖွဖွပြုံးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်က အဲသည်လိုလူမျိုး…

"ဒါပေမယ့်…မင်း တစ်ညလုံး ဘာမှမစားဘဲ နေမှာတော့ မဟုတ်ပါဘူး…ကိုလတ်ပြောတာ ဟုတ်တယ်မဟုတ်လား…"

သည်တော့ အုပ်စိုး ဟက်ဟက်ပက်ပက်ရယ်မိသည်။

"လူတွေရဲ့ရုပ်တည်ကျင်သန်မှုကို မေ့ရလောက်တဲ့ ပွဲဆွေးမှုဆိုတာ မရှိပါဘူးကွာ…"

ကိုလတ်ရဲ့စကားကို အုပ်စိုး နက်နက်ရှိုင်းရှိုင်း နားမလည်သည့်အတွက် မှန်မမှန် မဝေဖန်နိုင်ပါ။ ကိုလတ်ကတော့ အဲသည်လို ပွဲဆွေး မှုမျိုး မကြုံခဲ့ဖူးသူမို့ ထင်ရအောင်လည်း…ကိုလတ်ရဲ့ ဇာတ်လမ်းရှည် သည် မန္တလေးမှာ အထင်ကရပင်…။

သို့ပေမယ့် ကိုလတ်ရဲ့မျက်နှာမှာ ငြိမ်းချမ်းသည့်အပြုံးကတော့ ဘယ်တုန်းကမှ မပျောက်ပြယ်ခဲ့။

"မမသီတာရော…ဘယ်လိုလဲ…"

ကိုလတ်ရဲ့ နှုတ်ခမ်းတွေက သကြားလုံးစုပ်သလို…တစ်ခုခုကို မြုံချလိုက်သည်ထင်၏။

* * *



"ကိုယ်ပြောခဲ့ပါတယ်…ကျားသေကို ပြန်ပြီးအသက်သွင်းမိသလို ဖြစ်နေမှာလို့…တကယ်တော့…ကိုယ်တို့ မသီဟာနဲ့ဆောင်နေလိုက်ရင် ပိုကောင်းမယ်…ဒီလောက် နှစ်တွေအကြာကြီး ငြိမ်ငြိမ်လေး နေလာခဲ့ပြီးမှ…"

"သူက…သံယောဇဉ်ကို လက်စမသိမ်းနိုင်ဘူးလေ…သူက မိခင်ကိုး…ပြီးတော့…မင်းအတွက်လည်း အဆင်ပြေစေချင်တယ်…သူ့အနေနဲ့…မင်းတို့အတွက် တစ်ခုခုလုပ်ပေးနိုင်တယ်ဆိုတာမျိုး ဖြစ်စေချင်တယ်…ဒါပေမယ့်…ခုတော့ သူရင်ကွဲရတာဘဲ အဖတ်တင်တာပေါ့လေ…"

"သမီးက…သူ့ကို မျက်နှာချင်းတောင် မဆိုင်ချင်ဘူးဆိုတော့…"

"မျက်နှာချင်းမဆိုင်ဘူးတဲ့လား…"

"သူ့ကို ငဲ့ညှာရင်…အမေလို့ မပြောပါနဲ့တဲ့…အမေ့ရဲ့ အတိုင်က လွှတ်ချင်လို့ အဲဒီဘဝရဲ့ အစိတ်အပိုင်းတွေကို ထားရစ်ခဲ့ချင်လို့…ဒီအချိန်အထိ ထွက်ပြေးနေခဲ့တာပါတဲ့…"

"သူ့အမေ ဆုံးသွားပြီဆိုတာကိုဘဲ…အသိအမှတ်ပြုချင်ပါတယ်တဲ့၊ အဲဒါ…သူ့သမီးကိုယ်တိုင် ပြောလိုက်တဲ့စကားတွေဘဲ…"

"ပုန်းညက်ညိုနဲ့ သွားတွေ့တာလား…"

"တကယ်တော့…ကိုကိုမောင့်ကို သွားတွေ့တာ…သွားတောင်းပန်တာပါ…"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..."

ကိုကိုမောင့်ကို သွားတွေ့တာ...

ကိုလတ်ဆီ ဖျတ်ကနဲလှည့်ကြည့်မိသည်။ ကိုလတ်ရဲ့အပြုံးမှာ ဟကယ်ဘဲ နာကျင်ရိပ်မရှိဘူးဆိုတာ အုပ်စိုး မယုံနိုင်ပါ။

အဲဒါ...အုပ်စိုးအတွက်သက်သက်လား။

"တကယ်တော့...မင်း မမသီတာ...ဒီလူကို ဘယ်လောက်မုန်းတယ်ဆိုတာ...တို့အားလုံးအသိပါဘဲ...ဒီလူ့ကြောင့် သူ့ဘဝ ပန်းကောင်းအညွန့်ကျိုးဖြစ်ခဲ့ရတယ်...သူပြောဖူးတာ ကိုလတ်အမြဲတမ်းနားထဲမှာစွဲနေတယ်..."

"ချစ်တဲ့သူနဲ့ ကွဲရတဲ့ဒုက္ခယက်...မချစ်မနှစ်သက်တဲ့သူနဲ့ အတူနေရတဲ့ ဒုက္ခဆင်းရဲက ပိုပြီးပြင်းထန်တယ်တဲ့...ဒီလူနဲ့အတူနေရတဲ့နှစ်တွေမှာ သူ့ကိုယ်သူ ဒုက္ခပေးဖို့ ခဏခဏ စဉ်းစားမိတယ်တဲ့...သမီးကို ရ,တော့မှ အဲဒီလိုစိတ်တွေ ပျောက်သွားတယ်တဲ့..."

"ဒါဆို...ဘာဖြစ်လို့ သမီးကို ရင်အုပ်မကွာမထားခဲ့ရတာလဲ...ပုန်းညက်ညိုကို ဘာဖြစ်လို့ အတူမခေါ်ခဲ့ရတာလဲ..."

ကိုလတ်က အုပ်စိုးကို ဖျတ်ကနဲလှည့်ကြည့်သည်။ အုပ်စိုးရဲ့မျက်လုံးထဲ စူးစူးစိုက်စိုက်ကြည့်လိုက်သည့် ကိုလတ်၏အကြည့်ထဲ ရာဇဝတ်သားတစ်ယောက်လို ဖြစ်ခဲ့ရသည်။ သည်စကားက မသီတာကို ထိခိုက်နာကျင်စေနိုင်မှာ အမှန်ပင်။ မသီတာရဲ့ နာကျင်မှုက ကိုလတ်ရဲ့နာကျင်မှုလည်း ဖြစ်သည်။ ဒါပေမယ့်...အုပ်စိုးအတွက်



တော့ အဖြေတစ်ခုမဟုတ်ပါ။

"အင်းလေ...မင်းအတွက်တော့ ဒီအချိန်မှာ ဒါဟာ အဖြေကောင်းတစ်ခုဖြစ်မှ ဖြစ်မှာပေါ့...အကြောင်းပြချက်တစ်ခုလို့ ထင်ချင်ထင်မှာပေါ့...ဒီကိစ္စက ကိုယ့်ညီတွေးလေးအတွက်တော့ အကြီးကျယ်ဆုံးပြဿနာတစ်ခုဖြစ်ခဲ့ပြီကိုး..."

ကိုလတ်က ရယ်ရယ်မောမောနှင့်ဘဲ အုပ်စိုးရဲ့ပုခုံးကို လှမ်းဖက်လိုက်သည်။ အုပ်စိုးကတော့ အလိုက်သင့်ပြုံးလိုက်ဖို့ပင် အင်အားမရှိတော့ပါ။ မမသီတာကို ပုန်းညက်ညိုက မျက်နှာချင်းမဆိုင်တော့ဘူးဆိုမှာတော့ အုပ်စိုးအတွက် ဘာများပြောစရာကျန်ပါတော့မည်လဲ။ ဘာအတွက်များ ငဲ့ညှာစရာကျန်ပါဦးမည်လဲ...။

ပုန်းညက်ညိုရဲ့ နာကြည်းမှုအထုအထည်နှင့် နှိုင်းစာလျှင် အုပ်စိုးအတွက် အချစ်ဆိုတာက သဲမှုန်တစ်မှုန်ပမာဏဘဲဖြစ်မှာပါ...။

ကိုလတ်ရဲ့ရင်ခွင်ထဲမှာ ကလေးတစ်ယောက်လို ငြိမ်သက်နေမိသည်။ အုပ်စိုးသည် အသက်အရွယ်က ပုန်းညက်ညိုထက် ကြီးပေမယ့် ပုန်းညက်ညိုလောက် စိတ်ဓါတ်မရင့်ကျက်နိုင်သေးဘူးဆိုတာတော့ သေချာပါသည်။ ရင်ထဲမှာ တမြေ့မြေ့ တနုံ့နုံ့ နာကျင်ရသည့် ဒဏ်ရာဒဏ်ချက်ကို ဘယ်လိုဖြေသိမ့်ရမည်မသိ။ မခံစားနိုင်ဘူး...ဆိုသည့် သီချင်းစာသားကို ကိုယ်တိုင်ကြုံမှဘဲ သဘောပေါက်ရသည်။

ပင်လယ်သည် အပြာရောင်ကနေ မဲနယ်ရောင် တဖြည်းဖြည်း ခရမ်းရင့်ရောင်သမ်းလာပြီ။ အိပ်တန်းပျံငှက်အုပ်တွေကိုလည်း မမြင်

www.burmeseclassic.com

www.burmeseclassic.com



ရတော့။ လှိုင်းရိုက်သံများ တိုး၍တိုး၍ ဆူညံလာသည်။ ငါးဖမ်းလှေများ ကမ်းစပ်သို့ တစ်စီးပြီး တစ်စီး ထိုးဆိုက်လာနေ၏။ တံငါတို့၏ အိမ်အပြန်ကို ကြိုနေသည့် မိသားစုများသည် လှေတစ်စင်းဆိုက်လာတိုင်း ကမ်းခြေသောင်ပြင်အစပ်မှ ရေထဲအထိ ဒရောသောပါး ပြေးဆင်းလာပြီး လှေကို သဲပြင်ပေါ်သို့ ဆွဲယူလာကြသည်။ ပိုက်ထဲက ငါးတွေကို အလုအယက်ဆွဲယူရင်း ပျော်ရွှင်ကြသည်။

"တကယ်တော့ … ပုန်းညက်ညှိရဲ့ဘဝကို ဖျက်ဆီးခဲ့တာ ကိုကိုမောင်ဘဲ … ပုန်းညက်ညှိကို ကိုကိုမောင်ရဲ့မိဘတွေက ထိန်းသိမ်းစောင့်ရှောက်ခဲ့တာ … သူတို့နှစ်ယောက် အိမ်ထောင်ကျတော့ လူကြီးတွေက မြေးကို မခွဲနိုင်လို့ ခေါ်ထားခဲ့ကြတာ … ဒါကို ကိုကိုမောင်က သမီးကိုပါခေါ်ပြီး ခြေရာဖျောက်ခဲ့တာဘဲ …"

"တကယ်တော့ သူဟာ ထူးချွန်တဲ့ လျှပ်စစ်အင်ဂျင်နီယာ တစ်ယောက်ပါ … သူ့အတွက် အလုပ်မရှားဘူး … သမီးတစ်ယောက်ကို လူတန်းစေ့အောင် သူထားနိုင်တယ် … ဒါပေမယ့် ဒီလူက ကိုယ့်ကိုယ်ကို အရက်အိုးထဲဆွဲနှစ်ပစ်ခဲ့တာကိုး …"

ကိုလတ်ရဲ့စကားအခွန်းတိုင်း ဟိုးအဝေးကြီးက ပြေးလာသည့် အေးစက်သည့် ပင်လယ်လေလို အုပ်စိုးရဲ့နှလုံးအိမ်ကို ထိုးခွဲနေကြသည်။

အဲသည်ကာလတွေဟာ အုပ်စိုးနဲ့ ဘယ်လိုမှမသက်ဆိုင်ပါဘဲ ဘာကြောင့်များ ထားရစ်ခဲ့လို့မရတာပါလိမ့်။



"ကျွန်တော့်အတွက်တော့ ကိုလတ်တို့ရဲ့ ရန်ကြွေးဟာ … ကျွန်တော့်နှလုံးသားကို နင်းချေလိုက်သလိုပါဘဲ …"

ကိုလတ်က အုပ်စိုးရဲ့စကားကို မကြားဟန်ပြုဘဲ ရီဝေသည့်မျက်လုံးတစ်စုံဖြင့် ဖွေဖွေပြုံးလျက်သာ ငေးကြည့်နေခဲ့သည်။ နှစ်လိုဖွယ်အပြုံးကတော့ မပျောက် …

"ကျွန်တော် … ဒီလို တစ်ခါမှ မချစ်ဖူးဘူး …"

"ညီတွေးအတွက် ကိုယ်တို့အားလုံး အစွမ်းကုန်ကြိုးစားပေးခဲ့ပါတယ်ကွာ … ဒါပေမယ့် ဒါဟာ ပုန်းညက်ညှိရဲ့ အဆုံးအဖြတ်ဘဲ … သူက သိပ်ပြက်သားဘယ် …"

"များ …"

"သူ့အနေနဲ့ … အဖေ့ဖက်မှာဘဲ တစ်သက်လုံး ရပ်တည်သွားမယ်လို့ … အနိုင်အမာပြောလိုက်တဲ့ သဘောပါဘဲ … သူ့အဖေ ဘယ်လောက်မှားမှား၊ ဘယ်လိုလူစားမျိုးဘဲဖြစ်ဖြစ် သူဟာ အဖေ့သမီးဘဲလို့ … ပြတ်ပြတ်သားသား ပြလိုက်တာပါဘဲ … ဒီလိုမိန်းကလေးတစ်ယောက်ဟာ အချစ်အတွက်နဲ့ အားလုံးကို စွန့်လွှတ်နိုင်တယ်ဆိုတဲ့ မိန်းကလေးမျိုးလည်း ဖြစ်ချင်ဖြစ်နိုင်တာပါဘဲ … သူဟာ သူ့အဖေလို တစ်ယူသန် ဇော်ခွတ်ဆိုးကလေးပါဘဲ …"

"ဒါပေမယ့် … သေချာတာက … သူ သူ့အဖေကိုမစွန့်လွှတ်ဘူး … သူဆုပ်ကိုင်ထားတာက သူ့အဖေနဲ့ သူ့ကြားက မေတ္တာတရားဘဲ … ညီတွေးလေး … အချစ်မတုတ်ဘူး …"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကို မင်းသဘောမပေါက်ဘူးလား…မင်းသာ ဒါကို သဘောပေါက်မယ်ဆိုရင် ဒီလောက်ထိ ကြေကွဲနေဖို့မလိုဘူး…ပြီးတော့ သူ့ကိုလည်း ခွင့်လွှတ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်…"

* * *

ပင်လယ်က မှောင်အတိကျသွားပြီ။ လ,ဆန်းရက်၏ တစ်ခြမ်းကွေးလ,သည် အရှေ့ဖက်ကောင်းကင်ယံမှာ ထင်းထင်းပေါ်နေ၏။ ကိုလတ်က အုပ်စိုး၏ချိုင်းအောက်ကနေ ပုခုံးလျှိုသွင်းပြီး ဖေးမသည်။ ငဲ့ညှာရမည့် တာဝန်တစ်ရပ်ဟု သူ့ခေါင်းထဲမှာ စွဲမြဲပုံရသည်။ ခုချိန်မှာ အုပ်စိုးသည် ကွဲကြေလွယ်သည့် ကြွေရုပ်တစ်ရုပ်လို မိသားစုက သဘောထားကြမည်ထင်ပါရဲ့…။

[သူဆုပ်ကိုင်ထားတာ သူနဲ့ သူ့အဖေကြားက မေတ္တာတရားဘဲ။ အချစ်မဟုတ်ဘူး…။] ကိုလတ်ရဲ့ စကားတစ်ခွန်းသည် တဟူးဟူး တဟဲဟဲ မြည်နေသည့် လေပြင်းလိုင်း အာရုံထဲမှာ ဝေ့ဝဲတိုက်ခတ်နေသည်။

ဟုတ်ပါရဲ့…။



သည်လောက် အခြေခံကျတဲ့အကြောင်းရင်းကို အုပ်စိုး ရှာမွေ့မရဖြစ်ခဲ့သည်။

"မနက်ဖြန်ကစ,ပြီး…ဒါတွေကို ဒီမှာဘဲထားခဲ့ပါ ညီထွေးလေးရာ…တို့ အသစ်ပြန်စ,ကြရအောင်…ဟုတ်လား…မင်း မမသီတာလည်း တော်တော်ကို စိတ်မကောင်းဖြစ်နေရှာပါတယ်ကွာ…"

ကိုလတ်က တကယ့်ကို ကြေကြေကွဲကွဲ ပြောရှာသည်။

[အချစ်…ဆိုတာ ရှန်းထွက်ဖို့မလွယ်ပါလား…လို့ ခုတော့ ကျွန်မသိပါပြီ ကိုရယ်…] စိုစွတ်လာသည့် မျက်ဝန်းအိမ်ကို မျက်တောင်များဖြင့် ပုတ်ခတ်ပစ်လိုက်သည်။ ဘယ်သူမှ မမြင်နိုင်သည့် ညဘဲဖြစ်ပါစေ…အချစ်အတွက် မငိုရချင်ပါ…။

ပုန်းညက်ညိုက ပြတ်သားခဲ့သလို…အုပ်စိုးရင်ထဲမှာလည်း ပြတ်သားနိုင်မာသည့် ဆုံးဖြတ်ချက်တစ်ရပ်က ရှိနေနှင့်သည်။

တို့ရဲ့အချစ်က ဘယ်တော့မှ အဆုံးမသတ်စေရဘူး ပုန်းညက်ညို…။

* * *

"ကျွန်မ…မညာပါဘူး…ဦးအုပ်စိုးရယ်…"

www.burmeseclassic.com

www.burmeseclassic.com



မာလာ့မျက်နှာသည် စိုးရွံ့မှုနှင့် ခံပြင်းမှုအရိပ်တွေ ဖုံးနေ၏။ အပြာရောင်ယူနီဖောင်းရဲ့အရိပ်မြင်တိုင်း ဖျတ်ကနဲ ဖျတ်ကနဲ လှည့်ကြည့်မိသည်။

ဘယ်လိုလဲကွယ်…။

[ကိုယ်သိပါရစေ…] လို့ အနူးအညွတ် တောင်းဆိုခဲ့ရက်နဲ့…။

"ဝန်ထမ်းတစ်ယောက်ဟာ အဲဒီလိုထွက်သွားလို့ ရလို့လား… အထက်လူကြီးကို မတင်ပြဘဲ စိတ်ထင်ရာလုပ်လို့ သွားလို့ရမှာလား…"

"ဟုတ်ကဲ့…မရပါဘူး…"

ဆတ်ကနဲ မော့ကြည့်လိုက်သည့် မာလာ့မျက်နှာမှာ အပြုံးရိပ်ကင်း၏။ လေသံက အနည်းငယ်ဆတ်တောက်သည်။

"ဒါပေမယ့် သူက…တစ်ခါတည်းထွက်စာတင်ပြီး သွားတာဆိုတော့…ကျွန်မတို့လည်း ဘာမှမတတ်နိုင်…"

"ထွက်စာတင်သွားတယ်…"

မာလာ့စကားတပိုင်တစ ရပ်တန့်သွားသည်။

* * *



"ပြောရမယ်ဆိုရင်တော့ ဦးအုပ်စိုးကြောင့်ပါဘဲ…"

ကော်ဖီရဲ့အရသာ ခါးသက်လှသည်။ ငွေဝဲပြန့်တက်သွားသော အငွေ့တွေကြားက မာလာ့မျက်နှာသည် အုပ်စိုးကို လှောင်ပြုံးပြုံးလျက်ရှိ၏။ နံနက်စောစောမှာ ဟိုတယ်လ်ရဲ့ကော်ဖီဘားထဲ စုံတွဲတစ်တွဲသာရောက်နှင့်သေးသည်။ မာလာ ဧည့်ဝတ်ပြုသည့် ကော်ဖီတစ်ခွက်သည် အုပ်စိုးကို အပြစ်တင်စကားဆိုဖို့ လုံလောက်သည့် အလျော်အစားလည်း ဖြစ်နိုင်ပါသည်။

"ပုန်းညက်တို့သားအဖက… သူတို့ရဲ့နောက်ကြောင်းတွေကို ဘယ်သူမှမသိအောင် သိုသိုသိပ်သိပ်နေခဲ့ကြတာ…မာလာတို့လည်း သူတို့ပြောသလို သူငယ်ငယ်ကတည်းက သူ့အမေဆုံးသွားတယ်ဆိုတာကို လက်ခံခဲ့ကြတာပါဘဲ…ပြီးတော့ ပုန်းညက်က ဘယ်သူတွေ ဘယ်လောက်ဘဲအပြစ်တင်တင် သူ့အဖေ ဘယ်လောက်ဆိုးဆိုး… အဖေကိုသိပ်ချစ်တာ…"

"ခုလို သူတို့ရဲ့နောက်ကြောင်းတွေအားလုံး သိကုန်တော့… သူ့အရှမ်းရှက်သွားတယ် ထင်ပါရဲ့…တကယ့်တော့…ရှင်သာမသိတာ…"

"ရဲစခန်းကထွက်လာကတည်းက ဦးမောင် အိမ်ကိုပြန်လာတော့ဟာမဟုတ်ဘူး…"

"ဗျာ…"

"ပုန်းညက်လည်း အဲဒီအချိန်ကတည်းက ဒီကခွါဖို့ ပြင်ဆင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်လို့ မာလာထင်တာဘဲ…ဒီကြားထဲ…သူ့အမေရောက်လာတော့…''

''ကျွန်တော်သိပြီ…တကယ်တော့ ကျွန်တော်နဲ့ချစ်မိတာ သူ့ဘဝအတွက် အဆိုးရွားဆုံးဖြစ်ခဲ့တာပေါ့နော်…တခြား ဘယ်ဟာမှ ဒီလောက်ဆိုးမှာမဟုတ်ဘူး…သူ ဘယ်တော့မှ ဖြစ်မလာစေချင်တာတွေက ကျွန်တော့်ကြောင့် ဖြစ်သွားခဲ့တာပေါ့…''

မာလာက ခေါင်းငုံ့မျက်လွှာချနေခဲ့သည်။ အုပ်စိုးရဲ့စကားကို မငြင်းဆန်ဘူးဆိုတာက သူ့ရင်ထဲမှာ သည့်ထက်မကသည့် ဖြစ်တင်စကားတွေ ရှိနေသည်မို့ဘဲ နေမှာပါ…။

''ကျွန်တော် တောင်းပန်ပါတယ်…တကယ်လို့ သူဒီကိုပြန်ရောက်လာမယ်ဆိုရင်…ပြောပေးပါ မာလာ…သူ့ရဲ့ ငြိမ်းချမ်းနေတဲ့ဘဝလေးကို ဖျက်ဆီးမိတာ ကျွန်တော် တောင်းပန်ပါတယ်လို့…ကျွန်တော်တို့နှစ်ယောက်အတွက် တစ်နေ့နေ့ဆိုတာ ရှိလာတဲ့အထိ…ကျွန်တော်စောင့်နေပါ့မယ်''

မာလာ့ကို နောက်ဆုံးပြောခဲ့မိသည့် စကားတစ်ခွန်းသာဖြစ်သည်။

မာလာ့ကို နှုတ်ဆက်ခဲ့မိရဲ့လားဆိုတာကိုပင်…သေချာမမှတ်မိတော့…။ နှုတ်ဆက်ဖို့လည်း လိုအပ်ချင်မှ လိုအပ်မှာပါလေ…။

ရင်ထဲ နာကျင်ကြေကွဲမှုဖြင့်သာ အဆုံးသတ်ခဲ့ရသော ဇာတ်



လမ်းတစ်ပုဒ်မှာ ဘယ်သူက တာဝန်အရှိဆုံးဆိုတာ ဟိုစဉ်ကတော့ စဉ်းစားမရခဲ့ပါ။

ခုတော့…နောက်ဆုံးတရားခံက အုပ်စိုးကိုယ်တိုင်ပါဘဲလား။

* * *

ရောင်စုံကျောက်စရစ်တွေ ခင်းထားသော လမ်းကလေးပေါ်မှာ လျှောက်လာမိစဉ်…စဉ့်ပန်းအိုးကြီးတွေအနားမှာ ရင်တခုန်ခုန်စောင့်ခဲ့ရသည့် နေ့တစ်နေ့ကို အမှတ်ရမိပြီး ရင်မှာ လှိုက်ဟာ…နာကျင်လာပြန်သည်။

သူမ ဘယ်အရာကိုဘဲ ရွေးချယ်သည်ဖြစ်ပါစေ…အချစ်ဆိုသည့် တွယ်ငြိမှုတစ်ခု ကျန်ရစ်နေသမျှတော့ အုပ်စိုးနှင့် ပုန်းညက်ညှိသည် ဘယ်တော့မှ မဝေးနိုင်ဘူးဟု ခေါင်းမာမိုက်မဲစွာ ယုံကြည်မိပြန်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုချင်းခွဲခြားရခက်သည့် ရောင်ပြေးလေးတွေ ယှက်ဖြာနေသည့် ကမာခွံလေးသည် ဆန်းကျယ်သည်မဆိုနိုင်လည်း လှပ၏။ ငပလီရဲ့ အမှတ်တရပစ္စည်းဆိုင်တွေမှာ ပင်လယ်ထွက်အမှတ်တရပစ္စည်းတွေ များစွာရှိသည့်အထဲ ကျောက်ပန်းခက်တွေ၊ ခရုခွံကြီးကြီးတွေ၊ ကမာခွံတွေလည်း ပါဝင်သည်။ များသောအားဖြင့် ပင်လယ်ကမ်းခြေ အမှတ်တရဖြစ်ဖို့ မှန်ဘီရိုတွေထဲမှာ ထားကြသည်။ နံရံမှာ အလှချိတ်ဆွဲကြသည်။ ခုနောက်ပိုင်းတော့ မှန်ဘောင်သွင်းထားသည့် ကျောက်ပုစွန်အခွံတွေကို အတွေ့ရများ၏။

မီးစုန်းလို အရောင်တောက်နေသည့် ကနုကမာခွံလေးသည် ကမာကောင်လေးတစ်ကောင်ရဲ့ အကာအကွယ်တစ်ခုခုဖြစ်ခဲ့ပါလိမ့်မည်။ ပင်လယ်သဲမြေမွှမွှမှာ သည်လိုအခွံတွေ အမျိုးအစားပေါင်းများစွာရှိခဲ့ပါလိမ့်မည်။ သို့ပေမယ့် အုပ်စိုးအဖို့တော့ သည်ကမာခွံလေးက သိမ်းဆည်းထားရသည့် နှလုံးသားတစ်စုံဖြစ်သည်။

* * *



ကားမထွက်ခင်အချိန်အထိ အုပ်စိုးသည် ရှုးသွပ်သူတစ်ယောက်လို အုန်းပင်သုံးပင် အမြစ်ခွဆုံကြားထဲက ထွက်ပေါ်လာမည့် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေခဲ့သည်။ နှင်းကာခေါင်းစွပ်အဖြူရောင်လေး···

နှုတ်ခမ်းထူထူပြည့်ပြည့်လေး···

သိမ်ငယ်နှိမ့်ချတတ်သည့် မျက်ဝန်းကလေး···

မှတ်သိပ်ခြင်းတွေမပါဘဲ နူးညံ့သိမ်မွေ့သည့် အနမ်းလေးတစ်ခုကို မကြာခဏ ပြန်ပြီးအိပ်မက်မက်ခဲ့ရသည်။ ခုတော့ အဲသည်အိပ်မက်က တစ်သက်တာလုံး အိပ်မက်အဖြစ်သာ ရှိနေတော့မှာပါလား···ပုန်းညက်ညိုရုယ်···။

ပင်လယ်ရဲ့ အော်သံသည် ငိုညည်းသံတစ်ခုနှင့် ဆင်တူလှ၏။ ဘယ်မျှ သက်ဝင်လှုပ်ရှားလှုပနေသည်ဘဲဖြစ်စေ အုပ်စိုးအတွက်တော့ ပင်လယ်သည် လွမ်းစရာအိပ်မက်တစ်ခုသာ ဖြစ်သည်။

* * *

www.burmeseclassic.com





အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com



"ဟော…ဦးအုပ်စိုး…တကယ်ပြန်တော့မယ်ပေါ့…"

မာလာသည် ဟိုတယ်လ်နောက်ဖက် အတွင်းပိုင်း တံခါးနောက်က ထွက်လာ၏။

"သော့အပ်ရင်းနဲ့ လာနှုတ်ဆက်တာ…"

သည်နေ့တော့ မာလာက ရွှေဝါရောင် မြန်မာဝတ်စုံနှင့်ဖြစ်သည်။ မနေ့က နိုင်ငံခြားသားဧည့်သည်အဖွဲ့တွေ ရောက်မည်ဟု ကြားခဲ့ရသည်။

"ဟုတ်ပါရဲ့…မာလာလည်း ပစ္စည်းအထုပ်အသွင်းတွေ ရှုပ်နေတာနဲ့ မေ့တောင်မေ့နေတယ်…ငါးမန်းနဲ့ ငါးကွန်းရုပ်အခြောက်တွေ အဆင်သင့်ထုပ်ထားပြီးသား…ရီဆက်စ်ရှင်းက ခင်နှင်းသက်တို့ဆီမှာ ယူသွားလိုက်နော်…အချိန်ရရင် ဖုန်းလည်းဆက်ဦး…ဒီမှာ အခု အီးမေးလ်လည်းရနေပြီလေ…"



"ဟုတ်ကဲ့ပါ…မာလာ…ကျွန်တော် ဆက်သွယ်ပါ့မယ်…ကျွန်တော့်ကိုလည်း အချိန်မရွေးဆက်သွယ်ပါ"

"အချိန်မရွေးဆိုတာ ညသန်းခေါင်ရော ပါလား…"

မာလာကတော့ ခန္ဓာကိုယ်ပြည့်ဖြိုးလာပေမယ့် စိတ်ဓါတ်က ပေါ့ပါးဆဲပင်…။

"ရှာနေတဲ့သူ တွေ့ရင်တော့ ညသန်းခေါင်ဘဲဖြစ်ဖြစ် ဖုန်းဆက်ရမယ် မဟုတ်လား…"

ဟု ရယ်ကာမောကာ ပြောသည်။

"မရှာတော့ပါဘူးဗျာ…"

"ဘာဖြစ်လို့လဲ…လက်လျှော့လိုက်ပြီလား…"

"မဟုတ်ပါဘူး…မာလာပြောသလိုဘဲ…ခုလောက်ဆို သားတွေသမီးတွေတောင် ရနေလောက်ရောပေါ့…လို့ တွေးမိလို့ပါ…"

မာလာသည် ခပ်ဖျော့ဖျော့ရယ်မောလျက်က အုပ်စိုးကို စာနာသော ဂရုဏာသက်သော အကြည့်ဖြင့် ကြည့်၏။

"အားမလျှော့ပါနဲ့လေ…ဒီမှာ ဆရာကိုသိန်းလွင်ရော မာလာရော အဖော်ရှိနေပါတယ်…"

"ဟုတ်ပါပြီ…ကျွန်တော်ကတော့ အားမလျှော့ပါဘူး…ခင်ဗျားတို့နှစ်ယောက်ဆီက ဘယ်တော့များ မင်္ဂလာသတင်းကြားရမလဲလို့ အမြဲစောင့်နေတာပါ…"

"ဟာ…ဒီလူကြီးကတော့…ပေါက်ကရတွေပြောပြီ…"

www.burmeseclassic.com

www.burmeseclassic.com



မာလာက အုပ်စိုးကို လက်သီးဆုပ်ဖြင့်ရွယ်သည်။ ခြေလှမ်းတွေ ခပ်သွက်သွက်နောက်ဆုပ်ပြီး ရယ်မောကျောခိုင်းထွက်ခဲ့၏။

သည်နေရာမှာ အုပ်စိုးအတွက် ရယ်မောပျော်ရွှင်ရခြင်းတွေရှိနေတာ တကယ်တော့ အံ့သြစရာပါဘဲ...။ ပြီးတော့ ကျေးဇူးတင်စရာလည်း ကောင်းလှသည်။

* * *

ရီဆက်ပ်ရှင်းကောင်တာမှာ အခန်းသော့ကိုအပ်သည်။ ခင်နှင်းသက်ဆိုသည့် မိန်းကလေးက ရွှေအိုရောင်အပြားရှည်ရှည်လေးပေါ်မှာ အနက်ရောင်ဖြင့် ရေးထားသည့် သုံးသုညခြောက်ဆိုသည့် ဂဏန်းကို အတော်ကြာအောင်ဖတ်နေသည်။

"ဦးအုပ်စိုးနော်..."

"ဟုတ်ကဲ့..."

"ဒီမှာ...မှတ်ပုံတင်ပါ..."

ဟိုတယ်လ်ရှေ့ဖက်ဆီက ကားစက်သံကို ကြားလိုက်ရတော့ ဧည့်ကြိုဌာနက ကလေးမတွေ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။



သူတို့မျှော်သည့် နိုင်ငံခြားသား ဧည့်သည်တွေ ရောက်လာကြပြီ။

"ဟော့...တင်မာရေ ရောက်လာကုန်ပြီ...ဝင်ထားတဲ့ဘွတ်ကင်စာရင်းနဲ့ သေချာတိုက်ဦးနော်..."

အလိုက်သိစွာဘဲ ကျောပိုးအိတ်ကို ကောက်လွယ်ပြီး ဘောင်းဘီအိတ်ထဲက ကားသော့ကို စမ်းရင်းလျှောက်လာခဲ့သည်။

* * *

နိုင်ငံခြားသားများသည် အရှေ့တိုင်းသားများဖြစ်ကြ၏။ ဧည့်ကြိုဌာနက ထွက်လာခဲ့ပြီး ကိုသိန်းလွင်ရဲ့ ရုံးခန်းဖက် လျှောက်ကြည့်တော့ ကိုသိန်းလွင်မရှိ။ ဧည့်သည်တွေရောက်သည်မို့ အလုပ်ရှုပ်ဟန်တူသည်။ ပလာစတာကာနစ်ဖြင့် လှပစွာဒီဇိုင်းဖော်ထားသည့် တိုင်လုံးကြီးတွေသာရှိသည့် ဟိုတယ်လ်ရဲ့ ရှေ့တည့်တည့် မင်းလမ်းကြီးအတိုင်း လျှောက်ထွက်လာတော့ ဂျပန်တွေဖြစ်ဟန်တူသော နိုင်ငံခြားသားတွေ နှစ်ယောက်အစု သုံးယောက်အစု လက်ဆွဲအိတ်တွေ ဘေးမှာချပြီး စကားရပ်ပြောနေကြသည်။ ဧည့်ကြိုကောင်လေးတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



လက်တွန်းထရော်လီတွေ ပစ္စည်းသယ်ဖို့ ရွေ့သူရွေ့၊ အထုပ်အပိုးတွေမ၊ သူမဖြင့် အလုပ်ရှုပ်နေကြ၏။

အုပ်စိုးက ခြေလှမ်းတွေကို ပိုသွက်လိုက်ပြီး နိုင်ငံခြားသားအစုတွေကြားက လျှောက်ထွက်လိုက်သည်။ နဘေးမှာ ဝါဖျော့ဖျော့အရိပ်တစ်ခု ဖြည်းညှင်းစွာဖြတ်သွား၏။ လတ်ဆတ်ပြီး စိတ်ကိုလန်းဆန်းစေသည့် မွှေးရနံ့လေးတစ်ခု တွယ်ငြိစီးမျောပါလာသလို ထင်သည်။ တစ်စုံတစ်ယောက်သည် အုပ်စိုးရဲ့ခြေလှမ်းတိုင်းကို စောင့်ကြည့်နေသကဲ့သို့ ခံစားရသည်။

မှန်တံခါးဝရောက်မှ ဖျတ်ကနဲပြန်လှည့်ကြည့်မိသည်။

စောစောက နဘေးက ခပ်ဖြည်းဖြည်းလျှောက်သွားသည့် ဝါဖျော့ဖျော့အရိပ်သည် မြန်မာအမျိုးသမီးတစ်ယောက်ဖြစ်၏။ သွယ်ပြီးကျစ်လစ်သည့် ခန္ဓာကိုယ်နောက်ပိုင်းကို မြင်ရသည်။ ဝါသည်ဆိုရုံမျှသာ ဖျော့တော့သော အဝါပေါ် အပြာနှင့်ပန်းနုရောသည့် ပင်ထောင်ဆင် ချည်ထည်ကို ထက်အောက်ဆင်တူ ဝတ်ထားပြီး တင်ပါးကျော်ကျော်ရှည်သည့် ဆံပင်ကို ကျစ်ဆံမြီးကျစ်ထားသည်။

ဂျပန်အမျိုးသမီးကြီးတစ်ဦးသည် သူမရဲ့လက်ကို ဆုပ်ကိုင်ထားဟန်ရှိ၏။ ရင်းရင်းနှီးနှီးစကားပြောနေသည်။

အခန်းကျယ်ထဲ ဝေ့ကြည့်တော့လည်း အုပ်စိုးကို စိတ်ဝင်တစားစောင့်ကြည့်နေသူ ဘယ်သူမှမရှိ။ လက်ပတ်နာရီကိုမြှောက်ကြည့်မိသည်။ သိပ်တော့ အချိန်ပွါယ်မရှိလှ။ ကိုယ်ပိုင်ကားနှင့်မို့ အုပ်စိုးမှာ



အချိန်နှင့်သတ်မှတ်ချက်တစ်ခုထားဖို့ မလို။ ရိုးပေါ်မှာ မှောင်သွားမည်ဆိုလျှင် ရေပေါ်ကြီးစခန်းမှာ ညအိပ်လိုက်ရုံဘဲ။

သည်ခရီးက အစိမ်းသက်သက်မှ မဟုတ်ဘဲ…။

မှန်တံခါးအပြင်ဖက် ထွက်လိုက်သည်နှင့် စိမ်းမြသော ရေငွေ့ရောမွှန်းသော ပင်လယ်လေသည် အုပ်စိုးကို ဆီးကြိုပွေ့ဖက်၏။ အုပ်စိုးကတော့ ရေငွေ့ပါသော ပင်လယ်၏ရနံ့ကို ရလျှင် လရောင်ကြောင့် ဖောက်ပြန်တတ်သော စိတ်ဝေဒနာသည်မျိုးလို အလွမ်းတွေဝေဒနာတွေ ဖောက်ပြန်လာတတ်သည်။

ယခု အုပ်စိုးနေထိုင်သည့်နေရာကတော့ ကုန်းတွင်းပိုင်း အမူပိုင်းဒေသမို့ ပင်လယ်ရနံ့ကို မရပါ။

သို့ပေမယ့် ကာလငယ်တစ်ခုအတွင်း ရင်းနှီးခဲ့ရသည့် ပင်လယ်သည် အုပ်စိုးရဲ့နှလုံးအိမ်ထဲမှာ ထာဝရကိန်းဝပ်နေ၏။

* * *

သံတွဲမြို့ဝင်ကာနီးပြီဆိုမှ တစ်ခုခုမေ့ကျန်ခဲ့ပြီဟု စိတ်ထဲမှာ ထင့်လာသည်။ အလျှင်ဆုံးသတိရမိသည်က ထွက်ကာနီး ကပျာကသီ

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည့် မာလာ့စကား…။

[ရှိဆက်ပ်ရှင်းက ခင်နှင်းသက်တို့ဆီမှာ ယူသွားလိုက်နော်…]

တဲ့…။

ငါးခြောက်ထုပ်…။

အရေးကြီးသည်တော့မဟုတ်ပါ။ သို့ပေမယ့် တကူးတကန့်မှာပေးထားသည့် လက်ဆောင်ကို အရေးမစိုက်ထင်သွားမှာစိုးရသည်။

ကျဉ်းမြောင်းသည့် ကတ္တရာလမ်းကလေးရဲ့နဘေးမှာ နေရာကျယ်ကျယ်ရှာပြီး ကားကိုခဏရပ်သည်။ ကားနောက်ဖက်ထဲ ပစ်ထည့်လာသည့် ကျောပိုးအိတ်ထဲ ဖွင့်ပြီးရှာကြည့်သည်။

သေချာတာပေါ့…။ ကျန်ခဲ့ပြီ…။

အမြဲတမ်း အုပ်စိုးရဲ့နဘေးမှာ မြင်သာသည့်နေရာမှာ ရှိနေတတ်သည့်ပစ္စည်း…။

သက်တန့်လို အဖိုးတန်ကျောက်မျက်လို အရောင်စုံတွေ ရောထွေးယှက်သမ်းနေသည့် ကနုကမာခွံလေး အခန်းထဲမှာများ ကျန်နေခဲ့သလား။

ဘယ်အချိန်မှာ နောက်ဆုံးထုတ်ကြည့်မိသလဲ စဉ်းစားလို့မရ။ မှတ်ဉာဏ်တွေက ခုတလောမှာ အတော့်ကို တိမ်းပါးချွတ်ချော်သည်။ အသက်အရွယ်ကြောင့်လို့ ပြောရအောင်လည်း သုံးဆယ်ကျော်ဆိုတဲ့ အသက်ဟာ သည်လောက်ထိ မေ့လျော့တတ်ဖို့ မကောင်းပါ။

မေ့မရနိုင်သည့် တစ်စုံတစ်ယောက်ကလွဲလျှင် ကျန်တာတွေ



ကို ခဏခဏ မေ့ ၊စ်ထားခဲ့တတ်တာဘဲ အကျင့်ပါနေသည်လားမသိ။ ပုန်းညက်ညိုနှင့်ပါတ်သက်သမျှ ကမာခွံလေးတစ်ခုကိုပင် မထားရစ်ခဲ့ချင်ပါ။ သည်ကမာခွံလေးက ပုန်းညက်ညိုကိုယ်စား အုပ်စိုးရဲ့အနားမှာ တစ်သက်တာရှိနေမည့် ချစ်သူရဲ့ကိုယ်ပွားလေးတစ်ခုအဖြစ် အုပ်စိုးသတ်မှတ်ထားခဲ့သည်။

ခုတော့ သက်မဲ့ပစ္စည်းကလေးပင် ကျန်ရစ်ချင်ပြီလား…

ပင်လယ်အနားမှာ ပင်လယ်ရဲ့အငွေ့အသက်တွေကြားမှာ ပိုင်ရှင်ဖြစ်သူထံက ပုန်းကွယ်နေရစ်ချင်ပြီလား…။

ဟင်အင်း…

ကိုယ်, မင်းကိုမထားရစ်ခဲ့နိုင်ဘူး…။

* * *

www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ပါတယ်နော်...ကျွန်မတို့လည်း ဧည့်သည်တွေ ရောက်လာတော့ ရုတ်တရက် ထူပူပြီး မေ့သွားတာ..."

"တူတူပါဘဲ...ကျွန်တော်လည်း သိပ်မေ့တတ်တယ်..."

ဧည့်ကြိုကောင်တာက ခင်နှင်းသက်ဆိုသည့် မိန်းကလေးက အုပ်စိုးကိုမြင်သည်နှင့် ပလတ်စတစ်အထပ်ထပ်နှင့် စည်းနှောင်ထုပ်ပိုးထားသော အထုပ်ကြီးတစ်ထုပ်ကို ဆွဲယူပြီး ကောင်တာရှေ့က ကမန်းကတန်းပြေးဆင်းလာသည်။ နှုတ်ကလည်း လျှာခလုပ်တိုက်မတတ် တောင်းပန်စကားဆိုသည်။

"ဆရာ့အခန်းနံပါတ်ရော နာမည်ရော...သေချာပြောထားခဲ့ရက်နဲ့...ဆရာသာပြန်မလာရင် မမမာလာက ကျွန်မကို အပြစ်တင်လို့ ဆုံးမှာမဟုတ်ဘူး..."



"ဟုတ်လား..."

"စိတ်မရှိပါနဲ့နော်..."

"တကယ်တော့...ကျွန်တော်လည်း ပစ္စည်းတစ်ခုကျန်ခဲ့လို့ ပြန်ရှာချင်လို့ လာတာပါ...သရီးအိုဆစ်မှာ ဧည့်သည်များ သွင်းလိုက်ပြီလား..."

"ဟောတော့...တင်မာရေ...သရီးအိုဆစ်မှာ ပစ္စည်းကျန်ခဲ့လို့တဲ့...အခန်းပေးလိုက်ပြီလား..."

ကောင်မလေးက မျက်နှာပျက်ပျက်ဖြင့် ကောင်တာက ဆံပင်တိုတိုမိန်းကလေးဆီ လှမ်းမေးသည်။

"သရီးအိုဆစ်...အခန်းပေးလိုက်ပြီလေ...မနှင်းရဲ့...ခုနအဖွဲ့တွေထဲက တစ်ယောက်ယောက်ဘဲ...ဘယ်သူလဲတော့ မသိဘူး...ကျွန်မ ပြန်ကြည့်ပေးမယ်..."

"နေပါစေတော့...ကျွန်တော့်ပစ္စည်းလေးတွေလာလို့ လာအပ်ရင်သာ မာလာ့ကို ပေးထားပေးပါနော်...မာလာ သိမ်းထားပေးပါလိမ့်မယ်..."

"မမမာလာကို..."

"ဟုတ်ကဲ့..."

"ဘာပစ္စည်းများလဲ...ပြောခဲ့လို့ ရမလားရှင်...ကျွန်မတို့ ရှမ်းမိမိတ်ကို ရှာခိုင်းလို့ရတာပေါ့..."

သူတို့အဖို့တော့ ရယ်ချင်စရာဖြစ်မှာပါဘဲ...။

www.burmeseclassic.com

www.burmeseclassic.com



သည်နှစ်ပိုင်းတွေမှာ အသစ်ရောက်လာသည့် ဝန်ထမ်းတွေဆို တော့ အုပ်စိုးတို့ရဲ့ဇာတ်လမ်းကို ကြားဖူးဟန်မတူပါ။ ပုန်းညက်ညို ဆိုသည့် စီနီယာတစ်ယောက်ကိုလည်း သိထားဟန်မတူပါ။

"ကနကမာခွဲလေးပါ..."

"ရှင်..."

ကောင်မလေးသည် မျက်လုံးလေးပြူးကျယ်သွားပြီ အတော် ကြာတော့ နှုတ်ခမ်းပါးလေးတွေက ပြုံးယောင်သမ်းလာ၏။

"စက္ကူပြိတဲ့ ပိတ်တုံးတို့ ဆေးလိပ်ခွက်တို့လို သုံးလို့ရတဲ့ ပုံစံလေးပါ...ဒါပေမယ့် အရောင်လေးတွေပြေးနေတာက သိပ်လှ တယ်...ကျွန်တော့်အတွက်တော့ သိပ်အရေးကြီးတဲ့ ပစ္စည်းလေးပါ... တခြားသူအတွက်တော့ အသုံးတည့်မှာ မဟုတ်ပါဘူး...ဒါကြောင့် တွေ့ရင်သိမ်းထားပေးပါလို့..."

"ဩော်...ဟုတ်...ဟုတ်ကဲ့..."

ကောင်မလေးသည် ရယ်ချင်သည့်မျက်နှာကနေ ပြုံးချိုချိုမျက် နှာလေး ပြောင်းပြီး ဆတ်ကနဲခေါင်းညိတ်သည်။

"နှင်းရေ...သရီး အို ဆစ်...ကလေ..."

"ဟော...မမမာလာ လာပြီ..."

ဟိုတယ်လ်ရဲ့အတွင်းဖက် စားသောက်ခန်းမဆီက လျှောက်လာ သည့် မာလာသည် အုပ်စိုးကိုမြင်လိုက်သည့်အခါ စကားတစ်ပိုင်း တစ်စနှင့် ရပ်တန့်လျက် အံ့ဩတကြီးဖြစ်သွားပြီး ခြေလှမ်းတွေတုန့်



ကာ အရုပ်တစ်ရုပ်လို မှင်သက်နေတော့သည်။

"ဟိုလေ...မမ မှာထားတဲ့ပစ္စည်း..."

ခင်နှင်းသက်ဆိုသည့် ကောင်မလေးက...သူမကို အပြစ်တင် မှာစိုးရွံ့နေဟန်တူသည်။

"အခန်းမှာ ကျွန်တော့်ပစ္စည်းတစ်ခုကျန်ခဲ့လို့ ပြန်ရှာချင်လို့ ပါ...မာလာ...ရဲ့"

ကောင်မလေးက အုပ်စိုးကို ခေါင်းလေးဆတ်ပြပြီး...

"ကျေးဇူး"

ဟု ခပ်တိုးတိုးပြောသည်။

* * *

"တိုက်တိုက်ဆိုင်ဆိုင်ဟယ်...ပြန်လှည့်လာရတယ်... လို့"

တိုက်တိုက်ဆိုင်ဆိုင်ဟူသည့် မာလာ့စကားကို နားမလည် လိုက်ပေမယ့် မာလာ့ကို မြင်လိုက်တော့ ကျန်ခဲ့သည့်ပစ္စည်းကို ပြန်ရှာ ရနိုင်မည်ဟု တထစ်ချတွက်မိပြီး လှိုက်လှိုက်လှဲလှဲ ပျော်ရွှင်သွားသည်။

"ကျွန်တော့်ပစ္စည်းလေး ကျန်ခဲ့လို့...မာလာရဲ့..."

"အခန်းမှာလား..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…အဲဒါ…"

"သွားရှာလိုက်လေ…"

"အခန်းမှာ ညှော်သည်ရောက်နေပြီ…တဲ့"

"ဘာဖြစ်လဲ…"

"ဘယ်ကောင်းပါ့မလဲဗျာ…"

မာလာက လက်ပိုက်ရပ်ကြည့်ရင်း နှစ်နှစ်ချိုက်ချိုက်ပင် ပြုံးနေသည်။ အုပ်စိုးကို လှောင်ပြောင်သည့် အပြုံးမျိုး ထင်ပါရဲ့…။

"ဘာများ ဒီလောက် သဘောကျနေရတာလဲ…ကျွန်တော့်မှာဖြင့် သံတွဲရောက်နေကာမှ ပြန်လှည့်လာရတယ်…"

"ကျွန်မလက်ဆောင်ထုပ် ကျန်ခဲ့လို့ ပြန်လာယူတာတော့ မဟုတ်ဘူးမှလား…"

"အဲဒါလဲပါပါတယ်…"

"ဦးအုပ်စိုးကျန်ခဲ့တဲ့ပစ္စည်းက ဘာလဲ…ကင်မရာလား…လက်စွပ်လား…"

"မဟုတ်ဘူး…ကနုကမာခွံလေးပါ…"

မာလာက အားမနာရသူမို့ ဟက်ဟက်ပက်ပက်ရယ်နေတော့သည်။

* * *



"ကဲပါ…သွားကြည့်လိုက်ပါ…အဲဒီအခန်းက ညှော်သည်ကစောစောကလေးတင် ကျွန်မနဲ့တွေ့လို့ ပြောလိုက်တယ်…ပစ္စည်းပိုင်ရှင်လာရင် သူ့အခန်းကို လွှတ်လိုက်ပါတဲ့…"

"ဟုတ်လို့လားဗျာ…"

"ဪ…ဟုတ်ပါတယ်ဆို…"

မာလာကတော့ ရင်းနှီးသူတွေကို အမြဲလိုပင် နောက်ပြောင်စကားပြောတတ်သူဖြစ်သည်။

ခုလည်း မာလာ့မျက်နှာက ခပ်ပြုံးပြုံးမို့ အဲသည်စကားကို အမှန်လို့ယူဆမရပါ။

"သူ့အခန်း လာယူနိုင်းတာတော့ မဖြစ်နိုင်ဘူးထင်တယ်…ကျွန်တော်ကျန်ခဲ့တာ ကနုကမာခွံလေးပါ…ရေးကြီးခွင်ကျယ်လုပ်စရာအဖိုးတန်ပစ္စည်းမှမဟုတ်ဘဲ…"

"ဒါပေမယ့် ရှင့်အတွက်တော့ တန်ဖိုးမဖြတ်နိုင်ဘူး မဟုတ်လား…"

"အင်းလေ…ဒါပေမယ့်…"

"သူ့မှာလည်း ရှင့်လိုစိတ်ကူးမျိုးရှိလို့ နေမှာပေ့ါ…"

မာလာက မျက်ခုံးနှစ်ဖက်ကျုံ့ပြီး နှုတ်ခမ်းကို စူပစ်လိုက်သည်။

"မဖြစ်နိုင်ဘူး…"

"ဖြစ်နိုင်လား မဖြစ်နိုင်လား သွားကြည့်လိုက်ပေ့ါ…စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောရတာ…လက်ပေါက်ကတ်တယ်"

သည်တစ်ခါတော့ မာလာ တကယ်ဘဲ စိတ်မရှည်နိုင်သည် လားမသိ။ ညှော်ကြိုကောင်တာက မိန်းကလေးနှစ်ယောက်သည် အုပ်စိုးတို့ နှစ်ယောက်ဆီ မကြာခဏ အကြည့်ဝေ့ဝဲ၏။

"ညှော်သည်က ယောကျ်ားလား မိန်းမလား…"

"ဂျပန်မ…ဝဝကြီး…ဆူမိုနပမ်းသမားလား မသိဘူး…"

"ဟာဗျာ…"

မာလာ့ရှေ့ကနေ ခေါင်းရမ်းပြီး ထွက်လာခဲ့သည်။

"ပန္နည်းပြန်တွေ့ရင် မာလာ့ကို ကျေးဇူးဆပ်ရမှာနော်…"

စကားသံနှင့်အတူ ချိုမြသောရယ်သံသည် မှန်တံခါးချပ်တွေရဲ့ အတွင်းမှာ ကျန်ရစ်ခဲ့သည်။

* * *



ကားကို ဟိုတယ်လ်ရှေ့မှာဘဲ ရပ်ထားခဲ့ပြီး ရောင်စုံကျောက် လမ်းကလေးအတိုင်း အိပ်ခန်းဆောင်များရှိရာဖက်သို့ လျှောက်လာခဲ့ သည်။ ဟိုတယ်လ်၏ အိပ်ဆောင်များသည် လေးခန်းတွဲ ဘန်ဂလိုပုံစံ ဖြစ်ပြီး တစ်ခန်းနှင့်တစ်ခန်း ကျောချင်းကပ်ပုံသဏ္ဌာန်ရှိသည်။ အုပ်စိုး အတွက် အပိုင်စားရထားသည်ဟု အမြဲယူဆထားခဲ့မိသည့် သရီးအို ဆစ်ကတော့ အုန်းတောရဲ့နောက်ဖက်မှာ သီးသန့်ရှိနေသည့် ကျောချင်း ကပ် နှစ်ခန်းတွဲဆောင်ဖြစ်သည်။ ချောင်ကျသည့်နေရာမို့ ညှော်သည် တွေ သိပ်ပြီး နှစ်ချိုက်လေ့မရှိ။ ပြီးတော့ ဟိုတယ်လ်၏နောက်ဖက် စားဖိုဆောင်၊ စတို အဝတ်လျှော်ကန် စသည်တို့ကလည်း မနီးမဝေး မှာရှိတာမို့ ညှော်သည်တွေကို သည်လိုအဆောင်မျိုး မဖြစ်မနေသာ ပေးလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးအတွက်တော့ သရီးအိုဆစ်စ်သည် အမှတ်တရဖြစ်၏။ ရောဂါဆိုးတစ်ခုလို နှိပ်စက်တတ်သည်လည်း ဖြစ်၏။ မေ့မရသည့် နေရာတွေထဲမှာ မမေ့နိုင်ဆုံးလည်း ဖြစ်သည်။

အုန်းတောရဲ့နောက်ဖက်မှာ အုပ်စိုးရဲ့ နှလုံးအိမ်ထဲ ကိန်းဝပ်ဆဲ ဖြစ်သော သရီးအိုဆစ်စ်သည် ငြိမ်သက် ပျပ်ဝပ်စွာ ဆွေးမြေ့မွယ် တည်ရှိနေ၏။

သရီးအိုဆစ်ရဲ့ မျက်စောင်းထိုးခပ်လှမ်းလှမ်းမှာတော့ အမြစ်သုံးခုဆိုင်နေသည့် အုန်းပင်သုံးပင်ရှိနေသည်။

ထူးခြားသည်မဟုတ်ပေမယ့်...။

နှုတ်ခမ်းလှလှလေးတစ်စုံ၏ နူးညံ့မှုက တစ်သက်တာ အမှတ်တရဖြစ်စေခဲ့သည့် ချစ်သူရဲ့အရိပ်ကို အဲသည်နေရာမှာ အမြဲရှာဖွေတွေ့သည်။

ဟော...

ခုလည်း...။

* * *

ရင်ထဲမှာ တလှပ်လှပ်တုန်ပြီး မောဟိုက်လာသည်။ မျက်ခွံကို



အကြာကြီးပိတ်ပြီးမှ ပြန်ဖွင့်ကြည့်မိသည်။ စကားဝါပန်းပွင့်လေးတွေလို ဝါဖျော့ဖျော့နှင့် နွဲ့သော သွယ်သော မိန်းကလေးတစ်ယောက်... အုန်းပင်သုံးပင်ရဲ့ ပင်စည်တစ်ခုမှာ မှီရပ်နေခဲ့၏။

စည်းနှောင်ထားခြင်းကင်းသည့် ဆံပင်ရှည်သည် လေမှာ တဖျတ်ဖျတ်ဝဲလွင့်နေသည်။

အဝါဖျော့ရောင်ပေါ်မှာ အပြာပန်းနုရောယှက်သည့် ပင်ထောင်အပွင့်လေးတွေ နွယ်နေသည့် ချည်ထည်။

မနော်ပွင့်ရဲ့ မှန်သားမျက်နှာစာမှာ တွေ့ခဲ့ရသည့် အမျိုးသမီး...

ခုလည်း...ကျောဖက်မှာ နက်မှောင်သော ဆံပင်တွေ ဖွာလွင့်နေသည်ကိုသာ မြင်သည်။

ဒါပေမယ့်...

ရင်ထဲမှာ...ရင်းနှီးနေနှင့်ပြီ...။

မြတ်စွာဘုရား

အိပ်မက်များလား...။

သဲမြေပွပေါ်မှာမို့ အုပ်စိုးရဲ့ခြေသံကို သူမကြားနိုင်ဖို့ မရှိပါ။ အုန်းပင်တွေရဲ့ ပင်စည်တစ်ခုကို အကာအကွယ်ယူပြီး ရပ်နေရာကနေ ဝါဖျော့သည့်အရိပ်ကလေးရှိရာသို့ ခပ်ဖြည်းဖြည်း လျှောက်သွားလိုက်သည်။

အုပ်စိုး...

စိတ်မလှုပ်ရှားမိစေနဲ့...။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ထိန်းသိမ်း…

မျှော်လင့်တဲ့အတိုင်း ဖြစ်မလာရင် ပုံလဲမသွားစေနဲ့…။

နတ်ဝင်နေသူတစ်ယောက်လို ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်နေပြီး အသက်ရှူဖို့ မေ့လျော့နေမိသည် ထင်၏။ ရင်ထဲမှာ စကားအခွန်းပေါင်း မြောက်များစွာ ပုံတင်ထပ်လျက် ဆူညံနေသည်။

ပင်လယ်ရဲ့လှိုင်းပုတ်သံ…အုန်းလက်လေတိုးသံ တရှဲရှဲကြားမှာ တိုးသက်ဖျော့တော့သည် ရှိုက်ငင်သံလေးကို မယုံနိုင်စရာ ကြားလိုက်ရသည်။

အသေအချာပါဘဲ…

ငိုရှိုက်နေသည့် မိန်းကလေးတစ်ယောက်…။

ပုန်းညက်ညို…။

* * *

ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်လုံးထိုးထည့်ပြီး ပြင်းထန်စွာ ခုန်လှုပ်နေသည့် နှလုံးခုန်သံကို ဖုံးကွယ်ဖို့အတွက် နှုတ်ခမ်းတွေကို ကြိုးစားပြီး ပြုံးထားလိုက်သည်။ ရင်ထဲမှာတော့ လှိုက်ငှဲ့သော ဝေဒနာတို့ဖြင့် ပြည့်ကျပ်မောပမ်းနေသည်။ မျက်ဝန်းအိမ်တွေ ပူနွေး



စိုစွတ်လာသည်မှာ ဘယ်လိုကြောင့်ပါလိမ့်။ ဘောင်းဘီရဲ့ ချည်သားပွပွအိတ်တွေအတွင်းမှာ ချွေးများဖြင့် စေးထန်းနေသည့် လက်ဖဝါး နှစ်ခုကို ပွတ်ချေနေမိသည်။

"ငိုနေတာလား…"

ခေါင်းကို ဆတ်ကနဲပင့်ပြီး လှည့်လာသည့် မျက်ရည်ပြည့်အိုင်နေသည့် မျက်ဝန်းတစ်စုံ…

ပြီးတော့…

အရာများစွာ ပြောင်းလဲပေမယ့် ချစ်သူရဲ့ ပိုင်ဆိုင်သမျှတွေထဲ ဘယ်တော့မှ မပြောင်းလဲနိုင်မည့် ချိုမြနူးညံ့သည့် နှုတ်ခမ်းထူထူပြည့်ပြည့်လေးတွေ…။

"ညီမလေး…"

သူမရဲ့လက်ထဲမှာတော့ အုပ်စိုးရဲ့ ပျောက်ဆုံးကျန်ရစ်ခဲ့သည့် နှလုံးသား။

* * *

"ပြန်သွားပြီဆို…"

"ဟုတ်တယ်လေ…"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလေး…ပြန်လာယူတာလား…"

လည်ချောင်းတွေထဲမှာ ခြောက်သွေ့ပြည့်သိပ်လျက် စကားသံထွက်မလာနိုင်တော့ပါ။ ခေါင်းကိုသာ ဆတ်ကနဲညိမ့်ပြလိုက်ရသည်။

"တကယ်ဘဲ…လွဲသွားပြီလားလို့ ငိုလိုက်ရတာ…"

စိုစွတ်နေသည့် မျက်နှာပြင်ပေါ် ခပ်နွေးနွေးရှက်ရိပ်ကလေးဖြတ်ပြေးသည်။ ပခုံးစွန်းတွေကို ဆွဲယူလိုက်တော့ နွေးထွေးတုန်ယင်သည့် ခန္ဓာကိုယ်သည် အုပ်စိုး၏ရင်ခွင်ထဲ အားကုန်ခမ်းသွားသလို အရုပ်ကြိုးပြတ် ယိုင်ကျလာ၏။ သေးသွယ်ကျစ်လစ်ဆဲ…စံပယ်ပန်းရနံ့လို မွှေးပြီး လန်းဆန်းစေသည့် ရနံ့မျိုးနှင့် ကိုယ်ခန္ဓာကို ခပ်ကျစ်ကျစ်ပိုက်ထွေးသိမ်းဖက်လိုက်သည်။

မျက်လွှာတွေ ဖိပိတ်လိုက်စဉ် မျက်ရည်ပူတွေက ပုန်းညက်ညိုရဲ့ နက်မှောင်ရှည်လျားသည့် ဆံပင်အုပ်တွေထဲ လိမ့်လျှက် စီးကျသွား၏။

ကိုယ်…စောင့်ရကျိုးနပ်ပြီပေါ့…

စောင့်ရကျိုး နပ်ပြီပေါ့နော်…။

"ကိုယ်…"

စကားသံက အက်ကွဲတုန်ခိုက်ပြီး လေထဲမှာ ပျောက်ကွယ်သွားသည်။ ပုန်းညက်ညိုက အုပ်စိုးရဲ့ကျောပြင်ကို လက်ဖဝါးနှစ်ဖက်အပြည့် တင်းတင်းဖက်တွယ်ထား၏။

"ကိုယ်…စောင့်နေခဲ့ပါတယ်…ညီမလေးရယ်…"



ကိုယ့်ကိုယ်ကို ရှက်ရကောင်းသည်မထင်တော့…။

ယောကျ်ားမို့ မျက်ရည်မကျရဘူး ဘယ်သူဆိုမလဲ…။ ခံစားမှုအတိမ်အနက်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ႁကနိုင်တာမှ မဟုတ်ဘဲ….။

"ပြောပါဦး…ဒီနေ့ဟာ ညီမလေးပြောခဲ့တဲ့ တစ်နေ့နေ့လားဟင်…ကိုယ်…မျှော်လင့်ခဲ့ရတဲ့ တစ်နေ့နေ့လား…"

"ကိုရယ်…"

မေးဖျားမှာ မျက်ရည်စက်များဖြင့် စိုစွတ်အေးမြသွားသည်။

"ကျွန်မလည်း…မေ့လို့မရခဲ့ပါဘူး…"

* * *

ယှက်ပြီး ဆုပ်ကိုင်ထားသည့် လက်ဖဝါးနှစ်ခုက…ဘယ်တော့မှ ကွဲကွာမသွားတော့ဘူး ထင်ရသည်။ ရုပ်သိမ်းကာနီး အစွမ်းကုန်တောက်ပသော ရောင်ခြည်များအောက်မှာ ပင်လယ်နှင့် ကောင်းကင်သည် အရှိန်အဝါတွေ ဆက်စပ်လှပနေ၏။ သဲမြေပြင်ပေါ်မှာ ဗလာခြေထောက်များဖြင့် ခြေလှမ်းတစ်လှမ်း လှမ်းလိုက်တိုင်း သူတို့နှစ်ယောက် ပို၍ ပို၍ နီးကပ်လာသလို ခံစားရသည်။ ပျော်ရွှင်ကြည်နူး

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ တက်ကြွလှိုက်လှဲခြင်းကြောင့် အရာအားလုံးသည် ပြေပျစ်စွာ လှပနေ၏။

"ဒီကထွက်သွားပြီးကတည်းက ကိုယ့်ကိုယ်ကို မေးဖြစ်ခဲ့တဲ့ မေးခွန်းတစ်ခုက ကျွန်မတို့နှစ်ယောက် ဘာကြောင့်ဝေးခဲ့ကြတာလဲ… ဆိုတာဘဲ…"

"ဒါပေမယ့် ကျွန်မ ဖေဖေ့ကိုလည်း ငဲ့ရတယ်…ကိုယ့်ကိုယ်ကိုလည်း ငဲ့ခဲ့ရတယ်…အချစ်ဆိုတာ ဘယ်တော့မှ မပျောက်ပျက်နိုင်တဲ့ အရာဆိုတာတော့ ညီမလေးသိပါတယ် ကိုရယ်"

အုပ်စိုးရဲ့လက်မောင်းရင်းမှာ ပါးပြင်နုနုလေးတစ်ခု ဖိကပ်တင်နေသည်။ ကြိမ်နူန်းမှန်သည့် ရင်ခုန်သံတိုင်းသည် ခုတော့ အဓိပ္ပါယ်ပြည့်ဝနေခဲ့၏။

"ဦးဆောင်ရော…"

"ဖေဖေ ဆုံးသွားပါပြီ…"

"ဟင်…"

"တစ်ယောက်တည်း ဘဝကိုရုန်းကန်ရတဲ့အချိန်ကျတော့မှ တစ်ခြားသူတွေအတွက် ရှင်သန်နေရပြီး အချစ်ကိုမရွေးချယ်ဖြစ်ခဲ့တဲ့အတွက် အရမ်းနှမြောခဲ့ရတယ်…တစ်ယောက်တည်း အထီးကျန်နေရတဲ့အချိန်ကျတော့ ကျွန်မကို နှစ်သိမ့်အားပေးမယ့် ချစ်သူကို အရမ်းဘဲ တမ်းတမိတယ်…"

"ကိုရဲ့လက်ဖဝါးလေးတစ်ဖက်ဘဲဖြစ်ဖြစ်…ဆုပ်ထားခွင့် ရရင်



ဘယ်လောက်ဝေ ဘင်းမလဲလို့…"

ယှက်ထားသည့် လက်ဖဝါးတွေကို ဆုပ်ဖျစ်ပစ်လိုက်မိသည်။ ပုန်းညက်ညိုရဲ့ စကားသံလေးသည် ဝမ်းနည်းအားငယ်မှုဖြင့် တုန်ခါအက်ကွဲနေခဲ့၏။

"အခု…ညီမလေး…တိုးရစ်စ်ဂိုက်တ်လုပ်နေတယ်…"

"ထွက်လိုက်တော့…"

"ဟင်အင်း…"

"သိပ်ခေါင်းမာတယ်နော်…ကောင်မလေး…"

"ခွင့်လွှတ်ပါ…ကို့ရဲ့မိသားစုဆိုတာကို မေ့ထားလို့ရမလား"

ဘယ်တတ်နိုင်ပါ့မလဲ…။

အချိန်ကာလဆိုတာက နာကြည်းမှုတွေကို တဖြည်းဖြည်းတော့ ဝေးကွာသွားစေနိုင်မှာပါ…။

* * *

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ငါ့ကို ဘယ်လိုကျေးဇူးဆပ်မှာလဲ ပြော…"

မာလာက ပုန်းညက်ညိုကို မျက်စောင်းချိုပြီး ပြောသည်။

"စိတ်ချပါ…ကျွန်တော်…မန္တလေးပြန်ရောက်တာနဲ့ သတို့သားတစ်ယောက် ပါဆယ်လ်ထုပ်ပြီး အမြန်ချောပို့နဲ့ ပို့လိုက်မယ်…"

"ကြည့်စမ်း…"

ညိုသော မာလာ့မျက်နှာသည် ရဲတက်လာသော သွေးရောင်ကြောင့် ပြာညက်သွား၏။

"ငါ့မှာတော့ သူတို့နှစ်ယောက်…အဝင်အထွက်တံခါးဝမှာတင် လွဲသွားတာကို ဝမ်းနည်းလွန်းလို့ ဘယ်လိုနေရမှန်းမသိအောင်ကို ဖြစ်နေတာ…ဒင်းကတော့ ငါ့ကိုကျေးဇူးဆပ်လိုက်ပုံက…"

"စိတ်ဆိုးတယ်ပေါ့၊ ဒါဆို…ကျွန်တော် ကိုသိန်းလွင်အတွက် မိန်းမတောင်းမပေးတော့ဘူးနော်…"

"ဟယ်…ပေါက်ကရ…"

မာလာက လက်ထဲမှာ အဆင်သင့်ရှိနေသည့် ခန်းဆီးလိုက်ကာတင်သည့် စတီးလ်တန်းဖြင့် အုပ်စိုးကို ရွယ်လိုက်သည်။

"ဟိတ်…ငါ့ကိုကို ကိုမထိနဲ့နော်…နှစ်တွေအကြာကြီးလွမ်းခဲ့ရတာ…အသည်းတွေကြွေကျသွားလိမ့်မယ် သိလား…"



"အံမယ်လေး…အရှက်ကိုမရှိဘူး…"

မိန်းကလေးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ထုရိုက်ကုတ်ဖဲ့ရင်း ရယ်မောလိုက်သည့်အသံတွေက ပင်လယ်အော်သံကိုပင် ဖုံးလွှမ်းသွားခဲ့တော့သည်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




"ချစ်တယ်..."

တိုးတိုးဖွဖွ စကားသံကြောင့် လှေကားထစ်ရဲ့ အောက်အဆင့်မှာ ထိုင်နေသည့် ပုန်းညက်ညိုက မျက်နှာလေးမော့လာသည်။ အုပ်စိုးကို မော်ကြည့်နေသည့် မျက်ဝန်းတွေက ကြယ်ပွင့်တွေလို အရောင်လဲ့နေလျက်...နှုတ်ခမ်းလေးတွေက ကြာပွင့်ချပ်တွေလို နီစွေးဖူးငုံနေသည်...။

မွေးပျံ့နူးညံ့သည့် နှုတ်ခမ်းလေးတွေဆီ နီးကပ်သွားအောင်ငုံ့လိုက်တော့...အုန်းလက်တွေကြားက တခြမ်းကွေးလ,ကလေးသည် တိမ်လိပ်ညိုတွေကြား လှစ်ကနဲပြေးဝင်သွား၏။

ငွေမှင်ရောင် ပင်လယ်ကတော့ ရှက်ရိပ်သမ်းသည့် လခြမ်းကွေးကို မော်ကြည့်ရင်း တဟဲဟဲရယ်နေလေသည်။

* * *



ရှား
30th DECEMBER, 2003
TUESDAY
4 : 38 PM

www.burmeseclassic.com